TOMORROW NEWS JOURNAL

# အင်းစိန်ထောင်အတွင်းမှ ဂန္ထ ဝင်လူမိုက်ကြီးများအကြောင်း

## ၈ - ဆုံး

- ဇော်သက်ထွေး -

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း


**အပိုင်း (၀၁)** အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများ

**အပိုင်း (၀၂)** သေဒဏ် ကြိုးလွတ် မြဂေါင် (သို့မဟုတ်) ဥပစ္ဆေဒကကံကို မရှောင်လွှဲနိုင်သူ

**အပိုင်း (၀၃)** ငရှဉ့် (သို့မဟုတ်) စတီးဝပ်အချုပ်ကို မျက်လှည့်ပြခဲ့သူ

**အပိုင်း (၀၄)** မြဂေါင် နေဝင်ချိန်

**အပိုင်း (၀၅)** ငရှဉ့်ကို ဘယ်သူသတ်တာလဲ

**အပိုင်း (၀၆)** မက်ပင်လိုင်

**အပိုင်း (၀၇)** ကျော်သူ (သို့မဟုတ်) မြွေဖြူလေးနှင့် စိုးမြတ်တို့၏ လျှို့ဝှက်ဇာတ်လမ်း

**အပိုင်း (၀၈)** စိုးမြတ်ကြီး

**အပိုင်း (၀၉)** ကျော်သူကို ကျေးဇူးပြန်ဆပ်ခဲ့တဲ့ စိုးမြတ်ကြီး

**အပိုင်း (၁၀)** ကျော်သူ နဲ့ မူဆာ ဘယ်သူက သွေးပိုရဲသလည်း

**အပိုင်း (၁၁)** အင်းစိန်ထောင်တွင်း နိုင်ကျဉ်း အစာငတ်ခံ ဆန္ဒပြပွဲ

**အပိုင်း (၁၂)** ဗိုလ်ကံ

**အပိုင်း (၁၃)** ဝင်းတင်

**အပိုင်း (၁၄)** အင်းစိန်ထောင်ထဲက လက်ဝှေ့ပွဲ

**အပိုင်း (၁၅)** အသားမည်းပေမယ့် အသဲဖြူတဲ့ စိန်ကုလား

**အပိုင်း (၁၆)** ဂဠုန်စီမံချက်ကြောင့် ဘဂပျက်ခဲ့ရသူ ရေဘာဂဲဘိုနီ

**အပိုင်း (၁၇)** ၈၈ အရေးအခင်းကြောင့် ဒုတိယအကြိမ် ထောက်ထဲရောက်ခဲ့ရသူ ရေဘာဂဲဘိုနီ

**အပိုင်း (၁၈)** လူသတ်ချိန် တစ်နာရီ သုံးမောင်း

**အပိုင်း (၁၉)** လူ့အသည်းစားတဲ့ ရေဖျံဘဂျမ်း

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း


**အပိုင်း (၂၀)** သစ္စာရှိသော လူမိုက်ကြီး ဗိုက်ထောက်ကျော်ဝင်း နဲ့ ပီတာ

**အပိုင်း (၂၁)** စိန်ဝင်းကို ဘယ်သူလက်သပ်မွေးထားတာလဲ

**အပိုင်း (၂၂)** မှိုဘယ်နေရာမှာ ပွင့်သလဲ

**အပိုင်း (၂၃)** ဇာတ်သိမ်း


အင်းစိန်ထောင် အတွင်းမှ
ဂန္ထဝင်
ဂျေကြီးများ
အကြောင်း
အပိုင်း [ ၁ ]
ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁)

ပြီးခဲ့တဲ့အပတ်ထုတ် တူမောရိုးဂျာနယ်မှာ ပြန်မရေးချင်တော့တဲ့ ထောင်အကြောင်းကို ရေးလိုက်တော့ နိုင်ငံရေးမပါတဲ့ အင်းစိန်ထောင်က အကြောင်းတွေရေးစမ်းပါဦးလို့ တိုက်တွန်းတဲ့သူတွေ အများအပြားရှိခဲ့ပါတယ်။ ဒါကြောင့် အခုဆက်လက်ပြီး အင်းစိန်ထောင်ထဲက ဂန္ထဝင်လူမိုက်ကြီး တွေအကြောင်းကို တတ်နိုင်သမျှ သတင်းအချက်အလက်တွေ စုဆောင်း ပြီး ဖော်ပြလိုက်ပါတယ်။

ဆရာလက်စောင်းထက် ရေးသားခဲ့သလို အင်းစိန်ထောင်ဟာ ၆၈ ဧက ကျယ်ဝန်းလို့ အရှေ့တောင် အာရှရဲ့ အကြီးဆုံးထောင်အဖြစ် မှတ်ယူလို့ရပါတယ်။ အကျဉ်းထောင်ရဲ့ အုပ်ချုပ်ပုံစနစ်ဟာ အင်္ဂလိပ်အစိုးရ လက်ထက်ကတည်းက ရေးဆွဲခဲ့တဲ့ အကျဉ်းထောင်လက်စွဲဥပဒေနဲ့ ယခုအချိန်ထိ အုပ်ချုပ်နေဆဲဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရရဲ့ လက်စွဲဥပဒေစာအုပ်ကို ခိုးယူပြီးလေ့လာဖတ်ရှုတဲ့ နိုင်ငံရေးအကျဉ်းသားတွေက အင်္ဂလိပ် အစိုးရ လက်ထက်က အကျဉ်းသားတွေကို နေ့စဉ်ပေးတဲ့ နံနံပင် ၊ ကြံသကာနဲ့ အုန်းဆီကို နိုင်ငံတော်ငြိမ်ဝပ်ပိ ပြားမှု တည်ဆောက်ရေး အစိုးရလက်ထက်မှာ ဥပဒေပါ အခွင့်အရေးအတိုင်း တောင်းဆိုခဲ့လို့ ထောင်အာဏာ ပိုင်တွေ ဒုက္ခရောက်ခဲ့ပုံကလည်း မှတ်တမ်းရှိခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် ဒေသအသီးသီးက လူမိုက်တွေအကုန်လုံးဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာ ရန်ကုန်က လူမိုက်အသီးသီးနဲ့ ဒီမိုကရေစီတောင်းဆိုခဲ့တဲ့ ကျောင်းသားတွေ ၊ ရဟန်းတွေ ၊ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးဟာ ထွေးရောယှက်တင် တစ်ထောင်တည်း ၊ တစ်ဆောင်တည်း ၊ တစ်ခန်းတည်း နေထိုင်ခဲ့ကြရပါတယ်။ အကျိုးဆက်အားဖြင့် နိုင်ငံရေးအကျဉ်းသားတွေရဲ့ စွန့်လွှတ်အနစ်နာခံတဲ့စိတ်ဓာတ်တွေဟာ ထောင်တွင်းလူမိုက်ကြီးများကို သင်ခန်းစာပေးခဲ့သလို လူမိုက်ကြီးများရဲ့ သေမထူးနေမထူး စိတ်ဓာတ်တွေကလည်း နိုင်ငံရေး အကျဉ်းသားတွေအပေါ် ရိုက်ခတ်မှုရှိခဲ့ပါတယ်။ နှစ်ပေါင်း ၃၀ အကျဉ်းထောင် ရာဇဝင်ထဲမှာ စိတ်ချမ်းသာစရာဆိုလို့ နိုင်/ကျဉ်းတွေကြောင့် ဘယ်ထောင်တွင်း လူမိုက်ကြီး တွေမှ ဒုက္ခမရောက်ခဲ့သလို ထောင်တွင်း လူမိုက်ကြီးတွေကလည်း ဘယ် နိုင် / ကျဉ်းတွေကိုမှ ကိုယ်ထိလက် ရောက် ဒုက္ခမပေးခဲ့ပါဘူး။ ဘဝတူ အကျဉ်းသားများအဖြစ် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်စာနာထောက်ထားပြီး နေထိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ လူမိုက်ကြီးတွေရဲ့ အစဉ်အလာထုံးစံအတိုင်း ရိုးရိုးရာဇဝတ်မှုနဲ့ကျလာတဲ့အကျဉ်းသားတွေအပေါ်မှာတော့ ဗိုလ်ကျအနိုင်ကျင့် ချွတ်ခွာတာတွေရှိခဲ့ပါတယ်။

ထောင်တွင်းဝေါဟာရဖြစ်တဲ့ ချွတ်ခွာဆိုတာဟာထောင်ထဲကို အမှုအမျိုးမျိုးနဲ့ရောက်လာတဲ့ အကျဉ်းသားတွေထံက ငွေကြေး ၊ စားစရာနဲ့ အဝတ်အစား အသုံးအဆောင်တွေကို ဗိုလ်ကျပြီး ရယူတာဖြစ်ပါတယ်။ ပုဆိုးအသစ်နဲ့ ထောင်ကျလာတဲ့ ကျသစ်ကို ပုဆိုးအဟောင်းပေးပြီး သူ့ပုဆိုးအသစ်ကို ယူဝတ်လိုက်တယ်။ လယ်သာဂျက်ကက်အနွေးထည်ပါလာတဲ့ အကျဉ်းသားဆီကနေ ဆေးလိပ် ၁၀ လိပ်လောက်ပေးပြီး အနွေးထည်ကိုယူတယ်။ ထောင်ဝင်စာမှာပါလာသမျှ စားစရာတွေထဲက စီးကရက် ၊ မုန့် ၊ ကော်ဖီမှုန့် ၊ နို့မှုန့် ၊ အချိုမှုန့် ၊ အကြော်အလှော် ဟင်းအမျိုးမျိုးကိုလည်း ဆက်သရပါတယ်။ ဒီလိုမှမလုပ်ရင် အကျဉ်းသားခမျာ ဒုက္ခရောက်ပြီသာမှတ်ပေတော့။ ဒီလုပ်ရပ်တွေအားလုံးကို ထောင်ဝေါဟာရနဲ့ချွတ်ခွာဆိုပြီး အတိုချုံးခေါ်တာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ ရန်ကုန်မြို့ပေါ်အုပ်ချုပ်ရေး ပျက်ပြားခဲ့တဲ့အချိန်မှာ မြို့နယ်အလိုက် လူမိုက်တွေအများကြီး ထွက်ပေါ်လာပါတယ်။ ဒီလူမိုက်တွေကို တပ်မတော်ကအာဏာသိမ်းတော့ အကုန်လုံးဖမ်းပြီး အင်းစိန်ထောင်ထဲထည့်လိုက်ပါတယ်။ ဒီလိုနဲ့ အင်းစိန်ထောင်ဟာ မြန်မာနိုင်ငံရဲ့ အမိုက်တကာ့ အမိုက်ဆုံး လူမိုက်တွေရဲ့ အားပြိုင်

ရာ ဗဟိုရပ်ဝန်းဒေသတစ်ခု ဖြစ်လာခဲ့ပါတယ်။ တပ်မတော် အာဏာမသိမ်းခင်က အင်းစိန်ထောင်မှာ ဘုန်းတန်ခိုးအာဏာကြီးတဲ့ ထောင်အခေါ်တန်းစီးဟာ "အီဆတ်" လို့ ခေါ်ပါတယ်။ ဒါပေမဲ့ လူမိုက်တန်းစီးတွေဟာ သူတို့ကို တန်းစီးလို့ခေါ်ရင် မကြိုက်ပါဘူး။ ဒီနာမည်ဟာ သူတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တဲ့အတွက် နောက်ပိုင်းမှာ ထောင်အာဏာပိုင်တွေကို တင်ပြပြီး အမည်ပြောင်းပေးဖို့ အရေးဆိုခဲ့ပါတယ်။ ထောင်တွင်းလူမိုက်ကြီးတွေကို အားကိုးပြီး မ တစ်ရာသား အကျဉ်းသားတွေကို အုပ်ချုပ်ရတဲ့ ထောင်အာဏာပိုင်တွေဟာ တန်းစီးတွေကို အလိုလိုက်ပြီး အကျဉ်းသားအရာရှိဆိုတဲ့ ဝေါဟာရသစ်ကို ပေးအပ်လိုက်ပါတယ်။ အကျဉ်းသားအရာရှိထဲမှာလည်း ရာထူးအဆင့်လိုက်တွေရှိပါတယ်။ သူတို့ရင်ဘတ်မှာ ၁ ရစ် ၊ ၂ နှစ် ၊ ၃ ရစ် စသဖြင့် ရေးထိုးပြီး ရာထူးအဆင့် ခွဲထားပါတယ်။ ၃ ရစ်ကတော့ တစ်ထောင်လုံးရဲ့ အကြီးဆုံးအကျဉ်းသားအရာရှိ ဖြစ်ပါတယ်။ ၂ ရစ်က အဆောင်ကို အုပ်ချုပ်ရတာဖြစ်ပြီး ၁ ရစ်ကတော့ တစ်ခန်းချင်းကို အုပ်ချုပ်ရတာ ဖြစ်ပါတယ်။ ထောင်စည်းကမ်းထိန်းဆိုတာကလည်း ရှိပါသေးတယ်။ ၁ ရစ်တွေကို အခန်းလူကြီးလို့ ဝေါဟာရသစ်ပေးထားပါတယ်။

၁၉၉၀ ကာလတစ်လျှောက် အကျဉ်းထောင်ထဲကို ကြည့်မြင်တိုင်တစ်ပိုင်လုံးရဲ့ လူမိုက်ဖြစ်တဲ့ ကိုစံငြိမ်း ၊ အလုံမြို့နယ်တစ်ပိုင်လုံးရဲ့ လူမိုက်ဖြစ်တဲ့ စိုးမြတ် ၊ ကြံတောသင်္ချိုင်းတစ်ခုလုံးရဲ့ လူမိုက်ကြီးတွေဖြစ်တဲ့ ရောကြီး နဲ့ အောင်ထွန်း ၊ အရေးအခင်းခေါင်းဖြတ်လူမိုက်ကြီးတွေဖြစ်တဲ့ ဗလကြီးနဲ့ဗိုလ်နီ (တောင်ဥက္ကလာ) ၊ ဆေးရုံကြီးလူမိုက်တွေဖြစ်တဲ့ စိန်ဝင်း ၊ မာသီး ၊ မူဆာ ၊ ထိုင်းနိုင်ငံအထိ ကြေးစားလူသတ်သမားလုပ်ခဲ့တဲ့ ကျော်သူ ၊ ရဲတွေဝိုင်းဖမ်းတဲ့ကြားက ဗားကရာချောက်ထဲမှာရှိတဲ့ရေမြောင်းကနေ လှိုင်မြစ်ထဲကို ထွက်ပြေး သွားနိုင်ခဲ့တဲ့ ကြည့်မြင်တိုင်ဘူတာလူမိုက် ဝက်ကလေး ၊ ဒို့အပြင်တန်းစီးချုပ်စိုးမြတ်ရဲ့ ဘယ်လက်ရုံး ၊ ညာလက်ရုံးဖြစ်ခဲ့ဖူးတဲ့ ဂါဂါကြီး နဲ့ ဂါဂါလေး ၊ တစ်ဦးချင်း နာမည်ကျော်ကြားခဲ့တဲ့ လူမိုက်တွေကတော့ နှစ် (၁၀၀) ကျွဲကြီး ၊ စတော့ဂိတ်ဂင်းတင် ၊ အီဆတ်ရဲ့အမှုတွဲ ကရင်လေး ၊ ရဲဘက်စခန်းမှာ အီဆတ်ကို အသေသတ်နိုင်ခဲ့တဲ့ ပြောင်းဖူးမောင်သိန်း ၊ ၁၉၈၈ ခုနှစ်မှာ နမ နဲ့ ယောက်ဖကို အမွေကိစ္စကြောင့် လှံနဲ့တစ်ချက်တည်း ထိုးသတ်ခဲ့လို့ သေဒဏ်ပေးခြင်းခံခဲ့ရတဲ့ မြဂေါင် ၊ မြဂေါင်ကို (၄)ဆောင် ခရမ်းခင်းထဲမှာ ပေါက်တူးနဲ့ ခုတ်သတ်ခဲ့တဲ့ ငရှဉ့် ၊ သဃ်န်းကျွန်းလူမိုက် မိုးသူ ၊ စစ်ကား ၊ ကြက်ဖကြီး ၊ မင်းမင်း စတဲ့သူတွေဟာ အင်းစိန်ထောင်ရဲ့ ဂန္ထဝင်လူမိုက်ကြီးတွေ ဖြစ်ပါတယ်။ နိုင်ငံရေးပုဒ်မဖြစ်တဲ့ ၅(ည) တွေထဲမှာလည်း ထူးထူးခြားခြား လူမိုက်တွေ ကြောက်ရတဲ့ လူမိုက်တစ်ယောက်ရှိပါတယ်။ သူကတော့ ရန်ကုန်မြို့လယ်ကောင်မှာ ကျင်လည်ခဲ့တဲ့ ပတေး ဖြစ်ပါတယ်။

ဒီလူမိုက်ကြီးတွေ အများစုဟာ အချင်းချင်း သတ်ဖြတ်ကြတဲ့ ဥပစ္ဆေဒကံနဲ့ ရင်ဆိုင်ခဲ့ကြရပြီး ယခုအချိန်ထိ ရှင်သန်နေသူတွေကတော့ ခါးသီးတဲ့အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး တည်ငြိမ်တဲ့ဘဝတွေကို ပိုင်ဆိုင်နေကြပါတယ်။ အထက်မှာဖော်ပြတဲ့ လူမိုက်ကြီးတွေထဲမှာ ဩဇာအာဏာအကြီးဆုံးတန်းစီးကြီး နှစ်ယောက်ကတော့ မဆလအစိုးရခေတ် အင်းစိန်ထောင်ကို အုပ်စိုးခဲ့တဲ့ အီဆတ် ဖြစ်ပြီး နဝတအစိုးရ ခေတ်မှာတော့ ဥပဓိရုပ်ခန့်ညားပြီး အပြောကောင်းတဲ့ စိုးမြတ်ဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ထောင်ပိုင်ကြီး ထောင်ပိုင်လေးတွေက အထူးအားကိုးရတဲ့ အကျဉ်းသားအရာရှိတွေဖြစ်ပြီး တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်လုံး အသတ်ခံခဲ့ရပါတယ်။ အီဆတ်ဟာ ရဲဘက်စခန်းမှာ ပြောင်းဖူးမောင်သိန်း နဲ့ စကားများလို့ လုံခြုံရေးက သေနတ်နဲ့ပစ်သတ်လိုက်တာဖြစ်ပြီး စိုးမြတ်ကြီးကတော့ ထောင်ကပြန်လွတ်မှ စံပြရုပ်ရှင်ရုံရှေ့ ကမုန့်ဟင်းခါးဆိုင်မှာ လူမိုက်နှစ်ယောက်ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကိုခံခဲ့ရပါတယ်။ သူတို့နှစ်ယောက်လုံးဟာလူတစ်သောင်းလမ်းလျှောက်ခွင့်မရှိတဲ့ အင်းစိန်အကျဉ်းထောင်က မိန်းဂျေးလ်လမ်းမပေါ်မှာ တရားဝင်လျှောက်ခွင့်ရှိတဲ့ အကျဉ်းသားအရာရှိ ဖြစ်ခဲ့ပါတယ်။ စိုးမြတ်ကြီးဆိုရင် ပလေကပ်ပုဆိုးနဲ့ ရှောင်မျက်မှန်နဲ့ ကတ္တီပါဖိနပ်စီးပြီး မိန်းဂျေးလ် လမ်းမပေါ်ကိုသွားရင် သူ့ရှေ့မှာ ဝါးဆစ်ပိတ်ကိုင် အကျဉ်းသား သုံးယောက် ၊ နောက်မှာ သုံးယောက် ၊ လုံခြုံရေးအတွက် ခြံရံခွင့်ရသူ

ဖြစ်ပါတယ်။ ထမင်းစားရင် ဟင်းခွက် ၃၀ နဲ့ ထမင်းစားလေ့ရှိပြီး ထောင်ရဲ့ ဘာသာရေးပွဲတွေကိုလည်း ငွေကုန်ကြေးကျခံပြီးကျင်းပနိုင်သူ တန်စီးတစ်ယောက်ဖြစ်ခဲ့ပါတယ်။ ဒီ ဂန္ထဝင်လူမိုက်ကြီးတွေရဲ့ ဘဝနိဂုံးကတော့ အတူတူတွေပဲဖြစ်ပါတယ်။



# အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူဆိုးကြီးများ အကြောင်း

အပိုင်း [၂]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၂)

- **သေဒဏ် ကြိုးလွတ် မြဂေါင် (သို့မဟုတ်) ဥပစ္ဆေဒကာကံကို မရှောင်လွှဲနိုင်သူ**

အင်းစိန်ထောင်ထဲက လူမိုက်တန်းစီးတွေကို ထောင်အာဏာပိုင်တွေက အကျဉ်းသားအရာရှိလို့ ခေါ်ဝေါ် ဂုဏ်ပြု လိုက်တဲ့အပေါ်မှာ တန်းစီးတွေက လိုက်လိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြပါတယ်။ နာမည်ကျော်လူမိုက် ဗလကြီး (တောင်ဥက္ကလာ ဗိုလ်နီရဲ့အမှုတွဲ) က ဆိုရင် အကျဉ်းသားအရာရှိအဖြစ် အသိအမှတ်ပြုထားတဲ့ အရစ်သုံးရစ်ပါတံဆိပ်ကို ရင်ဘတ်မှာချိတ်ရင်း "အပင်မြင့်ရင်တော့ လေတိုက်ခံရမှာပဲ ၊ လေတိုက်မှာမကြောက်လို့ တောင်ပေါ်တက်နေတာ ၊ ငါ့နာမည် ဗလကြီး" လို့ အကျဉ်းသားတွေရှေ့မှာ မိန့်ခွန်းချွေလေ့ရှိပါတယ်။

ထောင်ထဲမှာရှိတဲ့လူမိုက်ကြီးတွေအနက် ပထမဦးဆုံးပြောပြချင်တဲ့လူကတော့ သေဒဏ်ကနေ ထူးခြားအံ့သြဖွယ် လွတ်မြောက်လာသူ သေဒဏ်ကြိုးလွတ်မြဂေါင်ပဲ ဖြစ်ပါတယ်။ မြဂေါင်ဟာ ရန်ကုန်သားစစ်စစ်ဖြစ်ပြီး အဲဒီအချိန်က လူမိုက်တွေအင်မတန်ပေါ်များတဲ့ ဆင်မလိုက်နဲ့ လှည်းတန်းမှာ ကျင်လည်ကျက်စားခဲ့သူဖြစ်ပါတယ်။ အမွေကိစ္စကြောင့် အစ်မဖြစ်သူနဲ့ ယောက်ဖကို လှံနဲ့တစ်ချက်တည်း ထိုးသတ်ခဲ့တဲ့အတွက်ကြောင့် ၁၉၈၄ ခုနှစ်ဝန်းကျင်မှာ သေဒဏ်ချမှတ်ခြင်းခံခဲ့ရသူ ဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ်မှာတော့ နိုင်ငံတော်သမ္မတဦးစန်းယုထံတင်တဲ့ နောက်ဆုံးအယူခံပလပ်ခြင်းခံခဲ့ရပြီးတဲ့နောက် သေဒဏ်ပေးဖို့အကျဉ်းထောင်ကပြင်ဆင်ခဲ့ပါတယ်။ မြဂေါင်ရဲ့ ကျန်းမာရေးကိုစစ်ဆေးခြင်း ၊ ကိုယ်အလေးချိန်ကိုတိုင်းတာခြင်းတွေလုပ်ပြီးတဲ့နောက်မှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့အမိန့်နဲ့ မြဂေါင်ကိုပေးမယ့်ကြိုးကို အင်းစိန်ထောင်ထဲက အလုပ်ကြီးဝင်းမှာကျစ်ခဲ့ပါတယ်။ သေဒဏ်ပေးဖို့ပြင်ဆင်နေတဲ့အချိန်မှာပဲ သေဒဏ်တိုက်မှာရှိတဲ့အကျဉ်းသားမြဂေါင်ဟာ ရုတ်တရက် အောက်ပိုင်းသေသွားတဲ့သတင်းဟာ ထောင်ဆေးရုံကို ရောက်ရှိလာပါတယ်။ ထောင်ထဲမှာရှိတဲ့ အာဏာပိုင်တွေနဲ့ အကျဉ်းသားအများစုက မြဂေါင်ဟာ သေဒဏ်ပေးခံရမှာစိုးလို့ ထောင်အခေါ် ရုပ်ရှင်ရိုက်ပြလိုက်တယ်လို့ထင်ကြပါတယ်။ အင်းစိန်ထောင်ဆေးရုံအုပ်ကြီးဖြစ်တဲ့ ဒေါက်တာစိုးကြည်ကလည်း မြဂေါင် အောက်ပိုင်းသေသွားတယ်ဆိုတာကို လုံးဝ မယုံကြည်ပါဘူး။ ဒါကြောင့် ဆေးရုံကို ရောက်လာတဲ့အခါမှာ မြဂေါင် အောက်ပိုင်း သေမ သေစမ်းသပ်ဖို့ ခြေထောက်တွေ ၊ ပေါင်တွေကို အပ်နဲ့ထိုး ၊ ဆေးလိပ်မီးနဲ့ထိုးတာမျိုးတွေလုပ်ကြည့်ပါတယ်။ ဒါပေမဲ့ မြဂေါင်က လုံးဝနာကျင်ဟန်မပြတဲ့အပြင် သူ့ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံးဟာလည်း အေးစက်ပြီး လှုပ်မရဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မြဂေါင် အမှန်တကယ် အောက်ပိုင်းသေသွားကြောင်း ထောင်ဆေးရုံက ဆေးစာအတည်ပြုချက်ကို အကျဉ်းဦးစီးဌာနရုံးချုပ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို ပေးပို့ခဲ့ပါတယ်။ ဆေးရုံကပေးပို့တဲ့ ဆေးမှတ်တမ်းအရ မြဂေါင်ကို ၁၉၈၇ မှာ သေဒဏ်ပေးမယ့် အစီအစဉ်ကို ပြည်ထဲရေးဝန်ကြီးဌာနက ရွှေ့ဆိုင်းခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ အားလုံးသိကြတဲ့အတိုင်း ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီဟာ စီးပွားရေးကျဆင်းမှု ၊ ကျောင်းသားတွေ ဆန္ဒပြမှု ၊ ပြည်သူတွေရဲ့ အထွေထွေ မကျေနပ်မှုတွေကိုပြေလည်အောင် မဖြေရှင်းပေးနိုင်တဲ့အတွက် ၁၉၈၈ ဆန္ဒပြမှု အရေးတော်ပုံကြီးနဲ့ ကြုံကြိုက်ခဲ့ရပါတယ်။ မဆလပါတီဟာ တစ်လအတွင်း သမ္မတသုံးဦး အပြောင်းအလဲလုပ်ခဲ့ပေမယ့် ပြည်သူတွေရဲ့ ဒေါသတွေက ပိုမိုပြင်းထန်လာတာကြောင့် တိုင်းပြည်ရဲ့ မြို့ပြအုပ်ချုပ်ရေး ပျက်စီးသွားခဲ့ပါတယ်။ အစိုးရရဲ့ အုပ်ချုပ်ရေးရပ်ဆိုင်းသွားပြီးတဲ့နောက်မှာတော့ စက်ရုံ ၊ အလုပ်ရုံတွေပိတ်ခဲ့ရသလို အကျဉ်းထောင်တွေထဲမှာလည်း အကျဉ်းသားတွေရဲ့ အုံကြွတော်လှန်မှုကြောင့် ထောင်တွေ ပွင့်ခဲ့ရပါတယ်။ ဒီအထဲမှာ မြန်မာနိုင်ငံရဲ့ အကြီးဆုံးထောင်ဖြစ်တဲ့ အင်းစိန်ထောင်လည်း ပါဝင်သွားခဲ့ပါတယ်။ အင်းစိန်ထောင်ကို စီးနင်းလိုက်တဲ့အကျဉ်းသားတွေက ထောင်ဂါဒ်တွေ ၊ အကျဉ်းဦးစီးဝန်ထမ်းတွေကို

ထောင်ထဲက တိုက်ခန်းတွေထဲမှာ ပြန်လည်ချုပ်နှောင်ထားခဲ့ပြီး ဂိုဒေါင်တွေကိုဖောက် ၊ စောင်တွေ ၊ ခြင်ထောင်တွေ ၊ ရိက္ခာတွေအားလုံးကို စိတ်တိုင်းကျထုတ်ယူ သုံးစွဲခဲ့ကြပါတယ်။ ထောင်ထဲမှာအနေကြာတဲ့ နှစ်တစ်ရာကျော်ကြီးလိုလူဆိုးကြီးတွေ ၊ မြန်မာ့အသံကို လောင်ချာနဲ့ပစ်ခတ်ဖို့ စီစဉ်ခဲ့တဲ့ မန်းငွေအောင်ရဲ့ အမှုတွဲတွေဖြစ်တဲ့ ရစ်ကီ ၊ ရစ်ချက် ၊ တွတ်ကီ တို့ဟာလည်း အကျဉ်းထောင်ပွင့်သွားလို့ အင်းစိန်ဈေးထဲအထိ ရောက်ရှိသွားခဲ့ပေမယ့်လည်း တဂဲလည်လည်နဲ့ဘယ်နေရာကိုမှ ဆက်မသွားတတ်လို့ သူ့အိမ်လိုဖြစ်နေတဲ့ အင်းစိန်ထောင်ထဲကိုပဲ ပြန်ဝင်လာခဲ့ရတာကလည်း အံ့သြစရာဖြစ်ရပ်တစ်ခု အဖြစ်မှတ်တမ်းဝင်ခဲ့ပါတယ်။

နောက်ထပ် ထူးခြားတဲ့ အံ့သြစရာ မှတ်တမ်းကတော့ ၁၉၈၈ ခု စက်တင်ဘာလ ၁၈ ရက်နေ့မှာ တပ်မတော်က အာဏာသိမ်းယူပြီးတဲ့နောက် အကျဉ်းသားတွေနဲ့ပတ်သက်ပြီး လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်ထဲမှာ နှစ်နည်းတဲ့လူတွေကိုလွှတ်ပေးပြီး နှစ်ကြီးအကျဉ်းသားတွေကို ပြစ်ဒဏ်လျှော့ခြင်း ၊ သေဒဏ်အကျဉ်းသားတွေကို ကြိုးမိန့် မှ တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲခြင်း စတာတွေပါဝင်ခဲ့ပါတယ်။ ဒီအချိန်မှာပဲ အင်းစိန်ထောင်ဆေးရုံမှာ အောက်တစ်ပိုင်းသေလို့ ဆေးရုံတက်နေရတဲ့သေဒဏ်ကျအကျဉ်းသား မြဂေါင်က ခုတင်ပေါ်ကနေထခုန်တော့တာပါပဲ။ ဒီအချိန်ကျမှ ဆရာဝန်အပါအဝင် ဆေးရုံဝန်ထမ်းများ ၊ အကျဉ်းသားများအားလုံး အံ့သြမှင်သက်သွားခဲ့ရပါတယ်။ မြဂေါင်ဟာ ကြိုးပေးမခံချင်တဲ့အတွက် သေဒဏ်တိုက်ထဲမှာ သူ့ခန္ဓာကိုယ်သူ ဆေးလိပ်မီးနဲ့ အထိုးကျင့်ရင်း နာကျင်မှု ဝေဒနာကိုခံနိုင်ရည်ရှိအောင် လေ့ကျင့်ခဲ့ပါတယ်။ ဒီလေ့ကျင့်မှုဟာသူ့ကို ကြိုးပေးမယ့် အခြေအနေတစ်ရပ်ကို ရှောင်လွဲနိုင်ခဲ့ပြီး ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးက သူ့ကိုကယ်တင်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ မြဂေါင်ဟာ သေဒဏ်ကနေလွတ်မြောက်သွားပြီး တစ်ကျွန်းပြစ်ဒဏ်ကို ပြောင်းလဲကျခံစေခဲ့ပါတယ်။

ဒါပေမဲ့ ဂန္ထဝင်လူဆိုးကြီးတွေရဲ့ဘဝဟာ တစ်ယောက်ကိုတစ်ယောက် အကွက်ချောင်းပြီး သတ်ဖြတ်တဲ့သံသရာထဲမှာပဲ ဝဲလည်ရစ်ပတ်နေပါတယ်။ မြဂေါင်ကို နိုင်ငံရေးလှုပ်ရှားမှုကြောင့် အင်းစိန်ထောင်အတွင်းရောက်လာတဲ့ နာမည်ကျော် ဗေဒလက္ခဏာဆရာ စံဇာဏီဘိုက သူ့လက္ခဏာကို ကြည့်ပြီး "မြဂေါင် မင်းဘဝက လည်းပင်ကြိုးကွင်းစွပ်သေဒဏ်ပေးခံရမယ့်ဇာတာ လုံးဝမပါပေမယ့် ဥပစ္ဆေဒကကံနဲ့ အဆုံးသတ်ရမယ့် ဇာတာကတော့ ရှောင်လွှဲလို့မရဘူး" လို့ အတတ်ဟောခဲ့ပါတယ်။ ဆရာစံဇာဏီဘို ဟောခဲ့သလိုပဲ အင်းစိန်ထောင်ရဲ့ ဂန္ထဝင်လူမိုက်ကြီး ကြိုးလွတ်မြဂေါင်ဟာ သေဒဏ်ကလွတ်ပြီးတဲ့နောက် ၁၉၉၁ ခု ဩဂုတ်လမှာ အင်းစိန်ထောင် အမှတ်(၄)အဆောင်မှာ လူတစ်ထောင်ကျော်ကို အုပ်ချုပ်ရတဲ့ တန်းစီး (ခ) အကျဉ်းသားအရာရှိအဖြစ်လုပ်ရင်း သူနဲ့ဘဝတူ လူမိုက်ကြီးတွေဖြစ်တဲ့ သာကေတကွင်းမသိမ်ချောင်းက ငရှဉ့်နဲ့ သဃ်န်းကျွန်းက မိုးသူတို့က ပေါက်တူးနဲ့ တောင်ယာထဲမှာ မသေမချင်း ခုတ်သတ်ခြင်းခံခဲ့ရပါတယ်။



# အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင် ရာဇဝတ်ကြီးများ အကြောင်း

အပိုင်း [ ၃ ]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၃)

- **ငရှဉ့် (သို့မဟုတ်) စတီးဂပ်အချုပ်ကို မျက်လှည့်ပြခဲ့သူ**

အင်းစိန်ထောင်ရဲ့ ဂန္ထဝင်လူမိုက်ကြီးသေဒဏ်ကြိုးလွတ် မြဂေါင်ကို ထောင်ထဲမှာသတ်နိုင်ခဲ့တဲ့ သာကေတကွင်း မသိမ်ချောင်းသား ငရှဉ့်ရဲ့ ရာဇဝင်ကလည်း တော်ရုံတန်ရုံမဟုတ်ပါဘူး။ ငရှဉ့်က ခိုးဆိုးလုယက်မှုပေါင်းများစွာကို ကျူး လွန်ခဲ့တဲ့အတွက် တရားရုံးအသီးသီးက နှစ်ပေါင်း ၃၀ ကျော် ထောင်ဒဏ်ချမှတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေကိုလက်တစ် လုံးခြားလုပ်တတ်တဲ့ ငရှဉ့်တို့လို ဒုစရိုက်သမားတွေက ထောင်အပြင်ကို တစ်နည်းနည်းနဲ့ ထွက်လို့ရအောင် ဒါမှမဟုတ် ထောင်ထဲက ထွက်ပြေးနိုင်အောင်အမြဲတမ်း အကြံထုတ်နေလေ့ရှိပါတယ်။ တကယ်လည်း စိတ်ကူးထားတဲ့ အကြံအစည် အတိုင်း အင်းစိန်ထောင်ထဲက လွတ်သွားခဲ့ပါတယ်။ ငရှဉ့် လွတ်သွားပုံကိုလေ့လာရင် ကြိုတင်အကွက်ချစီစဉ်မှုမှာ ဆရာ ကြီးတစ်ပါးဆိုတာ ပေါ်လွင်လာပါတယ်။ ၁၉၈၉ က ငရှဉ့် ဟာအဆောင် (၃) အခန်း (၄) ရဲ့ အခန်းလူကြီးဖြစ်ပြီး အခန်းစာ ရေးက သုံးဘီးဖြစ်ပါတယ်။ သုံးဘီးမှာလူနာမည်ရှိပေမယ့် ပါးဖောင်းဖောင်း ရှေ့သွားလေးကထွက်နေလို့ အကျဉ်းသားတွေ က သုံးဘီးကားနဲ့ တူတယ်ဆိုပြီး သုံးဘီးလို့ အမည်တွင်ခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ တန်းစီးငရှဉ့် နဲ့ အခန်းစာရေး သုံးဘီး တို့ဟာ ထောင်ထဲကနေ ပုံစံအသီးသီးနဲ့ ထွက်ပြေး လွတ်မြောက်သွားခဲ့ပါတယ်။ သုံးဘီးဟာ အင်းစိန်ထောင်ကနေ ပဲခူးလေ့လျော်အင်း ရဲဘက်စခန်းကို ပါသွားခဲ့ပါတယ်။ ဒါပေမဲ့ အကျဉ်းသားတွေကိုလိုက်ပို့တဲ့ ရထားတွဲထဲမှာ သူနဲ့အတူ ရဲ ဘက်အကျဉ်းသား နှစ်ယောက်နဲ့ ထောင်အခေါ် ကစ်ပုံ (ရဲဘက်အကျဉ်းသားတွေရဲ့ အိပ်ရာလိပ် ၊ စောင် ၊ စားစရာများကို စုစည်းထားရသောနေရာ) အောက်ခြေကိုဖောက်ပြီး ရထားဘီးတွေအောက်က သံလမ်းမှာဝပ်ပြီးနေခဲ့ပါတယ်။ ရထားထွက် သွားတော့ လုံခြုံရေးတွေမသိဘဲ ဘူတာထဲမှာ သူတို့သုံးယောက်ကျန်ခဲ့ပြီး လွတ်မြောက်သွားခဲ့ပါတယ်။

အခန်းလူကြီးငရှဉ့်ဟာ သူရဲ့တပည့်ကျော် သုံးဘီးလွတ်မြောက်သွားတဲ့အကြောင်းကို တဖွဖွပြောရင်း ထောင်ထဲ ကနေ နေ့စဉ်အားကျနေခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူကိုယ်တိုင် အင်းစိန်ထောင်ထဲကလွတ်မြောက်အောင် ကြံပါ တော့တယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရခေတ်မှာ ငွေပေးရင် ဘာမဆိုလုပ်လို့ရတဲ့ခေတ်ဖြစ်ပါ တယ်။ ငရှဉ့်ရဲ့အခြေအနေက ထောင်ထဲမှာအနေချောင်ပြီး ကျသစ်တွေကိုစိတ်တိုင်းကျ ချွတ်ခွာနိုင်တာမို့ အင်မတန် ဝင်ငွေ ကောင်းပါတယ်။ ဒါကြောင့် ငွေများများစုမိရင် မိသားစုကိုတောင် ထောင်ထဲကနေ ပြန်လည်ထောက်ပံ့နိုင်တဲ့အထိပါပဲ။ ဒီအခြေအနေကိုအသုံးချပြီး ငရှဉ့် က နောက်မှုထွက်ဖို့ကြံစည်ပါတယ်။ ထိုခေတ်အခြေအနေကလည်း ပိုက်ဆံနည်းနည်း သုံးလိုက်ရင် ငရှဉ့်လိုရာဇဝင်ရှိတဲ့လူမိုက်တွေက အမှုတစ်ခုမဟုတ်တစ်ခုရှာပြီး နောက်မှုထွက်လို့ရပါတယ်။ ထောင်ကျပြီး သား အကျဉ်းသားတွေ နောက်မှုထွက်တဲ့အခါမှာတော့ ခြေကျင်းခတ်လေ့ရှိပါတယ်။ ထောင်အပြင်ကို ထောင်ကျအကျဉ်း သား နောက်မှုထွက်ရင် ခြေကျင်းသံ တချွင်ချွင်နဲ့ပေါ့။ ဒါပေမဲ့ ငရှဉ့်တို့လို ဆရာကြီးတွေအတွက် ထောင်ခြေကျင်းဘုတ်က ပေါ့ပါးပြီး ပါးလုပ်နေတဲ့ အထူးခြေကျင်းတွေ ပြုလုပ်ပေးလေ့ရှိပါတယ်။ ကြောက်ရတာကိုး။ ဒီခြေကျင်းတွေကတော့ပါတယ် မထင်ရလောက်အောင် ပေါ့ပါးပါတယ်။

ငရှဉ့်ဟာ မိသားစုနဲ့တိုင်ပင်ပြီး နောက်မှုထွက်ပါတယ်။ လူမိုက်အများစု နောက်မှုထွက်ရတဲ့ရုံးကတော့ စတီးဝပ် အချုပ်လို့ခေါ်ပါတယ်။ ရန်ကုန်မြို့လယ်ခေါင်က ဘားလမ်းမှာရှိပါတယ်။ စတီးဝပ်အချုပ်ကို ရုံးထွက်ရတဲ့ သူတွေဟာ မိသား စုနဲ့လည်း တွေ့ခွင့်ရတယ်။ ကိုယ်စားချင်တာလည်းစားလို့ရတယ်။ တစ်ခါတစ်ရံအမှုစစ်တာ နောက်ကျရင်ထောင်ကို ပြန် မပို့တော့ဘဲ စတီးဂပ်အချုပ်မှာပဲ ညသိပ်ချုပ်ထားလိုက်ပါတယ်။ ဒါမျိုးကြုံတွေ့တဲ့အခါမျိုးမှာ ငရှဉ့်တို့လို ပိုက်ဆံပေါတဲ့

လူဆိုးကြီးတွေအတွက် နိဗ္ဗာန်ဘုံပါပဲ။ ညဘက်မှာတာဝန်ကျ ရဲဂန်ထမ်းနဲ့ပေါင်းပြီး အရက်ကစလို့ ဆေးခြောက်အဆုံး ကြိုက်တာလုပ်လို့ရပါတယ်။ နောက်တစ်နေ့မှ အချုပ်ကားနဲ့ထောင်ကိုပြန်ရုံပါပဲ။ ငရှဉ့်ကနောက်မှုရုံးထွက်တာကို အကြောင်းပြုပြီး စတီးဝပ်အချုပ်ကို မျက်လှည့်ပြပြီး ပဋ္ဌလက်ဆန်ဆန် လွတ်မြောက်သွားခဲ့ပါတယ်။ လွတ်မြောက်ပုံလွတ်မြောက်နည်းကလည်း အင်မတန် ပညာပါပါတယ်။ ငရှဉ့်ဟာ ပထမဆုံးရုံးထွက်တဲ့ တစ်ကြိမ် ၊ နှစ်ကြိမ်မှာ ထောင်ဝန်ထမ်းတွေနဲ့ ရဲသားတွေကို အယုံသွင်းနိုင်ခဲ့ပါတယ်။ သူရဲ့ လမ်းကြောင်းကို လိုက်ရတဲ့သူတွေကို ဆေးလိပ်ဆို ဆေးလိပ် ၊ လက်ဖက်ရည်ဆို လက်ဖက်ရည် လိုလေသေးမရှိ ကျွေးမွေးထားပါတယ်။ ကားပေါ်ကို အကျဉ်းသား အချုပ်သားတွေတင်ရာမှာလည်း လူစစ်ဖို့ ဝန်ထမ်းတွေကို အကူအညီပေးခဲ့ပါတယ်။

တစ်ဖက်မှာလည်း သူ့ရဲ့မိန်းမကို နောက်တစ်ခါလာတွေ့ရင် အရပ်ဝတ်ပုဆိုးနဲ့ ရောဘင်မျက်မှန်ကို ယူလာပေးဖို့ မှာကြားခဲ့ပါတယ်။ မိန်းမကပေးလိုက်တဲ့ အဲဒီပစ္စည်းတွေကို အင်းစိန်ထောင်ဗူးတံခါးဂမှာ နားလည်မှုယူပြီး ထောင်ထဲကို သွင်းနိုင်ခဲ့ပါတယ်။ ငရှဉ့် ရုံးထုတ်ကနေ လွတ်မြောက်သွားတဲ့နေ့ကတော့ အရပ်ဝတ်ပုဆိုးနဲ့ မျက်မှန်ကို ထောင်ကနေ စတီးဝပ်ကိုသွားရာ အချုပ်ကားပေါ်ကို ဝှက်ပြီးယူလာနိုင်ခဲ့ပါတယ်။ အဲဒီအချိန်က အကျဉ်းသားတွေရဲ့ ဝတ်စုံက အဖြူရောင်ဝမ်းဆက် ဖြစ်ပါတယ်။ ငရှဉ့်က အရပ်ဂတ်ပုဆိုးကို နှစ်ခေါက်ခေါက်ပြီး အကျဉ်းသားဝတ်စုံ အောက်ကနေခံပြီး ဝတ်လာခဲ့ပါတယ်။ စတီးဝပ်အချုပ်ကိုရောက်လို့ ကားထဲကအကျဉ်းသားတွေ နှစ်ယောက်တစ်တွဲ အပြင်ကိုဆင်းတဲ့အခါမှာ လူမပျောက်အောင်အော်ပြီး ရေတွက်ရပါတယ်။ စစ်ဆေးရမယ့်ရဲသားက အလုပ်မလုပ်ချင်တဲ့အတွက် ငရှဉ့်က လူအရေအတွက်ကို အော်ရပါတယ်။ အဲဒီအခါမှာ ငရှဉ့်က နံပါတ်တစ်ခုကို ဖျောက်လိုက်ပြီး ကားထဲကနေ အမြန်အော်ပါတယ်။ လူစာရင်းကိုက်သွားပြီးတဲ့အခါမှ ကားထဲကနေ အရပ်ဝတ်ပုဆိုးနဲ့ မျက်မှန်နဲ့ လူတစ်ယောက် ဆင်းလာပါတယ်။ ရဲသားက အဲဒီလူကို ထောက်လှမ်းရေးကလို့ထင်ပြီး ဘာမှမစစ်ဆေးခဲ့ပါဘူး။ ဒီလိုနဲ့ ငရှဉ့်ဟာ စတီးဝပ်ထောင် ကနေ လွတ်မြောက်သွားခဲ့တာဖြစ်ပါတယ်။ ငရှဉ့်ကအကျဉ်းသားဝတ်စုံ အပေါ်ကနေ အရပ်ဂတ်ပုဆိုးကိုဂတ် ၊ ရောဘင်မျက်မှန်တပ်ပြီး ရုပ်ဖျက်ခဲ့ပါတယ်။ သူ့ရဲ့ စပယ်ရှယ် ခြေကျင်းတွေကိုတော့ အသံမမြည်အောင် ခြေသလုံးမှာ ကြိုးနဲ့ချည် ထားလိုက်ပါတယ်။ ဒါကြောင့် ဘာသံမှမထွက်ဘဲ စတီးဝပ်ကနေ လွတ်သွားခဲ့တာဖြစ်ပါတယ်။

ငရှဉ့်ပဲဖြစ်ဖြစ် ၊ သုံးဘီးပဲ ဖြစ်ဖြစ် အရမ်းလုံခြုံတဲ့ နံရံလေးဘက်ထဲကနေ လွတ်မြောက်အောင် ဘယ်လိုပဲ စွမ်းဆောင်နိုင်ခဲ့နိုင်ခဲ့ သူတို့ရဲ့ အားအနည်းဆုံးကတော့ ချည်တိုင်ကို ပြန်သွားခြင်းပါပဲ။ သုံးဘီးဟာ ရဲတွေကိုခြေရာဖျောက်ပြီး အပြင်လောကမှာ လအတန်ကြာနေနိုင်ခဲ့ပေမယ့် သူ့ရဲ့မိန်းမဆီကို ပြန်လာတဲ့အချိန်မှာပဲ ဖမ်းမိခဲ့ပါတယ်။ သုံးဘီးလိုပဲ ငရှဉ့်လည်း လုံခြုံရေးဝန်ထမ်းတွေ ရဲသားတွေကို မျက်လှည့်ပြနိုင်ခဲ့ပေမယ့် နောက်ဆုံးတော့ ချည်တိုင်ကိုပြန်ခဲ့လို့ဖမ်းမိခဲ့တာပါပဲ။

အင်းစိန်ထောင်ထဲကို ပြန်ရောက်လာတော့ ငရှဉ့် နဲ့ သုံးဘီးဟာ စစ်ခွေးတိုက်ထဲမှာ ပြန်ဆုံခဲ့ကြပါတယ်။ လပေါင်းများစွာ စစ်ခွေးတိုက်ထဲမှာ ပြစ်ဒဏ်ကျခံပြီးတဲ့နောက် ဂန္တဝင်လူမိုက်ကြီးတွေရဲ့ ပြန်လမ်းအတိုင်း အကျဉ်းသားများစွာရှိနေတဲ့ အိပ်ဆောင်တွေဆီ ပြန်ရောက်လာကြတာပါပဲ။ ငရှဉ့် အင်းစိန်ထောင်ထဲမှာ ဘုန်းမီးနေလတောက်ပစဉ်က ထောင်အာဏာပိုင်တွေက မွေးပြီး နိုင်ငံရေးအကျဉ်းသားတွေကို နှိပ်ကွပ်ခိုင်းပေမယ့် ငရှဉ့်က "ခင်ဗျားတို့က လူကောင်းတွေဆိုတာ ကျုပ်သိတယ်" ဆိုပြီး ခိုင်းတိုင်းမလုပ်ခဲ့ပါဘူး။ ထောင်အာဏာပိုင်တွေရှေ့မှာတော့ နိုင်ငံရေးသမားတွေကို ဟိန်းလိုက်ဟောက်လိုက် ခြိမ်းခြောက်လိုက်နဲ့ ရုပ်ရှင်ရိုက်လေ့ရှိပါတယ်။ စစ်ခွေးတိုက်ကနေ အိမ်နိမ့်စံဘဝနဲ့ (၄) ဆောင်ကို ရောက်လာတော့ သေဒဏ်ကြိုးလွတ် မြဂေါင်က တန်းစီးဖြစ်နေပါပြီ။ ငရှဉ့်နဲ့ရင်းနီးခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတချို့က စားစရာ

မရှိတဲ့သူ့ကို သနားပြီး ကြည့်ရှုစောင့် ရှောက်တဲ့အခါမှာ သူပြောနေကျ စကားကတော့ "ကြောင်ကြာကြာ ရေမငုပ်ပါဘူး" ဆိုတာပါပဲ။

ထင်တဲ့အတိုင်းပါပဲ (၄) ဆောင်ကိုရောက်ပြီး သုံးလလောက်အကြာမှာတော့ ငရှဉ့် အကွက်စရွှေ့ပါတယ်။ သူ့အကွက်က အလျော့်အစားကြီးပါတယ်။ ဘာလို့လဲဆိုတော့ တန်းစီးမြေ့ဂေါင်ကိုဖြုံချဖို့ပါပဲ။ မြေ့ဂေါင်ကိုသတ်ဖို့ သူတစ်ယောက်တည်းနဲ့ မဖြစ်ဘူးဆိုတာကို ငရှဉ့် က သိနေတဲ့အတွက် သဃ်န်းကျွန်းက တက်သစ်စ လူမိုက်ကလေး မိုးသူ ကို စတင်စည်းရုံးပါတော့တယ်။ မိုးသူကလည်း မြေ့ဂေါင်လို လူမိုက်ကြီးကို သတ်နိုင်ရင် သူလည်း အင်းစိန်ထောင်မှာ တန်းဝင်လူမိုက်စာရင်းဝင်မှာမို့လို့ ငရှဉ့်ရဲ့ စည်းရုံးမှုကို အလိုက်သင့် လက်ခံခဲ့ပါတယ်။

ဒီလိုနဲ့ ၁၉၉၁ မိုးတွေရွာနေတဲ့ နေ့တစ်နေ့မှာ အင်းစိန်ထောင် အမှတ်(၄)ဆောင်မှာ ဂန္ထဝင် လူမိုက်ကြီး တွေရဲ့ စာရင်းရှင်းပွဲတစ်ပွဲ ဖြစ်ပေါ်ခဲ့ပါတယ်


အင်းစိန်ထောင်အတွင်းမှ
ဂန္ထဝင်
ပုဂ္ဂိုလ်ကြီးများ
အကြောင်း
အပိုင်း [၄]
ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၄)

- **မြဂေါင် နေဝင်ချိန်**

သယ်္ခန်းကျွန်းမှ တက်သစ်စလူမိုက်လေး မိုးသူဟာ အမေကမွေး ၊ ထောင်ကကျွေးဘဝမှာ "တန်း" မရှိပေမယ့် "ဇ" ရှိပါတယ်။ တကယ်တော့ သယ်္ခန်းကျွန်းရဲ့တန်းရှိတဲ့ ဆရာကြီးကတော့ (၄)ဆောင် (၆) ခန်းမှာ အခန်းလူကြီးလုပ်နေတဲ့ ယက္ခကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အသက်အရွယ်ရလာတော့ ထောင်ထဲမှာငြိမ်နေပါပြီ။ မိုးသူကတော့ အင်းစိန်ထောင်ရဲ့ တန်းဝင်လူမိုက်စာရင်းမှာပါရဖို့အတွက် ဘာမဆိုလုပ်မယ်ဆိုပြီး ဆုံးဖြတ်ထားပုံပေါ်ပါတယ်။ ဒီအခြေအနေမှာ မိုးသူ ကို ရှေ့ဥ က အိပ်မက်တွေပေးပြီး ကောက်စားလိုက်တာ ဖြစ်ပါတယ်။

(၄) ဆောင်ရဲ့ တန်းစီးမြခေါင်နဲ့ ရှေ့ဥရဲ့ ကမ္ဘာမကြေဇာတ်လမ်းကလည်း ရှိနေပါတယ်။ ရှေ့ဥကို ပြန်ဖမ်းမိတော့ ထောင်က နောက်မှုဖွင့်တဲ့အတွက် ခြေကျင်းနဲ့နေရပါတယ်။ တိုက်ထဲမှာလပေါင်းများစွာထားပြီး ရှေ့ဥ ကို (၄) ဆောင်ပို့လိုက်တော့ မြဂေါင် က တန်းစီးဖြစ်ပြီး ကောင်းစားနေပါပြီ။ ဒါပေမဲ့ ဘဝတူအချင်းချင်း သူ့ကိုမကြည့်ဘူးလို့ ရှေ့ဥ ကခံစားနေရတယ်။ မြဂေါင်ကလည်း ရှေ့ဥ တို့ကို အပူးမခံဘူး။ မိုးသူ ကတော့ မြဂေါင်နဲ့ ဘာဇယားမှမရှိပါဘူး။ နာမည်ကြီးချင်တာပဲ သိတယ်။ မိုးသူက ကျွန်တော်တို့နေတဲ့ အခန်း (၃) မှာပဲ နေပါတယ်။ မှတ်မှတ်ရရ ပြဿနာမဖြစ်ခင် သုံးလေးညလောက်က ကျွန်တော် အပေ့ါသွားတော့ အိမ်သာနံရံကိုမှီပြီး မိုးသူ ကထိုင်နေတယ်။ သူက ကျွန်တော့်လက်ထဲက ကိုင်ထားတဲ့ ကျောက်ဖရုံယိုကို ကြည့်နေတော့ သနားတာနဲ့မစားဘဲ သူ့ကိုပေးလိုက်တယ်။ နောက်တစ်နေ့ညကျတော့ သူက ကျွန်တော့်ကို ကျေးဇူးတင်တဲ့ပုံနဲ့ "အစ်ကိုက လူတွေ ကိုကြင်နာတတ်တယ် ၊ ဘာပဲခိုင်းစရာရှိရှိ ကျွန်တော့်ကိုပြော ၊ မကျေနပ်တဲ့ လူရှိရင်လည်းပြော ၊ ကျွန်တော် သတ်ပေးမယ်"လို့ ပြောပါတယ်။ သူ့စကား ကြားကြားချင်း ကြက်သီးမွေးညှင်းထပြီး ဆံပင်တွေတောင်ထောင် သွားတယ်။ ကပျာကယာပဲ "အာ…ဘာမှမရှိပါဘူး။ မကျေနပ်တဲ့ သူလည်း မရှိပါဘူး။ အေးအေးနေပါ ကိုယ့်လူရာ" လို့ ပြောပြီး အမြန်လှည့်ထွက်ခဲ့ပါတယ်။ ဒီလိုလူကို စည်းရုံးရတာ ရှေ့ဥအတွက် အင်မတန် လွယ်ကူပါတယ်။

(၁) ခန်းထဲမှာကျတော့ ဂန္ထဝင်လူမိုက်တွေက စုပြီးအိပ်ကြရပါတယ်။ ပြဿနာမဖြစ်ခင်တစ်ည ရှေ့ဥက အိပ်ချိန်မှာ မအိပ်သေးဘဲ ဘေးနားက လူတွေကို လိုက်စနေတယ်။ မြဂေါင်က အိပ်ချိန်ပေးနေချိန်မို့ ငြိမ်ငြိမ်နေဖို့ ရှေ့ဥ ကို လှမ်းငေါက်တယ်။ ရှေ့ဥကနားမထောင်ဘူး။ မြဂေါင်က ဒေါသထွက်သွားပြီး ရှေ့ဥကို မတ်တတ်ရပ်ခိုင်းကာလက်ထဲက ဂါးခြမ်းပြားသေးသေးလေးနဲ့ တင်ပါးကို သုံးချက်ရိုက်လိုက်တယ်။ ဒီဖြစ်ရပ်က ရှေ့ဥ ကို အသားမနာစေပေမယ့် အသည်းနာသွားစေတယ်။ ဒါဟာ သူ့ကို အရှက်ခွဲပြီး လူမိုက်ဂုဏ်ကို ထိပါးတယ်လို့ ယူဆလိုက်တယ်။ ဒါကြောင့် နောက်တစ်နေ့မှာ မြဂေါင်ကို သတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

နောက်တစ်နေ့မှာ ရှေ့ဥ က မိုးသူ ကိုခေါ်ပြီးတိုင်ပင်တယ်။ မိုးသူကလည်းသဘောတူတယ်။ ဒါနဲ့ တောင်ယာ ပစ္စည်းတွေထားတဲ့ ဘုတ်တိုက်ထဲက ပေါက်ပြားတစ်လက် နဲ့ သံတူရွင်းတစ်ချောင်းကို ခိုးယူလိုက်တယ်။ အင်းစိန်ထောင်က နေ့လယ်ဘက်မှာ အကျဉ်းသားတွေကို တရေးတမောအိပ်ဖို့ခွင့်ပြုထားတယ်။ တောင်ယာတွေက ၃ နာရီလောက်မှ အလုပ်လုပ်ရတာပါ။ နေ့လယ် ၁ နာရီကျော်ကျော်မှာတော့ အဆောင်မှာ အိပ်တဲ့သူအိပ် ၊ လှဲတဲ့သူလှဲနဲ့ အနားယူနေကြတယ်။ မြဂေါင်က (၄) ဆောင်ရဲ့ နောက်ဆုံးအခန်းဖြစ်တဲ့ (၈)ခန်း မှာ အိပ်နေတယ်။ အဲဒီအချိန်မှာပဲ ရှေ့ဥက ပေါက်ပြားကိုကိုင် ၊ မိုးသူက သံတူရွင်းကိုကိုင်ပြီး (၈)ခန်းကို ထွက်လာကြတယ်။ သူတို့နှစ်ယောက်ကို ဘယ်သူကမှ သတိမထားမိဘူး။ (၈)ခန်း

ရောက်တော့ မိုးသူက သံတူရွင်းကိုင်ပြီး အပေါက်ဝမှာ ရပ်စောင့်လိုက်တယ်။ ငရှဉ့်က ပေါက်ပြားကိုင်ပြီး အခန်းထဲကို ဝင်သွားတယ်။ မြဂေါင် ထွက်မပြေးနိုင်အောင်လို့ဖြစ်ပါတယ်။ မြဂေါင်က ပုသိမ်သူလို့ တစ်ဆောင်လုံးကခေါ်တဲ့ တပ်ပြေး လေး တစ်ယောက်နဲ့ အတူဖက်ပြီးအိပ်နေတယ်။ ငရှဉ့်က အိပ်နေတဲ့ မြဂေါင်ကို ပေါက်ပြားနဲ့ ခုတ်လိုက်ပေမယ့် မြဂေါင် ကိုမထိဘဲ ပုသိမ်သူကိုထိသွားတယ်။ မြဂေါင်ကနိုးလာပြီး အကျဉ်းသားတွေရဲ့ အိပ်ရာလိပ်တွေပုံထားတဲ့ ကစ်ပုံကိုကျွမ်း ထိုးပြီးကျော်သွားတယ်။ မြဂေါင်ကကျွမ်းထိုးတာတော်တယ်။ အခန်းဝမှာ မိုးသူက ပိတ်စောင့်နေတော့ မြဂေါင်က အခန်းထဲမှာပဲ ပတ်ပြေးနေတယ်။ ငရှဉ့်က ပေါက်ပြားနဲ့ လိုက်ခုတ်ပေမယ့် မြဂေါင်ကို မထိဘူး။ ငရှဉ့် မောနေပြီ။ တကယ့် တကယ် လက်ရုံးရည်အရဆိုရင်လည်း ငရှဉ့်က မြဂေါင်ကို မယှဉ်နိုင်ဘူး။ ဒါပေမဲ့ အခန်းထဲမှာ နှစ်ယောက် တစ်ယောက် ဆိုရင် အခြေအနေမလှမှန်းသိလို့ မြဂေါင်က မိုးသူကိုတွန်းပြီး အခန်းထဲကနေ တောင်ယာထဲကို ထွက်ပြေးသွားတယ်။ မိုးသူ က သံတူရွင်းကိုင်ပြီး နောက်က ပြေးလိုက်နေတယ်။ ငရှဉ့်ကတော့ အမောဖောက်ပြီး ခပ်လှမ်းလှမ်းမှာ ပြတ်ကျန်ခဲ့တယ်။ မိုးသူက နောက်ကနေသာ လိုက်နေတာ မြဂေါင်ကို သံတူရွင်းနဲ့မရိုက်ရဲဘူး။ ရိုန်နေတာကိုး။ ဒီမြင်ကွင်းကိုကြည့်ပြီး ငရှဉ့်က စိုးရိမ်တကြီးနဲ့ မိုးသူကို လှမ်းအော်လိုက်တယ် . . .

"မိုးသူ မင်း မြဂေါင်ကို ဒီတိုင်းလွှတ်ပေးလိုက်တော့မလား"

ငရှဉ့်စကားကို ကြားတဲ့ မိုးသူက ချက်ချင်းအသိဝင်လာတယ်။ မြဂေါင်နောက်ကို အရှိန်မြှင့်လိုက်ရင်း ခေါင်းကို သံတူရွင်းနဲ့ ရိုက်ချလိုက်တယ်။ မြဂေါင် က ခေါင်းထိပြီး ခရမ်းပင်တွေကြားကို ခွေခနဲကျသွားတယ်။ မိုးသူက မြဂေါင် ကို ဘာမှဆက်မလုပ်ဘဲ ကြောင်ပြီးရပ်နေတယ်။ အဲဒီအချိန်ကျမှ ငရှဉ့်ရောက်လာပြီးလဲနေတဲ့ မြဂေါင်ကို ပေါက်ပြားနဲ့ စိမ်ပြေ နပြေ ခုတ်သတ်လိုက်တယ်။ တကယ်တော့ မြဂေါင်ဟာ မိုးသူရဲ့ လက်ချက်နဲ့တင် အသက်ထွက်သွားပါပြီ။ ဒါပေမဲ့ ငရှဉ့် က သူ့အခန်းကဏ္ဍမပါရင် သိက္ခာကျမှာစိုးလို့ ပွဲကို အပြီးသတ်နေပါတယ်။ တစ်ဆောင်လုံး ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ထောင် တွင်းက လူသတ်ပွဲကိုကြည့်နေကြတယ်။

(၄)ဆောင် အဆောင်မှူး ထောင်မှူး ဦးစိုးဝင်းက ပြေးလာပြီး "မင်းတို့ ဆက်မလုပ်ကြနဲ့" လို့ လှမ်းအော်တယ်။ ငရှဉ့် က ဦးစိုးဝင်းကို လှမ်းကြည့်ပြီး ""အေး ခင်ဗျားကိုပါ ခုတ်မယ် ... လာခဲ့" လို့ လှမ်းပြောတော့ ချက်ချင်းပဲ မိန်းဂျေးလ် အထိ ထွက်ပြေးသွားပါတယ်။ မိန်းဂျေးလ်မှာ တာဝန်ကျနေတဲ့ ထောင်မှူးကြီး ဦးစောထွန်း သိတော့မှ ငရှဉ့် တို့ဆီကိုကိုယ် တိုင်လိုက်လာပါတယ်။ ဦးစောထွန်း ကိုတော့ အင်းစိန်ထောင်ထဲက လူမိုက်ကြီးတွေက ချစ်ကြောက်ရိုသေကြတယ်။ ဦးစော ထွန်းက သူ့ရဲ့ ယူနီဖောင်းကိုချွတ်လိုက်ပြီး ပေါက်တူးတွေ ၊ သံတူရွင်းတွေ ကိုင်ထားတဲ့ ငရှဉ့်တို့ဆီကို လှမ်းကြည့်ပြီး "မင်း တို့လာမလား ၊ ငါလာရမလား"လို့ လှမ်းပြောတယ်။ ငရှဉ့်တို့ တွေဝေနေရာကနေ စွပ်ကျယ်ချိုင်းပြတ်နဲ့ ဦးစောထွန်းကို "ဆ ရာလာရင် လက်နက်ချမယ်"လို့ ပြန်ပြောတယ်။ ဦးစောထွန်းက ယုံယုံကြည်ကြည်ပဲ ငရှဉ့် နဲ့ မိုးသူကို ပခုံးဖက်ပြီး မိန်းဂျေး လ်ကို ခေါ်သွားတော့တယ်။ ဒါတွေက ထောင် "အထာ" ရှိမှ လုပ်ရဲကြတာပါ။ ဒါကြောင့်လည်း ငရှဉ့်တို့က ဦးစောထွန်း ကို ရန်မပြုတာပေါ့။ ဒီတော့မှ ခရမ်းခင်းထဲမှာ သွေးအလိမ်းလိမ်းနဲ့ လဲကျနေတဲ့ မြဂေါင်ကို ဂန်ထမ်းတွေနဲ့ အကျဉ်းသားတွေက ဘာဘူစောင်နဲ့ထုပ်ပြီး ဆေးရုံကိုအမြန်ပို့တယ်။ ဒါပေမဲ့ မြဂေါင်က အသက်မရှိတော့ပါဘူး။

ကျွန်တော်တို့အားလုံး ခရမ်းခင်းထဲက မြေရာတွေ နဲ့ သွေးတွေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်နေတဲ့ ဝန်ထမ်းတွေ ကို တုန်လှုပ်ခြောက်ခြားစွာ ကြည့်နေကြတယ်။ အင်မတန် ကြောက်စရာကောင်းတဲ့ ပတ်ဝန်းကျင် မှာ လူတစ်ယောက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အသက်ထွက်သွားပုံကို ဘယ်သူမှ မယုံကြည်နိုင်ကြဘူး။ ဓာတ်ပုံရိုက်တဲ့လူတွေ ပြန် သွားတော့ ခရမ်းပင်ပေါ်မှာပြန့်ကျဲပြီး ကျန်ရစ်ခဲ့တဲ့ မြဂေါင်ရဲ့ ဦးနှောက်တွေကို ကျီးကန်းတွေက ကောက်ချီပြီး စားသောက်

နေကြတယ်။ တကယ့်ကို Jungle Law တစ်ခုပါပဲ။ မိန်းဂျေးလ် မှာ ထောင်ဝါဒါတွေက ငရှဉ့် နဲ့ မိုးသူကို ခြေကျင်းတွေခတ်လိုက်တယ်။ သူတို့နှစ်ယောက်ကတော့ ခပ်အေးအေးပုံစံပဲ။ အချင်းချင်းစနောက်နေကြတယ်။ မိုးသူက ငရှဉ့်ကို မြင်ဂေါင်သေသွားတဲ့ အိုက်တင်လုပ်ပြနေတယ်။ ငရှဉ့်က အားပါးတရရယ်နေတယ်။ ပြီးတော့ သူတို့ကို စစ်ခွေးတိုက်ဆီခေါ်သွားကြတယ်။ ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင် သတင်းတစ်ခုကတော့ မြင်ဂေါင်သေပြီး တစ်လမပြည့်ခင်မှာပဲ စစ်ခွေးတိုက်မှာ ငရှဉ့်ဟာ ထူးဆန်းစွာ သေသွားခဲ့ပြန်ပါတယ်။



# အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်ရာဇဝတ်ကြီးများ အကြောင်း

## ငရှဉ့်ကို ဘယ်သူသတ်တာလဲ

အပိုင်း [၂]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း

## အပိုင်း (၅)

- **ရှဉ့်ကို ဘယ်သူသတ်တာလဲ**

၁၉၉၁ ခုနှစ်ဝန်းကျင်က အင်းစိန်ထောင်ထဲမှာ ဘိန်းစားတွေအလွန်ပေါတယ်။ ဘိန်းစားအများစုဟာ ပိုက်ဆံချမ်းသာတဲ့ မိသားစုက မွေးဖွားလာသူတွေဖြစ်ပါတယ်။ ထောင်ကျခဲ့ပေမယ့် မိဘတွေရဲ့ ကျေးဇူးကြောင့် ထောင်ထဲမှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေကြရပါတယ်။ ထောင်အာဏာပိုင် တွေကို "လိုင်း" ဝင်ထားတဲ့အတွက် ရဲဘက်စခန်းကိုလည်း ထွက်စရာမလိုပါဘူး။ ထောင်ထဲမှာ ကောင်းကောင်း နေရပြန်တော့ ဘိန်းစားတွေက ထောင်ထဲမှာ ဘိန်းစားချင်လာပြန်တယ်။ ဒီတော့ နည်းမျိုးစုံနဲ့ ခိုးသွင်းကြတယ်။ ထောင်ထဲက ဂန္ထဝင်လူမိုက်ကြီးတွေကလည်း ဒီအချက်ကိုမြင်သွားတော့ ကိုယ်တိုင်ရောင်းဝယ်ဖောက်ကား ကိစ္စတွေလုပ်လာကြတယ်။ ထောင်ထဲမှာ ဘိန်းရောင်းတယ်ဆိုတာ အန္တရာယ်ကြီးပေမယ့် မြိုးမြိုးမြက်မြက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ လူမိုက်ကြီးတွေကသူတို့ကို အချိန်မရွေးအန္တရာယ်ပေးနိုင်တဲ့ ထောင်ဝါဒါတွေကို "ချုပ်" လိုက်တယ်။ ပိုက်ဆံရတော့ ဂါဒါတွေလည်း မသိချင်ယောင် ဆောင်တတ်သွားတာပေါ့။

ဒီလိုနဲ့ အင်းစိန်ထောင်ထဲမှာ ဘိန်းဖြူရော ၊ ဘိန်းမည်းရော ပေါပေါလောလောရတယ်။ အဆောင်တွေ မှာရှိတဲ့ အများသုံးအိမ်သာမှာ ကျွန်တော်တို့ အိမ်သာတက်ရင် ဘိန်းထိုးနေတဲ့သူတွေကို တွေ့ရတတ်တယ်။ သူတို့ကို လှမ်းကြည့်နေရင် "ဟိတ်ကောင် . . . ဘာကြည့်တာလဲ ၊ ကိုယ့်ကိစ္စမဟုတ်ရင် မဆိုင်သလိုနေ" လို့ အပြောခံရတတ်တယ်။ ပြဿနာမတက်ချင်တဲ့အတွက်အားလုံးက မသိကျိုးကျွံပြုနေကြရတယ်။ ထောင်ထဲကိုဘိန်းခိုးသွင်းတဲ့ နည်းလမ်းတွေကတော့ အများကြီးပါပဲ။ ထောင်ထဲကိုဝင်လာတဲ့ အမျိုးအစားထဲမှာ ဘိန်းဆီ လို့ခေါ်တဲ့ ဘိန်းမည်းကစျေးအချိုဆုံးပါပဲ။ ဘိန်းစားတွေက အကျဉ်းထောင်ဥပဒေရဲ့ လစ်ဟာနေတဲ့ အခြေအနေတွေကိုကြည့်ပြီး အသုံးချတတ်တယ်။ သူတို့တွေက ဘိန်းစားပေမယ့် ဉာဏ်ကောင်းတယ်။ ဘိန်းမည်းကို ဘယ်လိုသွင်းသလဲဆိုတော့ အင်းစိန်ထောင်ဂျမှာ အကျဉ်းဦးစီးဌာနကရောင်းတဲ့ မြေပဲယိုထုပ်တွေရှိတယ်။ မြေပဲယိုတွေကို အထပ်လေးတွေအတိုင်း ပလတ်စတစ်ထဲထည့်ပြီး အထုပ်လိုက်ရောင်းတာကိုး။ ဘိန်းခိုးသွင်းမယ့်သူက အဲဒီမြေပဲယိုထုပ်ကိုဖြည်ပြီး ထန်းလျက်ရည်နေရာမှာ ဘိန်းဆီတွေရောလိုက်တယ်။ ပြီးတော့မှ ပလတ်စတစ်ကို ပြန်ပိတ်ပြီး ထောင်ဝင်စာမှာ သွင်းပေးလိုက်တယ်။ အဆောင်ရောက်တော့ ဘိန်းစား က မြေပဲယိုလေး တစ်ကိုက်ကိုက်လိုက် ၊ ရေနွေးလေး သောက်လိုက်နဲ့ မူးယစ်ရီဝေပြီး "ကောင်း" သွားတာပေါ့။

နောက်တစ်နည်းကတော့ အင်းစိန်တစ်ထောင်လုံး လိမ်းနေကြတဲ့ ဖိုးဝသနပ်ခါးခဲထဲကိုထည့်ပြီး သွင်းတာပါပဲ။ ဒီပုံစံမှာ ဘိန်းဖြူကိုသွင်းတာများပါတယ်။ ဘိန်းဖြူကို ပလတ်စတစ်နဲ့ထုပ်ပြီး အစိုခံထားတဲ့ သနပ်ခါးခဲထဲကို မြှုပ်လိုက်တယ်။ ပြီးတော့ နေအခြောက်ခံပြီး သနပ်ခါးခဲတံဆိပ်ကို ပြန်ကပ်လိုက်တယ်။ လူတစ်သောင်းရှိတဲ့ထောင်မှာ နေ့စဉ်ရာချီပြီး သွင်းနေတဲ့ သနပ်ခါးခဲထဲက ဘိန်းဖြူထုပ်ကို ရှာဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ သနပ်ခါးခဲက ဓားနဲ့လည်း ထိုးလို့မရဘူး။ အမှုန့်ချေပစ်မှသာ ဘိန်းဖြူထုပ်က ထွက်လာတာပါ။ တတိယ တစ်နည်းကတော့ ဝမ်းချုပ်ရောဂါရှိတဲ့ အကျဉ်းသားတွေကို တိုက်ရိုက်ထိခိုက်ပါတယ်။ အဲဒီအချိန်က ဝမ်းချုပ်တတ်တဲ့သူတွေအတွက် ထောင်ထဲမှာ လုပ်သားမောင်ဝမ်းနုတ်ဆေးကိုပဲ အားကိုးရတာပါ။ ဘိန်းစားတွေက ဆေးနဲ့အရောင်တူနေတဲ့ ဘိန်းမည်းတွေကို လုပ်သားမောင်ဆေးနဲ့ ရောပြီး သွင်းတာမိသွားလို့ နောက်ဆိုရင်ထောင်ထဲကို လုပ်သားမောင်ဆေးသွင်းလို့မရတဲ့ အခြေအနေထိဖြစ်ခဲ့ပါတယ်။

ထောင်မှာဘိန်းမိလို့ စည်းကမ်းတင်းကျပ်ရင်လည်း ဘိန်းစားတွေကတော့ မရ,ရတဲ့နည်းနဲ့ ရှာကြံသွင်း ကြတာပါပဲ။ နောက်ဆုံးတစ်နည်းကတော့ အမှုရင်ဆိုင်ပြီးပြန်လာတဲ့ အကျဉ်းသားတွေက ခန္ဓာကိုယ်ထဲကို ထည့်ပြီးသွင်းလာတာမျိုး

ပါ။ အပြင်ရုံးထွက်မှာ ပလတ်စတစ်နဲ့ထုပ်ထားတဲ့ ဘိန်းဖြူကို စအိုထဲထည့်ပြီး ထောင်ထဲရောက်မှ မိလ္လာဘုတ်ကိုင်ကို ဆေးလိပ်နစ်လိပ်ပေးပြီး စအိုထဲက ဘိန်းကိုထုတ်ပါတယ်။ ဘုတ်ကိုင် က သူတို့ကို ဂုန်နီအိတ်စ ကာပေးပြီး အကာအကွယ်ပေးပါတယ်။ တစ်ခါတရံ မစင်တွေနဲ့ ပေကျံနေ တဲ့ ဘိန်းထုပ်ကို ရေသေချာဆေးပြီးတော့ အလုအယက်ရှူကြတော့တာပါပဲ။ တချို့က ပြောင်းပေါ်တင်ပြီးရှူတယ်။ တချို့က ဆေးထိုးအပ်နဲ့ထိုးတယ်။ တစ်ခါတရံ ဘိန်းဖြူကို ကြံ့ရာရေနဲ့ဖျော်ပြီးထိုးကြတာပါပဲ။ အရမ်းရင့်နေတဲ့သူကတော့ သွေးကြောကို ဘလိတ်ဓားနဲ့ခွဲပြီး အမှုန့်သိပ်တယ်။ အဲဒါက အာရုံကြောကို ပိုပြီးထိတယ်လို့ ပြောတာပဲ။ ဒါကြောင့် HIV ရောဂါရသွားသူတွေ အများကြီးပါပဲ။

ရှူတဲ့သူတွေအတွက် စီးကရက်ဘူးခွံထဲက ငွေရောင်စက္ကူဟာ မရှိမဖြစ်လိုအပ်ပါတယ်။ မျက်နှာမွဲဘိန်းစား တွေကတော့ သူဌေးတွေနားကပ်ပြီး သူတို့ပါးစပ်ကထွက်လာတဲ့ အငွေ့တွေကို လိုက်ရှူတယ်။ ဒါကြောင့်လည်း ထောင်ထဲကို ရောက်လာတဲ့ နာမည်ကျော် အနုပညာသမားတစ်ယောက်က ထောင်ထဲမှာဘိန်းရှူရတာ လုံခြုံလွန်းလို့ အရမ်းစိတ်ချမ်းသာတာပဲလို့ ပြောပြဖူးပါတယ်။

ရုံးထွက်အကျဉ်းသားတွေက စအိုထဲကိုဘိန်းထည့်ပြီးသွင်းလို့မိသွားရင် တံခါးမကြီးမှာ အထူးရှာဖွေရေးလုပ်တတ်ပါတယ်။ ရန်ကုန်မြို့နယ်အသီးသီးက ရုံးထွက်ပြီးပြန်လာတဲ့ အကျဉ်းသားတွေကို စစ်ဆေးဖို့ လက်အိတ်စွပ်ပြီး ဆပ်ပြာရေခွက်ကိုကိုင်ထားတဲ့ စည်းကမ်းထိန်းတွေက အသင့်စောင့်နေပါတယ်။ ထောင်ထဲကို ပြန်ဝင်လာတဲ့ အကျဉ်းသားတွေက တန်းစီပြီး သူတို့ရှေ့ရောက်ရင် ကုန်းပေးရပါတယ်။ စည်းကမ်းထိန်းက လက်အိတ်စွပ်ထားတဲ့ လက်နဲ့ဆပ်ပြာရေဆွတ်ပြီး စအိုရှာဖွေရေးလုပ်ပါတယ်။ ဒီနေရာမှာလည်း ထောင်တွင်း အပေးအယူတွေရှိနေပါတယ်။ ဘာလို့လဲဆိုတော့ ပစ္စည်းပါလာတဲ့ အကျဉ်းသားကရှာဖွေရေး လုပ်တဲ့သူကို မျက်စိမှိတ်ပြလိုက်ရင် ဝေပုံကျရတော့မယ်လို့သိလိုက်ပါတယ်။ ဒါကြောင့် ရှာဖွေရေးလုပ်တဲ့အခါမှာ အထဲကိုမနှိုက်ဘဲ လက်ညှိုးကိုကွေးပြီး ရှာချင်ယောင်ဆောင်လိုက်ပါတယ်။ ပြီးတော့ သွားခွင့်ပြုလိုက်ပါတယ်။ နောက်မှ သူ့ရဲ့အဆောင်ကိုလိုက်သွားပြီး ဝေစုခွဲယူတာပါ။

ဒီလိုအခြေအနေမှာ ငရှဉ့်က မြဝေါင်ကို သတ်လိုက်လို့ စစ်ခွေးတိုက်မှာ ဘုန်းမီးနေလ တောက်ပနေပါပြီ။ ထောင်ထဲမှာလည်း အောင်မြင်ရင် မိတ်ဖွဲ့ချင်သူ ၊ ထောက်ပံ့ချင်သူ ၊ အပိုင်သားဖြစ်ချင်သူတွေ ပေါ်ပြီး နိမ့်ပါးနေရင်တော့ ဂိုင်းပြီးထိုးချမယ့်သူတွေ ပေါ်ပါတယ်။ ငရှဉ့်နဲ့မိုးသူက အမှုမပြီးသေးလို့ စစ်ခွေးတိုက်မှာထားပေမယ့် အဆောင်အထိ သြဇာလွှမ်းမိုးထားပါတယ်။ အဆောင်က "ဇ" တွေကလည်း ငရှဉ့်တို့ အဆောင်ရောက်လာရင် သူတို့ကို မနိုပ်စက်အောင် အခုကတည်းက ကြိုတင်ဖားထားပါတယ်။ စစ်ခွေးတိုက်ကို ရွှေကြီး မုန့်ကြွပ်နဲ့ နို့မှုန့်ပို့ရတာနဲ့ ၊ စီးကရက်နဲ့ အချို့မှုန့်ပို့ရတာနဲ့ လုပ်မ်း "ကြပ်" ထားပါတယ်။

ဒါပေမဲ့ လူမိုက်ကြီး ငရှဉ့်က အေးအေးမနေဘူး။ အဆောင်ကသူတွေကို  လုပ်မ်းမှာလိုက်တာက "ငါ ဒါတွေမကြိုက်ဘူး" ဆိုတာပါပဲ။ ဒီစကားကြားတော့ အဆောင်ကလူတွေက "ပေါက်" သွားတယ်။ ဒါကြောင့် ငရှဉ့်ကြိုက်တဲ့ ဘိန်းဖြူကို အထူးလမ်းကြောင်းနဲ့ မရောက် ရောက်အောင်ပို့လိုက်တယ်။ အခန်းထဲမှာ လုပ်ချင်တာလုပ်ခွင့်ရတဲ့ ငရှဉ့် ဟာ လောဘကြီးပြီးရောက်လာတဲ့ ဘိန်းဖြူကို ဆေးထိုးပိုက်နဲ့ လက်မောင်းကနေ ထိုးသွင်းနေတဲ့ အချိန်မှာ အချိန်အဆမှားပြီး အကြောလွဲသွားလို့ Overdose ဖြစ်သွားတယ်။ တာဝန်ကျဝန်ထမ်းတွေ သွားကြည့်တော့ အခြေအနေ မကောင်းတော့ပါဘူး။ ပါးစပ်မှာ အမြှုပ်တွေထွက်ပြီး အသက်ကုန်နေပါပြီ။ ဒီလိုနဲ့ ငရှဉ့်လည်း လောကကြီးထဲက ထွက်ခွာသွားရတော့တာပါပဲ။ အင်းစိန်မြို့နယ် တရားရုံးကတော့ ထောင်တွင်း လူသတ်မှုအတွက် သေသွားတဲ့ ငရှဉ့် ကို ၁၂ နှစ် ၊ မိုးသူကို ၁၀ နှစ် ပြစ်ဒဏ်ပေးခဲ့ပါတယ်။

ဂန္တဝင်လူမိုက်ကြီးတွေရဲ့စိတ်တွေဟာ အကဲဆတ်လွန်းလှပါတယ်။ ထောင်တွင်းပြစ်မှုတစ်ခုကြောင့် စစ်ခွေးတိုက် ၏ရောက်နေတဲ့ လူမိုက်ကြီး နောက်တစ်ယောက်ဖြစ်တဲ့ သားသား ကလည်း ထောင်ပိုင်ကြီးကို တွေ့ခွင့်တောင်းရာမှာ မ တွေ့ရလို့ အခန်းဖော်လှဦးကို ဘာရန်ငြိုးရန်စမှမရှိဘဲ အလေးသွားတဲ့ဂန်ဖလားအောက်မှာ ခုထားတဲ့အုတ်နီခဲနဲ့ ထုသတ်ခဲ့ ပါတယ်။ ခရမ်းသုံးခွက သားသားရဲ့ ထောင်တွင်းအဖြစ်အပျက်တွေကလည်း အံ့သြထူးဆန်းမှုတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။


သီးသန့်ထောင်
အင်းစိန်ထောင်
အတွင်းမှ
ဂန္ထဝင်
ဂျိစ်ကြီးများ
အကြောင်း
အပိုင်း [၆]
ဇော်သက်ထွေး

# အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း
# အပိုင်း (၆)

- **မက်ပင်လိုင်**

"မက်ပင်လိုင်" ဆိုတဲ့စကားလေးတစ်ခွန်းကြောင့် အင်းစိန်သီးသန့်ထောင်မှာ လူမျိုးရေးအဓိကရုဏ်း ဖြစ်လုနီးပါး ပြဿနာတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ ဒီပြဿနာရဲ့ အဓိကဇာတ်လိုက်ကတော့ လူမိုက်ကြီးအရှူး သားသားကြောင့်ဖြစ်ပါတယ်။ သားသားက အင်းစိန်ထောင်ကို ၁၉၈၈ အရေးအခင်း မတိုင်ခင်ကတည်းက ရောက်နေခဲ့တာဖြစ်ပြီး ထောင်ခါတော့ လွတ်သွားပါတယ်။ ၁၉၈၉ ကျတော့ပြန်ဝင်လာပါတယ်။ သူကိုထောင်မကြီးမှာ မထားချင်တာနဲ့ သီးသန့်ထောင် (၁) ဆောင်ကိုပို့လိုက်ပါတယ်။ သီးသန့်ထောင်မှာ ပြဿနာမရှာအောင် တောင်ယာလုပ်ခွင့်ပေးထားပြီး တစ်ထောင်လုံးကိုလည်း စိတ်ကြိုက်သွားလာခွင့်ရပါတယ်။ သားသားလိုပဲ မြန်မာပိုင်နက်ထဲဝင်ပြီး ငါးခိုးဖမ်းလို့မိတဲ့ ယိုးဒယားတွေကို သီးသန့်ထောင်ရဲ့ (၁) ဆောင် နဲ့ (၂) ဆောင် အပေါ်ထပ်မှာထားပါတယ်။ စားဝတ်နေရေး အခက်အခဲတွေရှိတာကြောင့် ယိုးဒယားတွေကိုလည်း တောင်ယာစိုက်ပျိုးပြီး စားသောက်ခွင့်ပေးထားရပါတယ်။ အဲဒီအချိန်က နာမည်ကျော်စောတဲ့ လူဆိုးကြီးတချို့နဲ့ သေဒဏ်ကြိုးလွတ် အကျဉ်းသားတချို့ကိုလည်း သီးသန့်ထောင်ကျွန်းတိုက်မှာ လူခွဲပြီးထားပါတယ်။ ကျွန်းတိုက်မှာ သေဒဏ်ကြိုးလွတ် အင်းစိန်က ဦးရီတို့ သားအဖသုံးယောက် ၊ ကြိုးသမား သန်းလွင်တို့ ရှိသလို မောင်မောင်သန်း ၊ မြင့်ဦးအောင် ၊ တင်ထွေး ၊ စိန်ကုလား ၊ မြင့်သောင်းကြည် ၊ တင်မြင့် (တစ်လောက သန်လျင်မှာ ရဲနှစ်ယောက်ကို သတ်ခဲ့သူ) တို့လည်း ရှိနေကြပါတယ်။ သားသားတို့က တောင်ယာလုပ်ခွင့်ရှိလို့ ပေါက်တူးတွေ ၊ ဂေါ်ပြားတွေ ၊ ဆူးတွေလည်းကိုင်ခွင့်ရှိပါတယ်။ သားသားတို့လိုပဲ ထိုင်းတွေကလည်း တောင်ယာပစ္စည်းတွေ ကိုင်ခွင့်ရထားပါတယ်။ သီးသန့်ထောင်မှာ ထိုင်း ၂၀၀ နီးပါးခန့်ရှိပြီး မြန်မာအကျဉ်းသား အားလုံးနဲ့လည်း သင့်သင့်မြတ်မြတ်ရှိပါတယ်။ ကိုးကွယ်ရာဘာသာလည်းတူတော့ ပြဿနာမရှိလှပါဘူး။ ဒါပေမဲ့တစ်နေ့တော့ သီးသန့်ထောင်မှာ မြန်မာ နဲ့ ယိုးဒယား ပြဿနာတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။

ဖြစ်ပုံက တောင်ယာလုပ်နေချိန်မှာ ထိုင်းတစ်ယောက်က သားသားဆီက ဆေးလိပ်မီးညှိဖို့ ဂက်စ်မီးခြစ် ငှားတယ်။ သားသားကလည်း ပေးလိုက်ပါတယ်။ ဒါပေမဲ့ မီးကမတောက်ဘူး။ ဒီတော့ သားသားက "ငါ့မီးခြစ်က ဂက်စ်ကုန်နေပြီထင်တယ်" လို့ လှမ်းပြောတယ်။ ဒါကိုထိုင်းက "မက်ပင်လိုင်" လို့ပြောပြီး မီးဆက်ညှိတယ်။ မီးကမတောက်ဘူး။ သားသားက မီးခြစ်ပြန်တောင်းတော့ ထိုင်းက "မက်ပင်လိုင်"လို့ ထပ်ပြောပြီး ထပ်ခြစ်တယ်။ အမှန်တကယ်တော့ "မက်ပင်လိုင်" ဆိုတာ ထိုင်းဘာသာစကားဖြစ်ပြီး မြန်မာလို "ကိစ္စမရှိပါဘူး"လို့ အဓိပ္ပာယ်ရပါတယ်။ သားသားက နားကြားလွဲချင်တော့ "မက်ပင်လိုင်" ကို "မင့်မေ—း" လို့ ပြောတယ်ထင်ပြီး ဒေါသထွက်သွားတယ်။ ခြေမြန်လက်မြန်ရှိတဲ့သူမို့ သူ့ကိုပြောတဲ့ ယိုးဒယားကို ဆီးပတ်သံပြားနဲ့ ထိုးလိုက်တယ်။ အသက်အန္တရာယ်မရှိပေမယ့် ဒဏ်ရာက ချက်ချင်းသွေးတွေ ဖြာဆင်းသွားတယ်။ ဒါကိုမြင်တဲ့ ထိုင်းတွေက နီးစပ်ရာတောင်ယာလက်နက်တွေကိုကိုင်ပြီး ပြေးလာကြတာပေါ့။ သားသားကမပြေးဘဲ တစ်ယောက်တည်းနဲ့ခံချတယ်။ ထိုင်း ၁၀ ယောက်လောက်နဲ့ သူတစ်ယောက် ရန်ပွဲဖြစ်နေပြီ။ ဒီအချိန်မှာ ထောင်ဝါဒါတွေ သိသွားလို့ ဝီစီတွေမှုတ်ပြီး အကျဉ်းသားအားလုံးကို ကိုယ့်အခန်းကိုယ်ဝင်ခိုင်းတယ်။ တချို့အကျဉ်းသားတွေလည်း ကြောက်လန့်ပြီးကိုယ့်အခန်းကိုယ်ဝင်သွားကြတယ်။ ဒါပေမဲ့ ပွဲကပြီးမသွားဘူး။ သားသားက ယိုးဒယားတွေကိုတစ်ယောက်တည်း ခံချနေတဲ့ သတင်းက ကျွန်းတိုက်ကို ပြန့်သွားတယ်။ ကျွန်းတိုက်ထဲက တင်ထွေးက ကျွန်းတိုက်ထဲ က "ဖိုး"တွေကို အပြင်ထွက် လာပြီး သားသားကို ဝိုင်းကူဖို့ လှုံ့ဆော်တယ်။ ပြောပြောဆိုဆိုပဲ ကျွန်းတိုက်တောင်ယာထဲမှာ မြေမြှုပ်ပြီး ဝှက်ထားတဲ့ သံချွန် ၂၄ ချောင်းကိုဖော်ပေးလိုက်တယ်။ အားလုံးက သံချွန်တစ်ယောက် နှစ်ချောင်းကိုင်ပြီး သားသားတို့ ရန်ဖြစ်နေတဲ့ဆီကို ပြေး

သွားကြတယ်။ ကျွန်းတိုက် အပြင်ဘက်မှာ ယိုးဒယား ၂၀၀ လောက်ကိုခံချဖို့ မြန်မာလူမိုက် အရေအတွက်က ၂၂ ယောက် ဖြစ်လာတယ်။ ထောင်က ရိုးရိုးရန်ပွဲ မဟုတ်တော့ဘူးဆိုတာ သဘောပေါက်သွားတယ်။ တချို့ဝန်ထမ်းတွေက ကင်းမျှော်စင်ပေါ်တက်ပြီး အဓိကရုဏ်းဖြစ်ရင်ပစ်ဖို့ သေနတ်တွေကို ကျည်ထိုးပြီးနေပြီ။ မြန်မာလူမိုက် ၂၂ ယောက်ကလည်း ယိုးဒယား အုပ်စုကြီးကို ခံချဖို့ မိန်းဂျေးလ်လမ်းမပေါ်မှာ အသင့်ဖြစ်နေတယ်။ အဲဒီအချိန်မှာ အံ့သြစရာ ကောင်းတာက လူ ၂၀၀ လောက်ရှိတဲ့ ယိုးဒယားအစုကြီးဟာ မြန်မာအုပ်စုကို ရင်မဆိုင်တော့ဘဲ သူတို့ရဲ့အဆောင်ထဲကို ပြေးဝင်သွားကြတယ်။ ဒါကြောင့် သွေးချောင်းစီးမယ့်အုပ်စုလိုက် တိုက်ပွဲကတော့ ဖြစ်မသွားခဲ့ဘူး။ အခြေအနေတင်းမာနေစဉ်မှာပဲ အကျဉ်းထောင်က အရေးပေါ် အကူအညီ တောင်းလိုက်တဲ့ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့က အင်အား ၄၀ လောက် လက်နက်အစုံအလင်နဲ့ ထောင်ထဲကိုဝင်လာကြတယ်။ သီးသန့်ထောင်မှာ အဲဒီနေ့က တာဝန်ကျတဲ့ထောင်မှူးက ဦးသိန်းမြင့်ဖြစ်ပြီး ဂျူတီချိန်က တပ်ကြပ် မျိုးဝင်း ဖြစ်ပါတယ်။ အားလုံးကို အခန်းတွေထဲ အသီးသီးသွင်းပြီး သော့ခတ်လိုက်ပြီးတဲ့ အခါမှာတော့ လူမျိုးရေး အဓိကရုဏ်းရန်ပွဲကို ရှောင်လွှဲနိုင်လိုက်ပါပြီ။ ထောင်မှူးဦးသိန်းမြင့်ကလည်း ပြေပြေလည်လည် အရှင်းကောင်းတာကြောင့် ဘယ်သူ့ကိုမှ ကြီးကြီးကျယ်ကျယ် အရေးမယူခဲ့ပါဘူး။ ဒီအဖြစ်အပျက်ဟာ ၁၉၈၉မှာ ဖြစ်ပျက်ခဲ့တာ ဖြစ်ပါတယ်။

ဒီဖြစ်ရပ်ကြောင့် "အရူးသားသား" လို့ နာမည်ပေးကင်ပွန်းတပ်ခြင်းခံရတဲ့ သားသားဟာသီးသန့်ထောင်မှာပဲ ဘဂျမ်း နဲ့ ထပ်ငြိပါတယ်။ ဘဂျမ်းကကျွန်းတိုက်ထဲမှာနေတာကြောင့် သားသားက တိုက်ထဲဝင်ပြီးသတ်ဖို့လုပ်တယ်။ ကျွန်းတိုက်ထဲက သူတွေကလည်း သားသားကို ပြန်သတ်ဖို့ သံချွန်ကိုယ်စီနဲ့ စောင့်နေကြပါတယ်။ ဒါပေမဲ့ ၈၈ အရေးအခင်းကြောင့် သီးသန့်ထောင်ရောက်လာတဲ့ ဒလမှ လှထွန်းက စဉ်းစဉ်းစားစားလုပ်ကြဖို့ ကြားဝင်ညှိနှိုင်းပေးတဲ့အခါမှ ပြေလည်သွားတယ်။ ဒီလိုပြဿနာမဖြစ်ခဲ့လို့ ဦးနုစျာပန လှုပ်ရှားမှုကြောင့် ဖမ်းဆီးခံခဲ့ရပြီး သီးသန့်ထောင်ရောက်လာတဲ့ ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော် ၊ အံ့ဖွယ်ကျော် ၊ လှဌေး နဲ့ အောင်ဇေယျတို့ စိတ်မညစ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ မိသားစုနဲ့တွေ့ခွင့်မပေးဘဲ တိုက်ပိတ်ထားတာကြောင့် လှထွန်း နဲ့ လူမိုက်ကြီးတွေပေါင်းပြီး ဆံပင်ညှပ်သမား အယောင်ဆောင်ကာ ကျောင်းသားခေါင်းဆောင်တွေအတွက် ဆေးလိပ် ၊ ငါးပိကြော်နဲ့ အချိုမှုန့်တွေကို ခိုးပေးနိုင်ခဲ့ပါတယ်။ စိတ်တိုစိတ်ဆတ်လွန်းတဲ့ သားသားဟာ နိုင်ငံရေးသမားတွေနဲ့တော့ အတော်ပြေလည်ပါတယ်။ သူ့ကိုထောင်မကြီး ပြန်ပြောင်းတော့လည်းထောင်ထဲမှာ ဆေးခြောက်တွေမိလို့ နောက်မှုအဖွင့်ခံရတယ်။ သူကလည်း အပြင်ကို ခဏခဏထွက်ချင်တော့ ရှာဖွေရေးလုပ်ရင် ဆေးခြောက်အမိခံတယ်။ နောက်တော့ထောင်က သားသား နောက်မှုထွက်ချင်တာကို ရိပ်စားမိသွားပြီး သားသားလက်ထဲမှာ ဆေးခြောက်တွေ့ရင်တောင် မသိချင်ယောင် ဆောင်နေတော့တယ်။ ဒီအချက်က သားသားအတွက် ရွှေတွင်းတွေ့သွားသလိုပဲ။ ထောင်ထဲမှာဆေးခြောက်ကို စိတ်တိုင်းကျ ရောင်းဝယ်ဖောက်ကားတော့တယ်။ ထောင်မှူးတွေ ဝါဒါတွေကိုလည်း ငွေကြေးမက်လုံးပေးပြီး အိပ်ကပ်ထဲထည့်ထားလိုက်တယ်။

နောက်တော့ သားသားရဲ့ လှုပ်ရှားမှုတွေဟာ ထိန်းမနိုင်သိမ်းမနိုင် ဖြစ်လာတဲ့အတွက် ထောင်အာဏာ ပိုင်တွေက မနေသာတော့ဘဲ သားသားကို စစ်ခွေးတိုက်ပို့လိုက်တယ်။ စစ်ခွေးတိုက် ရောက်တော့ ထုံးစံအတိုင်း သားသားတို့ "ပုန်း" ကြောင်သွားတော့တယ်။ ဒါက ထောင်ရဲ့ ဘန်းစကားဖြစ်ပြီး အဓိပ္ပာယ်ကတော့ စားဝတ်နေရေး မပြေလည်တာကိုပြောတာပါ။ အဆင်မပြေမှုတွေ များလာလို့ သားသားက ထောင်ပိုင်ကြီးကို တွေ့ခွင့်ရဖို့တင်ပြပါတယ်။ ခက်တာက ထောင်ပိုင်က "အထုပ်ရှုပ်" တွေမို့မတွေ့ဘဲရှောင်နေတယ်။ တစ်ညမှာသည်းမခံနိုင်တဲ့ သားသားက အခန်းဖော် တောင်ဥက္ကလာက မူးယစ်ဆေးဝါးမှုနဲ့ရောက်နေတဲ့ လှဦးကို အလေးသွားတဲ့ "ဂန်ဖလား" ခုတဲ့ အုတ်နီခဲနဲ့ ညဘက်အိပ်နေတုန်း ထုသတ်လိုက်တယ်။ အရေးပေါ်ခေါ်လို့ရောက်လာတဲ့ ထောင်ပိုင်က လှဦးကို ရန်ငြိုးမရှိဘဲ ဘာလို့သတ်တာလဲမေးတော့ ထောင်ပိုင်လာမတွေ့လို့ သတ်တာလို့ ပြန်ဖြေတယ်။ အဲဒီလို မိုက်တွင်းနက်လှတဲ့ သားသားကို ထောင်တွင်း လူသတ်မှုအတွက် ထောင် ၁၀ နှစ် ချခဲ့ပါတယ်။

ထောင်တွင်းလောကဓံကိုအရေထူတဲ့ သားသားဟာ ထောင်ထဲမှာ ဘာမှမဖြစ်ဘဲ နှစ်များစွာအကြာ ပြန်လည်လွတ်မြောက်ခဲ့ပါတယ်။ အခုတော့ သူ့သတင်းကို ဘယ်သူကမှ အစအန မကြားရတော့ပါဘူး။ သားသားလိုပဲ ထောင်တွင်းလော ကဓံကို ခံနိုင်ရည်ရှိတဲ့ အံ့သြဖွယ် လူမိုက်တစ်ယောက်လည်း ရှိပါသေးတယ်။

သူ့နာမည်က "ကျော်သူ" တဲ့။



အင်းစိန်ထောင် အတွင်းမှ
ဂန္ထဝင် ဓားပြကြီးများ
အကြောင်း
အပိုင်း [ ၇ ]
ဇော်သက်ထွေး

# အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း
## အပိုင်း (၇)

- **ကျော်သူ (သို့မဟုတ်) မွေ့ဖြူလေးနှင့် စိုးမြတ်တို့၏ လျှို့ဝှက်ဇာတ်လမ်း**

ထိုင်း-မြန်မာ နယ်စပ်မှာလွှန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က လက်စွမ်းလက်စကြီးတဲ့ ကြေးစားလူသတ်သမားတစ်ယောက်ရှိခဲ့ဖူးပါတယ်။ ဆွယ်တာအကျီလေးနဲ့ အသားဖြူဖြူ ခပ်နွဲ့နွဲ့မင်းသားကြီး ဇေယျာပုံစံနဲ့မို့ မြဝတီမြို့နဲ့နယ်စပ်တစ်ကျောမှာ သူ့ကို မွေ့ဖြူလေးလို့ အားလုံးသိထားကြပါတယ်။ သူ့ရဲ့ အားသာချက်ကတော့ သေနတ်ပစ်ရင် အင်မတန်လက်ဖြောင့်ပါတယ်။ သူ့ကိုငှားရမ်းတဲ့ သူဋ္ဌေးအများစုက လောင်းကစားမှုနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ နိုင်ငံခြားသားတွေများပါတယ်။ သူက စကားသိပ်ပြောတဲ့သူ မဟုတ်ပါဘူး။ ပြီးတော့ သိုသိုသိပ်သိပ်နေတတ်ပါတယ်။ သူ့ကိုအပ်တဲ့ အလုပ်မှန်သမျှ အတိအကျ လုပ်ပေးတဲ့အတွက် ထိုင်းနယ်စပ်မှာ သူ့ဂုဏ်သတင်းက မွှေးနေပါတယ်။ တစ်ခါက ကျော်သူဟာ ပြည်တွင်းထဲကို ကိစ္စတစ်ခုနဲ့ ပြန်ဝင်လာတဲ့အချိန် အဖမ်းခံလိုက်ရပါတယ်။ မြန်မာနိုင်ငံဘက်မှာလည်း ကျော်သူလုပ်ခဲ့တဲ့ အမှုတွေကြောင့် ရဲဘက်ကသူ့ကိုအလိုရှိနေပါတယ်။ သူကအရှိန်အဝါကြီးတော့ ထောက်လှမ်းရေးက တိုက်ရိုက်ကိုင်တွယ်ပြီး အင်းစိန်ထောင်ကို ပို့လိုက်ပါတယ်။ အင်းစိန်ရောက်တဲ့အခါမှာတော့ သူ့ရဲ့မိုက်ဂုဏ်ကို စမ်းသပ်ဖို့စောင့်နေတဲ့ စိုးမြတ်နဲ့ စတွေ့ရတော့တာပါပဲ။

ကျော်သူ (ခ) မွေ့ဖြူလေး အကြောင်းပြောမယ်ဆိုရင် အားလုံးသိထားကြတဲ့ ထောင်မင်းသားကြီး စိုးမြတ် ကိုလည်း ချန်ထားခဲ့လို့မဖြစ်နိုင်ပါဘူး။ အရေးအခင်းပြီးတဲ့နောက် ထောင်ထဲကို "ဇ" ရှိတဲ့ လူဆိုးတွေ အစီအရီဝင်လာကြတဲ့အထဲမှာ အလုံကအရေးအခင်း ခေါင်းဖြတ်မှုနဲ့ဝင်လာတဲ့ စိုးမြတ်က အင်းစိန်ထောင်မှာ ဂန္ထဝင်တွင်ပါတယ်။ ဒါပေမဲ့ ထောင်သွင်္ဘာဝါအရ စိုးမြတ်ဝင်လာချိန်မှာ အင်းစိန်ထောင်ကို မလွှမ်းမိုးနိုင်သေးပါဘူး။ အင်းစိန်ထောင်မှာ အဲဒီအချိန်က သြဇာအကြီးမားဆုံး လူတစ်ယောက်ရှိနေခဲ့ပါတယ်။ သူကတော့ ကြည့်မြင်တိုင်က ကိုစံငြိမ်းပါပဲ။ ကိုစံငြိမ်းရဲ့မိုက်ဂုဏ်ကလည်း အင်မတန်ထင်ရှားပါတယ်။ မဆလခေတ်က ကြည့်မြင်တိုင်မှာ အင်အားကြီးတဲ့လူမိုက်အဖွဲ့ကြီးနှစ်ဖွဲ့ရှိတယ်။ တစ်ဖွဲ့ကို ကိုစံငြိမ်း က ခေါင်းဆောင်ပြီး ကျန်တဲ့တစ်ဖွဲ့ကိုတော့ ကပ္ပလီလို့ခေါ်တဲ့ လူမိုက်တစ်ယောက်က ဦးဆောင်တယ်။ ကြည့်မြင်တိုင်ဆိုတာကလည်း နယ်မြေကျယ်သလို လှိုင်မြစ်နဲ့ ဆက်စပ်နေတဲ့အတွက် လူဆိုးလူမိုက်တွေအတွက် "ခွင်" တော်တော်ပေါတဲ့အရပ်ဒေသပါ။ နောက်ဆုံးတော့ ကြည့်မြင်တိုင် ဂိုဏ်းနှစ်ဂိုဏ်းဟာ ဝေစုမတည့်တော့ဘဲ နယ်မြေလုပွဲဆင်နွှဲပါတော့တယ်။ ဒီပွဲမှာ ကိုစံငြိမ်းဟာ ကပ္ပလီရဲ့ အိမ်ပေါ်ကိုတက်ပြီး တစ်မိသားစုလုံးကို ဓားနဲ့ တက်ခုတ်တယ်။ ကပ္ပလီကတော့ ကံကောင်းပြီး လွတ်မြောက်သွားတယ်။ ကျန်တဲ့မိသားစုတွေတော့ သေကုန်တယ်။ ဒီအမှုနဲ့ပဲ ကိုစံငြိမ်း အင်းစိန်ထောင်ထဲကိုဝင်ရတယ်။ ပြဿနာက ဒီမှာမပြီးဘူး။ ကပ္ပလီကလည်း တစ်မိသားစုလုံး သေသွားတဲ့အတွက် ကိုစံငြိမ်းကို အခဲမကျေဘူး။ ဒါကြောင့် ကိုစံငြိမ်း ရုံးထွက်ကိုစောင့်ပြီးသတ်ဖို့ကြံစည်တယ်။ ကိုစံငြိမ်းရုံးအထွက်မှာ ကပ္ပလီက ဓားနဲ့ခုတ်ပေမယ့် ရဲတွေအကာအကွယ်ကောင်းလို့ ကိုစံငြိမ်း အသက်ရှင်ခဲ့ရတာ။ လွတ်မြောက်သွားတဲ့ ကပ္ပလီကို ဆက်ရှင်းဖို့ကို စံငြိမ်းရဲ့လက်ရင်းတပည့် ကောက်ကြီးကဆက်လှုပ်ရှားတယ်။ ကောက်ကြီးက စက်ဘီးရှေ့မှာ ထီလက်မှတ်တွေချိတ်ပြီး ထီသည်ယောင်ဆောင်ကာ ကပ္ပလီကိုဆက်ရှာတယ်။ စက်ဘီးရှေ့ဘားတန်းမှာ ဓားကိုကပ်ပြီးကြိုးနဲ့စည်းထားတယ်။ တစ်နေ့တော့ ကောက်ကြီး ထီရောင်းနေတုန်း ဘတ်စ်ကားပေါ်တက်သွားတဲ့ ကပ္ပလီကို လှမ်းမြင်လိုက်တယ်။ ဒါနဲ့ ကောက်ကြီးလည်း စက်ဘီးမှာချိတ်ထားတဲ့ ဓားကိုယူပြီး ဘတ်စ်ကားပေါ်ပြေးတက်သွားတယ်။ ခရီးသည်တွေကြားမှာပဲ ရုပ်ရှင်ထဲကလို စာရင်းရှင်းပွဲလုပ်တယ်။ နောက်ဆုံးကောက်ကြီးက ကပ္ပလီရဲ့ခေါင်းကိုဖြတ်လိုက်တယ်။ ဒီသတင်းက ကြည့်မြင်တိုင်တစ်ကျောမှာ

တုန်လှုပ်ချောက်ချားစရာ အကောင်းဆုံးဖြစ်ခဲ့ပြီး ကောက်ကြီးလည်း အဖမ်းခံလိုက်ရပြီး အင်းစိန်ထောင် ရောက်သွားတယ်။ အင်းစိန်ထောင်မှာ အဆင်ပြေနေတဲ့ ကိုစံငြိမ်းက သူ့တပည့်ကို ခမ်းခမ်းနားနား ကြိုဆိုတယ်။ မင်းတာဝန်ကျေပွန်တယ်ပေါ့။ ကိုစံငြိမ်းရဲ့လူအုပ်က တောင့်တော့ တစ်ထောင်လုံးကို ဩဇာညောင်းတယ်။ ကိုစံငြိမ်းပြီးရင် တစ်ထောင်လုံးပြီးတယ်။

ဒီလိုအချိန်မှာပဲ စိုးမြတ်ကြီးလည်း အင်းစိန်ထောင်ကို ရောက်လာတယ်။ စိုးမြတ်ကြီးက ရုပ်ဖြောင့်ဖြောင့် အသားဖြူဖြူနဲ့ ကျောကုန်းမှာ လောကနတ်အရုပ်ကိုထိုးထားတယ်။ စကားပြောတဲ့ အခါမှာလည်း ဘယ်သူ့ကိုမဆို ဖော်ဖော်ရွေရွေနဲ့ ချိုချိုသာသာပြောတယ်။ လူမှုဆက်ဆံရေး သိပ်ကောင်းတယ်။ ဒီအားကောင်းချက်တွေကြောင့် ထောင်ထဲရောက်လာတဲ့ လူဆိုးလူမိုက်အချို့က စိုးမြတ်ကြီးကို ခေါင်းဆောင်တင်ကြတယ်။

သူ့အုပ်စု ကိုယ့်အုပ်စုတွေ ဖြစ်လာပေမယ့် ကိုစံငြိမ်းက ကြည့်မြင်တိုင် ၊ စိုးမြတ်ကြီးက အလုံဆိုတော့ အပိုင်သားအချင်းချင်းဆိုပြီး ဘာပြဿနာမှမရှိဘူး။ ကိုစံငြိမ်းကလည်း သူ့လူသူပိုင်တယ်။ စိုးမြတ်ကလည်း သူ့လူသူနိုင်တယ်။ ဒီလိုနဲ့ ထောင်ထဲမှာ နားလည်မှုရှိရှိ နေနေကြတယ်။ ဒါပေမဲ့ စိုးမြတ်ကြီးရဲ့ ဘုန်းတန်ခိုးအာဏာ တက်လာချင်တော့ ကိုစံငြိမ်း အကုသိုလ် ဂြိုဟ်ဆိုးဝင်တဲ့တစ်နေ့ရောက်လာတယ်။ ကိုစံငြိမ်းက အင်းစိန်ထောင် အချုပ်ရုံးမှာ အလုပ်လုပ်ပါတယ်။ ဒီနေရာက တစ်ထောင်လုံးရဲ့ အဓိကငွေဝင်ပေါက် နေရာကြီးပါပဲ။ ဒီနေရာကို ကိုစံငြိမ်းက "ကိုင်" ထားတာပါ။ ထောင်ထဲရောက်လာတဲ့ အချုပ်သားမျိုးစုံထဲမှာ ပိုက်ဆံရှိတဲ့လူ ၊ မိဘနောက်ခံ တောင့်တင်းတဲ့လူ မျိုးစုံပါတယ်။ ဒီအချုပ်သားတွေ ထောင်ထဲမှာ သက်သက်သာသာ နေချင်ရင် ကိုစံငြိမ်းတို့နဲ့ညှိမှ အဆင်ပြေမှာဖြစ်ပါတယ်။ ညှိတဲ့အခါမှာ "အလုပ်ဇယား" တွေ ပါလာတယ်။ အပြင်ကမိဘတွေကလည်း သူတို့ရဲ့ သားတွေ ၊ လင်ယောကျ်ားတွေ ၊ ဖခင်တွေ ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် နေနိုင်ဖို့ ငွေကိုရေလိုသုံးရတယ်။ ဒါကြောင့် ကိုစံငြိမ်းအတွက်တော့ ဆည်ဂုကမျိုင်းလို "ကောက်စား" ရုံပါပဲ။ သူ့အတွက် အချုပ်ရုံးဆိုတာ "အငြိမ်းဇယား" ပဲ။ ဒီလို သာယာနေတဲ့ဘဝဟာ သာကေတ NLD က သကြန်သံချပ်ထိုးလို့ ၅(ည)နဲ့ ဝင်လာတဲ့ ကိုမြင့်အောင်ကြောင့် တစ်မဟုတ်ချင်း ပြိုကျပျက်စီးသွားပါတယ်။ ကိုမြင့်အောင်ကို ထောက်လှမ်းရေးက စစ်ကြောရေးလုပ်နေတုန်းမို့ အင်းစိန်ထောင်ထဲ ထည့်ထားပေမယ့် ရုံးတင် တရားမစွဲရသေးဘူး။ ထောက်လှမ်းရေးလည်း ကိုမြင့်အောင်ကို အင်းစိန်ထောင်အချုပ်ရုံးမှာပဲ စစ်ကြောရေးလုပ်နေတယ်။ အဲဒီနေ့က စစ်ကြောရေးလုပ်နေတဲ့ ထောက်လှမ်းရေး အိမ်သာသွားတက်နေတုန်း ကိုမြင့်အောင်က ထောက်လှမ်းရေးရဲ့ ဦးထုပ်ကိုဆောင်း ၊ လက်ပတ်နာရီကိုဝတ်ပြီး အင်းစိန်ထောင်ဗူးဝကနေ ခပ်တည်တည်နဲ့ လွတ်မြောက်သွားတယ်။ အရှေ့တောင်အာရှရဲ့ အလုံခြုံဆုံးနဲ့ အကြီးဆုံးထောင်လို့ ကြွေးကြော်နေတဲ့ အင်းစိန် ထောင်ကြီးကတော့ ကိုမြင့်အောင်ကြောင့် ကျွမ်းပြန်ပြီး ကျန်ရစ်ခဲ့တယ်။ (ကိုမြင့်အောင်အကြောင်း "ကြမ်းတမ်းသော စစ်ပွဲနှင့် ပခုံးထက်က နတ်ဆိုးများ" စာအုပ်တွင် ရေးသားပြီး) ထောင်ပိုင်ကြီးက အစ တာဝန်ခံ ထောင်မှူးတွေ ၊ တံခါးထောင်မှူးတွေ ၊ ဝန်ထမ်းတွေအားလုံး စစ်ဆေးအရေး ယူခံရတယ်။ ဒီပြဿနာကြောင့် အချုပ်ဆောင်ကိုရှင်းဖို့ တံမြက်စည်းလှည်းတဲ့အထဲမှာ ကိုစံငြိမ်းလည်းပါသွားတယ်။ နောက်ဆုံး ကိုစံငြိမ်းကို အချုပ်ရုံး လေဘာကျကနေ ရုပ်သိမ်းပြီး တိုက်ပိတ်လိုက်တယ်။ ကိုစံငြိမ်း အရာကျသွားတာကြောင့် သူ့တပည့်တွေလည်း ထောင်ထဲမှာ "ငုပ်" သွားတယ်။ ထောင်ကလည်း ဘယ်လောက်တောင် ရက်ရက်စက်စက် လုပ်သလဲဆိုတော့ ကိုစံငြိမ်းကို အရမ်းကြမ်းတဲ့ နယ်စပ်က ရဲဘက်စခန်းကိုပါ ပို့ပစ်လိုက်တယ်။ နောက်ဆုံး ရဲဘက်စခန်းမှာပဲ သေသွားတယ်လို့ ကြားသိထားရတယ်။

ကိုစံငြိမ်း မရှိတော့တဲ့နောက်မှာတော့ စိုးမြတ်က ထောင်ထဲမှာ တန်ခိုးအာဏာ ကြီးထွားလာပါတယ်။ ထောင်ကလည်း လူဆိုးတွေကို ထိန်းဖို့ လူဆိုးတွေကိုပဲ ပြန်သုံးတဲ့ အစဉ်အလာကြောင့် စိုးမြတ်ကြီးကို အခွင့်အရေးတွေပေးပြီး ချက်ချင်း "မွေး" ပစ်လိုက်တယ်။ ပြီးတော့ တစ်ထောင်လုံးရဲ့ ငွေကြေးအဝင်ဆုံး နေရာဖြစ်တဲ့ အချုပ်ဆောင် နှစ်ဆောင်အနက်

(၁) ဆောင်ကို အပိုင်စားပေးလိုက်တယ်။ အင်းစိန် တစ်ထောင် လုံးက အဆောင်တွေဟာ အရေးအခင်းမှာ  မီးရှို့လိုက်လို့ တစ်ထပ်တွေပဲ ဖြစ်ကုန်ပြီး မီးမလောင်ဘဲ ကျန်ရစ်ခဲ့တာဆိုလို့ (၁) ဆောင်ပဲ ရှိပါတယ်။ (၁) ဆောင်က နှစ်ထပ်ဆိုတော့ အချုပ်သားဦးရေပိုများတယ်။ ဆိုလိုချင်တာက စိုးမြတ်ကြီးအတွက် ဝင်ငွေပိုကောင်းတယ်လို့ပြောချင်တာပါ။ ဒါပေမဲ့ စိုးမြတ်ကြီးက တခြားလူဆိုးတွေလိုမဟုတ်ဘူး။ အချုပ်ဆောင်ကိုရောက်လာတဲ့ နိုင်ငံရေးသမားတွေအားလုံးကို လေးလေးစားစား ဆက်ဆံတယ်။ သူအထူးဂရုစိုက်တဲ့ နိုင်ငံရေးသမားကြီးနှစ်ယောက်ကတော့ သုံးခွဦးစိန်ဝင်း (၁၉၅၉ တကာသ ဒုဥက္ကဋ္ဌ ဟောင်း) နဲ့ စစ်ကိုင်း ဦးတင်ဝင်းတို့ ဖြစ်ပါတယ်။


အင်းစိန်ထောင် အတွင်းမှ
ဂန္ထဝင် ဂျမိုက်ကြီးများ အကြောင်း
အပိုင်း [ ၈ ]
ဇော်သက်ထွေး

## အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း
## အပိုင်း (၈)

- **စိုးမြတ်ကြီး**

တကယ်တော့ စိုးမြတ်ကြီးဟာ ၁၉၈၈ ခုနှစ် နဝတအစိုးရအာဏာသိမ်းပြီးတဲ့အချိန် ထောင်ထဲဝင်တော့ "တန်းဝင်" လူမိုက်ကြီးစာရင်း မဝင်သေးပါဘူး။ စိုးမြတ်ကြီးရဲ့ ထောင်တွင်းဘဝကိုကြီးကျယ်ခမ်းနားအောင် "အတောင်ပံတပ်" ပေးလိုက်တဲ့သူ နှစ်ယောက်ကတော့ ကြည့်မြင်တိုင်လူမိုက်ကြီး ကိုစံငြိမ်း နဲ့ ထောင်ပိုင်ကြီး ဦးဇော်အုန်း တို့ပဲဖြစ်ပါတယ်။ အသားဖြူဖြူ ရုပ်ချောချော သန့်ပြန့်တဲ့ ဥပဓိရုပ်ပိုင်ရှင် စိုးမြတ်ကြီးဟာ အလုံအရေးအခင်း ခေါင်းဖြတ်အမှုမှာ မခြူးနဲ့အတူ ထောင်ကျခဲ့တာဖြစ်ပါတယ်။ အမှုတွဲထဲမှာ ဂါးဂါးကြီး ၊ ဂါးဂါးလေး ၊ မင်းဦး နဲ့ နဂါးလေးတို့ပါဝင်ပြီး မခြူးတစ်ယောက်သာ သေဒဏ်ကျခဲ့တာဖြစ်ပါတယ်။

စိုးမြတ်ကြီး ကံကောင်းတာက အာဏာသိမ်းပြီးခါစအချိန် ၊ ထောင်ခါပြီးခါစမို့လို့ ထောင်ထဲမှာလူကလည်းနည်းတယ်။ စိုးမြတ်ကြီးကလည်း အပြောအဆိုကောင်းတော့ ထောင်ပိုင် ဦးဇော်အုန်းက ချက်ချင်းသဘောကျသွားတယ်။ ထောင်အာဏာပိုင်တွေရဲ့ ထုံးစံအတိုင်း စိုးမြတ်ကြီးကို ပိုက်ဆံမြိုးမြိုးမြက်မြက်ရတဲ့ အချုပ်ဆောင်တွေမှာ တန်းစီးအရာ ပေးလိုက်တယ်။ တစ်ခုကောင်းသွားတာက စိုးမြတ်ကြီး ထောင်ကျတဲ့ အမှုဟာ လူသတ် ၊ ပစ္စည်းယူ ၊ ဓားပြတိုက်တာ မဟုတ်ဘဲ အရေးအခင်း ခေါင်းဖြတ်အမှုဖြစ်တဲ့အတွက် ထောင်ထဲကိုရောက်လာတဲ့ နိုင်ငံရေးသမားတွေက သူ့ကို "တန်း" တစ်ခုပေးပြီးဆက်ဆံတယ်။ သူကလည်း အဲဒီလို ဆက်ဆံခံရတာကို သဘောကျတယ်။ တခြားလူဆိုး ၊ လူမိုက်တွေကို လည်း နိုင်ငံရေးသမားတွေကသူ့အပေါ်မှာ တန်ဖိုးထားဆက်ဆံတဲ့အကြောင်းကိုလည်း မကြာခဏထုတ်ပြောပြီးကြွားတတ်တယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးသမားတွေက သူ့နောက်မှာ ရှိနေတယ်ဆိုတဲ့သဘောပေါ့။ ဒါကြောင့်လည်း နိုင်ငံရေးသမားတွေ လုပ်ချင်တာကို အာဏာပိုင်တွေမသိအောင် လိုက်လျောတယ်။ သူကတော့ နိုင်ငံရေးသမားတွေနဲ့ ပတ်သက်ပြီး ထောင်အာဏာပိုင်ကို "ချွန်" တာ ၊ "တက်" တာ မရှိဘူး။ ဒီလိုနဲ့ စိုးမြတ်ကြီးဟာ အင်းစိန်ထောင်ထဲမှာ ထင်ရှားလာပါတော့တယ်။ သူ့ရဲ့နာမည် တရှိန်ရှိန် တက်နေတဲ့အချိန်မှာ စိုးမြတ်ကြီးက သူကောင်းကောင်း ကျွမ်းကျင်တဲ့ Public Relationship ကို ကောင်းကောင်းအသုံးချပါတယ်။ သူ့အပေါ်သစ္စာရှိမယ်လို့ထင်တဲ့ လူတွေကိုတပည့်အဖြစ်မွေးပြီး ကောင်းကောင်းကျွေးထားတယ်။ ပြီးတော့ ဦးနှောက်နည်းတဲ့ လူဆိုးတွေ သူ့အပေါ် ပိုပြီးတိမ်းညွတ်လာအောင် သူ့ပုံစံကိုပါ ပြောင်းလဲလိုက်တယ်။ သူ့ကျောကုန်းမှာထိုးထားတဲ့ လောကနတ်ရုပ်က တော်တော်လှပါတယ်။ ဒီအရုပ်ကို အင်းစိန်တစ်ထောင်လုံး တက်တူးထိုးတာနဲ့ ပတ်သက်ပြီး အတော်ဆုံးလို့ဆိုတဲ့ ငွေးဂင်းက အကောင်းစားဆေးတွေကို နိုင်ငံခြားကမှာပြီး ထိုးပေးထားတာဖြစ်ပါတယ်။ အဲဒီအချိန်က ထောင်ထဲမှာ တက်တူးဆရာကြီးဆိုလို့ ငွေးဝင်းနဲ့ ကဗျာ (မူးယစ်အမှုတွဲနှစ်ယောက်) ပဲ ရှိပါတယ်။

ညနေဘက် ထောင်ပိတ်ရင် ကျသစ်တွေကို စိုးမြတ်ကြီးက မိန့်ခွန်းခြွေလေ့ရှိတယ်။ သူပြောလေ့ရှိတဲ့ စကားကတော့ "ငါ့ညီတို့ကို တစ်ခုပြောချင်တယ် ၊ စာရေးဆရာ မင်းသိခ် ဝတ္ထုတွေ ဖတ်ဖူးမှာပေါ့။ သူ့ဇာတ်ကောင်တွေထဲမှာ လူတွေ သဘောအကျဆုံးကတော့ ဆားပုလင်းနှင်းမောင်ပဲ။ ဆားပုလင်းနှင်းမောင်က ရုပ်ဖြောင့်တယ် ၊ သတ္တိရှိတယ် ၊ အားနည်းတဲ့ သူဘက်ကရပ်တည်တယ် ၊ မတရားတာ လုပ်လာရင် ဘယ်သူ့ကိုမှ မကြောက်ဘူး။ ဒီဇာတ်ကောင်မျိုး ဝတ္ထုထဲမှာမို့လို့ အပြင်မှာမရှိဘူးမထင်နဲ့။ အပြင်မှာလည်း ဆားပုလင်းနှင်းမောင်လို လူတစ်ယောက်ရှိတယ်။ သူကတော့ အင်းစိန်ထောင်ထဲက စိုးမြတ်လို့ခေါ်တဲ့ ကျုပ်ပဲ" လို့ ပြောတတ်တယ်။ ဒီလိုအပြောချိုချိုလေးရဲ့ နောက်မှာတော့ ထောင်ထဲမှာတရားမဝင်လုပ်နေတဲ့ လောင်းကစားဝိုင်းတွေကို မသိချင်ယောင်ဆောင်ပြီး ခွင့်ပြုထားတယ်။ မူးယစ်ဆေးဝါး သုံးစွဲတာတွေကို မျက်ကွယ်

ပြုထားတယ်။ ကုန်ကုန်ပြောရရင် တက်တူးထိုးတာ ၊ လိင်တူဆက်ဆံတာက အစ ချုပ်ကိုင်ထားတာ ဖြစ်တဲ့အတွက် စိုးမြတ်ရဲ့ ဩဇာက ထောင်ထဲမှာ တဖြည်းဖြည်း ကြီးမားလာတယ်။ အကျဉ်းသားတွေကလည်း လောင်းကစားကို ဘယ်လောက်တောင် ဝါသနာထုံလဲဆိုရင် စိတ်ပုတီးက ပုတီးစေ့တွေနဲ့လည်းလုပ်တတ်တယ်။ ထောင်ထဲမှာရှိနေတဲ့ ခဲလုံး နဲ့လည်းကစားတတ်တယ်။ ဘာမှမရှိရင် တောင်ယာမှာ စိုက်ပျိုးထားတဲ့ မုန်ညှင်းခင်း ၊ ကိုက်လန်ခင်းထဲက အပင်တွေမှာပွင့်တဲ့ ပန်းပွင့်တွေကို လက်ညှိုးထိုးပြီး "စုံ"၊ "မ" ဝှက်တယ်။ ပြီးမှ အပင်မှာသွားပြီး အပွင့်ရေကြတယ်။ သူတို့ကို ဘာနဲ့မှအရေးယူလို့ မရပါဘူး။ အလောင်းအစားကတော့ ဂတ်ထားတဲ့အကျီတွေ ၊ ပုဆိုးတွေ ၊ အနွေးထည်တွေ ၊ စောင်တွေ ၊ အိပ်ရာလိပ်တွေ ရှိသမျှ အကုန်လောင်းကြတာပါပဲ။

ထောင်မင်းသားဖြစ်လာတဲ့ စိုးမြတ်ကြီးဟာ ထောင်အာဏာပိုင်တွေရဲ့ မျက်နှာသာပေးမှုကြောင့် ကြိုက်သလိုနေထိုင်တယ်။ အကျဉ်းသားတွေ စီးခွင့်မရှိတဲ့ ကတ္တီပါဖိနပ်ကို စီးတယ် ၊ အကျဉ်းသားဂတ်စုံမဝတ်ဘဲ ပလေကပ်လုံချည် နဲ့ တီရှပ်ကိုဝတ်တယ် ၊ တီရှပ်အပေါ်မှာ လယ်သာဂျက်ကက်ထပ်ဝတ်ပြီး ရေဘင်မျက်မှန်တောင်တပ်လိုက်သေးတယ်။ တစ်ထောင်လုံးကို ကြိုက်သလိုသွားခွင့်ရှိပြီး ဝါးဆစ်ပိတ်ကိုင်ထားတဲ့ သက်တော်စောင့် ရှေ့နှစ်ယောက် နောက်နှစ်ယောက် အနည်းဆုံးပါတယ်။ စိုးမြတ်ကြီးစားတဲ့ ထမင်းပိုင်းကိုလည်း ကြည့်ပါဦး။ သူစားဖို့အတွက် ကြွေပန်းကန်နဲ့ ထမင်းခူးပေးထားပြီး အကျဉ်းသားတွေ ကိုင်ခွင့်မရှိတဲ့ ဇွန်းနဲ့ခက်ရင်းကို ချပေးထားရတယ်။ ဟင်းခွက်က အနည်းဆုံး လေးငါးဆယ်ခွက်ကနေ ခွက် ၂၀ လောက် ရှိတယ်။ သူအကြိုက်ဆုံးဖြစ်တဲ့ ဂက်ဆီဖတ် နဲ့ ငါးပိရည်မပါရင် မစားဘူး။ ထမင်းစားတဲ့အချိန်ကိုလည်း ကြည့်လိုက်ဦး။ လက်ဆေးဇလုံကိုရှေ့ချထားပြီး ထမင်းစားမယ့်အချိန်မှာ လက်ကိုဆန့်တန်းပေးလိုက်ရုံပဲ။ တပည့်တစ်ယောက်က သေချာလက်ဆေးပေးတယ်။ ပြီးတော့မှထမင်းကို ငါးပိရည်နဲ့နယ်ပြီး အားပါးတရစားတယ်။ ထမင်းစားပြီးတော့လည်း လက်ကိုပြန်ပြီး ဆန့်တန်းပေးလိုက်ရုံပဲ။ တပည့်တွေက ရေနဲ့တစ်ထပ် ဆပ်ပြာနဲ့တစ်ထပ် ဆေးပေးရတယ်။ တစ်ခါတရံမှာ မိန်းဂျေးလ်ထောင်မှူးနဲ့ တစ်ပိုင်းတည်းစားတယ်။ ထောင်ထဲမှာ အကျဉ်းသားနဲ့ ထောင်မှူးအတူတူ ထမင်းစားခွင့်မရှိပါဘူး။ ဒါပေမဲ့ စိုးမြတ်ကြီးအတွက်တော့ ထောင်ဥပဒေက ခြွင်းချက်ပေါ့။ ဒီလို နာမည်ကြီးတဲ့ စိုးမြတ်ကြီးဟာ ထောင်ထဲမှာ သူ့ကို ယှဉ်လာနိုင်မယ့် လူမိုက်တွေကိုတော့ အမြဲဂရုစိုက်ပြီး စောင့်ကြည့်လေ့ရှိတယ်။ ခေါင်းထောင်တက်မလာအောင် နည်းမျိုးစုံနဲ့ဖိထားလေ့ရှိတယ်။ ဖိထားလို့မရတဲ့သူကို တပည့်အဖြစ် စည်းရုံးသိမ်းသွင်းလိုက်တယ်။ ဒီလိုနည်းနဲ့ ပြိုင်ဘက်တွေကို ချုပ်ကိုင်ထားနိုင်တယ်။ ဒီကြားထဲမှာတောင် (၃) ဆောင်မှာ ၅ (ည) တွေ နဲ့ ထိပ်တိုက် ပြဿနာတစ်ခု ဖြစ်သေးတယ်။ ကျောင်းသားတွေဖြစ်တဲ့ တင့်လွင်တို့ ဂျင်ဘရောင်းတို့နဲ့ပေါ့။ ဒီပြဿနာဖြစ်တော့ စိုးမြတ်ကြီးလည်း စစ်ခွေးတိုက် ရောက်သွားသေးတယ်။ ဒီကတည်းက နစ်ဖက်ရန်ဖြစ်တာ အကျိုးမရှိဘူးဆိုပြီး စိုးမြတ်ကြီးက ၅ (ည) တွေကို အမြဲရှောင်ပါတယ်။ ဒါကြောင့်လည်း ထောင်ထဲမှာ သူ့ရဲ့အခန်းကဏ္ဍနဲ့ ဩဇာအာဏာကို ဖြန့်ကြက်နိုင်တာပေ့ါ။ သူ့ကိုကျော်နိုင်မယ့်သူ ထောင်ထဲမှာ တစ်ယောက်မှ ပေါ်မလာသေးဘူး။ ဒီလိုအချိန်မှာပဲ တစ်နေ့တော့ အင်းစိန်ထောင်ထဲကို သတင်းတစ်ခု ဝင်လာတယ်။ ဒီသတင်းကတော့ မြန်မာနိုင်ငံနယ်စပ်မှာ နာမည်ကြီးတဲ့ လူမိုက်တစ်ယောက်ကို ဖမ်းမိပြီး အင်းစိန်ထောင်ကို ရောက်လာတော့မယ်ဆိုတဲ့ သတင်းပဲ။

သူ့ကို အင်းစိန်ထောင်ကိုပို့ဖို့အတွက် ရဲတပ်ဖွဲ့ဝင်တွေကိုသာမက စစ်ထောက်လှမ်းရေးအဖွဲ့တွေကိုပါ လုံခြုံရေးအတွက် တာဝန်ပေးခဲ့ရတယ်ဆိုတဲ့သတင်းကြောင့် နာမည်ပိုကြီးသွားတယ်။ သူ့နာမည်ကို မေးကြည့်လိုက်တော့ ကျော်သူတဲ့။ ကျော်သူ ကို ထောင်ထဲက လူဆိုးတွေက စိတ်ဝင်စားနေတယ်။ ဒါကြောင့် စိုးမြတ်ကြီး ကလည်း ကျော်သူလာရင် ဦးချိုးဖို့ စဉ်းစားထားတယ်။ ကျော်သူကို နယ်စပ်ကနေဖမ်းပြီး အင်းစိန်ထောင်ကို ပို့လိုက်တာဆိုတော့ တော်ရုံလူတော့ မဖြစ်နိုင်ဘူး

ဆိုပြီး တပည့်တွေနဲ့လည်းဖြိုဖို့ တိုင်ပင်ထားတယ်။ စိုးမြတ်ကြီးက အချုပ်ရုံးကိုလည်းပိုင်တော့ အချုပ်ရုံးသွားပြီး ကျော်သူရဲ့ ကိုယ်ရေးရာဇဝင်ဖိုင်ကို သူ့ နည်းသူ့ဟန်နဲ့ တောင်းကြည့်တယ်။

ကျော်သူရဲ့ ကိုယ်ရေးရာဇဝင်ဖိုင်ကို လှန်ကြည့်လိုက်တဲ့အခါ ကျော်သူရဲ့ အမည်နေရာမှာ ကျော်သူ (ခ) မြွေဖြူ လေးလို့ တွေ့လိုက်ရတဲ့အတွက် စိုးမြတ်ကြီး ချက်ချင်း ခေါင်းနားပန်းကြီးသွားတယ်။ ဒါကြောင့် ကျော်သူလာရင် ဦးချိုးမယ့် စိုးမြတ်ကြီးရဲ့ အစီအစဉ်တွေဟာ ပြောင်းပြန်ဖောက်ထိုး ဖြစ်သွားပါတော့တယ်။




# အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူဆိုးကြီးများ အကြောင်း

## အပိုင်း [ ၉ ]

ဇော်သက်ထွေး

## အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း
## အပိုင်း (၉)

- **စိုးမြတ်**

အင်းစိန်ထောင်ရောက်ရင် ဦးချိုးဖို့စီစဉ်ထားတဲ့ ကျော်သူ ကို မြွေဖြူလေးလို့ သိလိုက်ရတဲ့နောက် စိုးမြတ်ကြီး တွေဝေသွားတယ်။ တစ်ချိန်က မြပတီနယ်စပ်မှာ စိုးမြတ်ကြီး ဂျင်ပိုင်း Organizer လုပ်တုန်းက အရမ်းနာမည်ကြီးနေတဲ့ ကြေးစား လူသတ်သမား မြွေဖြူလေးကို လူမတွေ့ဖူးပေမယ့် နာမည်တော့ ကြားဖူးခဲ့တယ်။ သူနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ကိစ္စ တစ်ခုလည်းဖြစ်ခဲ့ဖူးတယ်။ အဲဒါကတော့ကစားပိုင်းမှာအကြွေးမပေးတဲ့ တစ်ဖက်နိုင်ငံသားတစ်ယောက်ကို စိုးမြတ်ကြီးက ဆုံးမခဲ့ဖူးတယ်။ ဒါကိုမကျေနပ်တဲ့အတွက်အဲဒီသူဌေးက မြွေဖြူလေးကိုငှားပြီး စိုးမြတ်ကြီးကိုသတ်ခိုင်းလိုက်တယ်။ တစ်ရက်မှာ စိုးမြတ်ကြီးက ခေတ်စားနေတဲ့ DSA မော်တော်ဆိုင်ကယ်ကြီးကို စီးပြီးသွားနေတဲ့အချိန်မှာ ကားလမ်းဘေးကနေ သူ့မော်တော်ဆိုင်ကယ်ဘီးကို သေနတ်နဲ့ပစ်တာ ကြုံခဲ့ရဖူးတယ်။ နောက်ပိုင်းပြန်စုံစမ်းလိုက်တော့ မြွေဖြူလေး က ဗမာဗမာချင်းမို့ စိုးမြတ်ကြီးကိုမသတ်ဘဲ ဆိုင်ကယ်ဘီးကိုပဲ ပစ်ဖောက်သတိပေးခဲ့တယ်လို့သိရတယ်။ မိတ်ဆွေအားလုံးက စိုးမြတ်ကြီး နယ်စပ်မှာဆက်ရှိနေရင် အသတ်ခံရနိုင်တာကြောင့် ပြည်တွင်းထဲကိုပြန်ခိုင်းတယ်။ ဒီလိုနဲ့ အရေးအခင်းမဖြစ်ခင်မှာ စိုးမြတ်ကြီး ရန်ကုန်ကို ပြန်ရောက်လာခဲ့တယ်။ အခုအင်းစိန်ကိုရောက်လာတဲ့ ကျော်သူဟာ မြွေဖြူလေး ဟုတ်မဟုတ် အတည်ပြုရမယ့် အခြေအနေတစ်ရပ်ကို ရောက်လာတယ်။ ကျော်သူ အင်းစိန်ရောက်လာတော့ စိုးမြတ်ကြီးက သွားတွေ့တယ်။ နယ်စပ်မှာ အရမ်းနာမည်ကြီးတဲ့ ကြေးစားလူသတ်သမား ကျော်သူဟာ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်သေးသေးနဲ့ပါပဲ။ စိုးမြတ်ကြီးက ကျော်သူ ကိုတွေ့ပြီး ရောက်မဆိုက်ဘဲ "ခင်ဗျား ကျုပ်အသက်ကို ကယ်ခဲ့ဖူးလား" လို့ ဒဲ့မေးလိုက်တယ်။ ကျော်သူ ကတော့ ခပ်အေးအေးပဲ။ "ကျွန်တော်လည်းမမှတ်မိဘူး" လို့ဖြေတယ်။ ကျော်သူကြည့်ရတာ ထောင်ရောက်လာပေမယ့်လည်း အတော်သွေးအေးတဲ့သူလို့ ပြောလို့ရတယ်။ ဘယ်သူ့ကိုမှလည်း ကြောက်ပုံမပေါ်ဘူး။ စိုးမြတ်ကြီးကိုလည်း တွေ့တွေ့ချင်းမှာအားကိုးတဲ့ပုံ အရောဝင်ချင်တဲ့ပုံလည်း မပေါ်ဘူး။ စိုးမြတ်ကြီးလည်း ဘာပြောရမှန်းမသိလို့ ပြန်သွားလိုက်တယ်။ နောက်တော့ အင်းစိန်ထောင်မှာ ကျနေတဲ့ အကျဉ်းသားတွေထဲက မြဝတီနယ်စပ်မှာ ဒုစရိုက်မျိုးစုံနဲ့ ကျင်လည်ခဲ့တဲ့သူ တစ်ယောက်ကိုသွားတွေ့တယ်။ သူ့နာမည်က "ခွန်နောင်" တဲ့။ ခွန်နောင်ကိုရှာပြီး "မြွေဖြူလေးကိုတွေ့ဖူးလား" လို့ စိုးမြတ်ကြီးက မေးတော့ ခွန်နောင်က "တွေ့ဖူးတယ်" လို့ ပြောတယ်။ ဒါနဲ့ စိုးမြတ်ကြီးက ခွန်နောင်ကို ကျော်သူ ဆီခေါ်သွားတယ်။ ကျော်သူနဲ့ ခွန်နောင်တွေ့တော့ မိတ်ဆွေရင်းချာတွေလို နှုတ်ဆက်ကြတယ်။ ဒါကြောင့် ကျော်သူဟာ "မြွေဖြူလေး" ဆိုတာ သေချာသွားတော့တယ်။

ကျော်သူဟာ သူ့အသက်ကိုကယ်ခဲ့တဲ့ မြွေဖြူလေးဆိုတာသိသွားပြီးတဲ့နောက် စိုးမြတ်ကြီး ချက်ချင်းအချိုးပြောင်းသွားတော့တယ်။ ပြီးတော့ ကျော်သူ့ကို အင်းစိန်ထောင်ထဲမှာ ဘယ်လိုနေရာ နေချင်သလဲလို့မေးတယ်။ ဝင်ငွေအကောင်းဆုံး နေရာတွေဖြစ်တဲ့ "မိန်းဂျေးလ် ၊ ရိက္ခာဂိုဒေါင် ၊ ဆေးရုံ ၊ အချုပ်ဆောင်တန်းစီး ၊ အခန်းလူကြီး ၊ ကြိုက်တဲ့နေရာပြော" လို့ ဆိုတယ်။ ကျော်သူက စိုးမြတ်ကြီးကို ဘယ်နေရာမှ မလိုချင်ဘူးလို့ ပြန်ပြောလိုက်တယ်။ "ထောင်ထဲမှာ အေးအေးပဲနေချင်တယ် ၊ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးချင်ဘူး ၊ ကိုယ့်ကိုလည်း ဒုက္ခမပေးတဲ့ နေရာမျိုးမှာပဲနေမယ်" လို့ ပြတ်ပြတ်သားသား ပြောတယ်။ ဒါကြောင့် စိုးမြတ်ကြီး က ကျော်သူ့ကို (၁) ဆောင်မှာပဲ ထားလိုက်တော့တယ်။ ပြီးတော့ အသက်ကယ်ခဲ့လို့ ကျေးဇူးဆပ်တဲ့အနေနဲ့ "ကျွန်တော်ရှိနေသမျှ ကိုကျော်သူကို ဘယ်သူမှ ဒုက္ခမပေးစေရဘူး" လို့ အာမခံလိုက်တယ်။ ကျော်သူ ကလည်း အနေအထိုင်အပြောအဆို အရမ်းစည်းကမ်းရှိတယ်။ စကားလည်းသိပ်မပြောဘူး။ လူတွေကိုလည်း

သိပ်မပေါင်းဘူး။ စိုးမြတ်ကြီးနဲ့ ပတ်သက်လို့ဆိုပြီး အခွင့်အရေးလည်းမယူဘူး။ အထူးသဖြင့် စိုးမြတ်ကြီးရဲ့ "ခွင်" တွေကို စည်းမကျော်ဘူး။ နိုင်ငံရေးသမားတွေရော ထောင်ထဲက "ဖိုး" တွေရော ကျော်သူ့ကို လေးစားရတဲ့အချက်က ကျော်သူဟာ ထောင်ထဲမှာ မူးယစ်ဆေး လုံးဝမသုံးဘူး။ ပြီးတော့ လူဆိုးတွေကြားမှာ ခေတ်စားတဲ့ လိင်တူဆက်ဆံရေးကိုလည်း ရှောင်ရှားတယ်။ ဒီလိုနဲ့ ကျော်သူ့ကို ထောင်သူ့မှာတွေကအစ လေးစားခန့်ညားလာရတယ်။ စိုးမြတ်ကြီးကလည်း သူ့ရဲ့ အသက်သခင်ကျေးဇူးရှင်မို့ ကျော်သူ့ကို တော်တော်ဂရုစိုက်ပါတယ်။

အားလုံးက ပွဲကြီးပွဲကောင်းတွေ့ပြီလို့ ထင်မှတ်ထားတဲ့အချိန်မှာ စိုးမြတ်ကြီး နဲ့ ကျော်သူက ပေါင်းစည်းသွားတော့ စိုးမြတ်ကြီးကို ဖြုံချင်တဲ့သူတွေ စိတ်ဓာတ်ကျကုန်တယ်။ စိုးမြတ်ကြီးရဲ့ Figure ကိုယှဉ်နိုင်မယ့် လူကိုရှာမတွေ့တော့ စိုးမြတ်ကြီးကို ထောင်အာဏာပိုင်တွေနဲ့လှည့်တိုက်တယ်။ ၅(ည) တွေနဲ့ လှည့်တိုက်တယ်။ စိုးမြတ်ကြီး နဲ့ ၅(ည) တွေနဲ့ ပထမဆုံးတည်တာကတော့ (၁) ဆောင်မှာပါပဲ။ ဒါပေမဲ့ စိုးမြတ်ကြီးရဲ့ပါးနပ်မှုကြောင့် ပြဿနာကိုရှောင်လွှဲနိုင်ခဲ့တယ်။ ဖြစ်ပုံက တစ်ညနေ (၁)ဆောင်ရဲ့အောက်ထပ် ရေကန်ဘောင်ပေါ်မှာ ၅(ည) ဖြစ်တဲ့ တိုက်ကြီးသက်ဦးကထိုင်နေတယ်။ အဆောင်ပိတ်ချိန်နီးတဲ့အတွက် (၁)ဆောင်ရဲ့ စည်းကမ်းထိန်းမြင့်မောင်က အဆောင်အပြင်ကလူတွေကိုအထဲဝင်ဖို့ အမိန့်လိုက်ပေးနေတယ်။ အဲဒီအချိန်မှာပဲ ခပ်လှမ်းလှမ်းမှာ မြင့်မောင်က အကျဉ်းသားနှစ်ယောက်ကို အဆောင်ထဲမဝင်လို့ဆိုပြီး ပါးရိုက်လိုက်တယ်။ ကိုသက်ဦးလှမ်းကြည့်လိုက်တော့ အရိုက်ခံရတဲ့သူနှစ်ယောက်က ၅(ည)တွေဖြစ်တဲ့ ဇော်သိန်း နဲ့ မြတ်သစ် ဖြစ်နေတယ်။ အမှန်က သူတို့နှစ်ယောက်က သေးပေါက်ဖို့သွားတာ။ ကိုသက်ဦးလည်း မွန်ထူသွားပြီး ရေကန်ပေါင်ပေါ်မှာတင်ထားတဲ့ သတ္တုပန်းကန်ပြား ငါးချပ်ဆင့်ပြီး စည်းကမ်းထိန်းမြင့်မောင်ကို ဝင်ရိုက်တယ်။ မြင့်မောင် အရိုက်ခံရတော့ သူ့လူတွေကလည်း လက်တုံ့ပြန်ဖို့ဝိုင်းလာတယ်။ (၁) ဆောင်မှာ နိုင်ငံရေးသမားကလည်း ၅၀လောက်ရှိတော့ ကိုသက်ဦးကိုကူဖို့ ၅(ည)တွေထွက်လာကြတယ်။ ရတ်ရတ်သဲသဲဖြစ်သွားတော့ တာဝန်ကျနေတဲ့ထောင်ဂါဒ်ါ တပ်ကြပ်မျိုးဝင်း ရောက်လာပြီးအားလုံးကို ပုံစံထိုင်ခိုင်းတယ်။ မြင့်မောင်မျက်နှာကတော့ဖူးရောင်နေပြီ။ အခြေအနေက ပေါက်ကွဲလုနီးပါးပဲ။ ဒါပေမဲ့ စိုးမြတ်ကြီးက ပါးနပ်တယ်။ ၅(ည)တွေ စိတ်ပြေအောင် မြင့်မောင်ကိုပဲ ကျောကုန်းကို နှစ်ချက် သုံးချက် ရိုက် ၊ ခြေထောက်နဲ့ကန် လုပ်လိုက်တယ်။ ဒီတော့ ၅(ည)တွေလည်း ကျေနပ်သွားပြီး ဘာပြဿနာမှမဖြစ်တော့ဘူး။

ဒါပေမဲ့ နောက်တစ်ကြိမ် မထင်မှတ်ဘဲ (၃) ဆောင်မှာ ၅ (ည) တွေနဲ့ စိုးမြတ်ကြီးနဲ့ ပြဿနာ စတက်တော့ "မာလာတင်ဝင်း" ကြောင့်လို့ အားလုံးက ကောက်ချက်ဆွဲတယ်။ နောင်ရိုးတင်ဝင်း (ခ) မာလာတင်ဝင်း ဆိုတာ ဆေးရုံကြီးပုံးဖောက်မှုနဲ့ အဖမ်းခံရပြီး ကြိုးကျသွားတဲ့ ပြည်ပြေးညွန့်တင်နဲ့လည်း အမှုတွဲ။ ဦးရဲထွန်းနဲ့လည်း ပတ်သက်နေတယ်။ (၃) ဆောင်မှာရှိတဲ့ ၅(ည)တွေထဲမှာ အခြေခံပညာကျောင်းသားသမဂ္ဂ (အကသ) က ကလေးတွေရှိတယ်။ နောက်တော့ မာလာတင်ဝင်းနဲ့ ကလေးတွေဖြစ်တဲ့ တင့်လွင် ၊ ဂျင်ဘရောင်းတို့နဲ့ အဆင်မပြေကြတော့ဘူး။ ဒါကြောင့် မာလာတင်ဝင်းက စိုးမြတ်ကြီးကိုမြှောက်ပေးတယ်။ အဲဒီအခြေအနေမှာ (၃)ဆောင်မှာရှိတဲ့ ၅(ည)တွေနဲ့ စိုးမြတ်ကြီး ပြဿနာတက်တော့တာပဲ။ အခြေအနေအားလုံးကို ထောင်မှူးဦးစိုးဦး သိသွားတော့ လူစုခွဲမှရမယ်လို့ ဆုံးဖြတ်လိုက်တယ်။ မဟုတ်ရင် လူသတ်ပွဲတွေ ဖြစ်လာတော့မှာ။ ဒါကြောင့် စိုးမြတ်ကြီးကို စစ်ဆေးတိုက်ပို့ပြီး (၃) ဆောင်က ၅(ည)ကြီးတွေဖြစ်တဲ့ ဇော်မျိုးအောင် ၊ လှထွန်း တို့ကိုတော့ တခြားအဆောင်တွေ ခွဲပို့လိုက်တယ်။ စစ်ဆေးတိုက်က ပြစ်ဒဏ်စေ့တော့ စိုးမြတ်ကြီးကို (၄) ဆောင်ပို့လိုက်တယ်။ ဒီတစ်ခါတော့ စိုးမြတ်ကြီးက ၅(ည)တွေနဲ့ ပြဿနာဖြစ်တာ သူ့အတွက် အကျိုးမများကြောင်း သိသွားပြီး လေးလေးစားစား ချစ်ချစ်ခင်ခင် နေထိုင်တယ်။

စိုးမြတ်ကြီးရဲ့ လူရည်လည်မှုကြောင့် ၅(ည)တွေနဲ့ ထိပ်တိုက်ပြဿနာတွေကို ရှောင်ရှားနိုင်ခဲ့ပေမယ့် အုပ်စုတွင်း ပြဿနာတွေကတော့ တဖြည်းဖြည်း ကြီးထွားလာပါတယ်။ ရှေ့ပိုင်းမှာရေးခဲ့တဲ့ မြဂေါင် နဲ့ ငရှဉ့် ပြဿနာကလည်း အုပ်စု တွင်းအားပြိုင်မှုပါပဲ။ ထောင်ထဲမှာ တရားမဝင်ကိစ္စတွေနဲ့ ငွေကြေးအဆမတန်ရနေတာက လူမိုက်တွေအတွက် ပြဿနာ ပါပဲ။ နိုင်ငံရေးသမားတွေကလည်း ထောင်တွင်း တောင်းဆိုမှုတွေ ၊ နိုင်ငံရေးလှုပ်ရှားမှုတွေ တစ်စထက်တစ်စ တိုးပြီးလုပ် လာတယ်။ နောက်ဆုံးထောင်အာဏာပိုင်တွေက ထိန်းသိမ်းလို့မရတဲ့အခြေအနေ ဖြစ်လာတယ်။ အရေးပေါ်အစည်းအဝေး ခေါ်ပြီးထောင်မှာ ထိန်းသိမ်းလို့မရတဲ့ နိုင်ငံရေးသမား ၅(ည)တွေကို သာယာဝတီထောင် ၊ သရက်ထောင် ၊ မြင်းခြံထောင် ၊ တောင်ငူထောင်နဲ့ မော်လမြိုင်ထောင်တွေကို လူ ၁၀၀ စီ ခွဲပို့ဖို့ စီစဉ်လိုက်တယ်။ ဒီ ၁၀၀ ထဲမှာ ထောင်ထဲက ဆိုးတဲ့မိုက်တဲ့ “ဇ” တွေကိုလည်း လေးငါးယောက်စီ ညှပ်ထည့်ဖို့ စီစဉ်လိုက်တယ်။ ထောင်ပြောင်းတဲ့ အစီအစဉ်ကို ည ၂ နာရီမှာ လူတွေ ကိုနှိုးပြီး မီးရထားနဲ့ တိတ်တဆိတ် ပြောင်းရွှေ့လိုက်တာပါ။ သရက်ထောင်ကို နိုင်ငံရေးသမားတွေထဲက ကျောင်းသား ခေါင်းဆောင်တွေဖြစ်တဲ့ အောင်ဒင် ၊ ဝင်းနိုင်ဦးတို့ အပါအဝင် စိုးမြတ်ကြီးလည်း ပါသွားတယ်။ အဲဒီအချိန်ကစပြီး အင်းစိန် ထောင်ရဲ့ အာဏာချိန်ခွင်လျှာဟာ အပြောင်းအလဲဖြစ်သွားပါတယ်။

စိုးမြတ်ကြီး မရှိတဲ့နောက်မှာတော့ထောင်ထဲမှာ အေးအေးဆေးဆေး နေထိုင်နေတဲ့ ကျော်သူ (ခ) မြွေဖြူလေး အတွက် စိန်ခေါ်မှုတွေကတော့ စတင်လာပြီဖြစ်ပါတယ်။ ထောင်ပြောင်းတဲ့ထဲမှာပါမသွားတဲ့ လူဆိုးတွေက ကျော်သူ့ကို စိုးမြတ်ကြီးရဲ့ ဆဲလ်တစ်ခု အဖြစ်ရှုမြင်ထားတယ်။ ဒါကြောင့် စိုးမြတ်ကြီးမရှိတဲ့နောက်မှာ သူ့ရဲ့အစွယ်အပွားတွေကို ရှင်း ပစ်ဖို့လုပ်ကြတယ်။ သူတို့ရှင်းပစ်မယ့် စာရင်းထဲမှာ ကျော်သူလည်းပါနေတယ်။ ကျော်သူ့ကိုရှင်းဖို့ အဓိက လုပ်တဲ့သူတွေ ကတော့ မအူကုန်းမူဆာ နဲ့ အရိုးကုန်းစိန်ကုလားတို့ဖြစ်ပါတယ်။


အင်းစိန်ထောင် အတွင်းမှ
ဂန္ထဝင်
ရာဇဝတ်မှုကြီးများ
အကြောင်း
အပိုင်း [ ၁၀ ]
ဇော်သက်ထွေး

# အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း
# အပိုင်း (၁၀)

## • ကျော်သူနဲ့ မူဆာ ဘယ်သူက သွေးပိုရဲသလဲ

စိန်ကုလားကို တာမွေအရိုးကုန်းကလို့သာ နာမည်တပ်ရတာ။ တကယ်တော့ တာမွေအိုးစုထွက် လူမိုက်တစ်ယောက်ပဲ ဆိုပါတော့။ အဲဒီအချိန်က ရန်ကုန်မှာ "ဇ" ရှိတဲ့ လူမိုက်တွေက တာမွေအိုးစု နဲ့ ကြည့်မြင်တိုင် ဆင်မလိုက်ကပဲ ထွက်လာလေ့ရှိပါတယ်။ စိန်ကုလားနဲ့ မအူကုန်းသား မူဆာက တာမွေအပိုင်သားချင်း ဆိုတော့ ထောင်ထဲမှာ "အိုးစား"တွေ ဖြစ်နေတယ်။ စိုးမြတ်ကြီး မရှိတဲ့နောက် အင်းစိန်ထောင်မှာ "ဆေးရုံကြီးအုပ်စု" က နေရာပိုရလာတယ်။ ဆေးရုံကြီးအုပ်စု ဆိုတာကတော့ ဆေးရုံကြီးရင်ခွဲရုံမှာ မျိုးရိုးစဉ်ဆက် အလုပ်လုပ်လာခဲ့တဲ့ အိန္ဒိယနွယ်ဖွားတွေကိုဆိုလိုတာပါ။ သူတို့တွေက အရေးအခင်းခေါင်းဖြတ်နဲ့ အစုလိုက ထောင်ကျလာတာဖြစ်ပါတယ်။ သူတို့ထဲမှာ စိန်ဝင်း နဲ့ မတ်သီးဂါးလားတို့က ထင်ရှားပါတယ်။ သူတို့ကို ချုပ်ထားတာကတော့ မူဆာပါပဲ။ လူမျိုးရေးအရလည်း ပိုပြီးစည်းလုံးတာပေါ့။ သူတို့အုပ်စုက စိုးမြတ်ကြီး မရှိတော့တဲ့အချိန်မှာ စိုးမြတ်ကြီးရဲ့ အစွယ်အပွားတွေကိုပါ ရှင်းပစ်ချင်တာပါ။ ထောင်အာဏာပိုင်နဲ့ပေါင်းပြီး မူဆာက စိုးမြတ်ကြီးတပည့်တချို့ကို ထောင်ပြောင်းထည့်ပြီး တချို့ကို ရဲဘက်ထည့်တဲ့နည်းနဲ့ ရှင်းနေပါတယ်။ ရှင်းရမယ့်အထဲမှာ ကျော်သူလည်းပါလာတယ်။ တစ်ရက်တော့ ကျော်သူနေတဲ့ အဆောင်ထဲကို မူဆာနဲ့ သူ့တပည့်တွေရောက်လာတယ်။ မူဆာ က "ကျော်သူ (ဘ) ဦးလှမောင်" ဆိုပြီး အော်လိုက်တယ်။ ကျော်သူက အိပ်နေရာကထလာတယ်။ ထောင်ပြောင်းဆိုရင် ညဘက်မှခေါ်လေ့ရှိပြီး နေ့ခင်းဘက်ခေါ်တာဖြစ်တဲ့အတွက် ရဲဘက်ထွက်ဖို့ခေါ်တယ်ဆိုတာ သေချာသွားတယ်။ ကျော်သူက မူဆာ့ ကို "မင်းလာနောက်နေတာလား"လို့ လှမ်းမေးတယ်။ မေးလည်းမေးလောက်စရာပဲ။ စိုးမြတ်ကြီးရှိကတည်းက ကျော်သူ ရဲဘက်မထွက်ရအောင် ထောင်ကျရုံးကိုသာမက အကျဉ်းဦးစီးဌာနရုံးချုပ်အထိ အကုန်အကျခံထားခဲ့တာပါ။ ဒါပေမဲ့ ကျော်သူခေတ်ကုန်သွားပါပြီ။ မူဆာက မချိုမချဉ်မျက်နှာထားနဲ့ "သေသေချာချာ ကြည့်လိုက်ဦး ကျော်သူ ၊ မင်းတကယ် ရဲဘက်ထွက်ရမှာ" လို့ ပြောလိုက်တော့ ကျော်သူမျက်နှာ ရဲခနဲဖြစ်သွားတယ်။ ဒါဟာ သူတို့လောကထဲမှာ သက်သက် အရှက်ခွဲတာလို့ခံစားလိုက်ရတယ်။ ကျော်သူက ထောင်းခနဲ ဒေါသထွက်သွားပြီးလှမ်းပြောတယ်။

"ဟိတ်ကောင်မူဆာ ရဲဘက်မထွက်အောင် လုပ်တဲ့နည်းရှိတယ်သိလား"

"အေးရှိရင် လုပ်ကြည့်လိုက်လေကွာ" ကျော်သူက မူဆာမျက်နှာနားကိုတိုးကပ်လိုက်ပြီး မျက်လုံးချင်းဆိုင်ပြောလိုက်တယ်။

"ကြည့်ထားလိုက် ၊ ကျော်သူ ဘယ်တော့မှ ရဲဘက်ထွက်မှာ မဟုတ်ဘူး" မူဆာက အပိုင်လုပ်ပြီးသားမို့ ကျော်သူ့ကို ရင်မဆိုင်တော့ဘဲအလျော့ပေးလိုက်တယ်။ ဒါပေမယ့်ကျော်သူကိုလည်းမခံချင်အောင် လေချွန်ပြီးပြန်ထွက်သွားတယ်။ ကျော်သူက ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ပြီးပုံပဲ။ ရဲဘက်ထွက်ဖို့အတွက် စာရင်းထဲပါတဲ့ အကျဉ်းသားတချို့က အိပ်ယာလိပ်တွေ ၊ အဝတ်အစားတွေ သိမ်းဆည်းနေပေမယ့် ကျော်သူကတော့ ဘာမှမလုပ်ဘဲ တောင်ယာထဲကိုထွက်သွားတယ်။ ပြီးတော့မှ အဆောင်ဝကနေခြေကျင်းခတ်ဖို့ ခေါ်ရင် သွားမယ့်ပုံစံနဲ့ စောင့်နေတယ်။ မျက်လုံးကတော့ အငြိမ်မနေဘူး။ မိန်းဂျေးလ်က လှုပ်ရှားမှုတွေကို စောင့်ကြည့်နေတယ်။ မိန်းဂျေးလ်ဆိုတာက အင်းစိန်ထောင် တစ်ခုလုံးရဲ့ လူဝင်လူထွက်တွေကို ကွပ်ကဲရတဲ့နေရာဖြစ်ပြီး ထောင်မှူးကြီးတွေ ၊ ထောင်မှူးတွေ ရုံးထိုင်တဲ့နေရာဖြစ်ပါတယ်။ သိပ်မကြာခင်မှာပဲ မူဆာက ရဲဘက်ထွက်မယ့် လူစာရင်းပါတဲ့စာရွက်တွေကိုကိုင်ပြီး ထောင်မှူးကြီးရုံးခန်းကထွက်လာတယ်။ ကျော်သူက အဆောင်ဝကနေပြီး မူဆာကို "ခဏ"ဆိုပြီး လှမ်းခေါ် လိုက်တယ်။ မူဆာက တစ်ခုခုမေးမယ်ထင်ပြီးရောက်အလာမှာ ကျော်သူက ခါးကြားမှာ ဝှက်ထားတဲ့သံချွန်နဲ့ ဆင့်ထိုးတော့တာပဲ။ မူဆာက အံ့ဩလွန်းလို့ ခုခံချိန်တောင်မရဘူး။ ကျော်သူ က သူ့ကိုချွတ်နဲ့ထိုးနေ

ပါတယ်ဆိုပြီး အော်ဟစ်ပြေးလွှားနေတယ်။ ရုတ်တရက်ဆိုတော့ ဘယ်သူကမှလည်း ဝင်မဆွဲရဲဘူး။ မူဆာကအရေးအကြောင်းမှာသေး ပျက်နေတာကတော့ အားလုံးမြင်လိုက်ရတယ်။ နောက်တော့ထောင်ဂါဒ်တွေ ရောက်လာပြီး ကျော်သူကို ဖမ်းချုပ်လိုက်တယ်။ ကျော်သူက အေးအေးဆေးဆေးပဲ မခုခံဘဲအဖမ်းခံပါတယ်။ မူဆာကတော့ ချွတ်နဲ့ထိုးထားတဲ့ ဒဏ်ရာဒဏ်ချက်တွေအများကြီးပဲ။ ဝန်ထမ်းတွေက သွေးအလိမ်းလိမ်းဖြစ်နေတဲ့ မူဆာကို အင်းစိန်ဆေးရုံးကို အမြန်ဆုံး Refer ထုတ်လိုက်တယ်။ ဒါကြောင့် မူဆာ ကံကောင်းသွားပြီး အချိန်မီအသက် ကယ်တင်လိုက်နိုင်တယ်။ ကျော်သူကိုတော့ ချက်ချင်းပဲ ခြေကျင်းခတ်ပြီး စစ်ခွေးတိုက်ကိုပို့လိုက်တယ်။ ဒီဖြစ်ရပ်ကြောင့် ကျော်သူကို ရဲဘက်စာရင်းထဲကပယ်ဖျက်ပြီး အင်းစိန်ထောင်ကနောက်မှုဖွင့်လိုက်တယ်။ ဘာပဲပြောပြော လောလောဆယ်တော့ ကျော်သူ ရဲဘက်မထွက်ရတော့တာသေချာသွားတယ်။ ဒါကြောင့်ကျော်သူကမူဆာကို ရဲဘက်မထွက်တဲ့ နည်းရှိတယ်လို့ပြောခဲ့တာဖြစ်မှာပေ့ါ။ မူဆာက ကျော်သူ့ကိုလျှော့တွက်ခဲ့တဲ့အမှားပဲပေ့ါ။

စစ်ခွေးတိုက်ကို အပို့ခံရတဲ့ ဘယ်အကျဉ်းသားမဆို စစ်ခွေးတိုက်ရောက်ရင်တော့ သင်ခန်းစာအကြီးကြီးနဲ့ ကြုံကြရတာပါပဲ။ စစ်ခွေးတိုက်ရဲ့ တာဝန်ခံကတပ်ကြပ်ကြီး ဗိုလ်ကံဖြစ်ပါတယ်။ ဗိုလ်ကံက ခေတ်အဆက်ဆက် ထောင်ကစစ်ခွေးတွေကို သင်ကြားပေးရတဲ့ ကျွမ်းကျင်သူ ဆရာကြီးဖြစ်ပါတယ်။ ဒ့ါအပြင် ပြစ်ဒဏ်နဲ့ရောက်လာတဲ့ အကျဉ်းသားတွေကို နှိပ်စက်ရာမှာလည်း နာမည်ကြီးပါတယ်။ စစ်ခွေးတိုက် အဂကနေ တိုက်ထဲအဝင်အထိဆိုရင် ကိုက် ၃ဂဂ လောက် ရှိပါတယ်။ အဲဒီလမ်းတစ်လျှောက်ကို အစိုးရထုတ် စက်အုတ်တွေကို ခွဲပြီးခင်းထားတယ်။ တမင် အချွန်အတက်တွေနဲ့ မျက်နှာပြင်မညီညာအောင် လုပ်ထားတာဖြစ်ပါတယ်။ အကျဉ်းသားတွေက စစ်ခွေးတိုက်အဝင်ကတည်းက တိုက်ခန်းအထိ သံခြေကျင်းကို ကိုင်ပြီး မိချောင်းသွားသွားရတယ်။ အကျဉ်းသားတွေ မြန်မြန်သွားနိုင်အောင် နောက်ကနေစစ်ခွေးနဲ့မောင်းတယ်။ စစ်ခွေးတွေထဲမှာ "ဒေဇီ" ဆိုတဲ့ ခွေးမလေးက အစွာဆုံးပဲ။ အုတ်ခဲအကျိုးတွေကြောင့် ဒူးတွေ တံတောင်ဆစ်တွေရှပြီး ဆက်မသွားတဲ့ အကျဉ်းသားတွေကို ဗိုလ်ကံက ဒေဇီနဲ့ ကိုက်ခိုင်းတယ်။ ဒေဇီကလည်း လူနီးပါး နားလည်တယ်။ တကယ်မကိုက်ဘဲ ဟိန်းဟောက် ခြိမ်းခြောက်တာကို ကျွမ်းကျင်တယ်။ နောက်ဆုံး ခွေးကိုက်မှာကြောက်တဲ့အကျဉ်းသားဟာ လဲရင်လဲ ၊ ကွဲရင်ကွဲဆိုပြီး အခန်းထဲရောက်တဲ့အထိ လေးဘက်ကုန်းသွားရတာပဲ။ တိုက်ခန်းရောက်တော့ တံတောင်မှာ သွေးချင်းချင်းနီနေပြီ။ စစ်ခွေးတိုက် တစ်ခေါက်ရောက်ပြီး ရင်တော့ပြန်လာတဲ့ အကျဉ်းသားဟာ အတော်အပိုးကျိုးသွားတယ်။ နာမည်ကြီး စစ်ခွေးတိုက်ကိုတော့ အရမ်းဆိုးတဲ့ လူမိုက်တွေရော ၊ နိုင်ငံရေးသမားတွေရော အကုန်လုံးနီးပါး ရောက်ကြပါတယ်။

ကျော်သူ့ကိုလည်း စစ်ခွေးတိုက်မှာ ပညာပေးမယ်လို့ အားလုံး ထင်ထားကြတယ်။ ဒါပေမယ့် စိုးမြတ်ကြီး တပည့်တပန်းဟောင်းတွေ စစ်ခွေးတိုက်မှာရှိနေသေးတော့ အဝင်တစ်ချက်ပဲ ကျော်သူ တော်တော်ခံလိုက်ရတယ်။ နောက်ပိုင်းတော့စစ်ခွေးတိုက်မှာ ကျော်သူက အနေချောင် ၊ အစားချောင် သွားတယ်။ တစ်ဖက်မှာလည်း သူလိုချင်တဲ့အတိုင်း ရဲဘက်မထွက်ရတော့ဘဲ မူဆာကိုသတ်ရန် အားထုတ်မှုနဲ့ နောက်မှုပဲ ထွက်ရတယ်။ မူဆာ မသေတဲ့အတွက် နောက်မှုကလည်း ပြစ်ဒဏ်ကြီးမှာ မပူရတော့ဘူး။ ဒါပေမယ့် အင်းစိန်ဆေးရုံမှာ အသည်းအသန်ကုပြီး ပြန်ရောက်လာတဲ့ မူဆာက ကျော်သူကို အခဲမကျေဘူး။ မူဆာရဲ့ အင်အားစုတွေကလည်း ထောင်ထဲမှာ ခန ၊ အာဏာ ၊ အင်အားအပြည့်နဲ့ အခြေအနေ အတော်ကောင်းနေတယ်။ ဆေးရုံကြီးကနေ ထောင်ကျလာတဲ့ မတ်သီးဆိုရင် သူ့အိပ်တဲ့ အိပ်ယာခေါင်းရင်းမှာ Lucky Strike နဲ့ Mild Seven စီးကရက်ဗူးတွေကို ကာတွန်လိုက်ထပ်ထားတယ်။ အဲဒီခေတ်က နွားနို့မှုန့်ထုပ် နဲ့ လက်ဖွှေးစင်ကော်ဖီမှုန့်ထုပ်ကို အစည်းလိုက် သူ့ဘေးမှာ ထားထားတယ်။ ဘယ်လောက်ပူပူ ဘယ်လောက်အိုက်အိုက် လယ်သာဂျာကင် နဲ့ ဂျင်းဂျာကင်တွေကို ထည့်လဲဝတ်နေတယ်။ လူရည်လည်တော့ ၅ (ည) တွေနဲ့လည်း တည့်အောင်ပေါင်းတယ်။ သကြၤန်လို အခါကြီးရက်ကြီးမှာ တစ်ဆောင်လုံးကို ခေါက်ဆွဲကြော် ကျွေးလိုက် ၊ ရွှေရင်အေး တိုက်လိုက်နဲ့ အလှူကြီးအတန်းကြီးလုပ်နိုင်

တယ်။ သူတို့တွေရဲ့ ကျောထောက်နောက်ခံနဲ့ မူဆာက တန်ခိုးကြီးလာတာ ဖြစ်ပါတယ်။ အခုလည်း တစ်ဖက်သတ်ခံလိုက်ရတဲ့အတွက် မူဆာက သိက္ခာဆယ်တဲ့အနေနဲ့ ကျော်သူ့ကို ဖြိုချင်တယ်။ ကျော်သူ့ကို ဘယ်လိုလက်စားချေရမလဲ ဆိုပြီး အကွက်ချောင်းနေတယ်။ ကျော်သူကလည်း မူဆာတို့ လက်ချက်မိမှာစိုးလို့ စစ်ခွေးမှာပဲ အထိုင်ချပြီးဆက်နေတယ်။ မူဆာက ကျော်သူ့ကိုရှင်းဖို့အတွက် သူနဲ့ တစ်ပိုင်တည်းသားဖြစ်တဲ့ စိန်ကုလားကို စည်းရုံးတယ်။ ဒါပေမဲ့ ကျော်သူစစ်ခွေး တိုက်က ထွက်မလာမချင်း သူတို့ဘာမှလုပ်လို့ မရဘူးဖြစ်နေတယ်။

ဒီအတောအတွင်းမှာပဲ နိုင်ငံရေးအကျဉ်းသားတွေကြားမှာ လှုပ်ရှားမှုကြီးတစ်ခု ဖြစ်ပေါ်လာတယ်။ ဒီလှုပ်ရှားမှုက တော့ စက်တင်ဘာ ၂၅ ရက်နေ့မှာ စတင်ပြုလုပ်တဲ့ အစာငတ်ခံဆန္ဒပြပွဲ Huanger Strike ပဲ ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုဟာ ထောင်အာဏာပိုင်တွေအတွက် တုန်လှုပ်ခြောက်ခြားခဲ့ရတဲ့ ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပြီး ထောင်အပြင်က ပြည်သူတွေမရိပ်မိ အောင် လော်စပီကာတွေနဲ့ "စာဥ" သီချင်းဖွင့်ပြီး နိုင်ငံရေးသမားတွေကို ဂန်းပိုက်နဲ့ ရိုက်နက်ခဲ့ရတဲ့အထိဖြစ်ခဲ့ပါတယ်။ တကယ်တော့ ဒီလှုပ်ရှားမှုဟာ စစ်ခွေးတိုက်မှာရှိတဲ့ နိုင်ငံရေးသမားတချို့ကစခဲ့တာဖြစ်ပြီး လှုပ်ရှားမှုရဲ့ ရည်ရွယ်ချက်က တော့ ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နဝတအစိုးရက အာဏာမလွှဲ တဲ့အတွက် အစာငတ်ခံဆန္ဒပြခဲ့တာဖြစ်ပါတယ်။ ဒီတိုက်ပွဲမှာ ၅ (ည) တွေ အထိနာခဲ့သလို သွေးရဲတယ်ဆိုတဲ့ ကျော်သူ လည်း အထိနာသွားခဲ့ပါ တယ်။



“ လောကကြီးမှာ ဘာကိုမှ အကြောက်အလန့်မရှိတဲ့ ဂျွန်ဝင်လူမိုက်ကြီးတွေက အင်းစိန်ထောင်ထဲမှာ အသားကုန် ဆိုးမိုက်ပြတဲ့အချိန်မှာ "မင်းတို့မိုက်တယ်ဆိုတာ ငါတို့အိပ်နေသလောက်ရှိတယ်" ဆိုပြီး သက်သေပြလိုက်တဲ့သူတွေကတော့ နိုင်ငံရေးအကျဉ်းသားတွေ ဖြစ်ပါတယ်။ နိုင်ကျဉ်းတွေက ၁၉၉၁ စက်တင်ဘာလ ၁၈ ရက်နေ့မှာ အကျဉ်းထောင်အာဏာပိုင်တွေကို တောင်းဆိုချက် (၅) ချက် တောင်းဆိုလိုက်ပြီး တကယ်လို့ မလိုက်လျောဘူးဆိုရင် အစာငတ်ခံ ဆန္ဒပြမယ်လို့ ခြိမ်းခြောက်လိုက်ပါတယ်။ သူတို့ရဲ့ တောင်းဆိုချက် (၅) ချက်ကတော့ (၁) ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲမှ အနိုင်ရပါတီကို အမြန်ဆုံးအာဏာလွှဲပြောင်းရေး (၂) အကျဉ်းထောင်ထဲတွင် ထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရေး (၃) နိုင်ငံရေး အကျဉ်းသားများကို ထောင်ထဲ၌သီးသန့်ထားရှိရေး (၄) ထောင်ဝင်စာ လွတ်လပ်ခွင့်အပြည့်အဝပေးရေး (၅) နိုင်ငံတော်မှ တရားဝင်ထုတ်ဝေခွင့်ပြုထားသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဘာသာရေးစာအုပ်များကို အကျဉ်းသားတိုင်း ဖတ်ရှုခွင့်ရရှိရေး တို့ ဖြစ်ပါတယ်။ ”

**အင်းစိန်ထောင်မှာ ဘယ်သူပိုမိုက်သလဲ**

# အင်းစိန်ထောင် အတွင်းမှ ဂျွန်ဝင် လူမိုက်ကြီးများ

**အပိုင်း [ ၁၁ ]**

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၁)

- **အင်းစိန်ထောင်တွင်း နိုင်ကျဉ်း အစာငတ်ခံ ဆန္ဒပြပွဲ**

လောကကြီးမှာဘာကိုမှ အကြောက်အလန့်မရှိတဲ့ ဂန္ထဝင်လူမိုက်ကြီးတွေက အင်းစိန်ထောင်ထဲမှာအသားကုန် ဆိုးမိုက်ပြတဲ့အချိန်မှာ "မင်းတို့မိုက်တယ်ဆိုတာ ငါတို့အိပ်နေသလောက်ရှိတယ်" ဆိုပြီး သက်သေပြလိုက်တဲ့ သူတွေကတော့ နိုင်ငံရေးအကျဉ်းသားတွေဖြစ်ပါတယ်။ နိုင်ကျဉ်းတွေက ၁၉၉၁ စက်တင်ဘာလ ၁၈ ရက်နေ့မှာ အကျဉ်းထောင်အာဏာပိုင်တွေကို တောင်းဆိုချက် (၅) ချက် တောင်းဆိုလိုက်ပြီး တကယ်လို့မလိုက်လျောဘူးဆိုရင် အစာငတ်ခံဆန္ဒပြမယ်လို့ ခြိမ်းခြောက်လိုက်ပါတယ်။ သူတို့ရဲ့ တောင်းဆိုချက် (၅) ချက်ကတော့

(၁) ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲမှ အနိုင်ရပါတီကို အမြန်ဆုံးအာဏာလွှဲပြောင်းရေး
(၂) အကျဉ်းထောင်ထဲတွင် ထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရေး
(၃) နိုင်ငံရေးအကျဉ်းသားများကို ထောင်ထဲ၌သီးသန့်ထားရှိရေး
(၄) ထောင်ဝင်စာ လွတ်လပ်ခွင့်အပြည့်အဝပေးရေး
(၅) နိုင်ငံတော်မှ တရားဝင်ထုတ်ဝေခွင့်ပြုထားသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း နှင့် ဘာသာရေး စာအုပ်များကို အကျဉ်းသားတိုင်း ဖတ်ရှုခွင့်ရရှိရေးတို့ ဖြစ်ပါတယ်။

၁၉၈၈ စက်တင်ဘာလ ၁၈ ရက်နေ့မှာ တပ်မတော်ကအာဏာသိမ်းလိုက်ပြီးတဲ့နောက် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကို ၁၉၉၀ မေလ ၂၇ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ ဒီရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သော်လည်းပဲ နဝတအစိုးရက အာဏာလွှဲပြောင်းဖို့ နှောင့်နှေးခဲ့ပါတယ်။ ဒီအခြေအနေကို မကျေနပ်လို့ဆန္ဒပြတဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အများအပြားကိုလည်း ပုဒ်မမျိုးစုံနဲ့ ထောင်သွင်းအကျဉ်းချထားခဲ့ပါတယ်။ အစိုးရရဲ့ ကတိပျက်ကွက်မှုကြောင့် နိုင်ငံတကာက မြန်မာနိုင်ငံရေးကို အာရုံစိုက်လာဖို့အတွက် နိုင်ငံရေး ထောင်တွင်းတိုက်ပွဲတစ်ခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်လိုပုံစံနဲ့ ထောင်တွင်းတိုက်ပွဲတစ်ခု ဖော်ဆောင်မလဲလို့ ဆွေးနွေးကြရင်း နဝတအစိုးရကို အစာငတ်ခံဆန္ဒပြပြီး တောင်းဆိုချက် (၅) ချက်တောင်းဖို့ သဘောတူလိုက်ကြပါတယ်။ ဒါပေမဲ့ အစာငတ်ခံဆန္ဒပြဖို့ အကန့်အသတ်မဲ့ တိုက်မယ့်အဖွဲ့နဲ့ အကန့်အသတ်နဲ့ တိုက်မယ့်အဖွဲ့ဆိုပြီး နှစ်ပိုင်းကွဲသွားပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကိုကိုးကျွန်း အစာငတ်ခံဆန္ဒပြပွဲမှာ လူရုစ်ယောက် စတေးခဲ့ရပေမယ့် မဆလအစိုးရဟာ ကျွန်းစနစ်ကို ဖျက်သိမ်းပေးခဲ့ရတဲ့ သမိုင်းမှတ်တမ်းရှိနေတဲ့အတွက် တချို့နိုင်ကျဉ်းတွေက မအောင်မြင်မချင်း အစာငတ်ခံဖို့ စိတ်အားထက်သန်နေပါတယ်။ ဒါဟာ အသက်သေသည်အထိ တိုက်ပွဲဝင်ရမှာဖြစ်လို့ တချို့နိုင်ကျဉ်းတွေကတော့ အကန့်အသတ်တစ်ခုနဲ့ပဲ ဆန္ဒပြစေချင်တာ ဖြစ်ပါတယ်။

စက်တင်ဘာ ၁၈ ရက်နေ့မှာ Hunger Strike တိုက်ပွဲစတင်ဖို့ အချက်ပေးလိုက်သူက ဆက်အောင်နိုင်ပဲဖြစ်ပါတယ်။ ဆက်အောင်နိုင်ဟာ ၁၉၆၂ ဗကသကျောင်းသားခေါင်းဆောင် ဦးလှရွှေရဲ့သားဖြစ်ပြီး သားအဖနှစ်ယောက်လုံး ထောင်ကျနေပါတယ်။ ဦးလှရွှေက မန္တလေး အိုးဘိုထောင်မှာကျနေတဲ့အတွက် မန္တလေး နဲ့ ရန်ကုန် တစ်ပြိုင်နက်တည်း ချိတ်ဆက်ဆန္ဒပြဖို့ ထောင်ဝင်စာကတစ်ဆင့် ထောင်ဂါဒါတွေမရိပ်မိ အောင်ချိတ်ဆက်ရပါတယ်။ ဆက်အောင်နိုင် ထောင်ဝင်စာက အပြန်မှာတော့ ဖခင်ဖြစ်သူ ပြောလိုက်တဲ့ လျှို့ဝှက်သင်္ကေတကို သယ်ဆောင်လာပါတယ်။ အဲဒီစကားကတော့

"ပန်းတိုင်းပွင့်နိုင်ပြီ" ဆိုတာပါပဲ။ ဒါကြောင့် အစာငတ်ခံဆန္ဒပြမယ့် ၅ (ည) တွေဟာ လုပ်သားမောင် ဝမ်းနတ်ဆေးကို ကြို တင်သွင်းပြီး စုဆောင်းထားတယ်။ ကြိုတင်သတင်းရထားတဲ့ထောင်က လုပ်သားမောင်ဆေးတွေကိုသိမ်းတော့ ပုန်းရည် ကြီးတွေနဲ့ရောပြီးသွင်းရတယ်။ အစာငတ်ခံဆန္ဒပြမယ့်နေ့မှာ ကျောင်းသားတွေက ကိုကိုးကျွန်းရဲ့ အတွေ့အကြုံကိုယူပြီး အစာအဝစားကာ ဝမ်းနတ်ထားလိုက်တယ်။

အစာငတ်ခံဆန္ဒပြဖို့ နိုင်ငံရေးအကျဉ်းသားတွေ ပြုလုပ်လိုက်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အကျဉ်းထောင် အာဏာပိုင်တွေကို အတော်တုန်လှုပ်သွားစေခဲ့ပါတယ်။ ထောင်ထဲက Hunger Strike ကို အပြင်ကသိစေနိုင်ဖို့အတွက် နောက်ချန်သတင်းပြန်ကြားတာဝန်ခံကို မရမ်းကုန်းက ဦးခင်မောင်ညွှန့် နဲ့ ကိုလှပာန်ကို ရွေးချယ်ထားခဲ့ကြတယ်။ အဲဒီအ ချိန်က အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဟာ ဦးခင်မောင်လတ်ဖြစ်ပြီး အင်းစိန်ထောင်ပိုင်ကြီးကတော့ ဦးဘိုကြည် ဖြစ် ပါတယ်။ ထောင်ပိုင်ဦးဘိုကြည်ကို နိုင်ငံရေးအကျဉ်းသားတချို့က သူတို့ကို ရိုးရိုးရာဇဝတ်သားတွေနဲ့ ရောမထားဘဲသီး သန့်ထားဖို့ တောင်းဆိုခဲ့တဲ့အတွက် ပြစ်ဒဏ်တိုက်ဖြစ်တဲ့ စစ်ခွေးတိုက်မှာ အဲဒီအချိန်က နိုင်ငံရေးအကျဉ်းသားတွေကို စုပြီး လွတ်လွတ်လပ်လပ် ထားပေးပါတယ်။ Hunger Strike စတဲ့အချိန်ရောက်တော့ စစ်ခွေးတိုက်က နိုင်ကျဉ်းအုပ်စုတွေ မပါ လောက်ဘူးလို့ ဦးဘိုကြည်က အပိုင်တွက်ထားခဲ့ပါတယ်။ ဒါပေမဲ့ စစ်ခွေးတိုက်အုပ်စု အပါအဝင်အဆောင်က နိုင်ကျဉ်း တွေရော တိုက်ထဲကသူတွေရောပါလာတဲ့အတွက် အတော်ဦးနောက်ခြောက်သွားကြရပါတယ်။ သတင်းတွေကို အမှောင်ချ ဖို့ကြိုးစားပေမယ့် ဦးခင်မောင်ညွှန့်က ထောင်ဝင်စာမှာ သမီးဖြစ်သူ ချယ်ရီကို ထောင်ထဲမှာ နိုင်ငံရေးသမားတွေ အစာငတ်ခံ ဆန္ဒပြနေပြီဖြစ်ကြောင်း သတင်းပေးလိုက်နိုင်ပါတယ်။ ငိုအားထက် ရယ်အားသန် ဆိုသလို ဦးခင်မောင်ညွှန့်သမီးက တခြား နိုင်ကျဉ်းတွေ အစာငတ်ခံနေတဲ့အချိန်မို့ လိပ်ပြာမသန့်တဲ့အတွက် ဖခင်ဖြစ်သူကို ထောင်ဝင်စာထုပ်မပေးဘဲ ပြန်ယူသွား တာကလည်း မှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်ခဲ့ပါတယ်။ Hunger Strike ဟာ တစ်ထောင်လုံးကို ပြန့်သွားပြီးတဲ့နောက် အကျဉ်းထောင် အရာရှိတွေဟာ လုပ်နေကျထုံးစံအတိုင်း အုပ်စုတွေခွဲပြီးစည်းရုံးခဲ့ပါတယ်။ တောင်းဆိုမှု (၅)ခုအနက် အနိုင် ရပါတီ ကို အာဏာလွှဲပေးရေးနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးကို လုပ်ပေးနိုင်တဲ့ အခွင့်အာဏာမရှိ ကြောင်းအသိပေးပြီး ကျန်တောင်းဆိုချက်သုံးခုကို လိုက်လျောမယ်လို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒီအချိန်မှာ Hunger Strike ဝင်တဲ့ နိုင်ကျဉ်းတချို့က သဘောတူပြီး ဒီတိုက်ပွဲကိုရပ်ဖို့ လုပ်ပါတယ်။ ဦးဘိုကြည်က သဘောမတူတဲ့လူ ရှိသေးလားလို့ မေးတဲ့အခါမှာတော့ ဆက်အောင်နိုင်က မတ်တတ်ရပ်ပြီး "ရှိပါတယ် ၊ Hunger Strike ကို ဆက်လုပ်မယ်" လို့ ပြန်ပြောပါ တယ်။ ဆက်အောင်နိုင် မတ်တတ်ရပ်ပြီးတဲ့နောက်မှာတော့ ဒီတိုက်ပွဲကထွက်မယ့်သူ အတော်များများဟာအားလုံး မတ် တတ်ရပ်ပြီး ဆက်အောင်နိုင်နဲ့အတူ ဆက်လက်တိုက်ပွဲဝင်ဖို့ တစ်သားတည်းရပ်တည်ခဲ့ပါတယ်။ ဒီနောက်မှာတော့ တိုက်ပွဲ ဟာ ပိုပြီးကြမ်းတမ်းလာခဲ့ပါတယ်။ တစ်ထောင်လုံးကို Hunger Strike ပြန့်သွားပြီးတဲ့နောက် လူတွေကို အကုန်ခွဲထုတ် လိုက်ပါတယ်။ ဦးဘိုကြည်က အဆောင်ကလူတွေကို ပထမဦးဆုံးခွဲထုတ်ပြီး သဘောထားတင်းမာတဲ့သူတွေကို တိုက်ထဲ ထည့်လိုက်ပါတယ်။ စက်တင်ဘာ ၁၉ ၊ ၂၀ ၊ ၂၁ အထိ အားလုံး တောင့်ခံနေတဲ့အတွက် အင်းစိန်ထောင်ဆရာဝန်ကြီးရဲ့ အမိန့်နဲ့ အားလုံးကိုရေဖြတ်လိုက်ပါတယ်။ ရေမသောက်ရတဲ့အချိန်မှာတော့ အချို့သူတွေဟာ အားပြတ်ပြီး လဲကုန်ကြပါ တယ်။ မှတ်မှတ်ရရ ထောင်က စစ်ခွေးတိုက်မှာ ရေအိုးတွေခွဲပြီး ရေဖြတ်လိုက်တဲ့အချိန် ည ၁ နာရီ လောက်ရောက်တော့ မိုးရွာလာတယ်။ စစ်ခွေးတိုက်ရဲ့ အခန်းတွေရဲ့ နောက်ကျောဘက်မှာ တစ်ပေပတ်လည် လေဝင်ပေါက်လေးတွေ ရှိတယ်။ တိုက်ရဲ့နောက်ကျောဘက်မှာက ငှက်ပျောပင်တွေ စိုက်ထားတယ်။ ရေငတ်နေတဲ့ ကျောင်းသားအချို့က ဒီအခြေအနေမှာ ရေသောက်ရဖို့ စိတ်ကူးတစ်ခုရတယ်။ အဲဒါကတော့ပါလာတဲ့ ဘာဘူစောင်ကို ဖြဲပြီး အခန်းထဲက ဗလအတောင့်ဆုံးလူရဲ့ ပခုံးပေါ်တက်ပြီး လေဝင်ပေါက်ကနေ ငှက်ပျောပင်ပေါ်မှာတင်နေတဲ့ ရေကိုစောင်အစနဲ့ဆွဲယူတယ်။ ဘာဘူစောင်ဆိုတော့ ရေစုပ်အားကောင်းတယ်။ ရေဝသွား တဲ့အခါမှ စောင်စကို ပြန်ဆွဲပြီး လက်နဲ့ညှစ်ပြီး တစ်ယောက်ချင်းသောက်ကြရတယ်။

အခု နှစ်ပေါင်း ၃၀ နီးပါးကြာတဲ့အခါ သူတို့ကို ပြန်မေးကြည့်လိုက်တော့ အဲဒီတုန်းက သောက်ခဲ့ရတဲ့ရေတစ်စက်ကို အခုထိ မမေ့သေးဘူးတဲ့။ ကံဆိုးချင်တော့မိုးက အဲဒီညကပဲ ရွာပြီးရပ်သွားတယ်။ နောက်နေ့ကျတော့ အစာတော်ခံဆန္ဒပြတဲ့သူတွေ ရေဓာတ်ခန်းခြောက်ပြီး အကုန်လဲကုန်တယ်။ အခြေအနေဆိုးတဲ့သူတွေကို ကပ်တွေနဲ့ ဆေးရုံခေါ်သွားပြီး ဆေးရုံမှာ drip ချိတ်ဖို့တစ်ခါတည်း ပြင်ဆင်ထားပါတယ်။ ခုနစ်ရက်မြောက်နေ့မှာတော့ ဆေးရုံမှာအစာတော်ခံတဲ့ လူနာတွေများပြားလာပြီး နောက်ဆုံးလေးဦးသာကျန်ပါတော့တယ်။

ဒီအချိန်မှာ အကျဉ်းထောင်ရဲ့လုပ်ရပ်တွေကို သည်းမခံနိုင်တဲ့တိုက်ထဲက နိုင်ငံရေးအကျဉ်းသားတွေဟာ နိုင်ငံရေးတောင်းဆိုမှုတွေကို အော်ဟစ်ကြွေးကြော် တောင်းဆိုကြပါတယ်။ ဒီအသံတွေဟာ ထောင်အပြင်ဘက်က လူနေရပ်ကွက်တွေ ကြားသွားနိုင်တာကြောင့် ဂါဒ်တွေက အင်းစိန်ထောင်ရဲ့ ဘူးတံခါး အပေါ်ထပ်ကနေ "စာဥ" သီချင်းကို လော်စပီကာနဲ့ ဖွင့်ထားပြီး တိုက်ထဲကလူတွေကို ဂန်းပိုက်တွေနဲ့ဝင်စီးပြီး ရိုက်နှက်ခဲ့ပါတယ်။ ဒါကြောင့် တိုက်ထဲက ငရဲတမျှဆူပွက်နေတဲ့ အော်သံဟစ်သံတွေဟာ အင်းစိန်ထောင် အပြင်ဘက်ကို လုံးဝရောက်ရှိလာခဲ့ခြင်းမရှိပါဘူး။

အစာတော်ခံဆန္ဒပြပွဲ ပြီးသွားတဲ့နောက်မှာတော့ နိုင်ကျဉ်းတွေကို လူစုခွဲပြီးအဆောင်တွေမှာ နေရာချထားပေးခဲ့ပါတယ်။ ထောင်အာဏာပိုင်တွေက နိုင်ကျဉ်းတွေကို ဦးကျိုးသွားပြီအထင်နဲ့ အဆောင်မှာ အလုပ်လေဘာချထားခဲ့ပါတယ်။ လုပ်ရတဲ့အလုပ်ကတော့ တောင်ယာစိုက်ပျိုးရေးဖြစ်ပြီး အကျဉ်းသားတွေ နေ့စဉ်စွန့်ပစ်နေတဲ့ အညစ်အကြေးတွေနဲ့ ရေဆိုးရေညစ်တွေကို ကျင်းကြီးတွေနဲ့စုထားပြီး သစ်ပင်တွေကို လောင်းရတာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေက ဒီအလုပ်ကိုလုပ်ပေမယ့် တောင်ယာကသီးလာတဲ့ အသီးအနှံတွေကို စားသုံးခွင့်မပေးတဲ့အတွက် ကျေနပ်မှုမရှိဘူး။ Hunger Strike က အနာကလည်း ရှိနေပြန်တယ်။

ဒါကြောင့် အင်းစိန်ထောင် (၄) ဆောင်မှာရှိတဲ့ သင်္ချာဂုဏ်ထူးတန်းကျောင်းသား ကျော်ကျော်သိန်း (ယခု VOA) နဲ့ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၄၂ ယောက် ကထောင်ကခိုင်းတဲ့အလုပ်ကို မလုပ်နိုင်တော့ဘူးဆိုပြီး Labour Strike ကို စတင်လိုက်ပြန်ပါတော့တယ်။ ဒီအချိန်မှာတော့ ထောင်က နိုင်ငံရေးသမားတွေကိုရိုက်ဖို့ လက်ရဲဇက်ရဲ ရှိသွားတဲ့အတွက် ၄၂ ယောက်လုံးကို ပြစ်ဒဏ်နဲ့ စစ်ခွေးတိုက် ပို့လိုက်ပါတယ်။ ပြစ်ဒဏ်နဲ့ သွားရတဲ့အတွက် စစ်ခွေးဝင်းထဲကို ဝင်ကတည်းက အုတ်ခဲကျိုးတွေပေါ်မှာ လေးဘက်တွားပြီး သွားရပါတယ်။ နှေးကွေးနေရင် နောက်ကနေ ဂါဒ်တွေက "ဂန်း" ပိုက်နဲ့ရိုက်ပါတယ်။ စစ်ခွေးတွေက အခန်းထဲကိုရောက်တဲ့အထိ ဟောင်လိုက် ကိုက်လိုက်လုပ်ပါတယ်။ စစ်ခွေးရောက်လာတဲ့ Labour Strike သမားတွေကိုပုံစံပေးဖို့ ထောင်ကတာဝန်ပေးခံရတဲ့သူကတော့ ဗိုလ်ကံလို့ခေါ်တဲ့ တပ်ကြပ်ကြီး ကံညွန့် ဖြစ်ပါတယ်။ တပ်ကြပ်ကြီး ကံညွန့်က နိုင်ကျဉ်းအားလုံးကို ခွေးဝပ်နဲ့ပုံစံကြီးနှစ်မျိုး ထိုင်ခိုင်းပါတယ်။ ခွေးဝပ်ဆိုတာကတော့ ခြေထောက်ဒေါက်ခတ်ထားတဲ့သူကို လက်နှစ်ချောင်း ရှေ့ပစ်ဒူးထောက်ပြီး ဖင်ပူးတောင်း ထောင်ခိုင်းထားတာပါ။ ဒါကို ငါးမိနစ်ကြာအောင်လုပ်ရတာနဲ့ လူတစ်ကိုယ်လုံးတုန်ပြီး ချွေးတွေစိုရွှဲလာပါတယ်။ ပုံစံကြီးဆိုတာကတော့ ခေါင်းပေါ်ကို လက်တင်ထားပြီး ခြေထောက် နှစ်ချောင်းကို တင်ပါးပေါ်ထောက်ပြီး ထိုင်ခိုင်းထားတာပါ။ ပုံစံကြီးကလည်း သုံးလေးငါးမိနစ်ထက်ကြာရင် လူတစ်ကိုယ်လုံး ပစ်ကျသွားတတ်ပါတယ်။ ဗိုလ်ကံက ပုံစံကြီးလို့အော်လိုက်ရင် အခန်းတိုင်းမှာ ခြေကျင်းသံတွေ နာရီစည်းကျ တချွင်ချွင်မြည်သွားပြီး တညီတညွတ်တည်း ထိုင်ထားရပါတယ်။ အတန်ကြာမှ ဗိုလ်ကံက လာကြည့်ပြီး ပုံစံကြီးထိုင်တဲ့ အကျဉ်းသားတွေရှေ့က ချွေးကွက်ကို လာစစ်ဆေးပါတယ်။ ချွေးကွက် အကြီးကြီးတွေ့ရင် အေးစေပေးပြီး ချွေးကွက်မတွေ့တဲ့ အကျဉ်းသားကတော့ အရိုက်ခံရပါတယ်။ Labour Strikeနဲ့ စစ်ခွေးတိုက်ကို ရောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာ စစ်ဆင်ရေးကို အင်းစိန်ထောင်က ဆက်လုပ်ပါတယ်။ စစ်ခွေးတိုက်မှာ အထူးလုံခြုံရေးယူထားတဲ့ ဝန်ထမ်းတွေက အခန်းရှေ့မှာ ကွပ်ပျစ်ခင်း ကင်းစောင့်ပြီး အချင်းချင်း ရေသောက်ကြေး ကျားထိုးကြတယ်။ ရှုံးတဲ့

လူကဘေးမှာချထားတဲ့ သောက်ရေအိုးထဲက ရေတစ်ခွက်အပြည့်ခပ်ပြီး ကုန်အောင်သောက်ပြရတယ်။ ဒီမြင်ကွင်းက အစာမစား ရေမသောက်ဘဲ ဆန္ဒပြနေတဲ့နိုင်ကျဉ်းတွေကို စိတ်ဒုက္ခပေးခြင်းတစ်ခုပါပဲ။ နောက်တစ်ခုကတော့ စစ်ခွေးတိုက်မှာပဲ ခွေးတွေကို နေ့စဉ်ကျွေးတဲ့အမဲသား Quota တွေထဲကနေ တချို့ကို မဆလာ နိုင်းချင်းနဲ့ချက်ပြီး တာဝန်ကျဝန်ထမ်းတွေကို ဝေပေးတာပါပဲ။ မဆလာနံ့သင်းနေတဲ့ အမဲသားရဲ့အနံ့ဟာ အစာငတ်ခံ ဆန္ဒပြနေတဲ့ ကျောင်းသားတွေကို ယိမ်းယိုင်သွားအောင်လုပ်ခဲ့တယ်။

ဒီလို နိုင်ကျဉ်းတွေကို စိတ်ပိုင်း ရုပ်ပိုင်း ဖြိုခွဲဖို့အတွက် ဗိုလ်ကံရဲ့ ဘယ်လက်ရုံး ၊ ညာလက်ရုံး နှစ်ယောက်ကတော့ ဂန္ထဝင်လူမိုက်ကြီး ကျော်သူ နဲ့ တင်ဟန်တို့ ဖြစ်ပါတယ်။ ကျော်သူက ပြစ်ဒဏ်နဲ့ ရောက်လာတဲ့ နိုင်ငံရေးသမားတွေကို ပုံစံပေးဖို့အတွက် စိတ်မပါလှဘူး။ ဒါပေမဲ့ စစ်ခွေးတိုက်ရဲ့ အာဏာပိုင်တပ်ကြပ်ကြီး ဗိုလ်ကံက ကျော်သူ့ကို "မင်း သူတို့ကို ရိုက်မလား ၊ မင်းမလုပ်ဘူးဆိုရင် မင်းပြန်ခံမလား၊ ဒီနှစ်လမ်းထဲက တစ်လမ်းကိုရွေး" လို့ အမိန့်ပေးလိုက်တယ်။ ဒီစကားဟာ ကျော်သူ့ဘဝအတွက် အလှည့်အပြောင်းတစ်ခုပါပဲ။

တစ်ချိန်ကအဆောင်မှာ နိုင်ငံရေးသမားတွေနဲ့ သင့်မြတ်အောင် ပေါင်းသင်းနေထိုင်ခဲ့တဲ့ ကျော်သူ ဟာ စစ်ခွေးတိုက်မှာ သူရဲ့ အသက်ရှင်ရပ်တည်ရေးအတွက် တပ်ကြပ်ကြီး ဗိုလ်ကံ ခိုင်းတဲ့အတိုင်း လုပ်မလား ၊ ဒါမှ မဟုတ် မတရားတဲ့ အမိန့်အာဏာတွေကိုဖီဆန်ဖို့ အစာငတ်ခံဆန္ဒပြနေတဲ့ နိုင်ငံရေးသမားတွေကို ကူညီစောင့်ရှောက်မလား။ လူမိုက်တွေရဲ့ ထုံးစံအတိုင်း ကိုယ့်အတွက်ကိုယ်ကြည့်တတ်တဲ့ "ငတေ" သမားအဖြစ် မှတ်တမ်းရေးထိုးမလား . . .

ပွဲကတော့ အတော်ကြည့် ကောင်းလာပါပြီ ...။


အင်းစိန်ထောင်
အတွင်းမှ
ဂန္ထဝင်လူမိုက်ကြီးများ
အပိုင်း [၁၂]
ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၂)

- **ဗိုလ်ကံ**

Labour Strike နဲ့ ရောက်လာတဲ့ ၅ (ည) တွေကို ဗိုလ်ကံကတော့ ဦးကျိုးအောင် ရေရေလည်လည်နှာနေပါတယ်။ ဗိုလ်ကံရဲ့ အစီအစဉ်ကို အကောင်အထည်ဖော်ပေးရသူနှစ်ယောက်ကတော့ စောစောပိုင်းကပြောသလို ကျော်သူ နဲ့ တင်ဟန်ပါပဲ။ နေ့တိုင်း တစ်ယောက်တစ်လှည့်စီ ၅ (ည) တွေကို ပုံစံကြီးပေးလိုက်၊ အိပ်မရအောင် မောင်းလိုက်လုပ်ရတယ်။ ၅ (ည) တွေကလည်း ပျော့သယောင် နဲ့ မာကျောတယ်။ ပုံစံကြီးကို ကြံ့ကြံ့ခံဖြတ်သန်းတယ်။ ထောင်က ၅ (ည) တွေ ဦးကျိုးပြီး လက်လျှော့လာမယ့်အခြေအနေကို စောင့်စားနေပေမယ့် မျှော်လင့်ထားသလို ဖြစ်လာမယ့်ပုံမပေါ်ဘူး။ ဒီကြားထဲမှာ ၅ (ည) တွေရဲ့ စည်းရုံးရေးဗျူဟာက သူတို့ကို များများနိုပ်စက်လေပိုပြီး သဘောထားကြီးပြလေပဲ။ သူတို့က တင်ဟန် နဲ့ ကျော်သူကို ဒေါသမထွက်ဘဲ ပြေပြေလည်လည်ဆက်ဆံတော့ ကျော်သူ့စိတ်ထဲမှာ ထူးဆန်းလာတယ်။ မနေနိုင်လို့ လေဘာခေါင်းဆောင်တစ်ဦးဖြစ်တဲ့ စက်မှုတက္ကသိုလ်ကျောင်းသား ဇော်ရဲဝင်းကို မေးကြည့်တော့ "ခင်ဗျားတို့က ကျွန်တော်တို့နဲ့ ရန်သူတွေမှမဟုတ်တာ။ ဘဝတူ အကျဉ်းသားတွေပဲ။ ဗိုလ်ကံ ခိုင်းသမျှ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ လုပ်နေတာကို ကျွန်တော်တို့က နားလည်တယ်" လို့ပြောတော့ လူမိုက်ကြီး ကျော်သူ ရေရေလည်လည် ကြွေသွားတယ်။ ဒီလိုအမျိုးအစားတွေကို သူ့ဘဝ တစ်လျှောက်မှာ မတွေ့ခဲ့ဖူးပါဘူး။

စစ်ခွေးတိုက်မှာ အနေကြာလာတော့ ကျော်သူက ၅(ည)တွေကို ကရုဏာသက်လာတယ်။ နောက်ပိုင်း ကျော်သူက တင်ဟန် ထက်စာရင် ၅(ည) တွေကို "အထာ" ထားလိုက်တယ်။ ဗိုလ်ကံက ငါးခါလောက်မောင်းခိုင်းရင် နှစ်ခါလောက်ပဲလုပ်တော့တယ်။ ဗိုလ်ကံကြားအောင် "သတိ" ဆိုတဲ့ အသံကို အကျယ်ကြီးအော်ပြီး နောက်မှ "အေးစေ" ကို ခပ်တိုးတိုး အော်ကာ ၅(ည)တွေ သက်သောင့် သက်သာနေနိုင်အောင် ပါးပါး နပ်နပ် လုပ်သွားတယ်။ ဗိုလ်ကံ စစ်ခွေးတိုက်အပြင်သွားရင် ဝါးဆစ်ပိတ်တုတ်နဲ့ တိုက်နံရံကိုခေါက်ပြီး အချက်ပေးတဲ့အတွက် ၅(ည) တွေ အေးအေးဆေးဆေး အနားယူခွင့်ရတယ်။ တစ်နည်းအားဖြင့် နှိပ်စက်ညှဉ်းပန်းမှုကို ကြံ့ကြံ့ခံဖို့ အားပြန်ဖြည့်ခွင့်ရတာပေါ့။ ပြန်လာရင်လည်း ဝါးဆစ်ပိတ်တုတ်နဲ့ နံရံရိုက်ပြီးအချက်ပေးတယ်။ ဒီလိုနည်းနဲ့ ပုံစံကြီးမရပ်မနားအပေးခံနေရတဲ့ ၅(ည) တွေ နည်းနည်း အသက်ရှူချောင်သွားတယ်။ ကျော်သူ နဲ့ ၅(ည) တွေ အဆင်ပြေနေတာကို စစ်ခွေးတိုက်မှာရှိတဲ့ Criminal (အကျဉ်သား) တွေက သိပ်မကြည်ဘူး။ ဒါပေမဲ့ ၅(ည) တွေက အင်အားများလို့ ဘာမှမလှုပ်ရှားဘဲ အခြေအနေ စောင့်ကြည့်နေတယ်။

ထူးဆန်းတာက ရက်သတ္တပတ် သုံးပတ်ပြည့်တော့ Labour Strike ၅(ည) အုပ်စုတွေကို ထောင်အာဏာပိုင်တွေက အလျှော့ပေးပြီး အဆောင်ပြန်ပို့ပေးလိုက်တယ်။ ပြီးတော့ သူတို့တောင်းဆိုထားတဲ့ ကိုယ်ပိုင်တောင်ယာလုပ်ခွင့်ကိုလည်း အသာတကြည်ပေးလိုက်တယ်။ အရင်တုန်းက ကိုယ်စိုက်ပြီး ကိုယ်မစားရတဲ့ ဘဝကနေ ကိုယ်စိုက်ပြီး ကိုယ်စားရတဲ့အတွက်ကြောင့် ၅ (ည) တွေက တောင်ယာအလုပ်ကို အားကြိုးမာန်တက် လုပ်ကိုင်လာကြတယ်။ ကိုယ်ပိုင်တောင်ယာလုပ်ခွင့်ပေးတယ်ဆိုပေမယ့် ထောင်ကခေါင်းပုံဖြတ်ယူတဲ့ ရာခိုင်နှုန်းက အတော်များပါတယ်။ ဥပမာ ၁၂ ဘောင်ရှိတဲ့ တောင်ယာတစ်ခုကို လုပ်ကိုင်ခွင့်ရတဲ့ ၅(ည) တွေက အကျဉ်းဦးစီးဌာနညွှန်ချုပ်အတွက် စိုက်ပျိုးရေးသီးနှံ ၃ ဘောင် ၊ ဒုညွှန်ချုပ်အတွက် ၃ ဘောင် ၊ ထောင်ပိုင်ကြီးအတွက် ၂ ဘောင် ၊ ထောင်ပိုင်လေးအတွက် ၁ ဘောင် ၊ မိန်းဂျေးလ်အတွက် ၁ ဘောင် ပေးရတယ်။ ကျန်တာကိုမှ စိုက်ပျိုးထားတဲ့ ၅(ည)တွေ အားလုံးမျှစားရတယ်။ နိုင်ငံရေးသမားတွေကလည်း တောင်ယာကထွက်လာတဲ့သီးနှံကို ထောင်ဝင်စာမလာတဲ့သူတွေအတွက် ဦးစားပေး ခွဲဝေပေးရပါတယ်။ အဲဒီအချိန်က

ထောင်ဝင်စာ မလာနိုင်တဲ့သူတွေထဲမှာ ကံဆောင်မှုကြောင့် ထောင်ကျလာတဲ့ ဦးဇင်းလေးတွေနဲ့ ဇရာဝတီတိုင်း ဘိုကလေး ဘက်က နိုင်ငံတော်ပုန်ကန်မှုနဲ့ကျလာတဲ့ ကရင်တွေက အတော်ချို့တဲ့ကြပါတယ်။ သူတို့တွေကို စားရေးသောက်ရေး အဆင်ပြေဖို့ ၅(ည) တောင်ယာတွေက ထောက်ပံ့ရပါတယ်။ စောစောကတင်ပြခဲ့သလို ညွန့်ချုပ် ၊ ညွန့်မှူး ၊ ထောင်ပိုင် တွေက သူတို့အတွက် အလှည့်ကျပေးထားတဲ့ဘောင်တွေက ထွက်တဲ့သီးနှံတွေကို အမှန်တကယ်တော့ သူတို့တွေ မစားကြပါဘူး။ ဟိုတောင်ယာက တစ်စု ၊ ဒီတောင်ယာက တစ်စု ၊ တောင်အပြင်တောင်ယာက တစ်စုနဲ့ သူတို့ရတဲ့ ဝေစုက အတော်များပါတယ်။ များလွန်းတဲ့အတွက်ကြောင့် သီးနှံတွေကို အင်းစိန်ဈေးမှာရောင်းပြီး ရတဲ့ငွေကိုခွဲဝေပေးရတာပါ။ ဘာပဲပြောပြော Labour Strike ကြောင့် ၅(ည) တွေ ကိုယ်ပိုင်တောင်ယာ ရသွားတာကတော့ သမိုင်းမှတ်တမ်းတစ်ခု ကျန် ရစ်ခဲ့ပါတယ်။

Labour Strike ၄၄ ယောက် အဆောင်ပြန်သွားပေမယ့် စစ်ခွေးတိုက်မှာတော့ မုန်တိုင်းစနေပါပြီ။ ဒီမုန်တိုင်းက တော့ ကျော်သူ့ကို ကြည့်မရတဲ့ "ဖိုး" တွေက ဗိုလ်ကံကို အကြီးအကျယ် အချွန်နဲ့မလို့ တိုက်ခတ်လာတဲ့ မုန်တိုင်းဖြစ်ပါ တယ်။ သူတို့က ကျော်သူဟာ ၅(ည) တွေကို တကယ်ပုံစံကြီးမပေးဘဲ ဗိုလ်ကံ ကျေနပ်အောင် ဟန်ပြ "ရုပ်ရှင်ရိုက်" ခဲ့ တာလို့ ကုန်းချောပါတယ်။ ဗိုလ်ကံကမယုံလို့ ကျော်သူ့ကိုမေးကြည့်တော့ ကျော်သူ က ဟုတ်တယ်လို့ ဝန်ခံလိုက်တယ်။ အဲဒီမှာတင် ဗိုလ်ကံ အကြီးအကျယ် ပေါက်ကွဲတော့တာပါပဲ။ ကျော်သူ့ကို ထိုင်ရာကထပြီး ပါးတွေရိုက် ၊ လက်သီးနဲ့ထိုး တယ်။ ကျော်သူက ဖွဲ့အိတ်တစ်အိတ်လိုပေပြီးခံတယ်။

"ကျော်သူ...မင်းက ငါမွေးထားတဲ့ ခွေးတွေလောက်တောင် ငါ့အပေါ် သစ္စာမရှိဘူး။ ငါကတော့ မင်းကို တော်တော် ယုံကြည်အားထားခဲ့တယ်။ ဒါပေမဲ့ မင်းက သစ္စာဖောက်တယ်"

ဗိုလ်ကံရဲ့ဒေါသက ဒီလောက်နဲ့ ရပ်မသွားဘူး။ ခါးက ခါးပတ်ကို ချွတ်ပြီးရိုက်တဲ့အပြင် ကျော်သူ့ကို ဒေါက်ခြေ ကျင်းခတ်ပြီး တိုက်ပိတ်လိုက်တယ်။

"ငါ့ကို သစ္စာဖောက်တဲ့ကောင် ... မင်းသိပ်ချစ်တဲ့ ၅ (ည) တွေ ခံစားရသလို ခံစားကြည့်လိုက်ပေါ့ကွာ"

ဗိုလ်ကံက ကျော်သူ့ ကို နေ့ရော ညရော အနားမရအောင် ပုံစံကြီးမောင်းခိုင်းတယ်။ စစ်ခွေးတိုက်မှာရှိတဲ့ လူမိုက် တွေကလည်း ခွင်ကြုံရတာနဲ့ ကျော်သူ့ကို အမဲဖျက်သလို ဝိုင်းဖျက်ကြတယ်။ ဒီကြားထဲ ဗိုလ်ကံက အခန်းထဲမှာပိတ်ထားတဲ့ ကျော်သူ့ကို တိုက်ခန်းအပြင်ကနေ "ကုန်းသီး" နဲ့ပစ်တယ်။ ကုန်းသီးဆိုတာက လောက်လေးခွထဲမှာ သံမူလီထည့်ပြီး ပစ်တာပါ။ တစ်ချက်ထိလိုက်တာနဲ့ ချက်ချင်းကွဲပြီး သွေးတွေ ရဲခနဲဖြာကျလာတယ်။ ကျော်သူကသတ္တိကောင်းတယ်။ ကြောက်တဲ့အသံ တစ်ချက်မှမထွက်ဘူး။ ဒါကို မြင်လေ ၊ ဗိုလ်ကံ ဒေါကန်လေပဲ။ ခြေထောက်ကို ဒေါက်ခတ်ထားတဲ့ ကျော်သူ့ကို ကုန်းသီးနဲ့ ပစ်လိုက် ၊ ပုံစံကြီး ထိုင်ခိုင်းလိုက်နဲ့ မောင်းနေတယ်။ ကျော်သူကလည်း သွေးအလိမ်းလိမ်းကြားထဲ ကပုံစံကြီးထိုင်ရတယ်။ ရက်ကြာလာတော့ ကျော်သူ့ အခြေအနေက မကောင်းတော့ဘူး။ အခန်းထဲမှာ ခွေပြီးလဲနေတဲ့ ကျော်သူ့ကို ထောင်ဆရာဝန်က လာစစ်ဆေးပြီးတဲ့ နောက်မှတော့ ဗိုလ်ကံကို Tature တွေ ရပ်ခိုင်းလိုက်တယ်။ ဒါပေမဲ့ ကျော်သူက ခေါင်းပြန်ထောင်မလာနိုင်ဘူး။ နောက်ဆုံးတော့ ထောင်ဆေးရုံတင်ဖို့ အမိန့်ပေးလိုက်တော့တယ်။ ဒီအချိန်မှာ ကျော်သူ ဘာဆက်ဖြစ်မလဲဆိုတာကို နားစွင့်နေတဲ့ အုပ်စုတွေရှိနေတယ်။ သူတို့တွေက စိုးမြတ်ကြီး နဲ့ ကျော်သူ ခေတ် ကောင်းစဉ်ကာလက "ငုပ်" နေရတဲ့ လူမိုက်အုပ်စုတွေပဲ။ အခုတော့ ထောင်ဆေးရုံကို ကျော်သူရောက်လာပြီဆိုတဲ့ သတင်း က တစ်ထောင်လုံးကိုပြန့်သွားတယ်။ ကျော်သူ့အတွက် မြွေပူရာကင်းမှောက်ဆိုသလို သူနဲ့ရန်သူတော်ဖြစ်ခဲ့တဲ့ "မူဆာကြီး" ကလည်း အပြင်ဆေးရုံကနေ လွှတ်မြောက်သွားပြန်သတဲ့။ ကျော်သူကလည်း အရာအားလုံးကို တွက်ဆထားပါတယ်။

စစ်ခွေးတိုက်ဟာ ကံတရားအရ သူ့အတွက်အလုံခြုံဆုံးဖြစ်ခဲ့ပေမယ့် လူပေါင်းထောင်ချီရှိနေတဲ့ အဆောင်တွေဆီကိုပြန်ရောက်သွားရင် သူ့ကို အမုန်းချေမယ့်လူ ၊ လက်စားချေမယ့်လူ ၊ အပျောက်ရှင်းမယ့်လူတွေ အနည်းနဲ့အများရှိနေတယ်ဆိုတာကို နားလည်ထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ကံဆိုးမိုးမှောင်ကျပြီး စစ်ခွေးတိုက်ကနေ ဗိုလ်ကံက ကန်ထုတ်လိုက်တဲ့အပေါ်မှာ လုံးဝနောင်တမရပါဘူး။ လူမိုက်တွေရဲ့ ထုံးတမ်းအစဉ်အလာအရ လာမယ့်ဘေးပြေးတွေ့ရုံပဲရှိပါတော့တယ်။

ကျော်သူ ထောင်ဆေးရုံရောက်လာတာကို အခြားသူတွေထက်ပိုပြီ းစိတ်ဝင်စားတဲ့ လူနှစ်ယောက်ပေါ်လာတယ်။ တစ်ယောက်ကတော့ တာမွေအိုးစုက "စိန်ကုလား" ဖြစ်ပြီး နောက်တစ်ယောက်ကတော့ ဆေးရုံကြီး လူမိုက်အုပ်စုထဲက ဇရှိတဲ့ "စိန်ဝင်း" တို့ ဖြစ်ပါတယ်။



# အင်းစိန်ထောင်
# အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများ

အပိုင်း [၁၃]

ဇော်သက်ထွေး

## အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင် လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၃)

- **ဝင်းတင်**

၁၉၈၈ ဒီမိုကရေစီအရေးအခင်းကြောင့် တပ်မတော်ကအာဏာသိမ်းပြီးစအချိန်။ မြန်မာနိုင်ငံရဲ့အကြီးဆုံးအင်းစိန် ဗဟိုစံပြအကျဉ်းထောင်ရဲ့ မိန်းဂျေးလ်လမ်းမဆိုတာ အကျဉ်းထောင်ရဲ့ ထောင်မှူး ၊ ထောင်ပိုင် ၊ ဂါဒ်တွေကလွဲပြီး အကျဉ်းသားတွေ တက်လျှောက်ခွင့်မရှိပါဘူး။ ဒါပေမဲ့ မိန်းဂျေးလ်လမ်းမကြီးပေါ်မှာ အဲဒီအချိန်က ပလေကပ်ပုဆိုးကို ဒူးလောက်မတင်ပြီး ဒေါ်သတကြီး ထောင်ပိုင်ကို ဆဲဆိုနေတဲ့ အကျဉ်းသားတစ်ယောက်ရှိပါတယ်။ "ကုန်းမှာ မြွေပွေး ၊ ရေမှာ ငါးရွှေ ၊ ထောင်မှာ စိန်ဌေးဆို အဆိပ်ပြင်းတယ်ဆို ၊ ကြီးကြီးကျယ်ကျယ်လာပြောမနေနဲ့။ ၈၈ အရေးအခင်းမှာ တစ်ထောင်လုံး ဆူပူပြီး မီးတင်ရှို့တဲ့အချိန်မှာ ခင်ဗျားဘယ်နေရာ သွားပုန်းနေတာလဲ။ မိုးထဲရေထဲမှာ အဲဒီအချိန်က အင်းစိန်ထောင်ကို ဘယ်သူအုပ်ချုပ်ခဲ့ရသလဲ။ အခုမှကျုပ်ကို ဟိန်းလားဟောက်လား ၊ ခြိမ်းလားခြောက်လားလာမလုပ်နဲ့ ၊ ကျေးဇူးမကန်းနဲ့" အင်းစိန်ထောင်ပိုင်ကြီးကို မိန်းဂျေးလ်လမ်းမပေါ်တက်ပြီး လက်ညှိုးငေါက်ငေါက်ထိုးဆဲဆိုနေတဲ့ ဒီအကျဉ်းသားကို ဘယ်သူမှ မတားရဲပါဘူး။

သူ့နာမည်က အီဆတ်။

သူက ၁၉၈၈ အရေးအခင်းကြောင့် အင်းစိန်ထောင် အုပ်ချုပ်ရေး ပျက်ပြားပြီး ထောင်ပေါက်သွားချိန်မှာ အင်းစိန်တစ်ထောင်လုံးကို အုပ်ချုပ်ထိန်းသိမ်းပေးခဲ့တာဖြစ်ပါတယ်။ သူ့လိုပဲ အဲဒီအချိန်က ဂန္ထဝင်လူမိုက်စာရင်းထဲ ထည့်ရမယ့် လူထူးလူဆန်းတွေရှိခဲ့ပါတယ်။ သူတို့ထဲမှာ စိုးမြတ်ကြီးက "အစ်ကို" လို့ ရိုရိုသေသေခေါ်ရတဲ့ "ကော်ပြန့်" ၊ ကော်ပြန့်က စတော့ဂိတ်ကပဲ။ မဟုတ်မခံကောင် လူဆိုးအစစ်။ ၈၉ ခုနှစ် ရုံးထုတ်နေတဲ့အချိန်မှာ ထောင်ဘူးဝနားက မိန်းမ ဆောင်မှာ မိန်းမအကျဉ်းသားတွေ မထားသေးဘူး။ အဲဒီမှာရုံးထုတ်တဲ့လူတွေကို စုထားလေ့ရှိတယ်။ အဲဒီမှာ ကော်ပြန့်က လူနှစ်ဆယ်နဲ့ တစ်ယောက် ခံချခဲ့တဲ့ကောင်။

နောက်တစ်ယောက် ရှိသေးတယ်။ သူက ကြိုးလွတ်သန်းလွင်။ အရှုံးသားသားကို သံချွန်နဲ့ထိုးဖို့ လုပ်တဲ့အထဲမှာ ပါခဲ့တာပေ့ါ။ သူက ညဘက်ရောက်ရင် ကြိုးတိုက်မှာကော်ခွက်ကို ပိုးကြိုးတပ်ထားတဲ့ လက်လုပ်စောင်းလေးကို တီးလေ့ရှိတယ်။ သူ့ကို ဘယ်သူသင်ပေးသွားတာလဲဆိုတော့ ဗိုလ်ချုပ်ခင်ညွန့်ကို ကော်ဆဲလို့ ၅(ည)နဲ့ ငါးနှစ်ကျသွားတဲ့ စောင်း ဦးမြင့်ဆွေ သင်ပေးသွားခဲ့တာ။

နောက်ဆုံးတစ်ယောက်ကတော့ ပုဇွန်တောင် စတော့ဂိတ်ကနေ ထောင်ကျလာတဲ့ "ဝင်းတင်"။

သူတို့အထဲကမှ ၈၈ အရေးအခင်း လူသတ်မှုနဲ့ ထောင်ကျလာတဲ့ စတော့ဂိတ်ဝင်းတင်အကြောင်းကို နည်းနည်း ပြောပြချင်ပါတယ်။ ဝင်းတင်ဟာ တကယ်တော့ လူဆိုးလူမိုက် စာရင်းဝင် မဟုတ်ပါဘူး။ တစ်နိုင်ငံလုံး အာဏာရှင်စနစ်ဖျက်သိမ်းရေးအတွက် တောင်းဆိုဆန္ဒပြတဲ့ထဲမှာ ပါဝင်လာပြီး ကံဆိုးမိုးမှောင်ကျကာ အရေးအခင်း လူသတ်မှုထဲ ပါဝင်ခဲ့တာ ဖြစ်ပါတယ်။ ထောင်ထဲမှာ လူချစ်လူခင်ပေါများပြီးတဲ့နောက်မှာ သတ္တိလည်းရှိတဲ့အတွက် ထောင်လူမိုက်တွေက ဝင်းတင်ကို "တန်း" တစ်ခုအရာပေးခဲ့တာပါ။ ထောင်ထဲမှာက အနေအစားချောင်ပြီး နာမည်ကြီးချင်ရင် "ရှိသုံးရှိ" ရှိရမယ်လို့ ဆိုရိုးစကားရှိပါတယ်။ အဲဒီ ရှိသုံးရှိကတော့ "ပိုက်ဆံရှိရမယ် ၊ ဂုဏ်ရှိရမယ် ၊ သတ္တိရှိရမယ်"တို့ဖြစ်ပါတယ်။ ဒီရှိသုံးရှိမရှိရင် ထောင်ထဲမှာ အာဂါဒါးစာရင်း ဝင်သွားပါလိမ့်မယ်။ ဝင်းတင် ကတော့ မိသားစုကလည်း ပိုက်ဆံရှိပြီး ထောင်ဝင်စာမှန်မှန်

လာနိုင်တယ်။ ပေါင်းသင်းဆက်ဆံရေးလည်း ပြေပြစ်တယ်။ ရုပ်ရည်ကလည်း သန့်ပြန့်မွန်ရည်တဲ့အတွက် "ဖိုး" တွေထဲမှာ ဝင်ဆံ့လာတာပါ။ ဝင်းတင်ကလည်း ထောင်အာဏာပိုင်တွေရော ၊ လူဆိုးတွေရောအားလုံးကို "ဇယား" နိုင်တယ်။ ဝင်းတင် အမြဲပြောတဲ့ စကားတစ်ခွန်းရှိတယ်။

"ဝင်းတင်ဆိုတာ သေရမှာ မကြောက်လို့ အစိုးရကို ဆန္ဒပြလာတာ။ ဝင်းတင်ကို ဖိုက်ချင်ရင် ကြိုက်တဲ့ လက်နက်နဲ့ လာထိုးကြည့်။ အား ... လို့အော်ရင် အဲဒါ ဝင်းတင်မဟုတ်ဘူး" လို့ ပြောတတ်တယ်။

တစ်နေ့တော့ဝင်းတင်အတွက် သူ့ရဲ့စကားတစ်ခွန်းဟာ သူ့သမိုင်းအတွက် သက်သေပြဖို့ဖြစ်လာတယ်။ ထောင်ထဲမှာဖိုးတွေက ထောင်ဂါဒ်တွေလစ်တာနဲ့ အချင်းချင်း လောင်းကစားလုပ်လေ့ရှိတယ်။ ၁၉၈၉ လောက် အင်းစိန် ထောင်ထဲမှာ ဂါဒ်တွေ ဖမ်းလို့မရတဲ့ လောင်းကစားနည်းတွေကတော့ စုံ မ ဝှက်တာပဲ။ နောက်ကစားနည်း တစ်ခုကတော့ ပဆစ်ပစ်တယ်။ အပြင်လောကမှာ ပဆစ်ပစ်တယ်ဆိုတာ ကြွေပန်းကန်ထဲမှာ ကြွေထည့်ပြီး ပစ်ရတာပါ။ ထောင်ထဲမှာ ကြွေကမရှိတော့ အလွယ်ရတဲ့ မန်ကျည်းစေ့ကို ပြုပြင်ပြီး အကွက်ဖော်တယ်။ ပြီးတော့မှ ပုံစံပန်းကန်ထဲကို ထည့်ပြီး တစ်ဘာရာ, တစ်ခြောက်ဆိုပြီး ပစ်ကြတယ်။ ဒါပေမဲ့ စုံ မ ဝှက်နည်းထဲမှာ "ဇယ်ဆုပ်" တဲ့ ကစားနည်းကတော့ ဝင်းတင်အသေအလဲကြိုက်တဲ့ကစားနည်းပါပဲ။ ဒီကစားနည်းက လူလေးယောက် အကွက်လေးကွက်ချပြီး ကစားရတာဖြစ်ပါတယ်။ တစ်ယောက်ကို မန်ကျည်းစေ့ အလုံး ၁၀၀ စီလောက် ဆုပ်ပြီးတော့မှ ကစားရတာဖြစ်ပါတယ်။ လူလေးယောက်ရှေ့မှာ ဂဏန်းကွက် စုံ မ လေးကွက်ရှိပြီး ဒိုင်ကိုတစ်ကွက် ပေးရပါတယ်။ ထိုးသားသုံးယောက်က ကျန်တဲ့ အကွက်သုံးကွက်မှာ ကြိုက်ရာထိုးလို့ရတယ်။ ပြီးတော့မှ လက်နဲ့ဆုပ်ထားတဲ့ မန်ကျည်းစေ့တွေကို ရေရတာပါ။ လက်ထဲမှာ နိုင်သလောက် ဆုပ်ထားတဲ့ မန်ကျည်းစေ့တွေကို လေးလုံးစီ ၊ လေးလုံးစီ ထုတ်ထုတ်သွားပြီး နောက်ဆုံးကျန်တဲ့ မန်ကျည်းစေ့က သုံးလုံးလား ၊ နှစ်လုံးလား ၊ တစ်လုံးလား ၊ ကိုယ်ထိုးတာနဲ့ ကိုယ့်လက်ထဲကျန်တာနဲ့ကိုက်ရင် ဒိုင်ကလျော်ရပါတယ်။ ဒီကစားနည်းကို ဝင်းတင်က အသေကြိုက်တယ်။ တစ်နေကုန် ဇယ်ဆုပ်နေလေ့ရှိတယ်။ ထောင်ဆိုတာက မတစ်ရာသားတွေဖြစ်တဲ့အတွက် ဝင်းတင်အ ပေါ်မှာ မကျေနပ်တဲ့သူကလည်း ပေါ်လာသေးတယ်။ သူ့နာမည်က "ကျွဲမ" လို့ ခေါ်ပါတယ်။ တကယ်တော့ မိုက်ဂုဏ်ရော ၊ ပေါင်းသင်းဆက်ဆံရေးမှာပါ ကျွဲမ က ဝင်းတင်ကို မယှဉ်နိုင်ပါဘူး။ ခက်တာက ထောင်ထဲမှာ လူမိုက်တန်းဝင်ချင်ရင် နာမည်ကြီးအောင် လုပ်ရတယ်။ နာမည်ကြီးချင်ရင် နာမည်ကြီးတဲ့ လူတစ်ယောက်ယောက်ကို ဖြိုနိုင်မှရမယ်။ အဲဒီအချိန် ဥပဒေက ထောင်တွင်းမှာ လူသတ်ရင် ထောင်ဒဏ်ငါးနှစ်ပဲ။ နာမည်မကြီးတဲ့ လူသတ်လည်း ငါးနှစ်ပဲ။ နာမည်ကြီးတဲ့ လူသတ်လည်း ငါးနှစ်ပဲ။ ဒီတော့ နာမည်ကြီးချင်တဲ့ ကျွဲမက ဝင်းတင်ကို ပစ်မှတ်ထားတယ်။ ဇယ်ဆုပ်တိုင်း ကျွဲမက အမြဲရှုံးပြီး ဝင်းတင်က အမြဲနိုင်တယ်။ နိုင်တဲ့သူပီပီ ဝင်းတင်က ကျွဲမကို "အိုးပေးရင် အရှုံးကစားပေးမယ်" လို့ စခဲ့ဖူးတယ်။ ဒါကို ကျွဲမက နာကျည်းပြီးအသဲပေါက်နေတယ်။ ဒါကြောင့် တောင်ယာသမား သုံးယောက်လောက်ကို စည်းရုံးပြီး ဝင်းတင်ကို သတ်ဖို့လုပ်တယ်။ အဲဒီနေ့က အဆောင်ရှေ့က ရေကန်နားမှာ ဝင်းတင်တို့က ဇယ်ဆုပ်နေတယ်။ ကျွဲမနဲ့ သူ့ ဘော်ဒါသုံးယောက်က ချွတ်တွေယူပြီး ဝင်းတင်ကို သတ်ဖို့ပြင်ဆင်နေကြတယ်။ ဒီသတင်းကိုကြားတဲ့ သူတစ်ယောက်က ဝင်းတင်ကို လာပြောတယ်။

"ကျွဲမတို့အုပ်စု ခင်ဗျားကို သတ်ဖို့ လုပ်နေကြတယ်" ဝင်းတင်က ဇယ်ဆုပ်ရင်း ကစားမပျက် ပြန်ပြောတယ်။

"ဟိတ်ကောင် ... ဝင်းတင် ဘဝမှာ ထွက်ပြေးတယ်ဆိုတာ ထုံးစံမရှိဘူး ၊ သတ္တိရှိရင် လေနဲ့မရိုက်နဲ့လို့"

သူ့ စကားအဆုံးမှာပဲ ကျွဲမတို့အုပ်စုက လက်နက်အသီးသီးနဲ့ ရေကန်ဘေးကို ရောက်လာတယ်။ ကျွဲမက ဝင်းတင်ကို မြင်မြင်ချင်း ချွတ်နဲ့ပြေးထိုးတယ်။ ဝင်းတင် အံ့သြချိန် မရလိုက်ပါဘူး။ ချွတ်ကို ကပျာကယာ ရှောင်လိုက်ပြီး တောင်ယာထဲကို

ပြေးသွားတယ်။ ကျွဲမတို့အုပ်စုက သံချွန်တွေ ၊ ပေါက်တူးတွေကိုင်ပြီး တောင်ယာထဲကို တရကြမ်းလိုက်လာတယ်။ ဝင်းတင်က တောင်ယာထဲမှာ အသင့်ရှိနေတဲ့ ရေပန်းခရားနဲ့ ကျွဲမတို့ လေးယောက်ကို ခုခံတယ်။ လုံးဝထွက်မပြေးဘူး။ တခြားအကျဉ်းသားတွေနဲ့ မိန်းဂျေးလ်ကလည်း အခြေအနေမြန်လွန်းလို့ မထိန်းသိမ်းနိုင်ဘူး။ ဒီအချိန်မှာ ဝင်းတင်ကိုကူဖို့ အဆောင်အပြင်ဘက်ကနေ စိုးမြတ်ရဲ့ အမူတွဲ "ဂါးဂါးလေး" က ပြေးလာတယ်။ ဒါပေမဲ့ အဆောင်မှာရှိတဲ့ ဝါဒါက တံခါးကို အမြန်ပိတ်လိုက်တယ်။ တောင်ယာကို လာကူလို့မရတဲ့အတွက် ဂါးဂါးလေးက "ဝင်းတင် ဒီကိုပြေးလာခဲ့" ဆိုပြီးအော်ခေါ် တယ်။ ဂါးဂါးလေး အသံကြားလို့ ဝင်းတင်က တစ်ချက်လှမ်းအကြည့်မှာ ကျွဲမက သံချွန်နဲ့ ပြေးထိုးလိုက်တယ်။ ဝင်းတင်ဗိုက် အသွားမှာ ကျွဲမနဲ့ ပါလာတဲ့သူတွေက လက်နက်မျိုးစုံနဲ့ ဝင်းတင်ကို ဝိုင်းထိုးလိုက်တော့တယ်။ တစ်ထောင်လုံး မကူညီနိုင် ဘဲ ကြည့်နေတဲ့အချိန်မှာ ဝင်းတင်ဟာ သွေးအိုင်ထဲလဲကျသွားတယ်။ အဲဒီအချိန်ကျမှ ခရာတွေမှုတ်ပြီး ဂါဒါတွေဝင်လာ တယ်။ ဝင်းတင်ကိုသတ်တဲ့ ကျွဲမတို့အုပ်စုလည်း မခုခံဘဲ အညံ့ခံလိုက်တယ်။ ဒီဖြစ်ရပ်ကို ဝိုင်းကြည့်နေတဲ့ ထောင်သား တွေထဲက လူတစ်ယောက်ရဲ့အသံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။

"ဝင်းတင်တော့သေသွားပြီကွ။ ဒါပေမဲ့သူ့စကားအတိုင်းပဲ သေသာသွားရော "အား"ခနဲ တစ်ချက်အော်မသွားဘူး" ကြားရတဲ့သူအပေါင်းဟာ ဘာမှမပြောနိုင်ဘဲ ဝင်းတင်အလောင်းကို ကြည့်ရင်း အံ့သြမှင်တက် တွေဝေနေကြတယ်။



# အင်းစိန် အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများ

အပိုင်း [၁၄]

ဇော်သက်ထွေး



စစ်ခွေးတိုက်၌ ကျော်သူ၏ ပုံစံကြီးမောင်းခြင်းခံခဲ့ရသော Labour Strike နိုင်ငံရေးအကျဉ်းသားများ
(ဝဲမှယာ) ဇော်ရဲဝင်း၊ တင့်ဆန်း၊ ထက်ရာဇာကျော်ကျော်တိတ်၊ ကျော်ကျော်သိန်း

# အင်းစိန်ထောင်အတွင်းမှ ဂန္ထ ဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၄)

- **ကျော်သူ**

စစ်ခွေးတိုက်ကနေ ဆေးရုံကိုရောက်နေတဲ့ ကျော်သူကို အပြတ်ရှင်းဖို့ စိတ်ကူးယဉ်တဲ့လူကယဉ်နေပြီ။ စီမံချက်ဆွဲတဲ့သူကဆွဲနေကြပြီ။ ထောင်ဆိုတာကလည်း ပြဿနာတစ်ခုဖြစ်ရင် အမြဲဘက်နှစ်ဖက် ရှိကြစမြဲပဲ။ အခုလည်း စိုးမြတ်ကြီးခေတ် ပြီးဆုံးသွားတဲ့နောက် သူ့ရဲ့လက်ရင်းလက်ငုတ်တွေကို ရှင်းလင်းဖို့ ကြံစည်သူတွေနဲ့ ခုခံဖို့ ကြံစည်သူဆိုပြီး နှစ်ဖက်လုံးမှာ ရှိလာတယ်။ ကျော်သူ့ကိုရှင်းဖို့ကြံစည်တဲ့ သူတွေထဲမှာတော့ တာမွေအိုးစုက စိန်ကုလား နဲ့ ရန်ကုန် ဆေးရုံကြီးအုပ်စုက စိန်ဝင်းတို့က သတင်းအထွက်ဆုံးဆိုတာ ရှေ့မှာ ပြောခဲ့ပြီးပါပြီ။ ဒီအခြေအနေမှာ အကာအကွယ်မဲ့နေတဲ့ကျော်သူ့ကို အဆောင်ကနေစိတ်ပူနေတဲ့ သူငယ်ချင်း ရောင်းရင်းတွေလည်းရှိတယ်။ သူတို့တွေထဲမှာ (၁) ဆောင်က သူတွေက အစိုးရိမ်ဆုံးပဲ။ သူတို့က ကျော်သူ့ဆီကို လှမ်းဆက်သွယ်ပြီး စိန်ဝင်းတို့ စိန်ကုလားတို့က သတ်ဖို့ကြံစည်နေတယ်ဆိုတာကို သတင်းကြိုပို့လိုက်တယ်။ ပြီးတော့ သူတို့ရန်က ကာကွယ်ရှောင်ထွက်ဖို့ကိုလည်း အကြံပေးထားတယ်။ (၁) ဆောင်က ဖိုးတွေက ကျော်သူ့အပေါ် သံယောဇဉ်ရှိတယ်။ ဘာလို့လဲဆိုတော့ ကျော်သူက စိုးမြတ်ကြီးရဲ့ အကူအညီနဲ့ (၁)ဆောင်မှာ နှစ်ရှည်လများ အနေကြာခဲ့လို့ပါပဲ။ ဒါ့အပြင် (၁)ဆောင်ကလူတွေ ပါးစပ်ဖျားထဲမှာ "ကျော်သူ ကျော်သူ"ဆိုပြီး တဖွဖွပြောခဲ့ရတဲ့ အဖြစ်အပျက် တစ်ခုကလည်း ကျန်ရစ်ခဲ့တာကိုး။

ဒီအဖြစ်အပျက်က ၁၉၈၉ ခုနှစ်မှာ ဖြစ်ခဲ့တာပါ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီပြုတ်အကျ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဆိုပြီး တပ်မတော်က အာဏာသိမ်းပြီးစအချိန်မှာ ဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးအတွက် အပြည့်အဝ မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဒီအခွင့်အရေးကို အိမ်နီးချင်း ထိုင်းနိုင်ငံက အမိအရယူပြီး မြန်မာ့ပင်လယ်ရေပိုင်နက်ထဲမှာ ငါးဖမ်းလေ့တွေ ထောင်ချီခိုးဝင်ပြီး စိတ်ကြိုက်ငါးခိုးဖမ်းခဲ့ပါတယ်။ ရေတပ်ကတတ်နိုင်သမျှ ဖမ်းဆီးတဲ့အချိန်မှာတော့ မြန်မာ့ရေပိုင်နက်ထဲ ခိုးဝင်တဲ့ ထိုင်းတံငါသည်တွေရာချီပြီး ထောင်တွေကိုရောက်လာပါတယ်။ အင်းစိန်ထောင်မှာလည်း ထိုင်းငါးဖမ်းသမားတွေ ရာချီပြီးရှိနေပါတယ်။ သူတို့တွေကို မြန်မာအကျဉ်းသားတွေနဲ့ ပြဿနာတက်မှာစိုးလို့ အင်းစိန်ထောင်မကြီးမှာ မထားဘဲ သီးသန့်ထောင် ၊ (၁) ဆောင် နဲ့ (၂) ဆောင် အပေါ်ထပ်တွေမှာ အာဏာပိုင်တွေက နေရာချထားပေးတယ်။ တစ်ရက်မှာ ထိုင်းအကျဉ်းသားတွေနဲ့အတူပါလာတဲ့ ပသျှူးလူမျိုး "ပဲ့နင်း" တစ်ယောက်နဲ့ ထိုင်းတွေရန်ဖြစ်ပြီး ပြဿနာတက်ကြတယ်။ အမှန်တကယ်တော့ အဲဒီပသျှူးက မွေ့ထိုင်းလက်ဝှေ့သမား။ ထိုင်းသူဌေးက သူ့အလုပ်သမားတွေကို ငြိမ်အောင်ထိန်းဖို့အတွက် သူ့ကို ပဲ့နင်းရာထူးပေးပြီး မြှောက်စားထားခဲ့တာ။ သူက ထောင်ထဲမှာ ဗိုလ်ကျလွန်းတော့ ထိုင်းတွေက မခံနိုင်ဘဲထချကြတာ။ နောက်ဆုံး ပသျှူးကိုခြေကျင်းခတ်ပြီး အင်းစိန်ထောင်မကြီးထဲပို့လိုက်တယ်။ ထောင်မကြီးရောက်တော့ လက်ဝှေ့ဝါသနာပါတဲ့ စိုးမြတ်ကြီးက သူနေတဲ့ (၁) ဆောင်ကို ခေါ်ထားလိုက်တယ်။ ခြေကျင်းကိုတော့ ဖြုတ်မပေးသေးဘူး။ စားရေးသောက်ရေး မခက်ခဲအောင်တော့ စီစဉ်ပေးထားလိုက်တယ်။ ဒီတော့ ပသျှူးက စိုးမြတ်ကြီးကို အရမ်းကျေးဇူးတင်နေတယ်။ စိုးမြတ်ကြီးကလည်းအားတဲ့အချိန်မှာ ပသျှူးဆီက မွေ့ထိုင်းပညာကိုသင်တယ်။ လက်ဝှေ့ ဝါသနာပါတဲ့ အခြားလူမိုက်တွေလည်း ပသျှူးဆီက လာသင်ကြတယ်။ တစ်ရက်တော့ စိုးမြတ်ကြီးက ပသျှူးကို သူနဲ့တစ်ပွဲတစ်လမ်းထိုးဖို့ပြောတယ်။ ဒါပေမဲ့ ပသျှူးက အသည်းအသန် ငြင်းတယ်။ တစ်ထောင်လုံးက ကြောက်ရွံ့ခယနေရတဲ့ စိုးမြတ်ကြီး နဲ့ ထိုးလို့ နိုင်ရင်လည်းအန္တရာယ်ရှိမှန်း ၊ ရှုံးရင်လည်းအန္တရာယ်ရှိမှန်း ပသျှူးလက်ဝှေ့သမားက ကောင်းကောင်းသိတယ်။ ခန္ဓာကိုယ်အရပ်အမောင်း အလေးချိန်ကတော့သိပ်မကွာဘူး။ ပသျှူးက အရပ် ၆ ပေ နီးပါး ရှိတယ်။ စိုးမြတ်ကြီး

ကလည်း ဒေါင်ကောင်းပါတယ်။ ဒါပေမဲ့ ပသျှူးက မထိုးဘူးဆိုတော့ ပွဲကောင်းကြည့်ချင်သူတွေ စိတ်ညစ်သွားတယ်။ နောက်ဆုံး ပသျှူးက စိုးမြတ်ကြီးရဲ့ဘေးက ရောကြီးကိုလက်ညိုးထိုးပြပြီး သူနဲ့ထိုးမယ်လို့ပြောတယ်။ ရောကြီးကတော့ အလုံးအထည်ကြီးပေမယ့် အရပ်အတော်ပုတော့ စိုးမြတ်ကြီးက ဆိုင်ပေးဖို့ ဝန်လေးနေတယ်။ ဒါပေမဲ့ ရောကြီးက ပသျှူးနဲ့ထိုးမယ်လို့ စိုးမြတ်ကိုပြောလိုက်တယ်။ ရောကြီးကလည်း သူ့တွက်ကိန်းနဲ့သူပဲ။ ဘာလို့လဲဆိုတော့ ပသျှူးက ခြေကျင်းမဖြတ်ရသေးဘူး။ ဒီတော့ ထိုးကြရင် သာမန်လူလို စိတ်တိုင်းကျ လှုပ်ရှားနိုင်မှာ မဟုတ်ဘူးလို့ တွေးထားတယ်။ သူက အရပ်ပုတော့ ပသျှူးက အလွယ်တကူ လဲ့နိုင်မှာ မဟုတ်ဘူး။ စိုးမြတ်ကြီးက သဘောပေါက်သွားပြီး သူတို့နှစ်ယောက် ထိုးဖို့ သဘောတူလိုက်တယ်။ အင်းစိန်ထောင်ထဲမှာ အာဏာပိုင်တွေ မသိအောင် လက်ပွေ့ပွဲတစ်ပွဲလုပ်ဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စဖြစ်ပါတယ်။ လက်ပွေ့ပွဲဖြစ်ရင်လည်း ထောင်ဂါဒ်တွေ လာလေ့မရှိတဲ့ မိလ္လာဆောင်ထဲမှာ လုပ်ကြရတယ်။ ပွဲလုပ်ချိန်မှာ ရှေ့ကင်း နောက်ကင်းတွေ ချထားရတယ်။ အဆောင်မှာ တာဝန်ကျနေတဲ့ ထောင်မှူးနဲ့ အဆောင်မှူးတွေကအစ အဆင့်ဆင့် လာဘ်ထိုးထားရတယ်။ ဒီကြားထဲမှာ မထင်မှတ်ဘဲ ထောင်ပိုင်လေးတို့ ထောင်ပိုင်ကြီးတို့ ဝင်လာရင် ချက်ချင်း လူစုခွဲနိုင်အောင်လည်း စီစဉ်ထားရတယ်။

ပသျှူး နဲ့ ရောကြီး လက်ပွေ့ပွဲက စိုးမြတ်ကြီးတာဝန်ခံပြီးလုပ်တဲ့ပွဲဆိုတော့ (၁) ဆောင် အဆောင်မှူးက မသိချင်ယောင်ဆောင်ပြီး မျက်စိမှိတ်နေလိုက်တယ်။ စိုးမြတ်ကြီး ကလည်း ပေးကမ်းသင့်တာကို အားလုံးပေးကမ်းထားပြီးပြီ။ (၁) ဆောင် တစ်ဆောင်လုံး ပွဲပြီးမီးသေပဲ။ အားလုံးက ပသျှူး နဲ့ ရောကြီးပွဲကို စိတ်ဝင်စားနေကြတယ်။ ဒါပေမဲ့ စိုးမြတ်ကြီးက လူစုလူဝေးဖြစ်မှာစိုးလို့ မိလ္လာဆောင်ကို အကျဉ်းသားတိုင်း လာခွင့်မပေးဘူး။ မျက်နှာကြီးအသိုင်းအဝိုင်းက အကျဉ်းသားတွေပဲ လာခွင့်ပေးတယ်။ ၅(ည) တချို့လည်း လာကြည့်ကြတယ်။ ပသျှူးက ခြေကျင်းကို ခြေသလုံးမှာကပ်ပြီး အသံမမြည်အောင်ကြိုးနဲ့ စည်းထားလိုက်တယ်။ ပြီးတော့ သာမန်လူလို လက်ပွေ့ရေးပြတယ်။ ခြေကျင်းတွေက ပါတယ်တောင်မထင်ရတော့ ရောကြီး မျက်နှာ တစ်ချက်ပျက်သွားတယ်။ ဒါပေမဲ့ ကြံတောသချိုင်းက ထွက်လာခဲ့တဲ့ လူမိုက်မို့ ရောကြီးက "ဇ" က တော့မသေးပါဘူး။ ဒီလိုနဲ့ ပသျှူး နဲ့ ရောကြီး လက်ပွေ့ပွဲ စလိုက်တယ်။ စိုးမြတ်ကြီးကိုယ်တိုင်ပဲ ဒိုင်လုပ်တယ်။ ပွဲစတာနဲ့ ပသျှူး ရဲ့ တရကြမ်းတိုက်စစ်ကို ရောကြီး ခံရတော့တယ်။ တော်ရုံတန်ရုံလူဆိုရင် တစ်ချီတည်း မှောက်သွားနိုင်ပေမယ့် ရောကြီးကမာတယ်။ ဒါပေမဲ့ ပွဲချိန်ကြာလာတာနဲ့အမျှ ပသျှူးရဲ့ လက်ပွေ့ပညာတွေက ပိုကြွလာတယ်။ ရောကြီးက မိုက်သာမိုက်တာ ၊ လက်ပွေ့မှ မထိုးဖူးတာကိုး။ ပညာချင်းကွာတော့ ရောကြီးတစ်ကိုယ်လုံး ဖူးရောင်ပြီး မျက်ခုံးလည်းကွဲနေပြီ။ ဒါကြောင့် စိုးမြတ်က ရောကြီးကို မေးလိုက်တယ်။

"ရောကြီး ဆက်ထိုးလို့ရသေးလား"

ရောကြီးက စကားတောင်ပြန် မပြောနိုင်ဘူး။ ပိတ်နေတဲ့မျက်လုံးကို ဖွတ်ဖွင့်ပြီးခေါင်းညိတ်ပြတယ်။ ဒါကြောင့် စိုးမြတ်ကြီး က ဆက်ထိုးခွင့်ပေးလိုက်တယ်။ ထိုးခွင့်ပေးလိုက်တာနဲ့ ပသျှူးရဲ့ ဒူးတွေ တံတောင်တွေက ရောကြီး ခန္ဓာကိုယ်ပေါ်ကို တရ စပ်ကျရောက်လာတယ်။ ပသျှူးကရောကြီးကို ဖွဲအိတ်ထိုးသလို တဖုန်းဖုန်းထိုးနေတယ်။ ပွဲကြည့်တဲ့သူတွေလည်း ငြိမ်သက် နေကြတယ်။ နောက်ဆုံး မိလ္လာဆောင်တွေထဲမှာ ကြည့်နေတဲ့ လူတွေထဲက အသံတစ်သံထွက်လာတယ်။

"ဒီပွဲကို ရပ်လိုက်"

အားလုံးကအသံလာရာဆီကိုလှည့်ကြည့်လိုက်တယ်။ ဘယ်သူမှထင်မှတ်မထားတဲ့ကျော်သူဖြစ်နေတယ်။ စိုးမြတ်ကြီးကလည်း ကျော်သူ့အပြုအမူကိုကြည့်ပြီး အံ့သြနေတယ်။ ဘာလို့လဲဆိုတော့ ကျော်သူကအဆောင်မှာ အေးအေးဆေး

ဆေး သိုသိုသိပ်သိပ်နေတတ် သူတစ်ယောက်မို့လို့ပဲ။ ကျော်သူက မတ်တတ်ထရပ်ပြီး ပသျှူးလက်ဝှေ့သမားကို ထိုင်းလို လှမ်းပြောတယ်။ ပသျှူးက ကျော်သူ့ကိုကြည့်ပြီး ရယ်တယ်။ ကျော်သူ့ကို ထိုင်းလိုပြန်ပြောပြီးတော့ စိုးမြတ်ကြီးကို မေးငေါ့ပြတယ်။ စိုးမြတ်ကြီးက ကျော်သူ့ကို လှမ်းမေးတယ်။

"မင်းတို့ ဘာပြောတာလဲ"

"ပသျှူးကို ကျွန်တော်နဲ့ ထိုးမလားလို့ ပြောတာ ၊ သူ့က ကိုစိုးမြတ်ကြီး ခွင့်ပြုရင်ရတယ်လို့ပြောတယ်"

ကျော်သူ့စကားကြောင့် အားလုံးအံ့သြသွားကြတယ်။ ပသျှူးနဲ့ထိုးတဲ့ ရောကြီးက အရပ်ပုနေလို့ မရှုမလှ ရှုံးနေတာထားတော့။ ကျော်သူလို လူ့ဗလံလေးက ပသျှူးနဲ့ ထိုးမယ်ဆိုတော့ အကျဉ်းသားတွေက ဟုတ်ပါ့မလားဆိုပြီး မယုံမရဲ ဖြစ်ကုန်တော့တယ်။ ဒီအထဲမှာ စိုးမြတ်ကြီးလည်းပါတယ်။ စိုးမြတ်ကြီးက ကျော်သူ့ကို ကြည့်ပြီး သေချာအောင်မေးတယ်

"ကျော်သူ ... မင်း ထိုးလို့ဖြစ်ပါ့မလား"

ကျော်သူက ခပ်အေးအေးပဲ ခေါင်းညိတ်ပြတယ်။ ပြီးတော့ ပသျှူးကို ထိုင်းလိုလှမ်းပြောတယ်။ ပသျှူးက သဘောတူတဲ့အနေနဲ့ ခေါင်းညိတ်ပြတယ်။ ကျော်သူက စိုးမြတ်ကြီးကို မြန်မာလို ပြန်ရှင်းပြတယ်။

"ကျွန်တော်တို့ထိုးရင် ကွဲတဲ့လူ အရှုံးလို့ ပြောတာကို ပသျှူးက သဘောတူတယ်"

စိုးမြတ်ကြီးက ကျော်သူ့ကို စိတ်မချဟန်နဲ့ သေချာအောင် ထပ်မေးတယ်။

"မင်းဖြစ်တယ်နော် ကျော်သူ"

"ရပါတယ်ဗျာ၊ မပူနဲ့"

စကားဆုံးဆုံးချင်း ကျော်သူ ဝိုင်းထဲကိုဝင်လာတယ်။ ပသျှူးကတော့ ရောကြီးနဲ့ ထိုးထားတော့ ခဏအနားပေးရတယ်။ ဒါပေမဲ့ ပသျှူးကြည့်ရတာ ကျော်သူ့ကို လုံးဝဂရုမစိုက်တဲ့ပုံပဲ။ ဟုတ်လည်း ဟုတ်လောက်တယ်။ ပိန်ပိန်ညှက်ညှက်ခန္ဓာကိုယ်နဲ့ သူ့ကို လာစိန်ခေါ်တာကို မမှုလောက်တဲ့ပုံပဲ။ နောက်ဆုံး ပသျှူးနဲ့ ကျော်သူ့ရဲ့ တိုက်ပွဲကစပြီ။ အဆောင်က လက်ဝှေ့ပွဲကို စိတ်ဝင်စားတဲ့သူတွေ အတော်များလာတယ်။ မိလ္လာဘက်ကို လူတွေထပ်မလာအောင် စည်းကမ်းထိန်းတွေက တားဆီးထားရတယ်။

မွေ့ထိုင်းလက်ဝှေ့ကျော် ပသျှူးက သူ့ရဲ့ထုံးစံအတိုင်း ဒူးတွေ ၊ တံတောင်တွေသုံးပြီး တရကြမ်းတိုက်စစ်ဆင်လာတယ်။ ကျော်သူနဲ့ရောကြီး ကွာတာက ပသျှူးရဲ့ တိုက်ကွက်တွေအားလုံးကို ကျော်သူက မထိအောင်ရှောင်နိုင်တယ်။ သူ့ဘက်က ပြန်ထိုးလို့ ပသျှူးကို ထိရင်လည်း ခပ်ပျော့ပျော့ပဲ။ ဒီတော့ စသလို နောက်သလို ဖြစ်နေတာပေ့ါ။ ပွဲချိန်ကြာလာတော့ ပသျှူးက ဒေါသထွက်ပြီးစိတ်ဆိုးလာတယ်။ ဒီလောက် လူ့ဗလံလေးကို လဲအောင်ကွဲအောင်မသိပ်နိုင်တော့ ရှက်တာလည်းပါမှာပေ့ါ။ ပသျှူးကထိုးလေ ကျော်သူက ရှောင်လေ။ နှစ်ယောက်လုံး ချွေးတွေက ရေချိုးထားသလို ရွဲရွဲနစ်နေပြီ။ အမှတ်မထင် ကျော်သူက အားလုံးထင်မှတ်မထားတဲ့ တိုက်ကွက်ကို တိုက်ပြလိုက်တယ်။ ပသျှူး သူ့ကို လိုက်ထိုးပြီးမောနေတဲ့အချိန်ရောက်မှ နောက်ပြန် ဘက်ကစ်နဲ့ ပသျှူးမျက်နှာကို ကန်လိုက်တာပါ။ ချက်ချင်းပဲ ပသျှူး နှုတ်ခမ်းကွဲပြီး သွေးတွေဖြာခနဲကျလာတယ်။ ပသျှူးက မွှန်ပြီး သွေးတွေကို လက်ခုံနဲ့သုတ်လို့ ကျော်သူ့ကို တရကြမ်းလိုက်ထိုးတယ်။ ကျော်သူ့ကို ချုပ်မိသွားပြီး ထိုးတော့မယ့်အချိန်မှာ စိုးမြတ်ကြီး နဲ့ အခြားသူတွေက ကမန်းကတန်း ကြားကဝင်ပြီး ပွဲထိန်းလိုက်ရတယ်။

ကျော်သူက ပသျှူးကို စည်းကမ်းမှာကွဲတဲ့သူ အရှုံးမို့လို့ မင်းရှုံးသွားပြီလို့ ထိုင်းလို လှမ်းပြောလိုက်တယ်။ ပသျှူးက လက်မခံဘဲ ချုပ်ထားတဲ့သူတွေ လက်ကနေ ရုန်းကန်နေတယ်။ စိုးမြတ်ကြီးက ပသျှူးဆီသွားပြီး လက်မကို အောက်စိုက်ပြလိုက်တယ်။ ဒီတော့မှ ပသျှူးလည်း အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး ခေါင်းငိုက်စိုက်ကျသွားတော့တယ်။

အဲဒီနေ့က လက်ပွေ့ပွဲဟာ အင်းစိန်ထောင်က အကျဉ်းသားတွေအတွက် ပြောစမှတ်တွင်ရစ်ခဲ့တယ်။ (၁) ဆောင် တစ်ဆောင်လုံးလည်း "ကျော်သူ ကျော်သူ" နဲ့ ဖြစ်ကုန်ကြတာပေါ့။ စိုးမြတ်ကြီး ကလည်းအားရကျေနပ်လွန်းလို့ ပွဲခံနေတယ်။ ပသျှူးလက်ပွေ့ကျော်က ကျော်သူနဲ့သူ့ကို နောက်တစ်ပွဲ တည်ပေးဖို့ စိုးမြတ်ကြီးကို မရမကပူဆာနေသေးတယ်။ ဒါပေမဲ့ ကျော်သူက ထောင်ထဲမှာ နောက်ထပ် ဘယ်တော့မှ လက်ပွေ့မထိုးတော့ဘူးလို့ အပြတ်ငြင်းလိုက်တယ်။ ဒီလိုအစဉ်အလာရှိတဲ့ ကျော်သူဟာ စိုးမြတ်ကြီး ထောင်ပြောင်းသွားမှ အရာကျသွားတာပါ။ အခုလည်းသူ့ကို အပြတ်ရှင်းဖို့ ကြံစည်နေကြသူတွေကြားမှာ သူ့ကိုချစ်တဲ့သူတွေကလည်း သံယောဇဉ် နဲ့ အသက်အန္တရာယ်မဖြစ်အောင် နေထိုင်ဖို့လှမ်းသတိပေးနေတာပါ။

အင်းစိန်ထောင်ရဲ့လူမိုက်တွေ အပြောင်းအလဲနဲ့အတူ အင်းစိန်ထောင်အာဏာပိုင် အပြောင်းအလဲကလည်း တစ်ဆက်တည်းဖြစ်လာပါတယ်။ အင်းစိန်ထောင်ကို အထူးအရာရှိအဖြစ် ဦးဘိုကြည် ရောက်လာတော့ ဦးဘိုကြည်က ထောင်ထဲမှာ သူ့လူတွေကိုမွေးတယ်။ အဲဒီအထဲမှာ ဆေးရုံကြီးအရေးအခင်း လူသတ်ခေါင်းဖြတ် အမှုတွဲထဲက စိန်ဂင်းက အရှိန်အဝါအကြီးဆုံးပဲ။ စိန်ဝင်းကလည်း အင်းစိန်ထောင်ကို ငါ့ဆရာရောက်လာပြီဆိုပြီး ကျန်တဲ့သူတွေကို အစွမ်းကုန် "ဖြဲ" တယ်။ ဒါကိုအရင် စိုးမြတ်ကြီးရဲ့လူတွေက မခံချင်ဘူး။ ဒီတော့ စိန်ဝင်းကို ခံတန်တန်လုပ်တယ်။ ဒီအုပ်စု ငြိမ်သက်သွားအောင် စိုးမြတ်ကြီး အုပ်စုထဲကကျော်သူ့ကို ရှင်းပစ်လိုက်မှဖြစ်မယ်လို့ စိန်ဝင်းကတွေးတယ်။ ဒါကြောင့်ဆေးရုံရောက်နေတဲ့ ကျော်သူ့ကို အပြတ်ရှင်းဖို့ အစီအစဉ်ဆွဲတယ်။

သူ့လိုပဲ ကျော်သူ့ကို ရှင်းချင်တဲ့သူက တာမွေအိုးစု ဂန္ထဝင်လူမိုက်ကြီး စိန်ကုလားပဲ ဖြစ်ပါတယ်။ စိန်ကုလား ပုံစံက ပိန်ပိန်ကျစ်ကျစ် ၊ အရုပ်မနိမ့်မမြင့် လက်မောင်းမှာ အရုပ်တွေထိုးထားတယ်။ သူက ကျော်သူနဲ့ ရန်ငြိုးရန်စတော့မရှိပါဘူး။ ကျော်သူ ရဲဘက်မထွက်ချင်လို့ ချွတ်နဲ့ထိုးလိုက်တဲ့ မှုဆာက သူ့ရဲ့ အပိုင်သားဖြစ်နေတော့ ဒီအကြွေးကို ပြန်ဆပ်ချင်လို့ ကျော်သူ့ကိုရှင်းချင်နေတာဖြစ်ပါတယ်။ စိန်ကုလားဟာ ၁၉၈၈ မတိုင်ခင်က သေဒဏ်ကျခံခဲ့ရပြီး နဝတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့် ကြိုးလွတ်ပြီး တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကို ပြောင်းလဲသွားခဲ့ရသူ ဖြစ်ပါတယ်။ သေဒဏ်က ပြောင်းလဲသွားပေမယ့် သူ့ကို ကြိုးတိုက်မှာပဲ ဆက်ထားခဲ့တယ်။ အဲဒီတုန်းက ကြိုးတိုက်မှာ နာမည်ကြီး ကြိုးသမားတွေဖြစ်တဲ့ မြန်မာအသံဝင်းကို လောင်ချာနဲ့ထုတဲ့ မန်းငွေအောင် အမှုတွဲတွေဖြစ်တဲ့ ရစ်ချက် ၊ ရစ်ကီ ၊ တွက်ကီ ၊ ရခိုင်ပြည်နယ် မင်းပြားမြို့က ဘဏ်ကိုဝင်စီးပြီး ငွေတွေထုတ်ယူခဲ့တဲ့ ရခိုင်သောင်းကျန်းသူအဖွဲ့ ၊ ပဲခူးရိုးမမှာ တပ်မတော်ရဲ့ ပိတ်ဆို့ဖမ်းဆီးခြင်းကိုခံခဲ့ရတဲ့ KNU အဖွဲ့ ၊ ထားဂယ်အောင်ထွန်းနဲ့အဖွဲ့ ၊ ကျောင်းထိုင်ဘုန်းကြီးကိုသတ်ပြီး ကထိန်အလှူပွဲက ငွေပဒေသာပင်တွေကို လုယူခဲ့တဲ့ နာနီ နဲ့ အငယ်လေး ၊ ဘိုကလေးမှာဖဲရှုံးလို့ ကြံရာမရဖြစ်ပြီး လေ့ပေါ်မှာတင် ကျောင်းသူလေးကို လှော်တက်နဲ့ရိုက်သတ်ပြီး နားကပ်ချွတ်ယူခဲ့တဲ့ ကျောင်းဆရာ စတဲ့သူတွေ အများကြီးရှိပါတယ်။ ကံကောင်းတာ နဝတအစိုးရ လက်ထက်မှာ သေဒဏ်အတည်ပြုဖို့ နိုင်ငံတော်သမ္မတမရှိတာကြောင့် ဘယ်သူ့ကိုမှကြိုးမပေးခဲ့ပါဘူး။ နောက်ဆုံးနှစ်တွေကြာလာတဲ့အခါ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ကြိုးကနေ တစ်သက်တစ်ကျွန်းကိုပြောင်းပြီး လျှော့ပေါ့ခံစားခွင့်တွေနဲ့ လွတ်မြောက်သွားကြရတာပဲဖြစ်ပါတယ်။ ဒီကြိုးတိုက်ထဲက ကြိုးသမားတွေရဲ့ ကြောက်ရွံ့စက်ဆုပ်ဖွယ်ရာ အမှုပေါင်းစုံထဲက စိန်ကုလားရဲ့အမှုကတော့ လမ်းစဉ်ပါတီခေတ်အုပ်ချုပ်သူ အာဏာပိုင်တွေအတွက် အရမ်းတုန်လှုပ်ချောက်ချားခဲ့ရတဲ့ အမှုဖြစ်ပါတယ်။



# အင်းစိန်ထောင် အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများ

အပိုင်း [၁၅]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၅)

- **အသားမည်းပေမယ့် အသဲဖြူတဲ့ စိန်ကုလား**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ စိန်ကုလားရဲ့အမှုကပါတီကောင်စီလူကြီးတွေကို ထိတ်လန့်ကြောက်ရွံ့စေခဲ့ပြီး လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းကိုယ်တိုင် တရားသူကြီးတွေကို လမ်းညွှန်ခဲ့ရတဲ့အမှုဖြစ်ပါတယ်။ အမှုဖြစ်စဉ်က အတော်အံ့သြစရာကောင်းပါတယ်။ တာမွေအိုးစုမှာနေတဲ့ စိန်ကုလားဟာ မဟုတ်မခံစိတ်ရှိပြီး သတ္တိရှိတော့ ရပ်ကွက်ထဲက လူတွေကနည်းနည်းရှိန်တယ်။ ဒါပေမဲ့စိန်ကုလားက မဟုတ်တာမလုပ်လို့ လူချစ်လူခင်ကလည်းပေါတယ်။သူ့ကို စိန်ကုလားလို့သာခေါ်ကြတာ သူကဗမာစစ်စစ်။ ချစ်စနိုးနဲ့ခေါ်ရင်း စိန်ကုလားဖြစ်သွားတာ။ တစ်နေ့တော့ ညီအစ်ကိုလိုခင်မင်ရတဲ့သူတစ်ယောက်က စိန်ကုလားဆီ ရောက်လာပြီး အကူအညီတစ်ခုတောင်းတယ်။

"စိန်ကုလား ငါ့ကို အာပီတူးတစ် ကောင်က ရန်လိုက်စနေတယ် ငါဒီကောင်နဲ့ ရန်မဖြစ်ချင်ဘူး"

"ဘယ်ကကောင်မို့လို့လဲ"

"ဒီကောင့်ဦးလေးက တာမွေကောင်စီကလူကြီးလေ ဒါကြောင့် ဒီကောင် ဇွတ်လုပ်နေတာ"

စိန်ကုလားက ဒီအကြောင်းကြားတော့ ခပ်ပေ့ါပေ့ါပဲသဘောထားတယ်။ ဒါကြောင့် သူ့သူငယ်ချင်းကို ရိုးရိုးသားသားပဲ အကြံပေးလိုက်တယ်။

"ဒါဆို သူ့ဦးလေးသွားတိုင်ကွာ"

"ဟာ ငါမတိုင်ရဲဘူး"

သူငယ်ချင်းစကားကြောင့် စိန်ကုလား ထောင်းခနဲဒေါသထွက်သွားတယ်။ ဒါကြောင့် သူ့ပင်ကိုစရိုက်အတိုင်း ပြန်ပြောလိုက်တယ်။

"မင်း ကြောက်ပဲ၊ ဒါဆို ငါသွားပြောမယ်"

သူငယ်ချင်းဖြစ်သူကလည်း စိန်ကုလားအကြောင်းသိတော့ မတားတော့ဘူး။ စိန်ကုလားက ခြေမြန်လက်မြန်နဲ့ ကောင်စီရုံးကိုထွက်သွားတယ်။ ရန်လိုက်စနေတဲ့ကောင်ရဲ့ ဦးလေးကို ရုံးခန်းထဲဝင်တွေ့ပြီး အကျိုးအကြောင်းပြောတယ်။ ကံဆိုးချင်တော့ကောင်စီလူကြီးက စိန်ကုလားကို လူကြီးစကားမပြောဘူး။ ပြောတဲ့စကားတွေက လူကြီးလူကောင်းမဆန်ဘူးလို့ စိန်ကုလား ခံစားလိုက်ရတယ်။ ကြည့်ပါဦး။

"မင်းသူငယ်ချင်းကို ငါ့တူက ဘာပြဿနာမှမရှိဘဲ ရန်စပါ့မလား ... သူတို့ကြားမှာ ပြဿနာတစ်ခုခုရှိလို့ပေါ့ကွာ"
စိန်ကုလား စိတ်ရှည်လက်ရှည် သည်းခံနားထောင်ပါသေးတယ်။

"ဒါကြောင့် ဦးလေးကိုလာတိုင်တာပေါ့၊ ဦးလေးတူကိုဦးလေးဆုံးမထားလိုက်ရင် သူတို့ချင်းဘာပြဿနာမှ ဖြစ်လာမှာမဟုတ်ဘူး" ပါတီကောင်စီကို ကြောက်နေရတဲ့ခေတ်မှာ စိန်ကုလားရဲ့ ပြောပေါက်က စိတ်ဆိုးဒေါသထွက်သွားစေတယ်။ ကောင်စီလူကြီးက စိန်ကုလားကိုပါ မကြည်တော့ဘူး။

"မင်း ငါ့ကို ဆရာလာမလုပ်နဲ့ မင်းတို့ကောင်ကို အခုချက်ချင်း ငါ ဖမ်းခိုင်းလိုက်လို့ရတယ်" အခြေအနေတွေက မထင်မှတ်ဘဲ တင်းမာကုန်တယ်။ စိန်ကုလားရဲ့ သတ္တိသွေးတွေကလည်း ပွက်ပွက်ဆူလာတယ်။

"ဖမ်းချင်လည်း ဖမ်းလေဗျာ ခင်ဗျားတို့က အာဏာရှိတဲ့သူတွေပဲ ကျုပ်တို့ကလည်း ဒေါသရှိတဲ့လူတွေပဲ"

စိန်ကုလားက ကောင်စီလူကြီးကို ပေါ်တင်ပဲစိန်ခေါ်ပြီး ရုံးခန်းထဲကထွက်လာလိုက်တယ်။ ညရောက်တော့ စိန်ကုလားကို ဘယ်သူမှလာမဖမ်းပါဘူး။ ဒါပေမဲ့ ပြဿနာရဲ့မြစ်ဖျားခံရာ စိန်ကုလားသူငယ်ချင်းကိုတော့ တာမွေအပိုင်ရဲ တွေကလာဖမ်းသွားတယ်။ ဒီသတင်းကြားတော့ စိန်ကုလားဒေါသက ငယ်ထိပ်ကိုရောက်နေပြီ။ မနေ့ကစကားပြော အဆင်မပြေတဲ့ ကောင်စီလူကြီးဆီကိုထပ်သွားတယ်။ ပြီးတော့သူ့သူငယ်ချင်းကို ဒီလောက်ထိ လုပ်ဖို့မလိုကြောင်းရှင်းပြတယ်။ ဒါပေမဲ့ ကောင်စီ လူကြီးက သူ့ရဲ့ ဩဇာအာဏာကို ပိုပြလိုက်တယ်။

"ငါကိုယ်တိုင် ဖမ်းခိုင်းလိုက်တာလေကွာ မင်းကဘာလုပ်ချင်လို့လဲ"

"လူငယ်ချင်း ကတောက်ကဆဖြစ်တာ ဦးလေးအနေနဲ့ ဒီလောက်ထိ အရေးယူဖို့မလိုဘူးထင်တယ်"

"လိုလို့လုပ်တာပေါ့ကွာ လိုအပ်ရင် မင်းကိုပါ အချုပ်ထဲထပ်ထည့်ဦးမှာ" ကောင်စီလူကြီးစကားကြောင့် စိန်ကုလား မွန်ထူသွားတယ်။ ဒါကြောင့် ရုံးခန်းထဲမှာပဲ ပေါ်တင်စိန်ခေါ်လိုက်တယ်။

"ကျုပ်ကို တကယ်ဖမ်းမှာလား လာဖမ်းလေ ဒါပေမဲ့ ဒီအတိုင်း ထောင်ထဲကိုဝင်မယ့် စိန်ကုလားမဟုတ်ဘူးဗျ"

"အေး ကြည့်ကြသေးတာပေါ့ကွာ"

စိန်ကုလား ကောင်စီရုံးခန်းထဲကထွက်လာလာချင်း ဒေါသကြောင့်ဘာကိုမှမမြင်တော့ဘူး။ တစ်ကိုယ်လုံးတုန်ယင်ပြီးမွှန်ထူနေတယ်။ အိမ်ကိုသွားပြီး နံရံမှာထောင်ထားတဲ့ ဓားပြန်ယူတယ်။ ပြီးတော့ဘာမပြောညာမပြောနဲ့ ကောင်စီရုံးထဲဝင်ပြီး ကတောက်ကဆဖြစ်ခဲ့တဲ့ လူကြီးကိုဝင်ခုတ်ပါလေရော။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းတယ်။ စိန်ကုလားရဲ့ဓားချက်အောက်မှာပဲ ကောင်စီလူကြီး အသက်ပျောက်သွားတယ်။ ဒါပေမဲ့ စိန်ကုလားရဲ့ ဒေါသကပြေမသွားဘူး။ နတ်ပူးသလိုသရဲစီးသလိုဖြစ်နေတယ်။ အသက်ဝိညာဉ်မဲ့နေတဲ့ ကောင်စီလူကြီးရဲ့အလောင်းကို စိန်ကုလားက လမ်းလယ်ကောင်ကိုဆွဲလာတယ်။ ပြီးတော့ ပါးစပ်ကလည်း တစ်ရပ်ကွက်လုံးကြားအောင် အော်ပြောနေတယ်။

"အာဏာပါဂါပြတဲ့လူ အနိုင်ကျင့်တဲ့လူဆိုရင် ဒါမျိုးကြုံရမယ်ပေ့ . . . စိန်ကုလားက မတရားတာဆိုလုံးဝမခံဘူးကွ ကြည့်ထားကြ"

စိန်ကုလားရဲ့လုပ်ရပ်ကြောင့် အဲဒီအချိန်က မိုက်ပါပေ့ဆိုတဲ့လူတွေစုရာ တာမွေအိုးစုတစ်ရပ်ကွက်လုံး တိတ်ဆိတ်သွားတယ်။ နောက်ဆုံးတော့ စိန်ကုလားကို ရဲကဖမ်းဆီးလိုက်ပြီး လူသတ်မှုနဲ့ စွဲချက်တင်လိုက်တယ်။ ဒါပေမဲ့ စိန်ကုလားက ကောင်စီလူကြီးကိုသတ်ပြီး လမ်းမပေါ်ဆွဲပြတဲ့သတင်းက တောမီးလိုပျံ့နှံ့သွားတော့ နိုင်ငံတော်အဆင့်လူကြီးတွေနားအထိပေါက်သွားတယ်။ နောက်ဆုံးလမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက စိန်ကုလားကို ပြင်းပြင်းထန်ထန် အရေးမယူရင် ပါတီကာင်စီကလူတွေအသက်အန္တရာယ် ပိုကြီးလာနိုင်တာမို့ တရားသူကြီးကိုခေါ်ပြီး စိန်ကုလား ဘယ်လိုပြစ်ဒဏ်ပေးရမယ်ဆိုတာ လမ်းညွှန်ရတဲ့အထိဖြစ်ခဲ့တယ်။ ဒီလိုနဲ့ စိန်ကုလားဟာတရားရုံးရဲ့ သေဒဏ်ကြိုးမိန့်ချခြင်းကိုခံခဲ့ရတယ်။

စိန်ကုလား ကံကောင်းတဲ့အချက်ကတော့ သူ့ရှေ့က ကြိုးသမားတချို့ကိုကြိုးပေးပြီး သေဒဏ်စီရင်နေချိန်မှာပဲ "မြဂေါင်" ကိစ္စပေါ်လာတယ်။ မြဂေါင်ကို ကြိုးပေးမယ့်အစီအစဉ် နှောင့်နှေးနေတော့ သူတို့အလှည့်ကလည်း နောက်ရောက်သွားတယ်။ ထပ်ပြီးကံကောင်းတာက ကြိုးသမားတွေကို အစဉ်လိုက်အတိုင်း ကြိုးပေးဖို့ စီစဉ်နေတဲ့အချိန်မှာပဲ အပြင်မှာ ငွေစက္ကူအရေးအခင်း ၊ ကျောင်းသားအရေးအခင်းတွေ ဖြစ်ပွားပြီး ပြည်သူလူထုတစ်ရပ်လုံးက အုပ်ချုပ်သူမဆလအစိုးရကို အုံကြွဆန္ဒပြတာတွေ ဖြစ်ပေါ်လာတယ်။ နောက်ဆုံးရှစ်လေးလုံး အရေးတော်ပုံကြီးပေါ်လာပြီး မဆလအစိုးရ ပြုတ်ကျသွားတယ်။ တပ်မတော် ကျောထောက်နောက်ခံပြုတဲ့ နဝတအစိုးရပေါ်ပေါက်လာတယ်။ နဝတအစိုးရကတက်တက်ချင်း ကြိုးသမားတွေကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပြောင်းပြီး ကျန်တဲ့အကျဉ်းသားတွေကိုလည်း နှစ်အပိုင်းအခြားအလိုက် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တယ်။ ဒီအထဲမှာစိန်ကုလားတို့လည်းပါသွားပြီး သေဒဏ်ကနေကျွန်းပြောင်းသွားတယ်။ ဒါကြောင့် သေဒဏ်ကြိုးလွတ်စိန်ကုလားတို့က မဆလအစိုးရကိုဆန္ဒပြတဲ့ ကျောင်းသားတွေ နိုင်ငံရေးသမားတွေကို ထောင်ထဲကနေ အရမ်းကျေးဇူးတင်နေတယ်။

နောက်တော့ နဝတအစိုးရက ဒီမိုကရေစီလိုလားတဲ့ ကျောင်းသားတွေ နိုင်ငံရေးသမားတွေကို အစုလိုက်အပြုံလိုက်ဖမ်းပြီး အင်းစိန်ထောင်ထဲထည့်ထားတယ်။ နိုင်ငံရေးသမားတွေကများလွန်းလို့ တစ်ထောင်လုံးကတိုက်တွေ ၊ အဆောင်တွေကို နေရာမှုပြီးထိန်းသိမ်းထားတယ်။ နိုင်ငံရေးအစဉ်အလာကြီးတဲ့သူတွေကိုတော့ လူအများကြီးနဲ့ တွေ့ခွင့်မပေးချင်လို့ တိုက်တွေထဲမှာ ဖမ်းထားတယ်။ ကြိုးတိုက်ထဲကို နာမည်ကြီး နိုင်ငံရေးသမားတချို့ရောက်လာတယ်။ ဒီအထဲမှာ သီပေါဘုရင်ရဲ့မြစ်တော်ဖြစ်တဲ့ တော်ဘုရားလေး ဦးအောင်ဇေ (တော်တော်) နဲ့ အဓိပတိ ဒေါက်တာဘမော်ရဲ့သမက်ဖြစ်သူ ဦးရဲထွန်းတို့လည်းပါလာတယ်။ သူတို့တွေကို ၁၀(က)ပုဒ်မနဲ့ ထိန်းသိမ်းထားတာကြောင့် မိသားစုနဲ့တွေ့ခွင့်မရဘူး။ အစားအသောက်ကလည်း အင်မတန်ဆင်းရဲတယ်။ ဒီအချိန်မှာ ကြိုးသမားတွေက နေ့စဉ် ကြက်ဉ ၊ ပေါင်မုန့် ၊ နွားနို့ ရတယ်။ နေ့စဉ်အသားစားရတယ်။ ရိုးရိုးအကျဉ်းသားက တစ်ပတ်တစ်ကြိမ်ပဲ အသားစားရတယ်။ ဒါကြောင့် အစားအသောက်တွေ အလျှံပယ်ဖြစ်နေတဲ့ စိန်ကုလားတို့က နိုင်ငံရေးသမားတွေကို တတ်နိုင်သလောက် ကျွေးမွေးစောင့်ရှောက်တယ်။ သူ့မှာရှိနေတဲ့အသားတွေကို ထောင်ထဲမှာ မရှိမဖြစ်လိုအပ်တဲ့ "ကျားမသန်းဌေး" ဆေးပေါ့လိပ်နဲ့ လဲလှယ်ပြီး ဆေးလိပ်ကြိုက်တဲ့ နိုင်ငံရေးသမားတွေကို ဝေပေးတယ်။ ဒါကြောင့် အိမ်နဲ့မတွေ့ရတဲ့ နိုင်ငံရေးသမားတွေအတွက်တော့ စိန်ကုလားက အရေးပါနေတာပေါ့။ ဒီကြားထဲ တော်ဘုရားလေး ဦးအောင်ဇေ (တော်တော်) က အသက်အရွယ်ရလာလို့ လူကြီးရောဂါတွေရှိတယ်။ သူပုံမှန်စားရတဲ့ ဆေးတွေရှိပေမယ့်ထောင်နဲ့ ထောက်လှမ်းရေးကညစ်ပြီး သွင်းမပေးဘူး။ ထောင်ဆေးရုံကပေးဝတဲ့ ဆေးမြီးတိုတွေပဲ သောက်နေရတော့ရောဂါက ပိုတိုးလာတယ်။ ဒီအခြေအနေမှာ စိန်ကုလားက ကြိုးတိုက်တာဝန်ကျဝန်ထမ်းတချို့နဲ့ အပေးအယူလုပ်ပြီး အဘတော်လိုချင်တဲ့ဆေးကို အင်းစိန်အပြင်ဆေးခန်းက ဝယ်ပြီးသွင်းပေးလိုက်တယ်။ သူကလည်း နိုင်ငံရေးသမားတွေကို ဒီနည်းနဲ့တုံ့ပြန် ကျေးဇူးဆပ်ရလို့ ကျေနပ်ပျော်ရွှင်နေတယ်။ ဒါပေမဲ့ ဒီအပျော်ကရေရှည်မခံပါဘူး။ သေဒဏ်တွေကို ကျွန်းပြောင်းပြီးတဲ့နောက် ထောင်အာဏာပိုင်တွေက သေဒဏ်ကြိုးလွတ်တွေကို အုပ်ချုပ်ရေးမှာ အသုံးချဖို့ ကြံစည်တယ်။ ဒါကြောင့် ကြိုးတိုက်ကနေ အဆောင်တွေကို တန်းစီး ၊ အခန်းလူကြီး ၊ စည်းကမ်းထိန်းရာထူးတွေနဲ့ ပို့လိုက်တယ်။ စိန်ကုလားက ကြိုးတိုက်ထဲက နိုင်ငံရေးသမားတွေရဲ့ စားဝတ်နေရေးကြောင့် အဆောင်ကို မသွားချင်ဘူးဆိုပြီး တင်ပြပေမယ့်လည်း အခြေအနေကိုရိပ်စားမိတဲ့ ထောင်ပိုင်က စိန်ကုလားကို နိုင်ငံရေးသမားတွေနဲ့ ဝေးအောင်အဆောင်ပို့လိုက်တယ်။ အဆောင်မှာကတော့ တိုက်ထဲမှာထက် ပိုပြီးအနေအစား ချောင်ပါတယ်။ စိန်ကုလားလို အရှိန်အဝါရှိတဲ့ သေဒဏ်ကြိုးလွတ်အကျဉ်းသားကိုလည်း နေရာကောင်းကောင်း ချက်ချင်းပေးတယ်။ ထောင်ထဲကို အမှုအမျိုးမျိုးနဲ့ရောက်လာတဲ့ အိုးစုသားတွေ မအူကုန်းသားတွေကလည်း သူတို့အပိုင်သားခေါင်းဆောင်ဆိုပြီး အရာပေးတယ်။ ဒီတော့လည်း စိန်ကုလားက အလိုက်အထိုက်နေရတော့တာပေါ့။ ဒါပေမဲ့ စိန်ကုလားရဲ့သမိုင်းမှာ အင်းစိန်ထောင်ကို

ရောက်လာတဲ့ ဘယ်နိုင်ငံရေးသမားကိုမှ အနိုင်ကျင့်တာ နိုပ်စက်တာမရှိခဲ့ပါဘူး။ တစ်ဖက်မှာတော့ထောင်ထဲမှာ ကျစ်နည်းမျိုးစုံနဲ့ ကလိမ်ကကျစ်ကျတတ်တဲ့ မ,တစ်ရာသားတွေနဲ့ ဆက်ဆံရတာပေါ့။ သူ့ကို နေရာပေးတဲ့အထဲမှာ သူ့ရဲ့အပိုင်သားဖြစ်တဲ့ မအူကုန်း မူဆာလည်းပါတယ်။ အဲဒီအချိန်မှာ မူဆာကလည်း အင်းစိန်ထောင်ထဲမှာ ဘုန်းမီးနေလတောက်ပနေတယ်။ သူ့ကိုလည်း အပိုင်သားချင်းဆိုပြီး စောင့်ရှောက်တယ်။

ဒီလိုနေလာခဲ့ရာကနေ မူဆာကို ကျော်သူက ချွတ်နဲ့ထိုးပြီး ရဲဘက်မထွက်ရအောင် "ရင်း" လိုက်တာကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရတယ်။ မူဆာကို အပြင်ဆေးရုံပို့ပြီး ဆေးကုတဲ့အခါ အိုးစုသားတွေရဲ့ ခေါင်းဆောင်ဆိုလို့ စိန်ကုလားပဲ ကျန်ခဲ့တော့တယ်။ ဒီတော့ ကျန်တဲ့အပိုင်သားတွေက စိန်ကုလားကို ပေါက်ပေါက်ဖောက်တာပေါ့။ မူဆာအတွက် ပြန်ပြီး ကလဲ့စားချေပေးဖို့ပြောကြတယ်။ အိုးစုသားတွေရဲ့ သိက္ခာကို စိန်ကုလားက ဆယ်ပေးဖို့တောင်းဆိုကြတယ်။ အမှန်တကယ်တော့ စိန်ကုလားက ကျော်သူနဲ့ ထိပ်တိုက် ဘာဇယားမှမရှိဘူး။ ဒါကြောင့် ကျော်သူ့ကို ပြန်လုပ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး သွေးအေးနေတယ်။ ကျော်သူ့ကိုတုံ့ပြန်ဖို့ တွေဝေတွန့်ဆုတ်နေတဲ့ စိန်ကုလားကို သူ့အပိုင်သားတွေက အားမရကြဘူး။ ဒါကြောင့် တစ်နေ့တော့ အားလုံးလူစုပြီး စိန်ကုလားကိုခေါ်ဆွေးနွေးတယ်။ ဆေးရုံကို ရောက်နေတဲ့ ကျော်သူ့ကို ဘယ်လိုသတ်ပေးမလဲပေါ့။ အခြေအနေက အကျပ်အတည်းကိုရောက်နေတယ်။ စိန်ကုလားကလည်း ပွင့်ပွင့်လင်းလင်းသမားဆိုတော့ အပိုင်သားတွေကို နှစ်မသိမ့်ချင်ဘူး။ ဒါကြောင့် ဟောဟောဒိုင်းဒိုင်းပဲ ပြောလိုက်တယ်။

"ကျော်သူ့ကို ရှင်းမယ်ဆို အချိန်မရွေး ငါရှင်းလို့ရတယ်။ ဒါပေမဲ့ စိုးမြတ်ကြီး ထောင်မပြောင်းခင် ကျော်သူ့ကို စောင့်ရှောက်ဖို့ ငါဆီက ကတိတောင်းသွားတယ်။ ငါတို့က လူဆိုးလူမိုက်တွေဆိုပေမယ့် အချင်းချင်းထားတဲ့ ကတိကိုတော့ ငါတည်ချင်တယ်ကွာ။ ဒါကြောင့် ကျော်သူ့ကို ငါမသတ်ချင်ဘူး"

စိန်ကုလားစကားဆုံးဆုံးချင်း တာမွေအိုးစုသမားတွေ အားလုံးစိတ်ဓာတ်ကျကုန်တယ်။ စိန်ကုလား ကျော်သူ့ကို လက်ရှောင်သွားတာ တစ်ထောင်လုံးသတင်းပြန့်သွားတယ်။ စိန်ကုလားက ကျော်သူ့ကို မသတ်ချင်ဘူးဆိုပေမယ့် ကျော်သူ့အသက်အန္တရာယ်ကင်းသွားပြီလို့မထင်ပါနဲ့။ ကျော်သူ့ကိုရာဇဝင်ကြွေးဆပ်ဖို့ တန်းစီနေတဲ့သူတွေထဲမှာ ဆေးရုံကြီးစိန်ဝင်းကရှေ့ဆုံးကပါပဲ။ ဒီအချိန်မှာပဲ စိန်ဝင်းကတော့ ဘယ်သူ့အကူအညီမှမပါဘဲ ကျော်သူ့ကို ရှင်းမယ်လို့ ပေါ်ပေါ်ထင်ထင် ကြေညာလိုက်ပြီ။ ဒါကြောင့် ကျော်သူကလည်း ထောင်ဆေးရုံကနေ စိန်ဝင်းတို့ရဲ့ ခြေလှမ်းတွေကို သတိထား စောင့်ကြည့်နေတယ်။

ဂန္တ ဝင်လူမိုက်ကြီးများအကြောင်း ဇာတ်သိမ်းမရေးခင်မှာပဲ . . .

"ကျုပ်ဘဝသက်တမ်းတစ်လျှောက် အင်းစိန်ထောင်ရဲ့အရှိန်အဝါအကြီးဆုံး လူမိုက်တွေဖြစ်တဲ့ အီဆတ် ၊ စိုးမြတ် ၊ ကျော်သူ ၊ စိန်ဝင်း အားလုံးနဲ့ အတူနေခဲ့ဖူးတယ်။ ဒါပေမဲ့ ကျုပ်အလေးစားဆုံး လူမိုက်ကြီးကတော့ ကြည့်မြင်တိုင်က ကိုစံငြိမ်းပဲ" လို့ ပြောလာသူတစ်ယောက် ရှိပါတယ်။ သူကတော့ ထောင်ကလွတ်ပြီး ဘဝသစ်ကို တည်ဆောက်နေသူ "ရေဘဝဲဘိုနီ" ပါပဲ။ သူက အင်းစိန်ထောင်ရဲ့ ဂန္တ ဝင်လူမိုက်တွေထဲမှာ မပါမဖြစ်ပါရမယ့် လူတချို့အမည်ကိုလှမ်းပေးခဲ့ပါတယ်။

ဒီလူတွေ အကြောင်းရေးမှ ဂန္တ ဝင်လူမိုက်စာရင်းကပိုပြီးပြည့်စုံမှာပါ။

ဒါကြောင့် ရှေ့အပတ်မှာ ရေဘဝဲဘိုနီအကြောင်းကို ဆက်ရေးပါမယ်။



# မိုးခါးရေ အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများ

## အပိုင်း [ ၁၄ ]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၆)

- **ဂဋ္ဌုန်စီမံချက်ကြောင့် ဘဝပျက်ခဲ့ရသူ ရေဘဝဲဘိုနီ**

ခေတ်အဆက်ဆက် အင်းစိန်ထောင်ဂန္ထဝင်လူမိုက်ကြီးတွေနဲ့ ကြုံဆုံခဲ့ရတဲ့ ဘိုနီကိုလူမိုက်ကြီးတွေထဲက ကိုစံငြိမ်း မှရွေးပြီးဘာလို့ လေးစားရတာလဲလို့ မေးကြည့်မိတယ်။ ဘိုနီပြောတာက "ကိုစံငြိမ်းက ကြည့်မြင်တိုင်သားဆိုပေမယ့် သူ့အ ပိုင်သား ကိုယ့်အပိုင်သား မခွဲခြားဘူး။ ပြီးတော့ မယုတ်မာဘူး။ ထောင်ထဲမှာ မတွန်းဘူး မချွန်ဘူး မကျစ်ဘူး။ ဒါကြောင့် ကျွန်တော်က တောင်ဥက္ကလာသားဖြစ်ပေမယ့် ကိုစံငြိမ်းကို လေးစားရတာ" လို့ ပြန်ဖြေတယ်။ ရေဘဝဲဘိုနီလို့ ထောင်ထဲမှာ နာမည်ကြီးခဲ့တဲ့ ဘိုနီက အခုတော့ အသက်အရွယ်လည်းရခဲ့သလို အတွေ့အကြုံလည်း ကြွယ်ဝနေခဲ့ပါပြီ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၃၈နှစ် သူ ၁၇နှစ်သားအရွယ်က ခေတ်ဆိုးစနစ်ဆိုးထဲမှာ သူ့ဘဝပြောင်းလဲသွားရပုံကို အခုအချိန်ထိ အမှတ်ရနေဆဲ ဖြစ် ပါတယ်။

တောင်ဥက္ကလာမှာမွေးဖွားခဲ့တဲ့ ဘိုနီနဲ့ သူ့မိသားစုဟာ ဆူးလေလမ်းမပေါ်မှာ ဈေးရောင်းရင်း ဘဝဝမ်းကျောင်းရ တဲ့ ရိုးရိုးသာမန် မိသားစုတစ်စုဖြစ်ပါတယ်။ ဒါပေမဲ့ တစ်နေ့တော့ သူတို့ရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ ဘဝထဲကိုမုန်တိုင်း ထန်တဲ့ နေ့ရက်တစ်ရက် ရောက်ရှိလာပါတယ်။ အဲဒါကတော့ မဆလအစိုးရရဲ့ "ဂဋ္ဌုန်စီမံချက်" ဆိုတာပဲဖြစ်ပါတယ်။ ၁၉၇၉ ခုနှစ်မှာ ချမှတ်ခဲ့တဲ့ ဂဋ္ဌုန်စီမံချက်ကြောင့် ရန်ကုန်စည်ပင်သာယာဝန်ထမ်းတွေနဲ့ လမ်းဘေးဈေးရောင်းသူတွေကြား လိုက် တမ်းပြေးတမ်း ကစားခဲ့ရသလို ဈေးသည်တွေလည်း ထောင်နှုတ်ခမ်းနင်းခဲ့ရပါတယ်။ ဈေးရောင်းမှ ထမင်းစားရတဲ့ဘဝမို့ ရဲတွေလာဖမ်းရင် ပြေးလိုက် တခြားလမ်းတစ်နေရာမှာ ရောင်းလိုက်နဲ့ သံသရာလည်နေပါတယ်။ ဒါပေမဲ့ ရေရှည်တော့ ထွက်ပြေးလွတ်မြောက်ဖို့ မဖြစ်နိုင်တော့ပါဘူး။ သူ့မိသားစုဟာ မြို့ထဲမှာဈေးရောင်းလို့ ဂဋ္ဌုန်စီမံချက်နဲ့ အဖမ်းခံလိုက်ရပါ တော့တယ်။

စီမံချက်ဆိုတဲ့အတွက်ကြောင့် စည်ပင်ကလည်း ဈေးသည်တွေကိုဖမ်းပြရသလို တရားရုံးတွေကလည်း ထောင် ဒဏ်ချမှတ်ပေးရပါတယ်။ ဒီစတေးခံရသူတွေထဲမှာ လူပျိုပေါက်စ ဘိုနီလည်းပါသွားခဲ့ပါတယ်။ အဖေနဲ့အမေကို ဂဋ္ဌုန်က ဖမ်းတော့ မိဘတွေ ထောင်ထဲမရောက်စေချင်လို့ သူကကိုယ်စားဝင်ခံပြီး အဖမ်းခံတာဖြစ်ပါတယ်။ နောက်တော့ သူ့ကို ကျောက်တံတားမြို့နယ်တရားရုံးက ထောင်ဒဏ်ခြောက်လ ချမှတ်လိုက်ပါတယ်။ ထောင်ထဲရောက်တော့ ဘိုနီအတွက် အရာရာဟာ ထိတ်လန့်တုန်လှုပ်စရာတွေချည်းပါပဲ။ အားကြီးတဲ့လူက အားနည်းတဲ့လူကို အနိုင်ကျင့်တယ်။ ငွေကြေးချမ်း သာတဲ့သူတွေက ထောင်ထဲမှာ ကောင်းကောင်းနေရပြီး ပိုက်ဆံမရှိတဲ့သူတွေက သူများမလုပ်ချင်တဲ့အလုပ်တွေ လုပ်ရ တယ်။ ပိုက်ဆံမပေးနိုင်တဲ့သူတွေဟာ ဆီးအိုးထမ်းရတာတွေ မိလ္လာအိုးသွန်ရတာတွေကို လုပ်ရပါတယ်။ အင်းစိန်ထောင်မှာ ဘိုနီဟာ ခဏပဲနေရပြီး ရန်ကုန်-မန္တလေးအမြန်လမ်း ဖောက်လုပ်တဲ့နေရာက ရဲဘက်စခန်းတွေကို ပို့တဲ့ထောင်သား တွေထဲမှာ ပါဝင်သွားတော့ဝယ်။ ရန်/မန်း လို့ ခေါ်တဲ့ အဝေးပြေးလမ်း အမှတ် (၄) ရဲဘက်စခန်းကို ဘိုနီရောက်သွားတော့ ဒုတိယကမ္ဘာစစ်က ချွေးတပ်စခန်းတစ်ခု ရောက်သွားသလိုပါပဲ။ လူတွေအားလုံးဟာ အာဟာရဓာတ် ချို့တဲ့ပြီး အရိုးငေါငေါ နဲ့ ဖြစ်နေတယ်။ လမ်းဖောက်တဲ့နေရာမှာ မဖြစ်မနေသုံးရမယ့် ယန္တရားတွေမရှိဘဲ လူအားနဲ့ လုပ်နေတာကို တွေ့ရတယ်။ အဓိက,ကတော့ မြေကြီးထဲက ကျောက်တွေကို တူးထုတ်ပြီး လမ်းခင်းဖို့ ပြန်ခွဲပေးရတာပါပဲ။ ကျောက်ခွဲခွဲတဲ့နေရာမှာ တူနဲ့ မတော်တဆထုမိလို့ လက်ချောင်း ဆုံးရှုံးသွားတဲ့သူတွေ ကျောက်ခဲစမှန်လို့ မျက်လုံးပျက်သွားတဲ့သူတွေ အများအပြား ရှိ ပေမယ့် အကျဉ်းစခန်းကလျော်ကြေးပေးဖို့ နေနေသာသာ ဆေးထည့်ပေးတာပဲ တော်လှပြီလို့အောက်မေ့ရတဲ့ ခေတ်အခြေ

အနေ ဖြစ်ပါတယ်။ ထုံးစံအတိုင်းပိုက်ဆံရှိပြီး လိုင်းဝင်ထားတဲ့သူတွေက စခန်းမှာ သီးခြားအိမ်လေးတွေနဲ့ ဇိမ်ကျကျ နေနိုင်သလို မိသားစုကိုလည်း အချိန်မရွေး ခေါ်ထားခွင့်ရှိပါတယ်။ ပိုက်ဆံမရှိတဲ့ အကျဉ်းသားတွေနဲ့ ဘိုနီတို့လို မိသားစု မလာနိုင်တဲ့ အကျဉ်းသားတွေကတော့ အသက်အန္တရာယ်နဲ့နီးတဲ့ အလုပ်မှန်သမျှ အကုန်လုပ်ရပါတယ်။ ဘိုနီတို့ဟာ နေ့စဉ်ပဲခူးရိုးမ လျှိုတွေထဲမှာရှိတဲ့ ကျောက်တုံးကြီးတွေကို လူအားနဲ့ မနိုင့်တနိုင် မ,ပြီး အမြန်လမ်းဘေးမှာရှိတဲ့ ကျောက်ခဲခွဲတဲ့နေရာကို ပို့ရတယ်။ အမှန်တကယ်တော့ ဒီကျောက်တုံးကြီးတွေရဲ့ အလေးချိန်ဟာ လူလေးငါးခြောက်ယောက် မ,မှရနိုင်ပေမယ့် သူတို့ကတော့ နှစ်ယောက် သုံးယောက်နဲ့ မ,ခဲ့ရပါတယ်။ သူတို့ကို အလုပ်တွင်အောင် မောင်းနှင်ဖို့ တုတ်ကိုင်ထားတဲ့ အကျဉ်းသား ဘုတ်ကိုင်တစ်ယောက်က အမြဲကြီးကြပ်နေပါတယ်။ အလုပ်လုပ်တာနှေးနေရင် မတွင်ရင် ကျောကုန်းကို ဘုတ်ကိုင်က မရပ်မနား ရိုက်နှက်တတ်ပါတယ်။ အစားအစာကလည်း မဝရေစာပဲ ကျွေးထားတာပါ။ ထမင်းမဝလို့ ထပ်တောင်းရင် ထပ်တောင်းတဲ့ အကျဉ်းသားကို မှတ်ထားပြီး တခြားတစ်နည်းနည်းနဲ့ အပြစ်ရှာရိုက်နှက်တတ်ပါတယ်။ နောက်တော့ ရဲဘက်တွေက သဘောပေါက်သွားပြီး ထမင်းထပ်မတောင်းရဲတော့ဘဲ ကျွေးသမျှနဲ့ တင်းတိမ်ရောင့်ရဲတတ်သွားပါတော့တယ်။

နေမကောင်းတဲ့အခါမှာလည်း ရဲဘက်တွေဟာ ဆေးခန်းမပြရဲပါဘူး။ ရဲဘက်စခန်းမှာရှိတဲ့ အကျဉ်းဦးစီးက တာဝန်ခံဆေးမှူးက အစွမ်းကုန်နှိပ်စက်တတ်လို့ ဖြစ်ပါတယ်။ ရဲဘက်တွေဆေးခန်းပြရင် ဆေးမှူးက အဆင့်အတန်း A,B,C ဆိုပြီး သုံးမျိုးခွဲခြားထားပါတယ်။ A ကို ဆေးနားအဖြစ် သတ်မှတ်ပေးပေမယ့် ဒီလိုအခြေအနေက သေခါနီးပုဂ္ဂိုလ်တွေ လုံးဝမထနိုင်တော့တဲ့သူတွေကို ပေးတာဖြစ်ပါတယ်။ B ကတော့ မင်းနေမကောင်းဘူးဆိုပေမယ့် ဒီလောက် အခြေအနေအဆိုးကြီး မဟုတ်သေးဘူး။ ဒီတော့ အလုပ်စခန်းကို ဆက်လိုက်သွား လက်ကောက်လာမကျနဲ့ဆိုပြီး ပြောလေ့ရှိပါတယ်။ C ကတော့ နေမကောင်းဘူးဆိုတာ အလုပ်မလုပ်ချင်လို့ သက်သက်လိမ်တာ ဒီတော့ ပညာပေးရမယ်ဆိုပြီး ကျောကော့နေအောင် အရိုက်ခံရတာ ဖြစ်ပါတယ်။ ဒီတော့ ရဲဘက်စခန်းက အကျဉ်းသားဟာ တော်ရုံ နေမကောင်းရုံလောက်နဲ့ ဆေးခန်းပြဖို့ တွန့်နေတတ်ပါတယ်။

ဒီလိုဆိုးဝါးတဲ့ ရဲဘက်စခန်းမှာ ဘိုနီဟာ သူ့အသက်အရွယ်နဲ့မမျှတဲ့ ကျောက်ခဲသယ်တာ ကျောက်ခဲခွဲတာတွေ လုပ်ရပါတယ်။ တစ်နေ့တော့ အမြန်လမ်းဘေးမှာ ကျောက်ခဲခွဲရင်းလက်ကို နည်းနည်းထိသွားတယ်။ နာသွားတဲ့အတွက် ကြောင့် တူကိုပစ်ချပြီး လက်ကို အနာပျောက်အောင်ခါနေတယ်။ ပြီးတော့ တူနဲ့ထုမိတဲ့ လက်ထိပ်ဖျားကို တံတွေးနဲ့ပွတ်နေလိုက်တယ်။ ဒါကို တွေ့သွားတဲ့ ဘုတ်ကိုင်က ဘိုနီ့ကို အလုပ်မလုပ်ဘူးထင်ပြီး သူ့ခေါင်းကို တုတ်နဲ့ အဆက်မပြတ်လာရိုက်တယ်။ ရုတ်တရက် ထူပူသွားတဲ့ဘိုနီဟာ ဘာကိုမှစဉ်းစားမနေတော့ဘဲ သူ့ဘေးနားက တူကိုယူပြီး ဘုတ်ကိုင်ကို ထုချလိုက်တယ်။ ဘုတ်ကိုင်လည်း ခွေခနဲလဲကျသွားတယ်။ နောက်တော့ ရဲဘက်စခန်းကဝန်ထမ်းတွေ ဂီစီမှုတ်ရောက်လာပြီး ဘိုနီကို ချုပ်လိုက်တယ်။ ပြီးတော့ ဒေါက်ခတ် ခြေကျင်းခတ်လိုက်တယ်။ အဲဒီနေ့က ဘုတ်ကိုင်ကို ပြန်ချတဲ့ ဘိုနီကို ဝိုင်းနှက်လိုက်ကြတာ ပယ်ပယ်နယ်နယ်ပါပဲ။ ဘိုနီလည်း အသက်မသေဘဲ မျော့မျော့ပဲကျန်တော့တယ်။ တစ်ခုအမြတ်ရတာကတော့ ဝါဒါတွေကြားထဲမှာရော ရဲဘက်တွေ ကြားထဲမှာပါ ဘိုနီဟာ "ဇ" ရှိတဲ့ ကောင်လေးအဖြစ် သတင်းပြန့်သွားတာပဲ။ အစကတော့ ဘိုနီရဲ့ လက်တံကို သိပ်မမြင်ကြသေးဘူး။ နောက်တော့ အသက်ငယ်ပေမယ့် မာတဲ့ဘိုနီကို လျှော့မတွက်ရဲတော့ဘူး။ ဘိုနီအနေနဲ့ကလည်း မိုက်ချင်လို့မိုက်တာမဟုတ်ပါဘူး။ ဘဝပေးအနေအထားကကို ဆိုးဖို့မိုက်ဖို့ ဖြစ်လာခဲ့တာပါ။ ဂဠုန်စီမံချက်ကြောင့် မိသားစုအတွက် ကိုယ်စားခံခဲ့ပေမယ့် ထောင်ထဲမှာဒီလိုမှ မမိုက်ရင် အသက်သေသွားနိုင်ပါတယ်။ ရဲဘက်စခန်းမှာ အကျဉ်းသား တစ်ယောက်ရဲ့အသက်ဆိုတာ အမှန်တကယ်ကို ခွေးတစ်ကောင်လောက်မှ တန်ဖိုးမရှိပါဘူး။ အကျဉ်းစခန်းမှာ ခွေးတစ်ကောင်သေတယ်ဆိုရင် အားလုံးကအလုအယက်ပဲ အသားကိုပေါ်ပြီး ရောင်းစားကြ

တယ်။ ခွဲဝေယူကြတယ်။ လူတစ်ယောက်သေရင်တော့ ဘာမှအသုံးမဝင်တော့တဲ့ အရာဝတ္ထုတစ်ခုလို ကျော်ခွသွားကြတော့တယ်။ မိသားစုမရှိ ကျောထောက်နောက်ခံမရှိတဲ့ ရဲဘက်တွေသေရင် အမြန်လမ်းမကြီးဘေးက ကြုံရာမြေသားတစ်ခုမှာပဲ မြှုပ်နှံခံရမှာဖြစ်ပါတယ်။ တစ်ခါတရံမှာ အလောင်းမြှုပ်တဲ့သူတွေက ကျင်းကို နက်အောင်မတူးလို့ သုံးလေးရက်ကြာမှ ခြေတွေ လက်တွေ ပေါ်လာပြီး ခွေးဆွဲ ကျီးဆွဲတွေလည်းကြုံရပါတယ်။ သေသွားတဲ့ အကျဉ်းသားတစ်ယောက်ရဲ့ ခြေကျင်းကို ဖြုတ်ယူတာတောင် တူတွေ တံစို့တွေယူပြီး ရိုက်ဖြုတ်ရမှာစိုးလို့ ခြေထောက်ကိုဖြတ်ပြီး ခြေကျင်းယူတဲ့ အဖြစ်အပျက်တွေတောင် သမိုင်းမှာ ရှိခဲ့ဖူးပါတယ်။ ဒီလိုအခြေအနေမှာ ဘိုနီဟာ ပြန်လမ်းမရှိတဲ့ သူ့ဘဝအတွက် တုံ့ပြန်မှုတစ်ခုကို ရွေးချယ်လိုက်ရတာ ဖြစ်ပါတယ်။

အစဉ်အလာ ဇရှိသွားတဲ့ ဘိုနီကို အမှတ် (၄) ရဲဘက်စခန်းမှာ ဆက်ထားဖို့အတွက် ထောင်အာဏာပိုင်တွေက တွန့်ဆုတ်သွားကြတယ်။ ဒါကြောင့် သူ့ကို နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ပဲခူးရိုးမ တောထဲက "ဒေါင်းမြီးခွက်စခန်း" ကို ပို့လိုက်တယ်။ ဒေါင်းမြီးခွက်စခန်းကို ဘိုနီရောက်လာတော့ အမှတ် (၄) ရဲဘက်စခန်းတုန်းကလို မျက်စိသူငယ် နားသူငယ်နဲ့ မဟုတ်တော့ဘူး။ သူ့ရဲ့သတင်းကို ကြားသိပြီးဖြစ်တဲ့ ဒေါင်းမြီးခွက်စခန်းက ဖိုက်တာတွေကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတယ်။ ဝါဒါတွေကလည်း သတိထားပြီး ဆက်ဆံတယ်။ ဒါပေမဲ့ နာမည်ဆိုးနဲ့ ကျော်ကြားပြီးသား ဒေါင်းမြီးခွက်စခန်းက ဘိုနီရောက်လာလို့ ဘာမှပြောင်းလဲမသွားပါဘူး။ အကျဉ်းသားတွေကို နိပ်စက်မြဲ ရိုက်မြဲ ကျစ်ဆဲဖြစ်ပါတယ်။ ဒီစခန်းက အကျဉ်းသားအရာရှိတွေက ရဲဘက်တွေကို လူလိုမမြင်ဘဲ သူတို့ရဲ့အကျိုးစီးပွားအတွက် ဖော်ဆောင်ပေးရတဲ့ သတ္တဝါတွေလို့မြင်တယ်။ ရဲဘက်စခန်းက ဝန်ထမ်းတွေအတွက် ဝင်ငွေရပေါက်ရလမ်းက အမြန်လမ်းကို ပေးသွင်းရတဲ့ ကျောက်ကျင်းတွေကို တရားဝင်နဲ့ တရားမဝင်တွေခွဲပြီး မှောင်ခိုရောင်းချတာပါပဲ။ ဒီဝင်ငွေကိုတော့ အကျဉ်းဦးစီးဌာန အမြန်လမ်းက ဝန်ထမ်းတွေနဲ့ လမ်းခင်းတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဝန်ထမ်းတွေပေါင်းပြီး အကြံအဖန်ရိုက်ကြတာဖြစ်ပါတယ်။ စခန်းတစ်ခုက ကျောက်ကျင်း ၂၀၀ ပါလာရင် ၁၀၀ လောက်ကို စာရင်းပြပြီး ကျန် ၁၀၀ လောက်ကို နစ်ဖက်ပေါင်းပြီး ဖြောင်လိုက်တာဖြစ်ပါတယ်။ ဒီအတွက် ရဲဘက်စခန်းတစ်ခုက အလုပ်ခိုင်းတဲ့ ရဲဘက်အရေအတွက်နဲ့ ပုံမှန်ထွက်ရှိနိုင်တဲ့ ကျောက်ကျင်းထက်ပိုပြီး ကျောက်ထုတ်ရပါတယ်။ နောက်ဆုံးတော့ အလုပ်နစ်ဆလုပ်ရလို့ ရဲဘက်တွေ သေကျေ ဒဏ်ရာရ ကျိုးကန်းကုန်တာပါပဲ။ ဒီအခြေအနေကို ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အစိုးရကသိရှိထားပေမယ့် မသိချင်ယောင်ဆောင်နေတယ်။ အကျဉ်းဦးစီးဌာနက ဂါဒါတွေကို လုပ်ချင်ရာ လုပ်ခွင့်ပေးထားတယ်။ အစိုးရ လိုချင်တာက ရန်/မန်း အဝေး ပြေးလမ်းမကြီး အမြန်ပြီးဆုံးစေရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီအဝေးပြေးလမ်းမကြီး ပြီးဆုံးသွားတဲ့အခါ ပေးဆပ်ခဲ့ရတဲ့ ရဲဘက်အကျဉ်းသားတွေရဲ့ အသက်ဟာ ရာထောင်ချီပြီး ရှိခဲ့ပါတယ်။

ဘိုနီရောက်နေတဲ့ ရဲဘက်စခန်းကလည်း ကျောက်ကျင်းတွေကို သတ်မှတ်ထားတာထက်ပိုပြီး ထုတ်ချင်တဲ့ ရဲဘက်စခန်းဖြစ်ပါတယ်။ ဒါမှ အကျဉ်းဦးစီး ဝန်ထမ်းတွေအတွက် မြိုးမြိုးမြက်မြက်ရမှာဖြစ်ပါတယ်။ ဒီတော့ ရဲဘက်တွေကို နေ့ည ပိုပြီးမောင်းတယ်။ ကျောက်တွေကို ပိုထုတ်ခိုင်းတယ်။ နောက်ဆုံး ဘိုနီတို့က မခံနိုင်တော့တဲ့အတွက် အရမ်းစွာတဲ့ လေးယောက်လောက် တိုင်ပင်ပြီး ဒေါင်းမြီးခွက်စခန်းကို မီးတင်ရှို့လိုက်တယ်။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားပြီး တန်းလျားတချို့လည်း မီးလောင်သွားတယ်။ မီးလောင်မှုကြောင့် တာဝန်ရှိတဲ့ဝန်ထမ်းတွေလည်း ပြောင်းရွှေ့ရတယ်။ ရဲဘက်စခန်းကို ပြန်ဆောက်ရတာကြောင့် ကျောက်ကျင်းတွေလည်း စိတ်တိုင်းကျထုတ်လို့မရတော့ဘူး။ သူတို့ရဲ့ရည်မှန်းချက်ကို ပျက်စီးအောင်လုပ်တဲ့သူတွေကို ဝါဒါတွေ စုံစမ်းကြည့်လိုက်တော့ ဘိုနီတို့ လက်ချက်မှန်းသိသွားပြီး သူတို့လေးယောက်လုံးကိုလေးယောက်တွဲပြီး ဒေါက်ခတ်ထားတယ်။ ဒီတော့ ရေချိုးရင်လည်းလေးယောက်တွဲ အိမ်သာသွားရင်လည်းလေးယောက်တွဲ အိပ်ရင်လည်းလေးယောက်တွဲ တော်တော့်ကိုဒုက္ခရောက်ခဲ့ရတယ်။ ဒါပေမဲ့ ဘိုနီနာမည်ကတော့ပိုပြီးကြီးသွား

တယ်။ လုပ်ရဲတယ် ကိုင်ရဲတယ် လက်ယဉ်တယ် လက်မြန်တယ်ဆိုပြီးတော့ပေါ့။ သူ့မှာ လက်နှစ်ဖက်ပဲ ရှိပေမယ့် တစ်ခုခု ရင်ဆိုင်ရတိုင်း အတော်လက်မြန်တယ်။ ဒါကြောင့် ရဲဘက်စခန်းမှာရှိတဲ့ အကျဉ်းသားတစ်ယောက်က သူ့ကို သိဒ္ဓိ တင်ပေးတဲ့အနေနဲ့ လက်နှစ်ဖက်လုံးရဲ့အပေါ်မှာ ရေဘဝဲရုပ်ကို ဆေးမင်ကြောင်ထိုးပေးတယ်။ ရေဘဝဲလက်တွေက သူ့လက်ချောင်းပေါ်တွေအထိ ရေးဆွဲထားတယ်။ မထင်မှတ်ဘဲ ရေဘဝဲရုပ်က တော်တော်ကိုလှတယ်။ ဘိုနီလည်း အဲဒီ အချိန်ကစပြီး ရေဘဝဲဘိုနီလို့ နာမည်ကြီးသွားတယ်။ ဒီလိုနဲ့ ထောင်ဒဏ်စေ့သွားတဲ့ အချိန်မှာတော့ ဘိုနီအိမ်ပြန်လာခဲ့ တယ်။

တောင်ဥက္ကလာကို ပြန်ရောက်လာတဲ့ဘိုနီဟာ အရင်ဘိုနီတော့ မဟုတ်တော့ဘူး။ ထောင်အတွေ့အကြုံတွေရှိပြီး လက်မြန်တဲ့ "ရေဘဝဲဘိုနီ" ဖြစ်သွားပြီ။ ဘဝကို ဈေးရောင်းရင်းနဲ့ ရိုးရိုးသားသား နေချင်ပေမယ့် သူ့ရဲ့ကံကြမ္မာက အကျဉ်း ထောင်နဲ့ လူမိုက်သံသရာ ဝဲဂယက်ထဲက မထွက်နိုင်တော့ဘူး။ ၁၇ နှစ်သား လူငယ်လေး တစ်ယောက်ဘဝကနေ ၁၉၈၈ ဒီမိုကရေစီ အရေးအခင်းကာလမှာ စီမံကိန်းရပ်ကွက်နဲ့ ငမိုးရိပ် ဆန္ဒပြပွဲတွေမှာ လူသတ်မှုနဲ့ အင်းစိန်ထောင်ထဲ ပြန်ရောက် လာခဲ့ရသလို အင်းစိန်ထောင်ရဲ့လူမိုက်ကြီး သေဒဏ်ကြိုးလွတ် "စစ်ကား" ကို လက်ရုံးရည် နှလုံးရည်ချင်းပြိုင်ပြီး သတ် ဖြတ်ခဲ့တဲ့အထိမိုက်ဂုဏ်ကြီးလာခဲ့တယ်။

ရေဘဝဲဘိုနီ ဟာ ထောင်ထဲမှာ စစ်ကားကို ဘယ်လိုသတ်ခဲ့သလဲ။



# အင်းစိန် ထောင် အတွင်းမှ

# ဂန္ထဝင်လူမိုက်ကြီးများ

## အပိုင်း [ ၁၇ ]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၇)

- **၈၈ အရေးအခင်းကြောင့် ဒုတိယအကြိမ် ထောက်ထဲရောက်ခဲ့ရသူ ရေဘဂဲဘိုနီ**

ရာဇဝတ်အကျဉ်းသားတွေနဲ့ ထောင်ရဲ့သဘောသဘာဝက နာမည်တစ်လုံးရသွားရင် အလိုလို နေရာပေးလေ့ရှိတယ်။ နဂိုနာမည်ပျောက်ပြီး ထောင်ကပေးတဲ့နာမည်တွင်သွားရင်လည်း ထောင်ထဲမှာ အနေအစားအတွက် ပူပင်စရာမလိုတော့ဘူး။ အင်းစိန်ထောင်ရဲ့သမိုင်းမှာ ဂန္ထဝင်လူမိုက်သွေးမပါပေမယ့် နာမည်ကြောင့် အနေအစားချောင်တဲ့ လူဆိုးတွေရှိခဲ့တယ်။ ဥပမာ ယက္ခကြီးတို့ ဂျော်နီဖိုးခွေးတို့ ဥတိုတင်ချစ် (ခ) တိမ်တမန်တို့လို လူမျိုးတွေပေ့ါ။

လူကောင်ကြီးကကြီးပြီး ရုပ်ကဆိုးလွန်းလို့ပဲလား အပြင်မှာ ဘာတွေလုပ်ခဲ့သလဲတော့မသိဘူး။ ထောင်ထဲမှာတော့ ယက္ခကြီးကနာမည်ကြီးတယ်။ ကျွန်တော်တို့နဲ့နေတဲ့ကာလတစ်လျှောက် ယက္ခကြီးက ဂန္ထဝင်လူမိုက်တွေနဲ့ ရောရောထွေးထွေး နေလေ့ရှိပေမယ့်သူဆိုးတာမိုက်တာကို တစ်ခါမှမတွေ့ခဲ့ရဘူး။ အခုလည်းအပြင်မှာ ဘာသံမှမကြားရတော့ဘူး။

ဂျော်နီဖိုးခွေးဆိုရင်လည်း နာမည်ကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ လုပ်တာကလည်း အခန်းလူကြီး။ ဒါပေမဲ့ ညကျရင် ရေချိုးပြီးတာနဲ့ ပေါင်ဒါတွေ ခြေဆုံးခေါင်းဆုံးလိမ်းလေ့ရှိတယ်။ ညဘက် အဆောင်မပိတ်ခင် အခန်းသားတွေကို မိန့်ခွန်းခြွေလေ့ရှိတယ်။ သူ့မိန့်ခွန်းထဲမှာ နိုင်ငံတော်အဆင့်လူကြီးတွေ တန်ဖိုးကြီးဖိမ်ခံကားတွေ ရုပ်ရှင်မင်းသမီးတွေအကြောင်း လိုင်လိုင်ပါလေ့ရှိတယ်။ အားလုံးတန်းဖြုတ်ပြီး ကိုယ့်နေရာကိုယ် ရောက်သွားတဲ့အခါမှာတော့ ဂျော်နီဖိုးခွေးက သူ့ထိုင်နေတဲ့ ဖျာကြမ်းကဖျာစကိုချိုးပြီး သွားကြားထိုးနေတာကို နေ့တိုင်းလိုလိုတွေ့နေရတော့ အခန်းသားတွေက အထင်မကြီးတော့ဘူး။

ဥတိုတင်ချစ်လို့ခေါ်တဲ့ တိမ်တမန်ကလည်း မျက်လုံးတစ်ဖက်ပျက်သွားတော့ အဲဒီနေရာမှာ ကျောက်မျက်လုံးထည့်ထားတယ်။ လူကိုတွေ့ရုံနဲ့တင် တစ်ဖက်သား ကြက်သီးထစရာပါပဲ။ ဒါပေမဲ့ တိမ်တမန်က မယ်ဒလင်တီးအရမ်းကောင်းတယ်။ ထောင်ထဲမှာ မယ်ဒလင်အစစ်ကို သွင်းခွင့်မပြုတော့ ဈေးထဲမှာရောင်းတဲ့ ပလတ်စတစ်ကော်ဇလုံကို ငါးမျှားကြိုးတပ်ပြီး ဖြစ်အောင်တီးရတာပါပဲ။ ညဘက် တိမ်တမန် မယ်ဒလင်တီးပြီး ဖျော်ဖြေရင် သူ့ဘေးနားမှာ လူတွေဝိုင်းနေတာပဲ။ ဒါကို အခွင့်ကောင်းယူပြီး တိမ်တမန်က ပရိသတ်တွေကို သူ့ဘဝဇာတ်ကြောင်းလည်း ပြောပြလေ့ရှိတယ်။ သူ့ကိုယ်သူ တပ်မတော်သားဟောင်းတစ်ဦးဖြစ်ကြောင်းနဲ့ ကချင်ပြည်နယ်မှာဖြစ်တဲ့ တိုက်ပွဲတစ်ခုမှာ ရွှပ်ရွှပ်ချွံချွံ တိုက်ခိုက်ရင်း မျက်လုံးတစ်ဖက် မိုင်းစမှန်ပြီး ပျက်စီးသွားတယ်လို့ဆိုတယ်။ တောထဲမှာ သူ့တပ်ဖွဲ့နဲ့ကွဲသွားတော့ အစာရေစာ ပြတ်လပ်ပြီး သေလုမြောပါး ဖြစ်နေတဲ့အချိန်မှာ ထူးခြားတဲ့ သစ်ပင်တစ်ပင်ရဲ့ အမြစ်ကိုစားပြီး အားအင်တွေပြည့်ဝလာပြီး တပ်ကိုပြန်ရောက်လာတယ်လို့ရှင်းပြတယ်။ နောက်ဆုံး မျက်လုံးတစ်ဖက် ပျက်စီးသွားလို့ တပ်ကပင်စင်ယူပြီး ဘာမှလုပ်ကိုင်မစားတတ်တဲ့အတွက် ကချင်ပြည်နယ်က သူမိုင်းထိတဲ့နေရာကို ပြန်သွားပြီး အစွမ်းထက်တဲ့ ဆေးမြစ်ကို ပြန်ရှာခဲ့ပြီး ရန်ကုန်-မန္တလေးကူးတို့ရထားပေါ်မှာ ရောင်းချရင်း ကြီးပွားချမ်းသာလာခဲ့တယ်လို့ ပြောတဲ့အချိန်မှာ နားထောင်နေတဲ့ အကျဉ်းသားအားလုံးက မယ်ဒလင်လက်သံ နားထောင်ဖို့ မေ့လျော့သွားကြတယ်။

ဒါပေမဲ့ ဥတိုတင်ချစ်(ခ)တိမ်တမန်ရဲ့ ဇာတ်လမ်းဟာ အင်းစိန်ထောင်ထဲမှာ ကြာရှည်မခံလိုက်ဘူး။ သူ့အကြောင်းကိုသိတဲ့ ဥတိုက ရန်နိုင် (ခ) ရှကူး ရောက်လာတော့ အားလုံးပေါ်သွားတယ်။ အမှန်တကယ်တော့ ဥတိုတင်ချစ်ဟာ တပ်မတော်သားမဟုတ်ဘဲ မျက်လုံးပျက်ရခြင်းဟာ မယ်ဒလင်ကြိုးပြတ်ပြီး မျက်လုံးကို ဖောက်ဝင်သွားလို့ ပျက်သွားရတယ်လို့

ဖွင့်ချလိုက်တယ်။ ဒ့ါအပြင်ဘာမှန်းမသိတဲ့ ဆေးမြစ်တွေကို ရန်ကုန်-ပဲခူးရထားပေါ်မှာ ယောကျ်ားအားတိုးဆေးဆိုပြီး ဉတို တင်ချစ်က ရောင်းပြီး အဆင်ပြေနေတယ်။ ဒါပေမဲ့ အဲဒီဆေးမြစ်ကို ဝယ်သုံးတဲ့ သူတချို့ မူးဝေအော့အန်ပြီး ဝမ်းတွေလျှောကုန်လို့ သူတို့မြို့က ဆေးဆရာကြီးကို ဉတိုတင်ချစ်ရောင်းတဲ့ ကချင်ပြည်နယ်က ဆေးမြစ်ကိုပြကြည့်တယ်။ ဆေးမြစ်တွေ အကြောင်းနားလည်တဲ့ ဆရာကြီးက ဒါဟာဆေးမြစ်မဟုတ်ဘဲ လူတွေကို ဉပါဒ်ပေးနိုင်တဲ့ အမြစ်ဖြစ်ကြောင်း ပြောတော့ ဉတိုတင်ချစ်ကို ပဲခူးဘူတာမှာ ရဲတွေနဲ့စောင့်ဖမ်းရင်း ထောင်ကျလာတာလို့ ဖော်ထုတ်လိုက်ကတည်းက တိမ်တမန် စန်းကျသွားတယ်။ ဒါကြောင့် ထောင်ထဲမှာ နာမည်တစ်လုံးရသွားရင်လည်း အလုပ်ဖြစ်ပါတယ်။

ဒီလိုပဲ ဘိုနီလည်း ရိုးရိုးဘိုနီကနေ ရေဘဂဲဘိုနီဖြစ်လာတော့ ထောင်ထဲမှာ အေးဆေးပဲ။ ဘိုနီက အမှန်တကယ်တော့ ထောင်ကို ဝင်ခလုတ် ထွက်ခလုတ် လုပ်တတ်တဲ့သူမဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ကံကြမ္မာကိုက ထောင်ဇာတာပါလာတယ်။ ပထမအကြိမ် ရဲဘက်စခန်းက လွတ်လာပြီးတဲ့နောက် ဆူးလေမှာ အေးအေးဆေးဆေး ဈေးရောင်းနေတာပဲ။ ဒါပေမဲ့ သူဘာမှနားမလည်တဲ့ ၈၈ အရေးအခင်းကြီးက ထဖြစ်တယ်။ ဒီတော့ ရုတ်ရုတ်သဲသဲတွေဖြစ်ပြီး ဈေးရောင်းလို့မရတော့ဘူး။ ဈေးရောင်းမရတော့ ရပ်ကွက်ကိုပြန်လာတယ်။ သူက တစ်ပါတီစနစ်တွေ၊ နိုင်ငံရေးတွေ ဘာမှမသိဘူး။ သူတို့မိသားစု ထမင်းမငတ်ရေးဘဲ အဓိကထားတယ်။ ဒါကြောင့် ရပ်ကွက်ထဲက သမဝါယမဆိုင်ကို ကင်းစောင့်ပေးတယ်။ ရပ်ကွက်ကိုလည်း စောင့်ရှောက်ရတယ်။

တစ်နေ့တော့ ကြည်ကြည်ဘီစကွတ်စက်ရုံဘက်ကို ငမိုးရိပ်ချောင်းဘက်မှာ အင်္ကျီကိုယ်ချွတ်နဲ့ လူအုပ်စုကြီးတစ်စုက မီးရှို့ဖို့ လုပ်နေတယ်လို့ ရပ်ကွက်ထဲက လူတချို့က သတင်းလာပို့တယ်။ ဘီစကွတ်စက်ရုံမီးလောင်ရင် ရပ်ကွက်ကိုလည်း မီးကူးနိုင်တယ်။ ဒါကြောင့် ရပ်ကွက်ထဲကလူငယ်လူရွယ် ယောကျ်ားသားတွေအများစုဟာ ငမိုးရိပ်ဘက်က လူတွေကိုတားဖို့ လိုက်လာကြတယ်။ ဒါပေမဲ့ ဘယ်လိုမှတားမရဘူး။ နှစ်ဖက်အသေအကျေချဖို့ ရန်စောင်နေကြပြီ။ ဒီအခြေအနေကိုရှောင်လွှဲဖို့အတွက် ငွေကြာရံကျောင်းတိုက်က ဘုန်းကြီးနှစ်ပါးနဲ့ ကျောင်းသားသုံးယောက်က ငမိုးရိပ်ဘက်က လူတွေကို သတ်ပွဲတွေ မဖြစ်အောင်သွားတားတယ်။ ဒါပေမဲ့ အခြေအနေက မင်းမဲ့စရိုက်ဖြစ်နေပြီ။ ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ သူတို့ကဘုန်းကြီးနှစ်ပါးနဲ့ ကျောင်းသားသုံးယောက်ကို ဓားတွေနဲ့ဝိုင်းခုတ်တယ်။ အဲဒီနေရာမှာပဲ ကျောင်းသားသုံးယောက်နဲ့ ဘုန်းကြီးတစ်ပါးချက်ချင်းသေသွားတယ်။ ကျန်တဲ့တစ်ပါးက သွေးအိုင်ထဲမှာလဲပြီး မသေမရှင်ဖြစ်နေတယ်။ ဒီမှာပဲ တောင်ဉက္ကလာစီမံကိန်းရပ်ကွက်က လူတွေက ဒေါသမထိန်းနိုင်တော့ဘဲ ငမိုးရိပ်ကလူတွေနဲ့ တိုက်ပွဲစတင်တော့တယ်။ ပိုဆိုးသွားတာက ငမိုးရိပ်အုပ်စုဘက်က မစန်းဆိုတဲ့ အမျိုးသမီးတစ်ယောက်က မသေမရှင်ဖြစ်နေတဲ့ ဘုန်းကြီးကို ထဘီနဲ့သွားအုပ်တယ်။ ဒီလုပ်ရပ်ကို သည်းမခံနိုင်တဲ့ လူအုပ်ကဝိုင်းအော်ပေမယ့် အဲဒီမစန်းကတော့ ကြောင်တောင်တောင်နဲ့ အသိစိတ်မဲ့ပုံပဲ။ ဒါကိုလူအုပ်ထဲက အဲဒီဘုန်းကြီးကို ကိုးကွယ်နေတဲ့ အမေမြကတွေ့ပြီး အရမ်းပေါက်ကွဲသွားတယ်။ နောက်ဆုံးဘေးနားက လူတစ်ယောက်ဆီက ဓားကိုဆွဲယူပြီး ချက်ချင်းပဲ မစန်းကိုခုတ်လိုက်တယ်။ မစန်းလည်း အဲဒီနေရာမှာပဲ ဓားချက်ပေါင်းများစွာမိပြီး အသက်ပျောက်သွားတယ်။ ကျန်တဲ့ငမိုးရိပ်က အင်္ကျီချွတ်လူတွေကို စီမံကိန်းကလူတွေက လိုက်ရိုက် လိုက်သတ်ကြတယ်။ ဒီအထဲမှာဘိုနီလည်းပါတယ်။ ဘိုနီကလက်မြန်တဲ့သူဆိုတော့ ငမိုးရိပ်ကလူတစ်ယောက်ကိုဖမ်းမိတယ်။ နာမည်မေးတော့လည်းမပြောနိုင် ဘယ်သွားမှာမေးတော့လည်း မဖြေနိုင်ကြောင်တောင်တောင် လုပ်နေတာနဲ့ ဘိုနီက ဒေါသဖြစ်ပြီးသတ်ပစ်လိုက်တယ်။ ဖမ်းမိထားတဲ့ လူ ၃၀ ကိုတော့ ငွေကြာရံကျောင်းတိုက်က ရဟန်းပျိုသမဂ္ဂက အလှူခံတဲ့အတွက် အသက်ချမ်းသာရသွားကြပြီး ဘုန်းကြီးတွေက ဘုန်းကြီးကျောင်းမှာခေါ်ထားတယ်။ ဆေးပြယ်မှ သူတို့ကို ပြန်လွှတ်လိုက်တယ်လို့ သိရတယ်။ ဒီအဖြစ်အပျက်တွေက နောက်နေ့ထုတ် ဒီမိုကရေစီသတင်းစာတွေမှာ မျက်နှာဖုံးသတင်းအဖြစ် ပါလာတယ်။ ၁၉၈၈ တပ်မတော်က အာဏာသိမ်းပြီးလိုက်တဲ့နောက် အရေးအခင်းကာလထုတ်

သတင်းစာတွေထဲက လူသတ်မှုတွေကို ပြန်စိစစ်ပြီး တရားခံတွေကိုလိုက်ရှာဖမ်းတယ်။ ဇာတ်ပေါင်းလိုက်တော့ မစန်းကို သတ်လိုက်တဲ့ အမေမြကြ သေဒဏ်ကျသွားတယ်။ တောင်ဥက္ကလာမြို့နယ်ထဲက သေဒဏ်ကျတာ အမေမြတစ်ယောက်ပဲ ရှိပါတယ်။ ဘိုနီကတော့ အရေးအခင်း လူသတ်မှုအဖြစ် စွဲချက်တင်ပြီး ထောင် ၁၀ နှစ်ကျသွားတယ်။

ဒုတိယအကြိမ်ထောင်ထဲကို ဘိုနီပြန်ရောက်လာတော့ အရင်တစ်ခါကလို မျက်စိသူငယ်နားသူငယ်နဲ့ မဟုတ်တော့ဘူး။ ရေဘဝဲဘိုနီဆိုပြီး ဝင့်ဝင့်ကြွားကြွားနဲ့ ပြန်ရောက်လာတာဖြစ်တယ်။ ကံကောင်းတာက အရေးအခင်း လူသတ်မှုဖြစ်လို့ သူ့ကို ရဲဘက်မပို့ဘဲ ထောင်ထဲမှာပဲထားတယ်။ ဘိုနီက ထောင်ထဲမှာရော ရဲဘက်မှာရော ကျင်လည်ခဲ့ဖူးတော့ အင်းစိန်မှာလူရာဝင်တယ်။ လူသတ်မှုပုဒ်မဖြစ်တော့ အရှိန်အဝါရှိလာတယ်။ သူ့အမှုတွဲတွေကလည်း ဗလကြီးတို့အပါအဝင် အုပ်စုတောင့်တော့ တော်ရုံလူတွေကမကျောရဲဘူး။ နောက်ဆုံးထောင်ကဘိုနီကို ဝင်ငွေကောင်းတဲ့ ရေကန်ဘာယာအလုပ်ပေးလိုက်တယ်။

ရေကန်ဘာယာဆိုတာကတော့ အကျဉ်းသားတွေ ရေကန်မှာရေချိုးဖို့အတွက် ကြီးကြပ်ရတာဖြစ်ပါတယ်။ ထောင်မှာက ရေရှားတဲ့အတွက်ရေကို သတ်မှတ်ထားတဲ့ ခွက်အရေအတွက်အတိုင်းချိုးရပါတယ်။ အကျဉ်းသားတွေ ချိုးပြီးသားရေတွေကို တွင်းတစ်တွင်းထဲမှာ စုခံထားပြီး တောင်ယာတွေကို ဆက်ပြီးလောင်းပေးရပါတယ်။ အကျဉ်းသားတစ်ယောက် ရေကန်မှာရေချိုးမယ်ဆိုရင် "လေးခွက်ချိုး ဆပ်ပြာတိုက် လေးခွက်ချိုး" ပါပဲ။

အကျဉ်းသားတစ်ယောက် ရေချိုးမယ်ဆိုရင်ရေရှစ်ခွက်ပဲရမှာပါ။ အကျဉ်းသားထဲမှာ လူအမျိုးမျိုးပါတော့ တချို့ပိုက်ဆံရှိတဲ့ အကျဉ်းသားတွေက ရေပိုချိုးချင်တယ်။ ဒီတော့ ရေကန်ဘာယာကိုကပ်ရတယ်။ ဘိုနီက ရေကန်ဘာယာဆိုတော့ ရေချိုးတင်တဲ့ အသုတ်တွေထဲမှာ သူ့ဆီကို "လိုင်း" ဝင်ထားတဲ့ "ဘောက်ချာ" တွေပါလား ကြည့်ထားရတယ်။ မပါရင် စည်းကမ်းအတိုင်း လေးခွက်ချိုး ဆပ်ပြာတိုက် လေးခွက်ချိုးအော်တယ်။ ဘောက်ချာပါရင်တော့ "မင်းတို့ရေချိုးတာ မညီဘူး ငါပြန်အော်မယ် ညီညီညာညာ ပြန်ခပ်ချိုး" လို့ပြောပြီး "ခပ်ချိုး" ကို ပြန်အော်တယ်။ အဲဒီတော့ ရှစ်ခွက်နှစ်ခါ စုစုပေါင်း ၁၆ ခွက် ချိုးရတာပေါ့။ ဒီနည်းနဲ့ဘိုနီတို့ အင်းစိန်ထောင်မှာဟန်ကြနေတယ်။ ရေချိုးတဲ့သူတွေထဲမှာ နိုင်ငံရေးသမားတွေလည်းပါလာတယ်။ သူတို့တွေရဲ့ အနေအထိုင်အပြောအဆိုနဲ့ စည်းလုံးမှုကို ဘိုနီက အရမ်းသဘောကျတယ်။ ဒါကြောင့် သူတို့တွေနဲ့ခင်အောင်ပေါင်းတယ်။ နွေးနွေးထွေးထွေးနေတယ်။ သူတို့တွေကို ရေ ကြိုက်သလောက် ချိုးခွင့်ရအောင် ဖန်တီးပေးတယ်။ ကြာလာတော့ ဘော်ဒါအရင်းတွေလိုဖြစ်လာတယ်။

ဒီအခွင့်အရေးကို ၅ (ည) တွေကလည်း ပီပီပြင်ပြင်အသုံးချတယ်။ အင်းစိန်ထောင်ထဲကို ရောက်နေတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ(ရကသ) အဖွဲ့ဝင်ကျောင်းသားတွေက မိန်းမဆောင်မှာရှိတဲ့ သူတို့ရဲ့ အမှုတွဲတင်တင်ညိုဆီကို အရေးကြီးတဲ့ စာတစ်စောင် ပေးစရာရှိတယ်။ ဒါပေမဲ့ ဘယ်လိုပေးရမှန်းမသိဘူး။ ဒီကိစ္စကို ဆောင်ရွက်ဖို့ ၅ (ည) ထဲက ကျော်ညွှန့်ကို တာဝန်ပေးလိုက်တယ်။ ဘာလို့ကျော်ညွှန့်ကို ရွေးချယ်ရသလဲဆိုတော့ ကျော်ညွှန့် နဲ့ ဘိုနီက ညီအစ်ကိုအရင်းလိုချစ်နေကြလို့ပဲ။ ကျော်ညွှန့်က ဘိုနီကို မိန်းမထောင်မှာရှိတဲ့ ကျောင်းသူတင်တင်ညိုကို စာတစ်စောင်ပေးချင်ကြောင်းဖွင့်ပြောတယ်။ ဘိုနီက သူကြံစည်မယ်လို့ ကတိပေးတယ်။ ရက်အနည်းငယ်အကြာမှာတော့ ထောင်လက်သမားဘုတ်ကို မိန်းမဆောင်ကိုပြင်ဖို့ ထောင်မှူးကခိုင်းတယ်။ ဘုတ်ထဲက လက်သမားတစ်ယောက်က ဘိုနီနဲ့ လက်ဝါးချင်းရိုက်ထားပြီး မိန်းမဆောင်သွားမယ့်နေ့မှာ ရုတ်တရက် နေမကောင်းချင်ယောင်ဆောင်လိုက်တယ်။ သူ့အစား ဘိုနီကို ထည့်ဖို့ထောက်ခံချက်ပေးတယ်။ ထောင်ကလည်း ဘိုနီကိုယုံတော့ လက်သမားဘုတ်နဲ့အတူ မိန်းမဆောင်ကို လွှတ်လိုက်တယ်။ ဘိုနီလည်း မိန်းမဆောင်ရောက်တော့ သူမတွေ့ဖူးတဲ့ တင်တင်ညိုကို မရရအောင်ရှာရတာပေါ့။ ကံကောင်းတာက

အဆောင်ပြင်တဲ့ကိစ္စက တစ်ပတ်လောက် အချိန်ယူပြင်ရတဲ့အတွက် သူအခွင့်အရေးပိုရသွားတယ်။ တင်တင်ညိုကလည်း မိန်းမဆောင်မှာ အရမ်းဟော့ရှော့ဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ မိန်းမဆောင်ကိုကိုင်တဲ့ အကျဉ်းဦးစီး ရဲမေတစ်ယောက်က တင်တင်ညိုကို ကြည့်မရလို့ မိန်းမဆောင်တန်းစီးကို ချွန်ပြီးရိုက်ခိုင်းတယ်။ တန်းစီးကလည်း တင်တင်ညိုကို ရန်ရှာပြီး ရိုက်တယ်။ ကံဆိုးတာက တင်တင်ညိုဟာ ရန်ကုန်တိုင်းကရာတေးလက်ရွေးစင်ဆိုတာ သူတို့မသိဘူး။ တင်တင်ညိုနဲ့ချကြတော့ မိန်းမဆောင်တန်းစီး ဆီးအိမ်ထိပြီး အရေးပေါ်ဆေးရုံ တင်လိုက်ရတယ်။ အဲဒီကတည်းက တင်တင်ညိုက မိန်းမဆောင်မှာဆရာကြီးပဲ။ ဘိုနီကလည်း သုံးရက်လောက်မှာ အခြေအနေအားလုံးကို နားလည်သွားပြီး တင်တင်ညိုနဲ့ မတွေ့တွေ့အောင် ဖန်တီးလိုက်တယ်။ ပြီးတော့ ကျော်ညွန့်ပေးတဲ့စာကို လုံခြုံစွာပေးခဲ့လိုက်တယ်။ ဒါဟာ ရေဘဝဲဘိုနီရဲ့ ၅ (ည) တွေအပေါ် စွန့်စွန့်စားစား ကူညီခဲ့တဲ့ သမိုင်းမှတ်တမ်းတစ်ခုလို့ ပြောရမယ်။

ဒီဇာတ်လမ်းအကြောင်း သူပြောရင်း တင်တင်ညိုဟာ ထောင်ကလွတ်လာပြီးတဲ့နောက် ကိုယ့်ကိုယ်ကိုယ် Suicide လုပ်ပြီးသေသွားတယ်လို့ ပြောလိုက်ရော ဘိုနီဆက်မပြောနိုင်တော့ဘဲ ရှိုက်ကြီးတငင်ငိုရှာတယ်။ နှစ်ပေါင်း ၂၇ နှစ်လောက်ကြာခဲ့ပေမယ့် ဘိုနီရဲ့ သံယောဇဉ်ကအဲ့ဒီဖွဲ့ကောင်းတယ်။ ဆိုးတာကတော့ တင်တင်ညို သေသွားတယ်ဆိုတာကို ဘိုနီ မသိသေးတဲ့အတိုင်း မထားလိုက်နိုင်တာပါပဲ။




ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၈)

- **လူသတ်ချိန် တစ်နာရီ သုံးမောင်း**

ရေဘာဂဲဘိုနီနဲ့ငြိတဲ့ စစ်ကားက ပေ့ါသေးသေးမဟုတ်ဘူး။ သူက သေဒဏ်ကြိုးလွတ်တစ်ယောက်ပဲ။ ရန်ကင်းသား ဖြစ်တဲ့ စစ်ကားကအရင်က ခိုးဆိုးနှိုက်တစ်ယောက်ပါ။ တစ်နေ့တော့မြေနီကုန်းမှာ ကျောင်းဆရာမတစ်ယောက်ကို လုတယ် ဆရာမကအော်တော့ ပါးစပ်ထဲကို ကုံးသီးနဲ့ပစ်ပြီး သတ်ပစ်လိုက်တယ်။ ဒါကြောင့် လူသတ်လုယက်နဲ့ သေဒဏ်ကျခဲ့တာ ပါ။ သေဒဏ်တိုက်မှာ အငယ်လေး (ခ) ကြွက်ကတိုး ဆိုတာလည်းရှိတယ်။ ကြွက်ကတိုးလည်း စစ်ကားနဲ့အတူတူ သေဒဏ် ကျသွားတယ်။ သူတို့လည်း ကံကောင်းချင်တော့ ၈၈ ဒီမိုကရေစီ အရေးအခင်းနဲ့ ကြုံကြိုက်ပြီး သေဒဏ်ကလွတ်သွား တယ်။ ကြိုးတိုက်ကနေ အဆောင်ကို ရောက်လာတော့ လည်လည်ဝယ်ဝယ်ရှိတဲ့ ရန်ကင်းသား စစ်ကားက အခန်းလူကြီး ဖြစ်လာတယ်။ သူ့သူငယ်ချင်းဖြစ်တဲ့ ကြွက်ကတိုးက လူကောင်က ခပ်သေးသေး စကားအပြောအဆိုလည်း မတတ်တော့ ထောင်မှာ နေရာမတောင်းတတ်ဘူး။ သူက စစ်ကားအခန်းမှာပဲ အေးအေးဆေးဆေးနေတယ်။ နောက်တော့ စိတ်ရင်း ကောင်းတဲ့ ရေကန်ဘာယာ ရေဘာဝဲဘိုနီနဲ့ အပေါင်းအသင်းဖြစ်သွားတယ်။ သူတို့နှစ်ယောက်လုံးက ထောင်ထဲမှာ ချွတ်တာ ခွာတာတွေ စိတ်မဝင်စားဘူး။ ပျော်ပျော်ပါးပါးပဲနေတယ်။

ထောင်ဆိုတာကလည်း သာမန်လူတွေကို ရှင်းပြလို့မရတဲ့ ထူးဆန်းတဲ့အဖြစ်အပျက်တွေ အများကြီးပဲ။ ဥပမာ ညဘက် ညည့်နက်သန်းခေါင်ရောက်မှ လူတစ်ယောက်က အသံနက်ကြီးနဲ့ ထအော်ရာကနေ ဘေးနားကလူကို ကူးစက်ပြီး တစ်ထောင်လုံး အော်သံတွေ ဆက်သွားတဲ့ညမျိုးတွေရှိခဲ့တယ်။ အဲဒီအခါမျိုးမှာ ဝန်ထမ်းတွေက အချုပ်ခန်း သံတိုင်တွေကို တုတ်နဲ့ရိုက်ပြီး "မင်းအမိန့်" နဲ့ သရဲအားလုံး အေးအေးဆေးဆေးနေဖို့ လိုက်အော်လေ့ရှိတယ်။ အဲဒီလိုမျိုးဖြစ်တဲ့ည တွေကလည်း ထောင်မှာ အသားစားကျွေးတဲ့ရက်မျိုးတွေမှာ ဖြစ်လေ့ရှိတယ်။ ထောင်အခေါ်တော့ "သရဲစီး" တယ်လို့ပြော တယ်။ ဒီကိစ္စက ယနေ့အချိန်အထိ ဘယ် ထောင်အာဏာပိုင်မှ ဖြေရှင်းလို့မရတဲ့ အသိခက်တဲ့ ပုစ္ဆာတစ်ပုဒ်ပါပဲ။

ထောင်မှာညနေစောင်းရင် ကောင်းတဲ့အခိုက်ရှိသလို မကောင်းတဲ့အခိုက်လည်းရှိတယ်။ ကျွန်တော့်ကိုယ်တွေ့ကို ပြောရရင် တစ်ညနေမှာ ရောကြီး အမှုတွဲ မလက်တို (ခ) အောင်ဝင်းဆိုတဲ့ သူက (၃) တိုက် ဘုတ်တိုက်ထဲမှာ စိုက်ပျိုးရေး မှာသုံးတဲ့ ပေါက်တူး ၊ ပေါက်ပြားတွေကို သေချာသိမ်းပြီး အဆောင်ပြန်လာတယ်။ အချိန်ကတော့ နေဝင်ရီတရောပဲ။ အဆောင်မှာကလည်း လူစစ်ပြီး အဆောင်ပိတ်ဖို့ အားလုံးတန်းစီနေတဲ့အချိန်ပဲ။ မလက်တိုက ညဘက် ထမင်းစားရင် တို့ဖို့ ခရမ်းသီး တစ်လုံးနှစ်လုံး ခူးဖို့လုပ်နေတယ်။ ခရမ်းသီးဖြတ်ဖို့ အဆောင်ထဲမှာရှိတဲ့ ပါလေး (ခ) ကျော်ဘာဏ်သိန်းကို ဆီပတ် သံပြားနဲ့ လုပ်ထားတဲ့ ဓားလေးလှမ်းငှားတယ်။ ပါလေးကလည်း အဆောင်အပြင်မှာရှိတဲ့ မလက်တိုဆီကို အခန်းထဲကနေ ဆီပတ်သံပြားဓားကို လှမ်းပစ်ပေးတယ်။ အံ့ဩစရာကောင်းတာကဓားက လေထဲပျံတက်သွားပြီး တဝီဝီလည်ပြီး မလက်တို ဆီကို အရှိန်နဲ့သွားတယ်။ မလက်တိုလည်း တော်တော်လန့်သွားပြီး ဓားကိုမဖမ်းတော့ဘဲ လူကိုကပျာကယာလှဲချ လိုက်ရ တယ်။ ဓားက သူ့ခေါင်းကို ကျော်ပြီး အနောက်ဘက် မြေကြီးထဲမှာ စိုက်ဝင်နေတယ်။ မလက်တိုလည်း ခရမ်းသီး ကပျာက ယာခူးပြီး အခန်းထဲရောက်မှ ပါလေးကို ညနေဘက် စီးနေတဲ့အချိန်မှာ ဒီလိုဓားတွေကို ပစ်မပေးရကြောင်း ရှင်းပြတယ်။ အဲဒီတော့မှ ပါလေးလည်းသဘောပေါက်သွားတယ်။

တစ်နေ့မှာတော့ စစ်ကား လူကြီးလုပ်တဲ့အခန်းထဲကို မကောင်းတဲ့အခိုက် စီးလာတယ်လို့ဆိုရမှာပဲ။ အဲဒီညနေက အဆောင်ပိတ်ဖို့ လူတွေတန်းစီနေတဲ့အချိန်ပါ။ ဒါပေမဲ့ တန်းစီးတို့ ၊ အခန်းလူကြီးတို့ဆီမှာ "ဘောက်ချာ" ဝင်ထားတဲ့သူ

တွေက တန်းစီလေ့မရှိဘူး။ ကိုယ့်အိပ်ရာမှာပဲ ကိုယ်သက်သက်သာသာ လှဲနေလေ့ရှိတယ်။ ဝန်ထမ်းလူရေဖို့ ရောက်လာခါ နီးကျမှ အခန်းသားတွေရဲ့ နောက်ဆုံးမှာ ခဏဝင်ထိုင်ပြီး တန်းစီလိုက်တာပါပဲ။ ဒီလိုလူတွေကို ထောင်ထဲမှာ "ဘိုလိုလို ၊ ဂျိုလိုလို ကောင်တွေ"လို့ ခေါ်လေ့ရှိပါတယ်။ ဘိုဆိုတာကတော့ ထောင်ထဲမှာ မိုက်ဂုဏ်ရှိရင်ရှိ ၊ ဒါမှမဟုတ်ရင် ပိုက်ဆံရှိတဲ့ အတန်းအစားကို ဆိုလိုတာပါ။ ဂျိုဆိုတာကတော့ ထောင်ထဲမှာ ဘာမှမရှိလို့ ကိုယ့်ခန္ဓာကိုယ်ကိုရင်းပြီး အခွင့်အရေးရယူ ထားတဲ့ အတန်းအစားကို ဆိုလိုတာဖြစ်ပါတယ်။ စစ်ကားက အခန်းလူကြီးဆိုတော့ အဆောင်ပိတ်ရင် သူရဲ့သူငယ်ချင်းဖြစ် တဲ့ အငယ်လေး (ခ) ကြွက်ကတိုးနဲ့ ရေကန်ဘာယာ ဘိုနီတို့က တန်းစီလေ့မရှိဘူး။ အပြင်မှာပဲ ထွက်ထိုင်နေလေ့ရှိတယ်။ စစ်ကားကလည်း သူတို့ကို ဘာမှ ပြောလေ့မရှိပါဘူး။ မကောင်းတဲ့အခိုက် စီးနေတဲ့ တစ်ညနေမှာတော့ စစ်ကားက ဘာကို ဒေါကန်နေသလဲမသိဘူး။ အခန်းသားတွေ တန်းစီနေတဲ့အချိန် အပြင်ထွက်ထိုင်နေတဲ့ အငယ်လေးနဲ့ ဘိုနီကို ပိတ်ဟောက် လိုက်တယ်။

"ဟိုကောင် နှစ်ကောင် ... မင်းတို့က ဘာကောင်တွေမို့လို့ အပြင်ထွက်ထိုင်နေတာလဲ လာ ... အထဲဝင် တန်းစီ"

ရုတ်တရက် အပြောခံလိုက်ရတာကြောင့် အငယ်လေးရော ဘိုနီရော ကြောင်အသွားတယ်။ အငယ်လေးက စစ်ကားသူငယ်ချင်း ဆိုပေမယ့် ရှူးသလို ပေါသလိုနေတော့ စစ်ကားက အမြဲတမ်းနှိမ်တယ်။ ဒါကို ဘိုနီက ကြားကနေ မကျေမနပ်ဖြစ်လေ့ရှိတယ်။ အခုလည်း လူတွေကြားထဲ စစ်ကားဟောက်လိုက်တော့ အငယ်လေးက ဘာမှပြန်မပြောဘူး။ ရေဘဝဲဘိုနီကတော့ ရှက်လည်းရှက် ၊ ဒေါသလည်း ထွက်သွားပြီး စစ်ကားကို တချက်ပြန် ပြောလိုက်တယ်။

"ခင်ဗျားက ကျုပ်တို့နှစ်ယောက်ကိုပဲပြောနေတာ။ တခြားအပြင်ထွက်ထိုင်နေတဲ့သူတွေကျတော့ ဘာမှမပြောပါလား"

စစ်ကားလည်း ဘိုနီမေးခွန်းကို ဘာမှပြန်မဖြေတတ်ဘူး။ ဘာလို့လဲဆိုတော့ ဘိုနီပြောတဲ့သူတွေက စစ်ကားကို ပိုက်ဆံပေးပြီး အခန်းထဲမှာ သက်သက်သာသာနေဖို့ ဘောက်ချာဝင်ထားတဲ့သူတွေဖြစ်လို့ပဲ။ အဲဒီနေ့က စစ်ကား လူပုံ အလယ်မှာ အရှက်ခွဲလိုက်တာကို ဘိုနီက လုံးဝမကျေနပ်ဘူး။ တစ်ညလုံး ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေတယ်။ နောက်နေ့ ရောက်တော့ သူမအောင့်နိုင်တော့ဘူး။ အငယ်လေးကို ရေကန်ဘေးခေါ်ပြီး တိုင်ပင်လိုက်တယ်။

"ညနေက စစ်ကား စကားပြောတာ တော်တော်ရင့်တယ်ကွာ။ ငါ မကျေနပ်ဘူး"

အငယ်လေး (ခ) ကြွက်ကတိုးကလည်း သူ့အမူတွဲကို မကျေနပ်ဘူး။

"ဟုတ်တယ် ကိုဘိုနီ။ ဒီကောင်က တော်တော်မာန်တက်နေတာ။ သူငယ်ချင်း အချင်းချင်းတောင် အထာမရှိဘူး။ ခင်ဗျား ဘာလုပ်ချင်သလဲ"

ဘိုနီကလည်း မစဉ်းစားတော့ဘဲ ချက်ချင်းအဖြေပြန်ပေးတယ်။

"ငါ စစ်ကားကိုသတ်ချင်တယ်။ မင်းငါနဲ့အတူ ဒီကောင်ကို သတ်မယ်လို့ ကတိပေးမလား"

အငယ်လေးက ခေါင်းညိတ်ပြတယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက် စစ်ကားကိုသတ်ဖို့ အသေးစိတ်တိုင်ပင်ကြတယ်။ သူတို့ရဲ့ အစီအစဉ်ထဲကို နောက်ထပ်ပါဝင်လာသူတစ်ယောက်ကတော့ ဒေါ်ပုံစန်းမြင့်ပဲ။ စန်းမြင့်ကလည်း စစ်ကားကို မကျေနပ်ဘူး။ ဒီလိုနဲ့ သူတို့သုံးယောက် အသေးစိတ် အစီအစဉ်ဆွဲတယ်။ ဘိုနီက စစ်ကားသတ်မယ့် အချိန်ကို လူတွေ အရမ်းအိပ်မောကျနေတဲ့ ည ၁ နာရီ ၃ မောင်းကို ရွေးတယ်။ ပြီးတော့ ဘိုနီနဲ့ အငယ်လေးက စစ်ကားကို သတ်တဲ့အချိန် ဒေါ်ပုံစန်းမြင့်က စစ်ကားရဲ့လူတွေကို ကာထားပေးဖို့ တာဝန်ပေးတယ်။ စစ်ကားကိုသတ်ဖို့ ဘိုနီက ချွတ်ကို ရွေးတယ်။

အငယ်လေးကတော့ ညဘက် အခန်းမီးလွှာထိုင်ခုံက သစ်သား ပျဉ်တန်းကို အသုံးပြုမယ်လို့ ပြောတယ်။ စန်းမြင့်ကလည်း သူ့အတွက် ချွတ်တစ်ချောင်း လိုတယ်လို့ ပြောတယ်။ ထောင်အခေါ် "ချွတ်" ဆိုတာကတော့ သံခြေကျင်းမှာ အသုံးပြုတဲ့ သံချောင်းအရှည်ကို အဖျားချွန်အောင် သွေးထားတာဖြစ်ပါတယ်။ ဘိုနီက ချွတ်နှစ်ချောင်းကို လက်သမားဘုတ်ကို ပိုက်ဆံပေးပြီး တိတ်တဆိတ်မှာလိုက်တယ်။ လက်သမားဘုတ်က ပို့လိုက်တဲ့ ချွတ်တွေကို စစ်ကားသတ်မယ့်ညမှာ အခန်းထဲကို သွင်းပြီး မီးလွှာဖုံးတဲ့ ဖွဲပြာပုံကြားထဲမှာ ဝှက်ထားလိုက်တယ်။ အငယ်လေးကတော့ မီးလွှာခုံက သစ်သားတန်းကို ရိုက်ဖြုတ်ပြီး ဟန်မပျက်ပြန်တန်းထားတယ်။ အရေးအကြောင်းဆို အသာဆွဲဖြုတ်လိုက်ရုံပဲ။

အခန်းမှာ ညဘက်ကင်းစောင့်တဲ့ ဘာယာတွေက မှောင်ရိပ်ခိုမှုတွေ ၊ မသင်္ကာမှုတွေနဲ့ ကျလာတဲ့ ၃၀ (D) တွေ များပါတယ်။ သူတို့တွေက ထောင်နှစ်လသုံးလပဲ ကျတဲ့သူတွေဖြစ်တယ်။ နေ့ဘက်မှာ ထောင်အပြင်ဘက်ကို ထုတ်ပြီး အကျဉ်းဦးစီးဌာန ရုံးခန်းတွေမှာ သန့်ရှင်းရေးလုပ်တာတွေ ၊ ရေဖြည့်တာတွေ တောက်တိုမယ်ရလုပ်ရတယ်။ တချို့လည်း ပန်းခြံတို့ တောင်ယာတို့မှာလုပ်ရတယ်။ ညနေဘက်ရောက်မှ ထောင်ထဲကို ပြန်ဝင်ရတဲ့သူတွေဖြစ်ပါတယ်။ သူတို့တွေက လည်း နေ့လယ်ကအလုပ်ပင်ပန်းထားတဲ့ ဒဏ်ကြောင့် ညဘက်ကင်းကျတဲ့အချိန်မှာ ငိုက်လေ့ရှိတယ်။ ဘာယာတစ်ယောက်ကို ထောင်အခေါ် ရှစ်မောင်း (နှစ်နာရီ) ကင်းစောင့်ရတယ်။ ပြီးရင် နောက်တစ်ယောက် ကင်းလဲရတယ်။ ညဘက်မှာ အကျဉ်းသားတွေအနေနဲ့ ရှစ်နာရီ သုံးမောင်းအထိ စကားပြောကြဆိုကြ၊ သီချင်းဆိုကြနဲ့ ဆူညံနေတာပါပဲ။ အခုနောက်ပိုင်းတော့ အခန်းတိုင်း ရုပ်မြင်သံကြားစက်တွေ တပ်ပေးထားတယ်။ ရှစ်နာရီသုံးမောင်းမှာ ဘာယာက "ခေါင်းချ" လို့ အော်လိုက်တာနဲ့ ကိုယ့်အိပ်ရာမှာကိုယ် လှဲအိပ်ရတယ်။ ကိုးနာရီ တစ်မောင်းအထိ ဘယ်သူမှ အိပ်ရာကထခွင့်မရှိဘူး။ ကိုးနာရီ တစ်မောင်းကျော်မှ လက်ညှိုးထောင်ပြီး "ဘာယာ သေးပေါက်" "ဘာယာ ရေသောက်" ၊ "ဘာယာအိမ်သာတက်" ဆိုပြီးအော်ရတယ်။ ဘာယာခွင့်ပြုမှ အိပ်ရာထဲကထပြီး မီးလွှာကိုသွားခွင့်ရှိတယ်။ ဒီလိုတစ်ပြိုင်တည်း လူသုံးယောက်သာ ထခွင့်ရှိပြီး ကိုယ်သွားချင်ရင်တော့ ကိုယ့်အလှည့်ကို စောင့်ရပါတယ်။ အဲဒီညကတော့ ဘိုနီတို့က စစ်ကားကိုသတ်ဖို့ အစီအစဉ်ဆွဲထားတော့ လုံးဝမအိပ်ကြဘူး။ စိတ်လှုပ်ရှားပြီး ညည့်နက်အချိန်ရောက်ဖို့ စောင့်စားနေကြတယ်။

ည တစ်နာရီ သုံးမောင်းခေါက်လိုက်ပြီ။ ထုံးစံအတိုင်း ဘာယာက အိပ်ငိုက်နေတယ်။ ဘိုနီက "ဘာယာသေးပေါက်" လို့ ထအော်တယ်။ ဘာယာက အိပ်ချင်မူးတူးအသံနဲ့ သွားလို့ ဗလုံးဗထွေး လှမ်းပြောတယ်။ မရှေးမနှောင်းမှာပဲ အငယ်လေးကလည်း "ဘာယာအိမ်သာတက်" လို့ အော်တယ်။ ဘာယာက သွားလို့ပြောတယ်။ မီးလွှာထဲကို ဘိုနီ နဲ့ အငယ်လေး ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။ တစ်ခန်းလုံးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြတယ်။ ဘိုနီက မီးလွှာအခန်းထဲက ဖွဲပုံအောက်မှာ ဝှက်ထားတဲ့ ချွတ်နှစ်ချောင်းကိုယူလိုက်တယ်။ အငယ်လေးက မီးလွှာတန်းပေါ်က သစ်သားချောင်းကို ဆွဲဖြုတ်လိုက်တယ်။ သူတို့ မီးလွှာခန်းထဲကအထွက်မှာ ဒေါ်ပုံစန်းမြင့်လည်း ရောက်လာပြီ။ ဘိုနီက ချွတ်တစ်ချောင်းကို လှမ်းပေးပြီး "စစ်ကားလူတွေကို မင်းကြည့်ထား"လို့ အသံခပ်အုပ်အုပ်နဲ့ ပြောတယ်။ ပြီးတော့ သူ နဲ့ အငယ်လေးက စစ်ကားအိပ်နေတဲ့နေရာကို ခပ်သွက်သွက်လှမ်းသွားတယ်။ စစ်ကားကတော့ သူ့ကံကြမ္မာကိုမသိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတယ်။ အဖြစ်အပျက်က အရမ်းမြန်တယ်။

ဘိုနီက စစ်ကားကို ချွတ်နဲ့စထိုးလိုက်သလို အငယ်လေးကလည်း သစ်သားချောင်း နဲ့ မျက်နှာကိုဖြတ်ရိုက်လိုက်တယ်။ စစ်ကားရဲ့ အသံခပ်အုပ်အုပ်ပဲ ထွက်လာတယ်။ စစ်ကား ထထိုင်ချိန်တောင် မရလိုက်ဘူး။ အငယ်လေးတို့ရဲ့ လက်ချက်အောက်မှာ အိပ်ရာထဲမှာပဲ သွေးအလိမ်းလိမ်းဖြစ်သွားတယ်။ အော်သံတွေကြောင့် စစ်ကားလူတွေ နိုးလာတယ်။ ဒါပေမဲ့ ဒေါ်ပုံစန်းမြင့်က ချွတ်ကိုဝှေ့ယမ်းပြီး အားလုံးကို လှမ်းသတိပေးတယ်။

"မဆိုင်တဲ့သူ မကပ်နဲ့နော် ၊ ငါတို့က သေမထူး နေမထူးတွေကွ ၊ မင်းတို့လာရင် ငါလည်း ညှာမှာမဟုတ်ဘူး"

ဒေါ်ပုံစန်းမြင့်ရဲ့ ခြိမ်းခြောက်မှုက တော်တော်တာသွားတယ်။ ဘယ်သူမှ အနားကိုမကပ်ရဲဘူး။ အခြေအနေကို ကြည့်လိုက် တော့ ဘိုနီတို့ သုံးယောက်လုံးမှာ လက်နက်ကိုယ်စီနဲ့ဆိုတော့ အားလုံးက ရှိန်နေကြတယ်။ စစ်ကားကလည်း နေရာမှာတင် ပွဲချင်းပြီး သေသွားတယ်။ ချက်ချင်းဆိုသလို အင်းစိန်ထောင်ဟာ ကမ္ဘာပျက်သလို ဆူညံသွားတယ်။ ထောင်ဝန်ထမ်းတွေ လည်း ရောက်လာပြီး ဘိုနီတို့ကို သေနတ်နဲ့ချိန်ထားတယ်။ ပြီးတော့ အပြင်ခေါ်ထုတ် ၊ ခြေကျင်းခတ် ပြီး ထုံးစံအတိုင်း စစ်ခွေးတိုက်ကိုပို့လိုက်တယ်။ စစ်ခွေးတိုက်ကိုရောက်တော့ ထောင်တွင်းလူသတ်မှုအတွက် တရားစွဲခံ ရမယ်ဆိုတာ ဘိုနီကသဘောပေါက်ထားတယ်။ ဒီတော့စစ်ခွေးတိုက်မှာ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတယ်။ နောက်တော့ သူတို့သုံးယောက်လုံးကို လူသတ်မှုအတွက် တရားရုံးမှာ စွဲတင်ပို့ပြီး နောက်ထပ် ထောင်ဒဏ် ၁၀ နှစ် ချမှတ် လိုက်တယ်။

ဘိုနီတို့ကို ရုံးထုတ်တော့ အင်းစိန် CID က ဟောင်ကောင်ဂျက်မဆိုပြီး နာမည်ကြီးနေတဲ့ အမျိုးသမီးရဲအရာရှိက သူတို့အမှုကို စိတ်ဝင်စားလို့ လာကြည့်တယ်။ အချုပ်ခန်းထဲမှာ ရဲတွေက ဘိုနီတို့ကို ပုံစံထိုင်ခိုင်းတယ်။ ဒါပေမဲ့ ဘိုနီတို့က မထိုင်ဘူး။ ဟောင်ကောင်ဂျက်မရောက်လာတော့ ဘာလို့ ပုံစံမထိုင်သလဲဆိုပြီး သူတို့ကို "ဖြဲ" တာပေါ့။ ရေဘဝဲဘိုနီက ထောင်ပါးဝနေပြီ။ ဟောင်ကောင်ဂျက်မကို ပြန် "ကော" တယ်။

"ပုံစံထိုင်တယ်ဆိုတာ အင်းစိန်ထောင်ထဲမှာ အကျဉ်းထောင်ဥပဒေအရ ထိုင်ရတာ အခု ကျုပ်တို့က ရဲအချုပ်ခန်း ထဲမှာ မို့လို့ ပုံစံထိုင်စရာမလိုဘူး။ ဒါကြောင့် ခင်ဗျား ကြိုက်သလိုလုပ်နိုင်တယ်"

ဘိုနီ့စကား ကြားကြားချင်း ဟောင်ကောင်ဂျက်မက ဒေါသမထွက်ဘဲ သဘောကျသွားတယ်။ ပြီးတော့ "ဒါကြောင့် ရေဘဝဲဘိုနီဆိုပြီး ထောင်ထဲမှာ နာမည်ကြီးနေတာကိုး" လို့ မှတ်ချက်ချပြီး သူတို့သုံးယောက်ကို ထမင်းဝယ်ကျွေးသွား တယ်။ တောင်ဥက္ကလာမှာ မွေးပြီး ရိုးရိုးသားသား ဈေးရောင်းတဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ ရှင်သန်ခဲ့တဲ့ ဘိုနီဟာ နောက် ဆုံးတော့ ထောင်ဆိုတဲ့ ဘဝတက္ကသိုလ်ရဲ့ ဖမ်းစားခြင်းကိုခံရပြီး ရေဘဝဲဘိုနီဆိုတဲ့ မိုက်ဂုဏ်အမည်တစ်ခုကို ရရှိခဲ့တယ်။ ဒါ့အပြင် ထောင်ထဲမှာ ရှင်သန်မှုအတွက် အစွမ်းကုန် မိုက်ရင်း အကျဉ်းထောင်သံသရာမှာ ကျင်လည်ခဲ့ရတယ်။

အခုတော့ ဒီအဖြစ်အပျက်တွေဟာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

ဒါပေမဲ့ ရေဘဝဲဘိုနီထက် ဆိုးတဲ့သူတွေ ရှိသေးတယ်။ သူတို့ကတော့ ဆေးမှုနဲ့ထောင်ကျတဲ့ ဇော်သူရဲ့ အမှုတွဲ -- ------ ရဲ့ အသည်းကို ချက်စားတဲ့ ဘဂျမ်းပဲ။

# အင်းစိန်ထောင်အတွင်းမှ

## ဂန္ဓဝင်



အပိုင်း [ ၁၉ ]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၁၉)

- **လူ့အသည်းစားတဲ့ ရေဖျံဘဂျမ်း**

ဘဂျမ်းဆိုတာ နယ်နယ်ရရတော့မဟုတ်ဘူး။ ပင်လယ်ထဲမှာ ရေဖျံတစ်ကောင်လို ကျွမ်းကျင်လွန်းလို့ ရေဖျံဘဂျမ်း ဆိုတဲ့ နာမည်တစ်လုံးရခဲ့တာ။ သူမွေးတာက ရန်ကုန်မြို့ရဲ့ တစ်ဖက်ကမ်း ဒလ။ ရန်ကုန်နဲ့ ဒလကြားက မြစ်ပြင်ဟာ သူ့အတွက် ထမင်းအိုးပဲ။ သူက ငယ်ငယ်ကတည်းက ထောင်ထဲကို ဝင်လိုက်ထွက်လိုက် လုပ်နေတဲ့သူ။ လုပ်တဲ့အလုပ်က ပင်လယ်ကူး သင်္ဘောကြီးတွေပေါ်က နိုင်လွန်ကြိုးတွေကိုဖြတ်ခိုးတယ်။ လောင်စာဆီတွေကိုခိုးတယ်။ ရန်ကုန်မြစ်ဝမှာ ကျောက်ချထားတဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေဟာ သူ့အတွက်သားကောင်ပဲ။ ညဘက်မှာ သမ္ဗန်လေးနဲ့ ပင်လယ်ကူး သင်္ဘောဘေးကပ်ပြီး အပေါ်ကိုတွယ်တက်တယ်။ အပေါ်ရောက်တော့ သင်္ဘောကိုချည်ထားတဲ့ ကြိုးတွေကိုရနိုင်သမျှ ဓားနဲ့ ဖြတ်ပြီး အောက်မှာစောင့်နေတဲ့ သူ့လူတွေဆီကိုချပေးတယ်။ သင်္ဘောပေါ်ကကင်းစောင့်တဲ့လူတွေ တွေ့သွားတာနဲ့ ပင် လယ်ထဲကို ရေဖျံတစ်ကောင်လို ဒိုင်ဗင်ထိုးဆင်းသွားတာပဲ။ အဲဒီနောက်မှာတော့ ခိုးလို့ရလာတဲ့ နိုင်လွန်ကြိုးတွေကို ငါးဖမ်း သင်္ဘောတွေဆီသွားပြီး ရောင်းတယ် ၊ အလဲအလှယ်လုပ်တယ်။ ဒီလိုနဲ့ ဘဂျမ်းရဲ့လုပ်ကွက် "ခွင်" က ကျယ်လာတယ်။ ဘဂျမ်းရဲ့ဇယားကို ဆိပ်ကမ်းရဲတွေနဲ့ နယ်ထိန်းတွေကသိပေမယ့် လက်ဆုပ်လက်ကိုင်မမိတော့ ဘာမှမတတ်နိုင်ဘူး။ ဒီအတိုင်းကြည့်နေရတယ်။ ဒါပေမဲ့ တစ်နေ့တော့ ရဲတွေအတွက် ဘဂျမ်းကို နှိပ်ကွပ်ဖို့ အခွင့်အရေးပေါ်လာတယ်။

ဒီအခွင့်အရေးကတော့ ရှစ်လေးလုံးဆိုတဲ့ ဒီမိုကရေစီ အရေးတော်ပုံပါပဲ။ ရန်ကုန်မှာ မဆလ တစ်ပါတီအာဏာ ရှင်စနစ်ကို ဆန္ဒပြမှုတွေဖြစ်ပွားတော့ အုပ်ချုပ်ရေး ပျက်ပြားသွားတယ်။ ဆန္ဒပြတဲ့ လူအုပ်စုတွေက နောက်ဆုံး ဂိုဒေါင်တွေ ဖောက် ၊ ရဲစခန်းတွေဝင်စီးတာတွေ ဖြစ်ကုန်တယ်။ ဒလဘက်ကမ်းမှာလည်း ဒလရဲစခန်းကိုဝင်စီးပြီး ရဲတချို့သေကုန်တယ်။ စက်တင်ဘာလ ၁၈ ရက် နဝတက အာဏာသိမ်းတော့ ရဲစခန်းကို ဝင်စီးတဲ့သူတွေကို နောက်ကြောင်းပြန်လိုက်ပြီး အကုန် ဖမ်း ၊ ထောင်ချပစ်တယ်။ ဒီလိုအမှုမျိုးမှာ ဦးဆောင်တဲ့သူတွေကို သေဒဏ်တွေ ၊ တစ်သက်တစ်ကျွန်းတွေချပြီး နောက်က ကူညီပံ့ပိုးတဲ့ သူတွေကိုတော့ ဆယ်နှစ်တွေ ၊ ဆယ့်ငါးနှစ်တွေ ချပစ်တယ်။ ဘဂျမ်းကိုလည်း ထောင်ရှစ်နှစ် ချလိုက်တယ်။ အမှန်တကယ်တော့ ဒလရဲစခန်း ဝင်စီးတဲ့အထဲမှာ ဘဂျမ်းမပါဘူး။ ဒါပေမဲ့ အဲဒီအချိန်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအတွက် လုပ်ရမယ်ဆိုပြီး မြို့တွေနယ်တွေ ရပ်ကွက်တွေထဲက "ဇ" ရှိတဲ့လူတွေ ၊ ရဲစခန်းမှာ နာမည်ဆိုး စာရင်းဝင်ထားတဲ့သူတွေကို အကုန်အပြစ်ရှာပြီး ဖမ်းထည့်လိုက်တယ်။ ဒီအထဲမှာ ဘဂျမ်းလည်းပါသွားရှာတာပေါ့။

ဒါပေမဲ့ ဘဂျမ်းကထောင်ထဲကို ဝင်ခလုတ် ၊ ထွက်ခလုတ် လုပ်နေတဲ့သူဆိုတော့ အင်းစိန်ကသူ့အတွက် နယ်ပယ် အစိမ်း မဟုတ်ဘူး။ အားလုံးနဲ့ "အထာ" ရှိတယ်။ အထူးသဖြင့် ဘဂျမ်းက ထောင်ဆရာဂန်ကြီးကို အရမ်းပိုင်တဲ့အတွက် အင်းစိန်ထောင်ဆိုတာ သူ့အတွက်တော့ အေးဆေးပဲ။ ဒလက သူ့အမှုတွဲအများစုဟာ သေဒဏ်တွေ ၊ ကျွန်းတွေကျပြီး ဒုက္ခ တွေရောက်နေရပေမယ့် ဘဂျမ်းက ဆေးရုံမှာ လေဘာကျပြီး သက်သက်သာသာနေရတယ်။ ထောင်ဆရာဝန်ကလည်း အင်္ဂလိပ်စာ လုံးဝမရေးတတ် ၊ မဖတ်တတ်တဲ့ ဘဂျမ်းကို ဆေးမှူးခန့်ထားတယ်။ စာမတတ်တဲ့ ဘဂျမ်းက လူနာတွေကို သွေးပေါင်ချိန်တိုင်းတာတွေ ဘာတွေလုပ်ရတယ်။ ဘဂျမ်း သွေးပေါင်ချိန်တိုင်းတဲ့အခါတိုင်း မေးလိုက်ရင် အမြဲတမ်း ၁၂၀/၈၀ ကောင်းတယ်ဆိုတာချည်းပဲ။ ဘာလို့လဲဆိုတော့ ၁၂၀/၈၀ ဟာ လူတစ်ယောက်အတွက် ပုံမှန်သွေးပေါင်ချိန်ဆို တာကို သိထားတော့ ဘဂျမ်းက ဒါကိုပဲ အလွတ်ကျက်ထားတယ်။ ထောင်ထဲမှာဆိုတော့ ဘယ်သူမှလည်း အထွန့်မတက် ရဲဘူး။ ပြီးတော့ ဘဂျမ်းက ထောင်ထဲမှာ လက်ရဲဇက်ရဲရှိတယ်။ အကျဉ်းသားတွေ အများစုက အပူများတော့ သွေးစုနာတွေ

ပေါက်ကြတယ်။ အဲဒါဆိုရင် ဘဂျမ်းရဲ့ ဓားချက်မိပြီသာမှတ်တော့။ ဆေးရုံမှာသူကပဲ ဒိုင်ခံခွဲတယ်။ အဲဒီအချိန်က ထောင်ဆိုတာ အစစအရာရာ ရှားပါးတဲ့နေရာတစ်ခုပဲ။ အခုခေတ်လို ရယ်ဒီမိတ် အစားအစာတွေမရှိဘူး။ ထောင်ထဲမှာ ကော်ဖီသောက်ချင်ရင် လက်ဖက်ရည် သောက်ချင်ရင် အိမ်ကို သကြားကသပ်သပ် ၊ ကော်ဖီမှုန့်ကသပ်သပ် ၊ နို့မှုန့်ကသပ်သပ် မှာရတယ်။ ပြီးတော့ ထောင်ထဲမှာ ရေနွေးပေးတဲ့အချိန်ကို စောင့်ပြီးမှ ကော်ဖီဖျော်သောက်ရတယ်။ ထောင်သားအများစုကလည်း စီးပွားရေးမပြေလည်တဲ့သူတွေ များတယ်။ ထောင်ဝင်စာ မလာတဲ့တချို့ဆို ထောင်ထဲမှာ တွေ့သမျှ အရွက်တွေ ခူးပြီးစားမိလို့ သွေးဝမ်းတွေသွားပြီး သေသွားတဲ့သူတွေအများကြီးပဲ။ ထောင်မှာ အကျဉ်းထောင် လက်စွဲဥပဒေအရ နေ့လယ်ဘက်မှာ ရေနွေးကြမ်းတစ်ခွက်စီတိုက်တယ်။ တချို့ "ပုန်းကြောင်" နေတဲ့သူတွေက လက်ဖက်ရည်ကြမ်းထည့်တဲ့ စည်ပိုင်းပြတ်ထဲက လက်ဖက်ခြောက်ဖတ်တွေကို တောင်းပြီး သုပ်စားရတာတွေရှိတယ်။ ပုန်းကြောင်တယ်ဆိုတာက ထောင်ဝင်စာမရှိလို့ အစားအသောက်ဆင်းရဲတဲ့ သူတွေကို ထောင်စကားနဲ့ ခေါ်တာဖြစ်ပါတယ်။ တချို့ကလည်း ထမင်းပေးတဲ့အချိန်မှာ နည်းနည်းပိုယူထားပြီး ပလတ်စတစ်ဘူးထဲမှာ ထမင်းချဉ်လုပ်စားကြတယ်။ ငါးရက်လောက် ပလတ်စတစ်ဘူးထဲ ထည့်ထားတဲ့ထမင်း ချဉ်သွားတဲ့အခါ တောင်ယာထဲမှာရှိတဲ့ ပူစီနံတို့ ၊ ကန်စွန်းရွက်တို့ခူးပြီး သုပ်စားကြရတာပါ။ တစ်ခါကတော့ ထူးထူးဆန်းဆန်း ဖားထမင်းချဉ်ဆိုတာစားခဲ့ရဖူးတယ်။ အဆောင်တောင်ယာတွေထဲမှာ ကန်စွန်းခင်းတွေရှိတယ်။ မိုးဦးကျတဲ့အခါမှာ ဒီကန်စွန်းခင်းတွေထဲကနေ ဖားပေါက်စင်းလေးတွေ ထွက်လာတယ်။ အဲဒါကို အပ်ချည်ကြိုးနဲ့ မျှားပြီးဖမ်းကြတယ်။ ဖားပေါက်စင်းလေးတွေဆိုတော့ ချက်စားလို့လည်းမရ ၊ ကြော်စားလို့လည်းမရ နောက်ဆုံး ကြံရာမရတဲ့အခါမှာ ထမင်းချဉ်ထဲ ဖားကိုရောသိပ်ပြီး ဖားထမင်းချဉ်လုပ်စားကြတယ်။ နောက်ဆုံးတော့ ဗိုက်ပျက် ၊ ဝမ်းလျှောပြီး ဆေးရုံရောက်ကြရတော့တာပါပဲ။ ဆေးရုံရောက်ရင်တော့ ဘဂျမ်းရဲ့ စီမံခန့်ခွဲမှုထဲ ရောက်သွားပါပြီ။

ဆေးရုံဆိုတာက လူတစ်သောင်းလောက်ရှိတဲ့ စံပြအင်းစိန်အကျဉ်းထောင်မှာ အထူးအခွင့်အရေးတွေရနေတဲ့ နေရာဖြစ်တယ်။ ဆေးရုံမှာ ၂၄ နာရီရေနွေးရှိတယ်။ ၂၄ နာရီ မီးဖိုရှိတဲ့အတွက် ကြော်လှော် ချက်ပြုတ်လို့ရတယ်။ လူနာတွေအတွက် ကြက်ဥ ၊ နွားနို့ ၊ ဆန်ပြုတ် ၊ ဆီ ၊ ကြက်သွန် ၊ ငရုတ်သီး ပေါများတယ်။ တချို့ရောဂါအခြေအနေ ဆိုးလွန်းတဲ့ လူနာတွေအတွက် နေ့ညကြက်ဥတွေ ၊ နွားနို့တွေပေးတယ်။ ဒါပေမဲ့ အဲဒီလူနာတွေက မသောက်ဘဲ ဆေးလိပ်နဲ့ လဲတယ်။ အသားနဲ့ လဲတယ်။ ဒါကလည်း ထောင်ထဲမှာ ဈေးကွက်တစ်ခုပဲ။ နောက်ပြီး ဆေးရုံဟာ ဘယ်ဆေးကိုမဆို သိမ်းထားလို့ရတဲ့အတွက်ကြောင့် မူးယစ်ဆေးနဲ့ကျတဲ့ အကျဉ်းသားတွေအတွက် နိဗ္ဗာန်ဘုံလိုပဲ။ အဆောင်မှာ ဒိုင်ရာဆီပင်မိရင် ရုံးတင်ခံရမှာ သေချာပေမယ့် ဆေးရုံမှာမိရင်တော့ ဘာမှမဖြစ်ဘူး။ အဲဒီအချိန်က ဆေးရုံမှာရှိတဲ့ ရှန်ဂဲဆိုရင် ကျီးကန်းကို ဒိုင်ရာဆီပင်တိုက်ပြီး မွေးထားတာတောင်ရှိတယ်။ ဆေးရုံမှာက ဒိုင်ရာဆီပင်ပေါတာကိုး။ ကျီးကန်းကလည်း ဆေးသောက်ချိန်ဆို ဆေးရုံပေါ်ရောက်လာပြီ။ မသောက်ရရင် သူ့သခင် ရှန်ဂဲကို ပြဿနာရှာလေ့ရှိတယ်။ အဲဒီအချိန်က ထောင်ဆေးရုံဟာ မျက်နှာကြီး အကျဉ်းသားတွေအတွက် နိဗ္ဗာန်ဘုံတစ်ခုပါပဲ။ ဘဂျမ်းရဲ့ အားကောင်းချက်က သူ့ဆရာတွေခိုင်းရင် ဘာမဆို လုပ်တဲ့အချက်ပါပဲ။ ထောင်မှာက နေ့စဉ်နဲ့အမျှ လူသေလေ့ရှိတယ်။ သေရင်လည်း ဘာရောဂါနဲ့သေတယ်ဆိုတာကို အစီရင်ခံစာတင်ဖို့အတွက် ရင်ခွဲရတာတွေ ၊ ခေါင်းခွဲရတာတွေရှိတယ်။ လူတွေဒီလောက်ပေါများတဲ့ ဆေးရုံမှာ ဆရာဝန်တွေက ဒီအလုပ်တွေကို မလုပ်ချင်ကြဘူး။ ဒါကြောင့် ဘဂျမ်းကို သူ့ဆရာ ထောင်ဆရာဝန်ကြီးက လူသေခွဲစိတ်ပုံ ၊ ခွဲစိတ်နည်းတွေ ပြသထားတယ်။ ခေါင်းခွဲလို့ Spot တွေ့ရင် ငှက်ဖျားပိုးနဲ့သေတယ်။ ရင်ခွဲလို့ အကြိတ်တွေ့ရင် ကင်ဆာ ၊ ဒါမျိုးတွေ ရှာဖို့မှာထားတယ်။ ဘဂျမ်းကလည်း သူ့ဆရာမှာတဲ့အတိုင်း လုပ်ပါတယ်။ ထောင်ထဲမှာ ဆိုတော့လည်း ရောဂါရှာဖွေရေးတွေ မှန်မမှန် ဘယ်သူကမှလည်း လိုက်စစ်မနေအားပါဘူး။ နောက်တော့ ဘဂျမ်းက ကျွမ်းကျင်အဆင့်ဖြစ်လာတယ်။ လူသေတွေဆို သူပဲခွဲရစိတ်ရတယ်။ ဒါကြောင့် သူ့ရဲ့အမှုတွဲတွေ နယ်ထောင်အသီးသီးကို ပြောင်းသွားကြပေမယ့် ဘဂျမ်းကတော့

အင်းစိန်ထောင်မှာ ပန်းပန်လျက်ပဲ။ သူ့ကို ကြည့်ထားတဲ့သူတွေထဲမှာ ထောင်ပိုင်ကြီးကအစ ၊ ထောင်ဆရာဝန် အဆုံးဆို တော့ ဘယ်သူကမှ မတို့မထိရဲတော့ဘူးပေါ့။

ဒါပေမဲ့တစ်နေ့တော့ ဘဂျမ်း ကြမ္မာဆိုးတစ်ခုဂင်လာတယ်။ အဲဒါကတော့ ညဘက်အိပ်နေရာကနေ ထ, ထအော် တာပဲ။ သူ့ဆရာတွေကလည်း သေချာစစ်ဆေးပေးပြီး ဆေးတွေဘာတွေ ကျွေးတယ်။ ဒါပေမဲ့ ညဘက် ချောက်ချားပြီး အိပ်မပျော်တဲ့ရောဂါက ပိုဆိုးလာတယ်။ ဘဂျမ်းအပြောအရဆိုရင် သူ့ဘေးမှာ လူတစ်ယောက်က တဒေါက်ဒေါက်နဲ့ လမ်း လျှောက်နေတယ်ဆိုပဲ။ ဒါပေမဲ့ အဲဒီလူကို တခြားလူတွေကမမြင်ရဘူး။ ထောင်ဆိုတာကလည်း သရဲ ၊ တစ္ဆေ ၊ နာနာဘာဝ ဆိုတာကို ယုံကြည်တယ်။ မယုံလို့လည်းမရဘူး။ တကယ့်လက်တွေ့ ကြုံတွေ့ခဲ့ကြတာကိုး။ တပေါင်းတန်ခူးလို လတွေမှာ အသားစားရက်တိုင်း ထောင်သားတွေ ထထအော်လို့ တစ်ညလုံး မအိပ်ရတာတွေရှိတယ်။ "ထောင်အော်" တယ်လို့ဆို တာပဲ။ အထူးသဖြင့် အမဲသားကျွေးတဲ့နေ့တွေမှာ ပိုဖြစ်တတ်တယ်။ ဆေးပညာ ရှုထောင့်အရ ကျွမ်းကျင်သူတချို့ ပြော တာကတော့ ထောင်ထဲမှာ လူတွေအပူများလွန်းလို့ အခုလိုအပြုအမူမျိုးဖြစ်တယ်လို့ဆိုပါတယ်။ ဒါပေမဲ့ နာမ်လောကအ ကြောင်းကို ဘယ်သူမှ မပစ်ပယ်ရဲပါဘူး။ ဒီအထဲမှာ ထောင်ပိုင်တွေလည်း ပါပါတယ်။ ထောင်အော်တာတွေ ခဏခဏ ဖြစ် လွန်းလို့ နောက်ဆုံးတော့ အကျဉ်းသားတွေကို အမဲသား ကျွေးတာရပ်ပြီး ဝက်သား ၊ ငါးနဲ့ ဘဲဥပဲ ပြောင်းကျွေးလိုက်တယ်။ အဲဒီအချိန်မှာတော့ ထောင်အော်တာတွေ ရပ်သွားတယ်။ အခုလည်း ဘဂျမ်းတစ်ယောက် ဘယ်လိုရောဂါဖြစ်နေတယ်ဆို တာ ဘယ်သူမှရှင်းမပြတတ်ဘူး။ တချို့ကတော့ အပမှီတယ် ပြောတာပဲ။ နောက်ဆုံး ဘဂျမ်းကို အတွေ့အကြုံရှိတဲ့ ဗမာ ဆေးဆရာနဲ့ ကုရတယ်။ အဲဒီကျမှ သူ့ရဲ့ လျှို့ဝှက်ချက် တစ်ခုပေါ်လာတယ်။

အဲဒါကတော့ အင်းစိန်ထောင် (၁) ဆောင်ကို ကျောက်မြောင်းက ဆေးမှုနဲ့ လူငယ်နှစ်ယောက်ဝင်လာတယ်။ အဆောင်မှာ ဆေးမချရတော့ နှစ်ယောက်လုံး "ယင်း" ထ နေတော့တာပေါ့။ သူတို့ထဲက တစ်ယောက်က ဆေးကြောင်ပြီး (၁) ဆောင်ရဲ့ သောက်ရေကန် အုတ်ကန်ထဲကို ခုန်ဆင်းသွားတယ်။ ဒီအုတ်ကန်က လူ ၁၆၀၀ လောက်အတွက် ရေသုံးဖို့ ပေးထားတာဖြစ်ပြီး အဖုံးလည်းဖုံးထားတယ်။ လူတစ်ကိုယ်စာ ဝင်ပေါက်တစ်ပေါက်ပဲရှိတယ်။ အဲဒီအပေါက်ထဲကနေ ဆင်းသွားတော့ ဘယ်သူကမှသတိမထားမိဘူး။ အဆောင်ပိတ်မှ လူတစ်ယောက်ပျောက်လို့ စစ်လိုက်တော့ အုတ်ကန်ထဲ မှာရေနစ်သေနေပြီ။ နောက်ဆုံးတော့လည်း ဒီအလောင်းဟာ ဘဂျမ်းလက်ထဲ ရောက်တာပေါ့။ ထုံးစံအတိုင်း ရေနစ်သေ တယ်ဆိုတာကို ခိုင်လုံဖို့ ဘဂျမ်းက ရင်ခွဲစစ်ဆေးရတယ်။ အဲဒီနေ့က ဘဂျမ်း ဘာဖြစ်သွားတယ်မသိဘူး။ လတ်လတ်ဆတ် ဆတ် သေသွားတဲ့ ဆေးသမားရဲ့ အသည်းတစ်ခြမ်းကို လှီးယူထားလိုက်ပြီး ဆေးရုံစားဖိုဆောင်မှာ ကြက်သွန်တွေ ငရုတ် သီးတွေနဲ့ ချက်လိုက်တယ်လို့ဆိုတယ်။ ပြီးတော့ သူ့သူငယ်ချင်းတချို့ကိုလည်း ကျွေးလိုက်သေးတယ်။ အဲဒီဟင်းက သူစား ခဲ့ရတဲ့အထဲမှာ အနူးညံ့ဆုံးပဲလို့ သူ့အမှုတွဲဖြစ်တဲ့ ကိုလှထွန်းကိုပြောပြခဲ့တယ်။ အဲဒါစားပြီးတဲ့နောက် ဘဂျမ်းကို ညစဉ်လာ ခြောက်နေတော့တာပဲ။ အိပ်ရာဘေးမှာ တဒေါက်ဒေါက်နဲ့ လမ်းလျှောက်နေလို့ ဘဂျမ်းစိတ်ချောက်ချားပြီး အိပ်မပျော်တဲ့ ရောဂါ ရသွားခဲ့တယ်။ သူ့ရောဂါကို ဗမာဆေးဆရာနဲ့ အသည်းအသန်ကုလိုက်မှ ပျောက်သွားတယ်။ သေသွားတဲ့သူကို လည်းဆေးရုံမှာရော ၊ (၁)ဆောင်မှာပါ အမျှအတန်းဝေပြီး ကုသိုလ်ကောင်းမှု လုပ်လိုက်တယ်။ အဲဒီနောက်မှာတော့ ဘဂျမ်း တစ်ယောက် အချိုးပြောင်းသွားတယ်။ အနေအထိုင် ဆင်ခြင်သွားတယ်။ ကံကောင်းတဲ့ ဘဂျမ်းဟာ ထောင်ရှစ်နှစ်ပဲကျလို့ စောစောစီးစီး လွတ်မြောက်သွားပြီး မကောင်းမှုတွေကို မလုပ်တော့ဘူး။

ဒီလိုနဲ့ သူ့ရဲ့ "ရေဖျံဘဂျမ်း" ဆိုတဲ့အမည်လည်း လှိုင်မြစ်ပေါ်မှာ ပျောက်ဆုံးသွားတော့တယ်။

ရေဖျံဘဂျမ်းလိုပဲ အရမ်းဆိုးတဲ့ဘဝကနေ ထောင်နှုတ်ခမ်းနင်းပြီး ဝင်လိုက်ထွက်လိုက် လုပ်နေရင်းနဲ့ လိမ္မာသွားတဲ့ လူနှစ်ယောက်ရှိခဲ့ဖူးတယ်။ သူတို့နှစ်ယောက်ကတော့ "ပိုက်ထောက်ကျော်ဝင်း" နဲ့ "ပီတာ"တို့ နှစ်ယောက်ပါပဲ။ ပိုက်ထောက်ကျော်ဝင်းက မွေးရာပါ ကြောင်နီအရုပ်ကြီး ခါးမှာပါလာတယ်။ သူ့ရဲ့အမှုတွဲ ပီတာကတော့ ဟိန္ဒူလူမျိုးပဲ။ သူတို့က မဆလခေတ် အင်မတန်တန်ခိုးကြီးတဲ့ ဒုဝန်ကြီးကတော်ရဲ့ ဘယက်ကိုတောင်ရအောင်ခိုးခဲ့တဲ့ နာမည်ကြီး သူခိုးကြီး နှစ်ယောက်ဖြစ်ပါတယ်။


အင်းစိန်ထောင်
အတွင်းမှ
ဂန္ထဝင်
အပိုင်း [ ၂၀ ]
ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထ ဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၂၈)

- **သစ္စာရှိသော လူမိုက်ကြီး ဗိုက်ထောက်ကျော်ဝင်းနဲ့ ပီတာ**

တော်တော်စွမ်းတဲ့ လူမိုက်ကြီးနှစ်ယောက်ကို နယ်ထောင်မှာ လုံခြုံရေးအရ ဆက်လက်မထိန်းသိမ်းနိုင်တော့လို့ ဗဟိုအင်းစိန် အကျဉ်းထောင်ကို ပို့လိုက်မယ်ဆိုတဲ့ သတင်းကြောင့် အားလုံးကစိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြပါတယ်။ အဲဒီလူမိုက်ကြီးနှစ်ယောက်ကတော့ ဗိုက်ထောက်ကျော်မင်းနှင့် ပီတာလို့ခေါ်ပါတယ်။ သူတို့နှစ်ယောက် ကျူးလွန်ခဲ့တဲ့အမှုကမီးခဲကို ဖင်ခုထိုင်လိုက်တဲ့အမှုပဲ။ အရင်ကတော့ သူတို့နှစ်ယောက်က နာမည်မရှိတဲ့ လူဆိုးပေါက်စနလေးတွေပါ။ သူတို့ ကျင်လည်ကျက်စားတာက ရန်ကုန်-မန္တလေး အစုန်အဆန် ရထားတွဲတွေ နဲ့ ရန်ကုန်ဘူတာကြီး။ ဗိုက်ထောက်ကျော်မင်းက ခန္ဓာကိုယ် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်။ ခပ်အေးအေးနေတတ်တဲ့ သွေးအေးသတ္တဝါ။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်မှာ မွေးရာပါ ကြောင်နီအမှတ်ကြီးတစ်ခုရှိတယ်။ ဘယ်ဘက်ခါးမှာ ကြောင်ရဲ့ခေါင်းရှိပြီး လက်နှစ်ဖက်က ဗိုက်ဘက်ကိုပစ်ထားပြီး ခြေထောက်နှစ်ဖက်က ကျောဘက်ကိုပစ်ထားတယ်။ အမှတ်တမဲ့လှမ်းကြည့်ရင် ကြောင်တစ်ကောင်က သူ့ခါးကိုဖက်ထားသလိုမျိုး။ ဒီအမှတ်ကြောင့်လားမသိဘူး။ ကျော်မင်းက လှုပ်ရှားရာမှာပေါ့ပါးတယ် ၊ အရမ်းသွက်တယ်။ အရှိန်နဲ့ မောင်းနေတဲ့ ရထားတွဲပေါ်ကနေ ခုန်တက် ၊ ခုန်ဆင်းနိုင်တယ်။

ပီတာကတော့ ဟိန္ဒူလူမျိုး။ အရပ်ပုပုပျပ်ပျပ် ၊ ရယ်လိုက်ရင် ဖွေးနေတဲ့သွားတွေကို အရင်မြင်ရလိမ့်မယ်။ ငယ်ငယ်က သူတို့ဘာသာတရားအရ တစ်ကိုယ်လုံး မုန့်ညင်းဆီလိမ်းပြီး အရိုးအဆစ် သန်မာအောင် နေပူလှန်းတယ်။ သူ့အမေက သားလေးတစ်ယောက်ပဲရှိတော့ မုန့်ညင်းဆီတွေများများလိမ်းပြီး နေခပ်များများလှန်းလိုက်တယ်ထင်ပါတယ်။ ပီတာ တစ်ကိုယ်လုံး မီးသွေးခဲလို မည်းနက်နေပြီး အရမ်းသန်မာတယ်။ လူတစ်ကိုယ်လုံးကို သူကောက်ချီလိုက်ရင် လေထဲကို စွေ့ခနဲပါသွားတယ်။ သူတို့နှစ်ယောက်အတွက်ကတော့ ရန်ကုန်-မန္တလေး အစုန်အဆန်ရထားတွဲတွေဟာ ထမင်းအိုးပဲ။ ကြုံရင်ကြုံသလို ခရီးသည်တွေဆီကနေခိုးတယ် ၊ လုယက်တယ်။ ပစ္စည်းယူပြီးရင် ရထားတွဲပေါ်ကနေရိပ်ခနဲခုန်ချသွားတာပဲ။ အရမ်းမြန်လွန်းတော့ ရထားရဲတွေလည်း သူတို့ကို မဖမ်းနိုင်ဘူး။ ဘူတာရုံမှာ ၊ တွဲပေါ်မှာ လုပ်ကိုင်စားသောက်နေတဲ့ သူတွေကို ရဲတွေသိနေပေမယ့် လက်ဆုပ်လက်ကိုင် ဖမ်းဖို့ကတော့ခက်တယ်။

တစ်နေ့တော့ ကျော်မင်းနဲ့ ပီတာတို့ ရန်ကုန်ဘူတာကြီးထဲမှာထိုင်ပြီး သားကောင်လိုက်ရှာနေတယ်။ ဒီရက်ပိုင်းမှာ အလုပ်မဖြစ်တဲ့အတွက် ဘိုင်ပြတ်နေတယ်။ ဒီအချိန်မှာပဲ ဘူတာကြီးထဲကို ခမ်းခမ်းနားနား ဝတ်စားထားတဲ့ ခပ်တောင့်တောင့် အမျိုးသမီးကြီးတစ်ဦး ဝင်လာတယ်။ ဒီအမျိုးသမီးကြီးကို ကျော်မင်း နဲ့ ပီတာ တွေ့သွားပြီးတဲ့နောက် မျက်တောင်မခတ်စတမ်း ငေးကြည့်နေရတယ်။ ဘာလို့လဲဆိုတော့ အမျိုးသမီးကြီးရဲ့ လည်ပင်းမှာဂတ်ထားတဲ့ အရောင်တဖျတ်ဖျတ်လက်နေတဲ့ ဘယက်ကြီးကြောင့်ပဲ။ ဒါနဲ့ ဒီအမျိုးသမီးကြီး ဘယ်အတွဲမှာတက်မလဲဆိုပြီး လိုက်ကြည့်ကြတယ်။ အမျိုးသမီးကြီးကို ရထားရဲတွေက အရိုအသေပေးပြီး အထူးတွဲပေါ်ကိုတင်ပေးတာ တွေ့လိုက်တော့ သူတို့နှစ်ယောက်လုံး စိတ်ဓာတ်ကျသွားတယ်။ အထူးတွဲဆိုတာက သာမန်ပြည်သူတွေ သွားခွင့်မရှိသလို ၊ လုံခြုံရေးအစောင့်အရှောက်တွေလည်း အပြည့်ပါတဲ့အတွဲ ဖြစ်ပါတယ်။ ပီတာက အခြေအနေကို ကြည့်ပြီး ခေါင်းကုတ်လိုက်တယ်။

"ကျော်မင်းရေ ... အခြေအနေကတော့ မလှဘူး။ ကြည့်ရတာ လူကြီးတစ်ယောက်ရဲ့ မိန်းမလားမသိဘူး"

"အေး ... ဟုတ်လောက်တယ်။ ရဲတွေကြည့်ရတာ ပျာနေတာပဲ"

ပီတာက ကျော်မင်းမျက်နှာကို သေချာကြည့်ရင်း လှမ်းမေးတယ်။

"ဒါဆို လက်လျှော့လိုက်ရတော့မလား"

ကျော်မင်းကတော့ အမျိုးသမီးကြီးရဲ့ လည်ပင်းက ဘယက်ကြီးကို အကြည့်မခွာနိုင်ဘဲ ပြန်ပြောတယ်။

"မင်းသဘောပဲ"

"ခက်တော့ခက်တယ် ၊ ကြည့်ရတာ ပစ္စည်းတန်ဖိုးကမနည်းဘူး။ ဒီဘယက်ကြီးသာ ငါတို့ရလိုက်ရင် ဒီလောကထဲကထွက်ပြီး အေးအေးဆေးဆေး လုပ်ကိုင်စားသောက်လို့ရပြီ"

ပီတာ့ စကားကြောင့် ကျော်မင်း လောဘတက်သွားတယ်။ အထူးတွဲပေါ်မှာစီးမယ့် အမျိုးသမီးကြီးရဲ့ လည်ပင်း က ဘယက်ကို လုဖို့ဆိုတာ တော်တော်မလွယ်တဲ့ အလုပ်တစ်ခုပါ။ ဒါပေမဲ့ ကျော်မင်းကတော့ ဘယ်လိုလုရမလဲဆိုတာ စစဉ်းစားနေပြီ။ အထူးတွဲကို ရိုးရိုးလူတွေလည်းသွားလို့မရဘူး။ မုန့်သည်တွေလည်း သွားလို့မရဘူး။ ရထားရဲကလည်း အချိန်ပြည့်စောင့်ရှောက်နေတယ်။ ကျော်မင်းက သက်ပြင်းချရင်း ပီတာ့ကို လှမ်းမေးတယ်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

အဲဒီအချိန်မှာပဲ ရထားထွက်ဖို့ ဝီစီသံကို ကြားလိုက်ရတယ်။ သူတို့ကြည့်နေတဲ့ အထူးတွဲရဲ့ ပြတင်းပေါက်ကနေ လည်ဆွဲဝတ်ထားတဲ့ အမျိုးသမီးကြီးရဲ့ မျက်နှာပေါ်လာတယ်။ ကျော်မင်း သေချာစဉ်းစားနေရင်း ခေါင်းထဲမှာ ဖျတ်ခနဲ အလင်းစ တစ်စရသွားတယ်။ ပီတာ ကျောကုန်းကို ဖြန်းခနဲရိုက်ချလိုက်တယ်။

"ငါ အကြံရပြီ ပီတာ ၊ လာလိုက်သွားစို့"

ဒီလိုနဲ့ သူတို့နှစ်ယောက်လည်း ရန်ကုန်ဘူတာကြီးထဲကနေ မန္တလေးကိုထွက်မယ့် အဆန်ရထားပေါ်ကိုပါသွားတယ်။ သူတို့ ဘယက်လုမယ့် အမျိုးသမီးကြီးဟာ အမှန်တကယ်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်က ဩဇာအာဏာရှိတဲ့ ဒုဝန်ကြီးတစ်ပါးရဲ့ကတော်ဖြစ်ပါတယ်။ ငွေကြေးဥစ္စာလည်း ချမ်းသာတဲ့အပြင် ဇာတိမန္တလေးကို ခေတ္တအလည်သွားတာဖြစ်ပါတယ်။

ရထားကြီးကတော့ ပဲခူးဘူတာရောက်တဲ့အထိ အေးအေးဆေးဆေးပါပဲ။ နည်းနည်းအမှောင်သန်း လာတာနဲ့ ကျော်မင်း နဲ့ ပီတာတို့ စတင်လှုပ်ရှားပါတော့တယ်။ ရိုးရိုးတွဲခေါင်မိုးပေါ်ကို ကြောင်တစ်ကောင်လို ပေါ့ပေါ့ပါးပါး တက်သွားကြပြီး တွဲခေါင်မိုးပေါ်ကတစ်ဆင့် အထူးတွဲရှိရာကိုသတိထားပြီး ချဉ်းကပ်လာကြပါတယ်။ ဒီနေရာမှာ အရပ်ပုပြီး သန်မာတဲ့ ပီတာက ပိုခရီးရောက်တယ်။ အထူးတွဲခေါင်မိုးပေါ်ကို သူအရင်ရောက်သွားပြီး တွဲခေါင်မိုးအပေါ်က အဲယားကွန်း တပ်ထားတဲ့ဘုလုံးကြီးကို ခွထိုင်လိုက်တယ်။ ပြီးတော့ သူ့နားကို ရောက်လာတဲ့ ကျော်မင်းရဲ့ ခြေထောက်နှစ်ချောင်းကို သူဝတ်လာတဲ့ပုဆိုးနဲ့ ဘယ်ညာ ချည်လိုက်တယ်။ ပြီးတော့ ပီတာက အမိုးပေါ်ကဘုကို အားပြုပြီး ကျော်မင်းကိုထိန်းပေးထားတယ်။ ကျော်မင်းက ပီတာထိန်းထားပေးထားတဲ့အတိုင်း အမျိုးသမီးကြီးထိုင်စီးတဲ့ ပြတင်းပေါက်ရှိရာကို ခေါင်မိုးကနေ တဖြည်းဖြည်း ဇောက်ထိုးဆင်းသွားတယ်။ ပီတာက သတိကြီးကြီးထားပြီး တဖြည်းဖြည်းအောက်ကို လျှော့ချပေးရတာပါ။ ကျော်မင်းက အရပ်ရှည်တဲ့အတွက်ကြောင့် အများကြီး လျှော့မပေးခင်မှာပဲ ပြတင်းပေါက်ဆီကို ရောက်သွားတယ်။ ဒီအခြေအနေကို အသုံးချပြီးအပြင်ကို ငေးကြည့်နေတဲ့ အမျိုးသမီးကြီးရဲ့ လည်ပင်းကဘယက်ကို လျှပ်တစ်ပြက် အားနဲ့ဆွဲဖြုတ်လိုက်တယ်။ ရုတ်တရက် ကြုံတွေ့လိုက်ရတဲ့ဖြစ်ရပ်ကြောင့် အမျိုးသမီးကြီးကမအော်မိဘဲ ငေးကြောင်ကြည့်နေတယ်။ ကျော်မင်းက

ဖောက်ထိုးကြီးဖြစ်နေတာကနေ ရထားအမိုးကို ဗိုက်နဲ့ထောက်ပြီးအပေါ်ကို ပြန်တက်တယ်။ သူတို့အထူးတွဲ ခေါင်မိုးပေါ်ကနေ ရှိးရှိုးတွဲ ခေါင်မိုးတွေဆီ နောက်ပြန်ပြန်ပြေးတယ်။ ပြီးတော့ တွဲနှစ်ခုကြားကို လျှောဆင်းပြီး အရှိန်နဲ့ ခုတ်မောင်းနေတဲ့ ရထားပေါ်ကနေ ကျွမ်းကျွမ်းကျင်ကျင် ခုန်ချလိုက်ကြတယ်။ သူတို့ခုန်ချတာကို ရထားပေါ်က ခရီးသည်တွေ မြင်လိုက်ရပေမယ့် ဘာမှန်းမသိကြဘူး။ ဘယက် အလုခံရလိုက်ရတဲ့ အမျိုးသမီးကြီးက သတိဝင်လာပြီး အော်တော့မှ အထူးတွဲပေါ်က ခရီးသည်တွေရော ၊ ရဲတွေရော ပစ္စည်းပါသွားတာကို သိလိုက်ကြတယ်။ နောက်ဆုံး ရထားအရေးပေါ်ကြိုးကို ဆွဲလိုက်တော့ ရထားရပ်သွားတယ်။ ရထားပေါ် ပါလာတဲ့ရဲတွေကလည်းခရီးသည်တွေ ညွှန်ပြတဲ့လမ်းကြောင်းအတိုင်း ရထားလမ်းဘေးက တောထဲကို လိုက်ကြတယ်။ ဒါပေမဲ့ ပီတာနဲ့ ကျော်မင်းရဲ့ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။

ပီတာနဲ့ ကျော်မင်းတို့နှစ်ယောက်လည်း ရထားလမ်းဘေးက တောထဲကိုရောက်သွားပေမယ့် နယ်မြေကို သိပ်မကျွမ်းကျင်ဘူး။ ဒါကြောင့် သတိထားပြီးသွားနေရတယ်။ ရထားပေါ်မှာတော့ လူကြီးကတော်ရဲ့ ဘယက်အလုခံလိုက်ရတဲ့အတွက် ကမ္ဘာပျက်နေပြီ။ ရထားရဲနဲ့တင် မလုံလောက်တော့လို့ ခရိုင်ရဲတွေ ၊ တိုင်းရဲတွေပါ ဆင်းလာကြတယ်။ အလုခံရတဲ့နေရာအနီးတစ်ဝိုက်ကို တောနင်းပြီးရှာတယ်။ ဒါပေမဲ့ ပီတာ နဲ့ ကျော်မင်းတို့ရဲ့ အရိပ်အယောင်မပြောနဲ့ ၊ ခြေရာတောင် မတွေ့ရဘူး။

ပီတာနဲ့ ကျော်မင်းတို့လည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်။ ညမှောင်မှောင်မည်းမည်းထဲ သွားရတဲ့အတွက် ကျော်မင်းခြေထောက်ကို ငုတ်စူးသွားတယ်။ ဆေးလည်းမပါတော့ ပုဆိုးစကိုဖြဲပြီး ပတ်တီးအဖြစ်သုံးရတယ်။ ရဲလက်က လွတ်အောင် ပြေးပေမယ့် ခရီးမတွင်ဘူး။ တခါတရံမှာ သားရဲတွေရဲ့ရန်ကြောက်လို့ သစ်ပင်ပေါ်တက်ပုန်းပြီး အိပ်ရတာလည်းရှိတယ်။ အဲဒီအချိန်က နယ်မြေ မအေးချမ်းသေးတဲ့အတွက် သူပုန်တွေနဲ့ရင်ဆိုင်တိုးပြီး အသက်နဲ့ရင်းလုလာရတဲ့ ဘယက်ကြီးကို ထိုးပေးလိုက်ရမှာလည်း စိုးရိမ်တယ်။ ကျော်မင်းတို့ကို လိုက်ရှာနေတဲ့ ရဲတွေကိုတော့ အပေါ်က ဖိထောင်းနေပြီ။ ဘယ်လိုမှ မရှာနိုင်တော့တဲ့အတွက် ရဲတပ်ဖွဲ့က ဒီနယ်မြေမှာ လှုပ်ရှားနေတဲ့တပ်ကိုထပ်ပြီး အကူအညီတောင်းရတယ်။ တပ်ကလည်း ရဟတ်ယာဉ်ပါ သုံးပြီးတော့ ရှာဖွေတယ်။ တစ်ညနဲ့ တစ်ရက်လုံး တောနင်းရှာပေမယ့် ကျော်မင်းနဲ့ ပီတာကိုတော့ မမိသေးဘူး။

ကံဆိုးမှုကတော့ စတင်ဝင်ရောက်လာပြီ။ ကျော်မင်းခြေထောက်မှာ ငုတ်စူးတဲ့ ဒဏ်ရာကြောင့် ခြေထောက်က ရောင်ကိုင်းလာတယ်။ အဖျားလည်းတက်လာတယ်။ ပီတာက ကျော်မင်းကို တော်တော်စိုးရိမ်နေပြီ။ သူ့ဘောင်းဘီအိတ်ထဲမှာထည့်ထားတဲ့ ဘယက်ကြီးကိုလည်း စိတ်တော်တော်ကုန်နေပြီ။ ကျော်မင်းက ပီတာရဲ့ခံစားချက်ကိုရိပ်မိတယ်။ ဒီတော့ပေါ်တင်ပဲ ပြောလိုက်တယ်။

"ပီတာ ငါ့ဒဏ်ရာက တော်တော်ဆိုးနေပြီ။ မင်းဘယက်ကြီးကိုယူပြီး နယ်စပ်ပြေးတော့။ ငါအဖမ်းခံလိုက်မယ်"

ကျော်မင်းစကား ကြားလိုက်တဲ့အခါမှာ ပီတာက ခါးခါးသီးသီးပဲ ခေါင်းကို အဆက်မပြတ်ခါယမ်းလိုက်တယ်။

"မင်းကိုထားပြီး ငါတစ်ယောက်တည်း ဘယ်တော့မှ ကိုယ်လွတ်မရုန်းဘူး ကျော်မင်း"

ပီတာတို့က ဟိန္ဒူလူမျိုးတွေဖြစ်တော့ သူငယ်ချင်းအပေါင်းအသင်းတွေအပေါ်မှာ အခြားလူတွေထက် သစ္စာရှိတယ်။ သူက စံလည်းအတူ ၊ ခံလည်းအတူဆိုတဲ့ သဘောထားမျိုးရှိတယ်။

"ငါက လူမှန်းသိတတ်စအရွယ်ကတည်းက ဆိုးတယ် ၊ ပေတယ် ၊ မိုက်တယ်။ ဒါပေမဲ့ သူငယ်ချင်း အပေါင်းအသင်းတွေအပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူး။ အခုလည်းဖမ်းခံရရင် နှစ်ယောက်အတူပေါ့ကွာ"

ပီတာ့စကားကြောင့် ကျော်မင်းလည်း ထပ်ပြီးအတင်းအကျပ် မပြောတော့ဘူး။ ဒါပေမဲ့ အနာကရင်းလာတော့ အဖျားပိုကြီးလာတယ်။ တစ်ညမှာ သတိလစ်သွားတယ်။ အခြေအနေကတော့ အသက်အန္တရာယ်အတွက် စိုးရိမ်နေရတယ်။ ဒီအခိုက်မှာပဲ မလှမ်းမကမ်းက အသံတွေကြားလိုက်ရတယ်။ မီးရောင်တွေလည်း တဝင်းဝင်းနဲ့ လှမ်းတွေ့တယ်။ သူတို့က ကျော်မင်းတို့ကိုရှာနေတဲ့ စစ်သားတွေပဲ။ ပီတာက သတိလစ်နေတဲ့ ကျော်မင်းကို ပွေ့ပြီးလှမ်းအော်တယ်။

"ကျွန်တော်တို့ဒီမှာပါ။ အဖမ်းခံပါရစေ..."

"အဖမ်းခံပါရစေ..."

"အဖမ်းခံပါရစေ..."

ဒီအသံက တစ်တောလုံးကို ပဲ့တင်ထပ်သွားပါတယ်။ တပ်ကလည်း သူတို့ဆီကိုရောက်လာတယ်။ သေနတ်တွေနဲ့ ဝိုင်းချိန်ထားရာကနေ သတိလစ်နေတဲ့ ကျော်မင်းကိုကြည့်ပြီး အခြေအနေကိုသဘောပေါက်သွားတယ်။ ပီတာက သူတို့လုလာတဲ့ ဘယက်ကိုအပ်လိုက်တယ်။ ရှာဖွေရေးအဖွဲ့ထဲမှာပါတဲ့ ဆေးတပ်သားက ကျော်မင်းကို ချက်ချင်းကုပေးတယ်။ တိုတိုပြောရရင်တော့ လုလာတဲ့ဘယက်လည်း ပြန်သိမ်းခံလိုက်ရပြီး သူတို့နှစ်ယောက်လည်း ရမည်းသင်းထောင်မှာ ခုနစ်နှစ်စီကျသွားတယ်။ နောက်တော့ ကျော်မင်းလည်း ဗိုက်ထောက်ကျော်မင်းဆိုပြီး ထောင်ထဲမှာ နာမည်ကြီးသွားတယ်။ သူတို့ကို ထိန်းသိမ်းထားပေမယ့် နယ်ထောင်က (ဂ) အဆင့်မို့လို့ သူတို့ကို အင်းစိန်ထောင်ပို့လိုက်ရတယ်။

အင်းစိန်ထောင်က ဖိုးတွေကလည်း ကျော်မင်းတို့ကို ဘယ်လိုအမျိုးအစားလဲဆိုတာ စိတ်ဝင်တစား သိချင်လို့ နားစွင့်နေတယ်။ ခြေကျင်းခတ်ပြီး ရောက်လာတဲ့ ဗိုက်ထောက်ကျော်မင်း နဲ့ ပီတာကို တချို့ကလည်း အင်းစိန်ရောက်ရင် အပိုးကျိုးအောင် လုပ်ပြမယ်ဆိုပြီးကြုံးဝါးထားတယ်။ ပွဲကြီးပွဲကောင်းကြည့်ရမယ့်အချိန်မှာ မထင်မှတ်တဲ့ အဖြစ်အပျက်ပေါ်လာတယ်။ အဲဒါကတော့ စိုးမြတ်ကြီးကို ကျော်သူက Request လုပ်ပြီး "ဗိုက်ထောက် ကျော်မင်းတို့ နှစ်ယောက်ကို ကျွန်တော့်ပေးပါ" လို့ ဆိုလာတယ်။ ဒီစကားကြားတော့ စိုးမြတ်ကြီး တွေဝေသွားတယ်။ တချို့ကလည်းကျော်သူက အစွမ်းအစရှိတဲ့ ကျော်မင်းတို့ကိုစည်းရုံးပြီး နောက်ထပ် အုပ်စုဖွဲ့တော့မလားလို့တွေးတယ်။ စိုးမြတ်ကြီးကသူ့ကို ထောင်ထဲမှာတခါမှမတောင်းဆိုဖူးသေးတဲ့ ကျော်သူ့စကားကိုအလေးထားပြီး သူတောင်းတဲ့အတိုင်း ကျော်မင်းနဲ့ပီတာတို့ကို ကျော်သူနေတဲ့အခန်းကို ပို့လိုက်တယ်။ အားလုံးကစောင့်ကြည့်နေပေမယ့် ကျော်သူက ဗိုက်ထောက်ကျော်မင်းတို့ကို စည်းလည်းမစည်းရုံးဘူး။ အုပ်စုလည်းမဖွဲ့ဘူး။ တပည့်လည်းမမွေးဘူး။ ကျော်မင်းတို့ ပီတာတို့ကို ဒီအတိုင်းပဲ စောင့်ရှောက်ထားတယ်။

တကယ်တော့ ကျော်သူ (ခ) မြွေဖြူလေးက ဆိုးပေမိုက်ပေမယ့် အချင်းချင်းအပေါ်မှာ သစ္စာရှိတဲ့ ၊ အနစ်နာခံတဲ့ လူဆိုးတွေကို စောင့်ရှောက်ချင်ရုံသာဖြစ်ပါတယ်။ ဒီလိုလူမျိုးတွေကို လေးစားမြတ်နိုးပုံလည်းရတယ်။ ဒါကြောင့်လည်း ကျော်သူ့ကိုသတ်ဖို့ တာမွေအရိုးစု စိန်ကုလားက ငြင်းခဲ့တာဖြစ်မှာပေါ့။

နောက်ဆုံးမှာ လူမိုက်ကြီး ဗိုက်ထောက်ကျော်ဝင်း နဲ့ ပီတာတို့ဟာ ဆွမ်ပရာဘွမ်မှာရှိတဲ့ အရမ်းကို ကြမ်းတမ်းတဲ့ ရဲဘက်စခန်းကို အပို့ခံလိုက်ရပါတယ်။

စိန်ကုလားကြီးက ကျော်သူ (ခ) မြွေဖြူလေးကိုသတ်ဖို့ ဘယ်လိုပဲ လက်ရှောင်ခဲ့ လက်ရှောင်ခဲ့ ဆေးရုံကြီး စိန်ဝင်းကတော့ ကျော်သူ့ကို ဘာကြောင့် အသေသတ်ချင်နေသလဲဆိုတာကတော့ အရမ်းစိတ်ဝင်စားစရာ ကောင်းပါတယ်။



အင်းစိန်
ထောင်
အတွင်းမှ
ဂန္ထဝင်
အပိုင်း [၂၁]

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၂၁)

- **စိန်ဂင်းကို ဘယ်သူလက်သပ်မွေးထားတာလဲ**

တကယ်တော့ ဆေးရုံကြီးစိန်ဝင်းက ရန်ကုန်ဆေးရုံကြီးဂင်းထဲကနေ အရေးအခင်းလူသတ်မှုနဲ့ ထောင်ကျလာတာ ဖြစ်ပါတယ်။ ဆေးရုံကြီးအုပ်စုကပြောရရင် အမျိုးတွေချည်းပဲ။ စိန်ဝင်းတို့ ထောင်ထဲ ရောက်လာတော့လည်း ညီအစ်ကိုတွေ ၊ တူတွေ ၊ ဦးလေးတွေ တစ်အုပ်ကြီး ပါလာတယ်။ သူ့အမျိုးတွေထဲမှာ မာသီးတို့ ၊ မရမ်းပြားတို့ ၊ ကိုင်ဇာတို့ပါတာပေါ့။ ဒီတော့အင်းစိန်မှာ အင်အားတောင့်တဲ့ အုပ်စုကြီးတစ်စုလို ဖြစ်နေတယ်။ ဒီအုပ်စုကြီးရဲ့ ခေါင်းဆောင်ကတော့ ဆေးရုံကြီး စိန်ဝင်းပဲ။ စိန်ဝင်းက ပါးရည်နပ်ရည်ရှိတယ်။ ထောင်ထဲမှာလည်း ထောင်အာဏာပိုင်တွေ အကျိုးရှိအောင်လုပ်ကိုင်ပေး တယ်။ ရှင်းရှင်းပြောရရင် ပေါင်းပြီးစားတာပေါ့။ ထောင်ပိုင်နဲ့ပိုင်တော့အမျိုးတွေကို ထောင်ရဲ့နေရာကောင်းတွေမှာရအောင် လုပ်ထားပေးတယ်။ ဝင်ငွေကောင်းတဲ့ မိန်းဂျေးလ်လိုနေရာကနေ မိလ္လာဘုတ်ကိုင်အထိ သူ့အမျိုးတွေ နေရာယူထားကြ တယ်။ ဒါကြောင့် စိန်ဂင်းတို့အုပ်စုဆိုရင် အခြားအကျဉ်းသားတွေက ကြောက်တယ် ၊ ရှောင်ကြတယ်။ ထောင်ထဲမှာ အာ ဏာပိုင်တွေအလန့်ဆုံးက နိုင်ငံရေးပြစ်မှုနဲ့ကျတဲ့ အကျဉ်းသားတွေပဲ။ သူတို့တွေ ထောင်ထဲမှာ နိုင်ငံရေးလှုပ်ရှားမှုလုပ်မှာ ဆန္ဒပြမှာ အရမ်းကြောက်တယ်။ ဒီတော့ နိုင်ငံရေး အကျဉ်းသားတွေနေတဲ့ တိုက်တွေ ၊ အဆောင်တွေမှာ ထောင်အာဏာ ပိုင်တွေက သတင်းပေးတွေကို မွေးထားတယ်။ နေ့စဉ် ဘာတွေလုပ်သလဲဆိုတာကို စောင့်ကြည့်ခိုင်းထားတယ်။ စိန်ဝင်း တို့က ဒီတာဝန်ကို အပြည့်အဝယူတယ်။ ဒီတော့ ချွန်တယ် ၊ တက်တယ်ဆိုပြီး နာမည်ကြီးတယ်။

တစ်ခါကတော့စိန်ဂင်းက လူတစ်ယောက်ကို ချွန်လိုက်တာ ကံကောင်းလို့ အသက်သေတော့မလို့။ သူချွန်လိုက် တဲ့သူက ကောက်ချိတ်လို့ခေါ်တယ်။ နာမည်ကသာ ကောက်ချိတ် လူက ခပ်ဖြောင့်ဖြောင့်ပါ။ ရာဇဝင်လူဆိုးလည်း မဟုတ် ဘူး။ ထောင်ထဲကို ဝင်လိုက် ထွက်လိုက် လုပ်နေတဲ့သူ။ ကောက်ချိတ်က ဘယ်သူ့ကိုမှ ဒုက္ခမပေးတတ်ပါဘူး။ ဒါပေမဲ့ လောင်းကစားတော့ အရမ်းဝါသနာပါတယ်။ တစ်နေ့တော့ (၃)ဆောင်မှာ လောင်းကစားလုပ်နေရင်း ချွန်လိုက်လို့ ဝန်ထမ်း နဲ့ မိသွားတယ်။ ဒီတော့ ထုံးစံအတိုင်း ဒေါက်ခတ်၊ ခြေကျင်းခတ်ပြီး စစ်ခွေးတိုက် ပို့တာပေါ့။ ကောက်ချိတ်က ပြစ်ဒဏ်နဲ့ စစ်ခွေးတိုက်သာ ရောက်သွားတာ သူ့ကို ဘယ်သူချွန်လို့ ချွန်မှန်းမသိဘူး။ နောက်တော့မှ စိန်ဂင်းချွန်လို့ သူခံလိုက်ရတာကို သိသွားတယ်။ စစ်ခွေးတိုက်မှာ ပြစ်ဒဏ်စေ့လို့ အဆောင်ပြန်ရောက်တော့ ကောက်ချိတ်က စိန်ဝင်းကို ပေါ်တင်ပဲ ပြောင် မေးတယ်

"ခင်ဗျား ကျုပ်ကို ချွန်လိုက်တာလား"

စိန်ဝင်းက ခြေကျင်းဖြုတ်မပေးသေးတဲ့ ကောက်ချိတ်ကိုကြည့်ပြီး ခပ်ရင့်ရင့်ပဲပြန်ဖြေလိုက်တယ်။ သူ့အနေအ ထားက အဆောင်မှာ တပည့်လက်သား မြောက်မြားစွာနဲ့ ကြီးကျယ်ခမ်းနားနေတာ ၊ ကောက်ချိတ်လောက်တန်းကိုတော့ လုံးဝမမှုဘူး။

"အေး ... ဟုတ်တယ်"

"ဘာလို့အဲဒီလိုလုပ်တာလဲ"

"မင်းကိုကြည့်မရလို့ကွာ ရှင်းလား"

ကောက်ချိတ် ထောင်းခနဲ ဒေါသထွက်သွားပေမယ့် သူ့အခြေအနေက စိန်ဝင်းကို ဖြိုနိုင်တဲ့ အခြေအနေမဟုတ်မှန်း သဘော ပေါက်တယ်။ ဒီတော့ ပါးပါးနပ်နပ်ပဲ နောက်ဆုတ်သွားတယ်။

"ဒါဆိုလည်း ပြီးတာပဲဗျာ"

ကောက်ချိတ်က ဘာမှမဖြစ်သလို စိန်ဝင်းနဲ့သူ့လူတွေကို ခင်ခင်မင်မင်နေတော့ စိန်ဝင်းတို့လည်း တစ်ချက်ပေ့ါ သွားတယ်။ တစ်ညမှာတော့ ဝေလီဝေလင်း မနက်သုံးနာရီလောက်မှာ ကောက်ချိတ်က ဘာယာကို မိလ္လာသွားဖို့ခွင့် တောင်းတယ်။ ခွင့်ပြုလိုက်တဲ့ အချိန်မှာ အိပ်နေတဲ့စိန်ဂင်း နပ်နေတဲ့နေရာသွားပြီး သူ့ခြေကျင်းကို ခတ်ထားတဲ့ ဒေါက်နဲ့ လည်ပင်းကို ဖိထားလိုက်တယ်။ စိန်ဂင်းအသက်ရှူရပ်ပြီး ဘာမှကို ပြန်မအော်နိုင်ဘူး။ ဒီအချိန်မှာ ကောက်ချိတ်က ပုက်ကိုင်ထားတဲ့ သံချွန်နှစ်ခုနဲ့ စိန်ဂင်းကို စိမ်ပြေနပြေ ထိုးတယ်။ ဘေးနားကလူတွေ နိုးလာပြီး တစ်ခန်းလုံး အော်သံဟစ် သံတွေ ဆူညံသွားတယ်။ အော်သံတွေကြောင့် တာဂန်ကျတဲ့ ဝန်ထမ်းတွေ ၊ ဝါဒါတွေ တံခါးဖွင့်ဝင်လာတယ်။ ပြီးတော့ ကောက်ချိတ်ကို ဝိုင်းချုပ်လိုက်ကြတယ်။ တစ်ခန်းလုံးကတော့ သွေးအလိမ်းလိမ်း နဲ့ စိန်ဝင်းသေသွားပြီလို့ တွက်ထားကြ တယ်။ ဒါပေမဲ့ စိန်ဝင်းက လည်ပင်းကို ဒေါက်နဲ့ဖိထားလို့ သတိလစ်ရုံသာလစ်နေတာ။ သတိလည်လာတော့ ဘာမှမဖြစ် ဘူး။ အားလုံးက အံ့သြတကြီး ကြည့်နေတဲ့အချိန်မှာ စိန်ဂင်းက သူ့အကျီကို ချွတ်ပြလိုက်တယ်။ သူ့အကျီအောက်မှာက ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ခုလုံးကို သားရေပြားနဲ့ ခံထားတယ်။ ဒါကြောင့် ကောက်ချိတ် သံချွန်နဲ့ထိုးသမျှ လူကိုမထိဘဲ သားရေပြားကိုသာထိနေတာ။ ဆေးရုံကြီးစိန်ဝင်းက ထောင်ထဲမှာ လက်တံရှည်တော့ သူ့အသက်အန္တရာယ်အတွက် အကာ အကွယ်တွေ လုပ်ထားတယ်။ အင်းစိန်ထောင်မှာက အလုပ်ကြီးဘုတ်ဆိုတာရှိတယ်။ အလုပ်ကြီးဘုတ်မှာ ယက်ကန်းဌာန ၊ စက်ပြင်ဌာန ၊ လက်သမားဌာန ၊ ဖိနပ်ချုပ်ဌာန စသည်ဖြင့်ရှိတယ်။ စိန်ဝင်းက ဖိနပ်ချုပ်ဌာနက ဘုတ်ကိုင် တစ်ယောက်နဲ့ ပေါင်းပြီး သူ့ခန္ဓာ ကိုယ်ကို ကာကွယ်ဖို့ သားရေပြားညှပ်ပြီး ယူထားတာ။ ဒီတစ်ကွက်မှာတော့ ကောက်ချိတ်ခံသွားရတယ်။

နောက်တစ်နေ့ကစပြီး အင်းစိန်ထောင်မှာ စိန်ဂင်းရဲ့ လေမုန်တိုင်း တိုက်တာကို ခံရတော့တာပဲ။

"စိန်ဝင်းကို ‌ရှော့တွက်ရင် မှားမှာပေ့ါ" တို့ ၊ "ဆေးရုံကြီးထွက်ကွ" တို့ ၊ "သူကြီးကိုပိုင်လို့ ဂေါ်လီလုပ်တာ" တို့ လေတစ်လုံး မိုးတစ်လုံး ဖြစ်ကုန်ကြတယ်။ ဒါပေမဲ့ ထောင်မှာက ပြဿနာဖြစ်ရင် "ဘုန်းကြီးစားတယ်" လို့ ပြောလေ့ရှိတဲ့ အတိုင်း နှစ်ဖက်လုံးကို အပြစ်ပေးလေ့ရှိတယ်။ ကောက်ချိတ်က စိန်ဝင်းကို သတ်ဖို့ကြိုးစားတာကြောင့် ဒေါက်နှစ်ချောင်း ခတ်ပြီး တခြားအဆောင်ကို ပို့လိုက်သလို စိန်ဝင်းကိုလည်း သူ့ဆရာထောင်ပိုင်က စစ်ခွေးတိုက်တန်းစီးအဖြစ် ပို့လိုက် တယ်။ ပြစ်ဒဏ်နဲ့ပို့တယ်လို့ အားလုံးက ထင်ကြပေမယ့် အမှန်တကယ်တော့ အဲဒီလိုမဟုတ်ဘူး။ ဆရာတပည့်နှစ်ယောက် အကွက်ရိုက်ထားပြီးသား။ ဘာလို့လဲဆိုတော့ စစ်ခွေးတိုက်မှာ လူငယ်ကျောင်းသားအများစုပါတဲ့ နိုင်ကျဉ်းတွေရှိတယ်။ ဒီလူတွေဘာလုပ်သလဲ ၊ ဘာတွေစီစဉ်နေသလဲဆိုတာကို အနီးကပ်ကြည့်ဖို့ စိန်ဝင်းကို ထည့်လိုက်တာဖြစ်ပါတယ်။ စိန်ဝင်း ဆရာထောင်ပိုင်က တကယ်တော့ အကျဉ်းဦးစီးဌာနရဲ့ သန္ဓေထောင်ပေါက်မဟုတ်ဘူး။ တပ်ကနေ အထူးအရာရှိအဖြစ်နဲ့ ပြောင်းလာပြီးတော့ ထောင်ပိုင်တက်လုပ်နေတာ။ ဒီတော့နိုင်ငံရေးသမားတွေဆိုရင် နိုပ်ကွပ်ချင်တာ မထူးဆန်းပါဘူး။ ဒီထောင်ပိုင်နဲ့ ပတ်သက်ပြီး ဥပမာတစ်ခုကို ပြောပြရရင် ၁၉၉၀ ကာလတစ်ပိုက်က NLD ပါတီဂင်တွေကိုအမျိုးမျိုး အပြစ် ရှာပြီး ထောင်ထဲထည့်နေတဲ့အချိန်။ NLD ရဲ့ လူကြီးပိုင်းက ဟံသာဝတီဦးဂင်းတင်နဲ့ သူရဦးငွေလှိုင်တို့ ထောင်ထဲရောက် လာတယ်။ သူတို့နှစ်ယောက်လုံးက စစ်ကိုနိုင်ကို အကြောင်းပြုပြီး မြောက်ဥက္ကလာဆေးရုံက ဆရာဝန်ကြီး ဒေါက်တာ ငွေးကြွယ်နဲ့အတူ အဖမ်းခံရတာဖြစ်ပါတယ်။ အဘဦးဂင်းတင်နဲ့ အဘဦးငွေလှိုင်ကို ခပ်ပေ့ါပေ့ါသဘောထားပြီး ထောင်က (၅) ဆောင် (၂) ခန်းမှာ နေရာချထားလိုက်တယ်။ တစ်ရက်မှာ အကျဉ်းဦးစီးဌာန ညွှန်ချုပ် လာစစ်ဆေးတော့ ဦးဝင်းတင်ကို

တွေ့သွားတယ်။ ညွှန်ချုပ်က ဒီလိုလူကြီးတွေကို အဆောင်မှာ မထားရဘူးလို့ ပြောသွားတော့ ထောင်ပိုင်က ဦးဝင်းတင်ကို ပဲတိုက်ထဲပို့လိုက်တယ်။ သူရဦးငွေလှိုင်ကိုကြည့်မရတော့ မသိချင်ယောင်ဆောင်ပြီး အဆောင်မှာပဲ ဆက်ထားလိုက်တယ်။ အဲဒီမှာ ပြဿနာတက်ပါလေရော။

ဖြစ်ပုံက အင်းစိန်ထောင်မှာ အကျဉ်းသားတွေကို အရင်က "ရှေ့ကြည့်" ဆိုတာပဲရှိတယ်။ အထူးအရာရှိကနေ ထောင်ပိုင်ဖြစ်လာတဲ့အချိန်မှာ နိုင်ငံရေးအကျဉ်းသားတွေကို နိပ်ကွပ်ချင်တော့ "ပုံစံ" ဆိုတာကို ချပေးလိုက်တယ်။ "ပုံစံ" ဆိုတာကတော့ ထောင်မှူးအဆင့်ကနေ ထောင်ပိုင်အထိလာရင် တင်ပလ္လင်ခွေထိုင် ၊ လက်ဆန့်တန်းပြီး ခေါင်းကို အောက်ငုံ့ထားရတာ ဖြစ်ပါတယ်။ တစ်ရက်တော့ (၅) ဆောင်ကို ထောင်ပိုင်တန်းစီလှည့်လာတဲ့အချိန်မှာ တပ်ကြပ် တစ်ယောက်က "ပုံစံ" ဆိုပြီး အော်လိုက်တယ်။ အားလုံး ခေါင်းငုံ့နေရတဲ့အချိန်မှာ သူရဦးငွေလှိုင်က ခေါင်းမငုံ့ဘူး။ ဦးငွေလှိုင်ကိုခေါ်ပြီး ဘာလို့ ခေါင်းမငုံ့တာလဲလို့မေးတော့ ခပ်အေးအေးပဲ ပြန်ဖြေတယ်။

"ဟကောင်ရ နယ်ချဲ့တွေကိုတောင် ခေါင်းမငုံ့ချင်လို့ အသေတိုက်လာတာ။ ဗမာဗမာချင်း ငါက ဘာလို့ခေါင်းငုံ့ရမှာလဲကွ"

ဦးငွေလှိုင်စကားကြောင့် ထောင်ပိုင်လည်း မွှန်ထူသွားတယ်။ သူ့တပည့်ထောင်မှူးတွေကို ဦးငွေလှိုင် ခေါင်းငုံ့ပြီး ပုံစံထိုင်ဖို့ မဖြစ်မနေလုပ်ရမယ်လို့ မှာသွားတယ်။ ဒီမှာတင် တပည့်ကျော်တွေကလည်း တပ်မတော်မှာ အစဉ်အလာရှိပြီး "သူရဘွဲ့" ရခဲ့တဲ့ သမိုင်းဝင် ပုဂ္ဂိုလ်ကို ဂန်းပိုက်တွေနဲ့ရိုက် ၊ တုတ်တွေနဲ့ရိုက်ပြီး ဖွတ်ပုံစံထိုင်းခိုင်းတယ်။ ဦးငွေလှိုင်က လုံးဝ ပုံစံမထိုင်ဘူး။ သွေးအလိမ်းလိမ်းကြားထဲမှာ အံကြိတ်ခံခဲ့တယ်။ အဲဒီအချိန်က လူ့တန်ဖိုးကိုမသိ ၊ နိုင်ငံရေးသမားတွေကို နှိပ်ကွပ်ချင်တဲ့စိတ် ငယ်ထိပ်ရောက်နေတဲ့သူက ထောင်မှာ အကြီးဆုံးအာဏာပိုင် ဖြစ်နေတော့ စိန်ဂင်းတို့ မြောက်ကြွ မြောက်ကြွ ဖြစ်နေတာ ဘာမှမဆန်းပါဘူး။ အခုလည်း စိန်ဝင်းကို စစ်ခွေးတိုက်မှာ "သတင်းပေး" အဖြစ်မွေးလိုက်တယ်။ စိန်ဝင်းက စစ်ခွေးတိုက် ရောက်လာတဲ့အချိန်မှာ ချိုချိုသာသာ မျက်နှာပေးနဲ့ နိုင်ငံရေးသမားအားလုံးကိုပေါင်းတယ်။ သူ့ကိုယ်သူလည်း ၈၈ ဒီမိုကရေစီ အရေးအခင်းမှာ ဆေးရုံကြီးကနေ ပါဝင်သပိတ်မှောက်ခဲ့တဲ့ အရေးတော်ပုံ တပ်သားကြီး အဖြစ်မွှန်းတယ်။ ပြီးတော့မှ နိုင်ငံရေးသမားတွေကို စည်းရုံးတယ်။ တစ်ဖက်မှာတော့ နိုင်ငံရေးသမားတွေရဲ့ လှုပ်ရှားမှု တွေကို ထောင်ပိုင်ဆီ နေ့စဉ်သတင်းပို့တယ်။ ဒီအခြေအနေကို နိုင်ကျဉ်းတွေကလည်း မရိပ်မိသေးဘူး။

ဖြစ်ချင်တော့ တခြားကိစ္စနဲ့ သွားငြိကြတယ်။ စိန်ဂင်းက ချွန်ရုံ ၊ တက်ရုံသာမက ကလိမ်ကကျစ်ပါ လုပ်လာတယ်။ စစ်ခွေးတိုက်ကို တစ်ပတ်တစ်ကြိမ် အသားစားပေးတဲ့နေ့မှာ ဖိုကြီးက ဝက်သားတုံးကိုသာမက ဝက်ဆီကိုပါပေးတယ်။ စိန်ဝင်းက ဝက်ဆီကို ဖြတ်ခုတ်ထားပြီး တိုက်ကလူတွေကို အသားတုံးပဲပေးတယ်။ ထောင်မှာက ဝက်ဆီဆိုတာ ရွှေပဲ။ ဝက်ဆီကို အဝတ်စမှာ ဆွတ်ပြီး လောင်စာလုပ်လို့ရတယ်။ ပုံစံ ဒန်ပန်းကန်ပြားတွေတွေကို ဒယ်အိုးလိုပြန်ထုထားပြီး အိမ်ကပို့လိုက်တဲ့ အကြော်အလှော် ဟင်းတွေကို ပြန်နွှေးရင် အဲ့ဒီလောင်စာက မရှိမဖြစ်ပဲ။ သူရဲ့ အားကောင်းချက်က လုံးဝမီးခိုးမထွက်ဘူး။ စိန်ဝင်းက ဝက်ဆီကိုသာမက ဝက်သားတုံးတွေကိုလည်း အဆောင်မှာ အတုံးကြီးနဲ့ အတုံးသေးလဲ ပြီးမှ နိုင်ကျဉ်းတွေအတွက် ပေးတာတွေ လုပ်လာတယ်။ ဒါကို ၅(ည) တစ်ယောက်ဖြစ်တဲ့ ပျံလွှားက လုံးဝမကျေနပ်ဘူး။ ပျံလွှားဆိုတာကလည်း ပေါ့သေးသေးမဟုတ်ဘူး။

၈၈ အရေးအခင်းမှာ မိုးကောင်းဘုရားထဲ ဆန္ဒပြနေတုန်း လုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်လိုက်တဲ့ ကျည်ဆန်က သူ့လည်ပင်းကို ဖောက်သွားတယ်။ အဲဒီအချိန်က ဆေးရုံပို့ရင်လည်း အဖမ်းခံရနိုင်တာကြောင့် (လက်ရှိ NLD တာဝန်ရှိသူ) ဆရာဂန်ကြီးတစ်ဦးက ချင်းချောင်းရိပ်သာထဲမှာ တိတ်တဆိတ်ကုသပေးခဲ့ရတယ်။ ပျံလွှား အသက်မသေပေမယ့် အသံအိုး ကွဲသွားတယ်။ ဒါကြောင့် စကားပြောတဲ့အခါ မပီတာတွေ ၊ ထစ်တာတွေ ဖြစ်လာတယ်။ နောက်တော့ တခြားနိုင်ငံရေး

လျှပ်ရှားမှုနဲ့ ထောင်ကျလာရင်း စစ်ဆွေးတိုက်မှာနေရတာပါ။ စိန်ဝင်းရဲ့ လုပ်ပေါက်ကြောင့် နောက်ဆုံး ပျံလွှားနဲ့ထိပ်တိုက် တွေ့တယ်။ ပျံလွှားကပြောမရတဲ့အဆုံး ထောင်ပိုင်တန်းစီမှာ တင်ပြမယ်လို့ပြောတယ်။ အဲဒီအချိန်မှာ စိန်ဝင်းက နဂိုဗီဇပေါ် လာတယ်။

"ကြိုက်သလို ရှင်းလို့ရတယ် ၊ ဘယ်ကိုတင်တင် ဘယ်ကိုတိုင်တိုင် ဂရုမစိုက်ဘူး" လို့ပြောတော့ ပျံလွှားလည်း အကြီးအကျယ်ပေါက်သွားတယ်။ လာမယ့်ထောင်ပိုင်တန်းစီမှာ တင်ပြဖို့လည်း စီစဉ်လိုက်တယ်။ ထောင်ပိုင်တန်းစီမလာခင် တစ်ရက်မှာ ရေချိုးချိန်ပေးတော့ ပျံလွှားနဲ့ တစ်ခန်းတည်းနေတဲ့ ညီညီလှိုင်က ဘေးခန်းမှာ စကားပြောနေတဲ့အချိန် ၊ ဇော်သန်းထွဋ်က တိုက်ခန်းရှေ့ကို တံမြက်စည်းလှည်းနေတဲ့အချိန် အခန်းထဲကို စိန်ဝင်းက ရုတ်တရက် ပြေးတက်သွား တယ်။ အခန်းထဲမှာ ပျံလွှားက နောက်ကျောပေးပြီး ဆေးဖို့ကြောဖို့ ခွက်တွေ ၊ ပန်းကန်တွေယူနေတဲ့အချိန်မှာ စိန်ဝင်း ရိပ်ခနဲတက်သွားတာကို မြင်လိုက်တဲ့ သားကြီး (ခ) သော်ထွန်းဦးက အားလုံးကို လှမ်းသတိပေးလိုက်တယ်။

"စိန်ဝင်း မင်းတို့အခန်းပေါ် တက်သွားတယ်နော်"

သားကြီး စကားဆုံးဆုံးချင်း ညီညီလှိုင်နဲ့ ဇော်သန်းထွဋ်က စိုးရိမ်တကြီးနဲ့ တိုက်ခန်းပေါ်ပြေးသွားတယ်။ အထဲမှာ စိန်ဝင်းကသံချွန်ကို လက်ကိုင်ပဝါနဲ့ပတ်ပြီးပျံလွှားကို ထိုးမလို့လုပ်နေတယ်။ ပျံလွှားကမသိဘူး။ တိုက်ခန်းထဲကို ညီညီလှိုင် တို့ဝင် လာတော့ သုံးယောက်တစ်ယောက်ဖြစ်ပြီး အခြေအနေ မဟန်မှန်းသိတော့ စိန်ဝင်းက အချိုသပ်လိုက်ပြီး တိုက်ခန်း အပြင်ကို အမြန်ထွက်တယ်။ လက်ထဲကချွတ်ကို တောင်ယာထဲပစ်ပြီး လက်စဖျောက်လိုက်တယ်။ အခန်းထဲကို ဘာလို့ လာတာလဲမေးတော့ အချိုမှုန့်လာတောင်းတာလို့ ဖြေတယ်။

စိန်ဝင်းလုပ်ရပ်ကို စစ်ဆွေးတိုက်မှာရှိနေတဲ့ ၅ (ည) တွေကမကျေနပ်ဘူး။ ထောင်ပိုင်ကိုအားလုံး ဝိုင်းတိုင်ပြီး စိန်ဝင်းကိုရွှေ့ဖို့ စီစဉ်ကြတယ်။ ဒါပေမဲ့စိန်ဝင်းက တစ်ကွက်ဦးသွားတယ်။ နောက်တစ်နေ့မှာပဲ ညီညီလှိုင် နဲ့ ပျံလွှားကို ထောင်ပိုင်ကြီးရုံးခန်းကဆိုပြီးလာခေါ်တယ်။ ရုံးခန်းရောက်တော့ ထောင်ပိုင်ရှေ့မှာစိန်ဝင်းထိုင်နေတယ်။ ထောင်ပိုင်က ညီညီလှိုင်တို့ကိုကြည့်ပြီး "သူတို့နှစ်ယောက်လား"လို့ စိန်ဝင်းကိုမေးတယ်။ စိန်ဝင်းက "ဟုတ်ပါတယ် ၊ မနက်ဖြန်မှာ သူတို့ ထောင်ဆူပူမှု စလုပ်ပါလိမ့်မယ်" ဆိုပြီးပြောတယ်။ စိန်ဝင်းစကားကြောင့် ပျံလွှားက အရမ်းဒေါကန်သွားတယ်။ ဒါပေမဲ့ စိတ်ဆိုးလွန်းလို့စကားတွေက ဗလုံးဗထွေးဖြစ်နေတယ်။ ညီညီလှိုင်က အခြေအနေကိုဝင်ထိန်းပြီး ပျံလွှားကို စိန်ဝင်းက သံချွန်နဲ့ထိုးဖို့ စီစဉ်တဲ့အကြောင်း သံချွန်ကို တောင်ယာထဲမှာရှာရင်တွေ့မှာဖြစ်ကြောင်း ရှင်းတော့မှ ထောင်ပိုင်လည်း ငြိမ် သွားတယ်။ နောက်ဆုံးတော့ ဘုန်းကြီးစားတာပါပဲ။ ပျံလွှား နဲ့ ညီညီလှိုင်ကို ထောင်ဝင်စာပိတ်ပြီး တွဲဖက်ထောင်ပို့ဖို့ အမိန့် ချမှတ်လိုက်ပြီးစိန်ဝင်းကိုတော့ ပြစ်ဒဏ်နဲ့ဆေးရုံမှာ ပြောင်းရွှေ့လေဘာချလိုက်တယ်။ ဆေးရုံကိုရွှေ့လိုက်တာဟာ စိန်ဝင်း ကို စူဠလိပ်ရေထဲလွှတ်လိုက်သလိုပါပဲ။ စိန်ဝင်းကလည်း နိုင်ငံရေးအကျဉ်းသားတွေကြောင့်ကျဆင်းသွားတဲ့ သူ့ဂုဏ်သိက္ခာ ကို ပြန်ဆယ်ချင်နေတယ်။ ဒီတော့ ဇာတ်လမ်းလိုက်ရှာတဲ့အခါမှာ ဆေးရုံရောက်နေတဲ့ ကျော်သူကို သွားတွေ့တယ်။

တကယ်တော့ ဆေးရုံကြီးစိန်ဝင်းနဲ့ မြွေဖြူလေး (ခ) ကျော်သူရဲ့ကြားမှာ ဘာရန်ငြိုးရန်စမှမရှိဘူး။ ဒါပေမဲ့ ကျော်သူလိုလူမျိုးကို လုပ်လိုက်ရင် သူ့ရဲ့ဂုဏ်သိက္ခာ ပြန်တက်မယ်လို့ ယူဆပြီး စိန်ဝင်းက သတ်ဖို့ ကြိုးစားတာဖြစ်ပါတယ်။ သူ့အစီအစဉ်ကတော့ . . .




# အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူဆိုးကြီးများ

အပိုင်း [ ၂၂ ]

ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၂၂)

- **မှိုဘယ်နေရာမှာ ပွင့်သလဲ**

စစ်ခွေးတိုက်မှာတာဝန်အရှိဆုံးဖြစ်တဲ့ တပ်ကြီးကြပ်ဗိုလ်ကံက အကျဉ်းထောင်ဥပဒေဘောင်ကျော်လွန်ပြီးကျော်သူ့ကို သေလုမြောပါး နှိပ်စက်လိုက်ပေမယ့် ထောင်အာဏာပိုင်တွေကမသိကျိုးကျွံပြုနေခဲ့ပါတယ်။ဘာလို့လဲဆိုတော့ ကျော်သူ့ကို လုံးဝမကြည်ဖြူတော့လို့ပါပဲ။ ဒီအချက်ကလည်း ဆေးရုံကြီးစိန်ဝင်းအတွက် ကျော်သူ့ကိုသတ်ဖို့ အဓိကလှုံ့ဆော်မှုတွေထဲပါ ပါဝင်ခဲ့ပါတယ်။ ကျော်သူ့ကို ရှင်းပေးရင် ထောင်က သူ့ကို "အထ" ထားလိမ့်မယ်လို့ ယုံကြည်ထားတယ်။

ထောင်ထဲမှာရှိတဲ့ လူမိုက်တွေအတွက်ကတော့နာမည်နဲ့ ဂုဏ်သတင်းကျဆင်းလာရင် အသက်အန္တရာယ်နဲ့ပိုနီးလာတတ်ပါတယ်။ ကျော်သူက မူဆာကိုချွတ်နဲ့ထိုးပြီး ပသျှူးလက်ဝှေ့ကျော်ကို အနိုင်ရခဲ့တဲ့အတွက် အင်းစိန်ထောင်မှာ ဂုဏ်သတင်းကောင်းခဲ့ပေမယ့် ဆေးရုံကြီးစိန်ဝင်းကတော့ ကောက်ချိတ်လိုအတန်းက ချွတ်နဲ့အထိုးခံရ ၊ နိုင်ငံရေးသမားတွေနဲ့ ပြဿနာတက်ခဲ့တာကြောင့် နာမည်ပျက်ရတာတွေက သြဇာအာဏာ ကျဆင်းလာရခြင်းရဲ့ အကြောင်းအရင်းတွေပါပဲ။ ဒီအခြေအနေကို ကုစားဖို့အတွက် ဆေးရုံကြီးစိန်ဝင်းကအဖြေရှာရင်း အင်းစိန်ထောင်ထဲမှာ "မှိုဘယ်နေရာမှာပွင့်သလဲ" ဆိုတာကိုသိသွားတယ်။ ပြီးတော့သူ့ရှေ့က ထောင်သမ္ဘာဖြစ်တဲ့ နစ်တစ်ရာကျွဲကြီးရဲ့ ဘဝဖြစ်အင်ကိုကြည့်ပြီး သူ့လိုဖြစ်သွားမှာ စိန်ဝင်း အရမ်းကြောက်နေတယ်။

နစ်တစ်ရာကျွဲကြီးဟာ နာမည်နဲ့ လိုက်ဖက်အောင် ခန္ဓာကိုယ်က တုတ်တုတ်ခိုင်ခိုင် ၊ အသားက မည်းမည်းတူးတူး ၊ ကျွဲပခုံးထနေတဲ့ခန္ဓာကိုယ်နဲ့ မြင်လိုက်ရင် ရိုးရိုးအကျဉ်းသားတွေအတွက် ချောက်ချားစရာကောင်းပါတယ်။ နစ်တစ်ရာကျွဲကြီးရဲ့ ထူးခြားချက်ကတော့ နွေမိုးဆောင်း ဘယ်လောက်အေးအေး ၊ ဘယ်လောက်မိုးရွာရွာအင်္ကျီ ဘယ်တော့မှမဝတ်ဘူး။ ပြီးတော့ နစ်တရာကျွဲကြီးလို့သာ နာမည်ကြီးနေတာ သူကျခဲ့တဲ့အမှုက လူသတ်မှုတွေမဟုတ်ဘူး။ သူက ခိုးတဲ့ လုတဲ့ အမှုလောက်ပဲလုပ်ခဲ့တာပါ။ နစ်တစ်ရာကျော်ကျရတဲ့ အကြောင်းရင်းကတော့အပြင်မှာ အမှုရောင်း ၊ အမှုဝယ်လုပ်ရင်းများပြားလှတဲ့အမှုတွေကြောင့် နစ်တစ်ရာကျော် ကျသွားခဲ့တာဖြစ်ပါတယ်။ သူ မကျူးလွန်တဲ့တချို့အမှုတွေကို ကာယကံရှင်ဆီက ဝယ်ပြီးအစားခံသလို တချို့ရဲစခန်းတွေမှာ မပေါ်တော့တဲ့ လုယက်မှု ၊ ခိုးမှုတွေအတွက် ရဲနဲ့ အပေးအယူလုပ်ပြီး ဝန်ခံခဲ့တာတွေရှိပါတယ်။ ဝယ်လိုက်တဲ့အမှုတွေ များလွန်းတာကြောင့် နစ်ရာကျော် ကျခဲ့တာဖြစ်ပါတယ်။ နစ်တစ်ရာကျွဲကြီးဟာ ထောင်ထဲကအပြင်ရောက်ဖို့ လွတ်လမ်းမမြင်ပေမယ့် ကံကြမ္မာကအခွင့်အရေး တစ်ကြိမ်ပေးခဲ့ပါတယ်။ ဒါကတော့ ၁၉၈၈ ဒီမိုကရေစီအရေးအခင်းကြီးဖြစ်ပြီး အုပ်ချုပ်ရေးပျက်သွားတဲ့အချိန်မှာ အင်းစိန်ထောင်ကြီးလည်းပွင့်သွားခဲ့ပါတယ်။ ဒီမိုကရေစီအရေးအခင်း ခေါင်းဆောင်တွေ ၊ ကျောင်းသားတွေနဲ့ ဘုန်းကြီးတွေကလည်း အင်းစိန်ထောင်ကိုဖွင့်ပေးပြီး သာမန်အကျဉ်းသားတွေကို အပြင်ရောက်အောင်ကူညီခဲ့ပါတယ်။ ဒီအချိန်မှာ နစ်တစ်ရာကျွဲကြီးဟာ အပြင်လောကကြီးထဲကို မသွားတတ် မလာတတ်တော့လို့ ထောင်ထဲမှာပဲ ပုန်းနေခဲ့ရတဲ့ဘဝကို ထောင်အာဏာပိုင်တွေသိခဲ့ပါတယ်။ တပ်မတော်က အာဏာသိမ်းပြီးတဲ့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ နစ်တစ်ရာကျွဲကြီးနဲ့ အာဇာနည်ကုန်းပုံးခွဲခဲ့တဲ့ မြောက်ကိုရီးယားလူမျိုး ကင်မင်ချူးကို ထောင်ထဲမှာပဲ တစ်သက်လုံးနေထိုင်ရမယ့် သူတွေအဖြစ် အကျဉ်းဦးစီးဌာနက တရားဝင်မထုတ်ပြန်ပေမယ့် သတ်မှတ်ခဲ့ပါတယ်။ လက်နဲ့ခြေထောက်တွေ ပုံးထိပြီး ပြတ်သွားခဲ့တဲ့အတွက် ကားတာယာကျွတ်နဲ့ လျှောက်သွားနေတဲ့ ကင်မင်ချူးကို အထူးဝင်းထဲမှာပဲ စိတ်ကြိုက်သွားလာခွင့် ပေးထားသလို နစ်တစ်ရာကျွဲကြီးကိုလည်း ထောင်ထဲမှာ အနေအစားချောင်အောင် အခွင့်အရေးတချို့ ပေးထားခဲ့ပါတယ်။ နစ်တစ်ရာကျွဲကြီးဟာ

တခြားလူမိုက်တွေလို “ကျသစ်” တွေဆီက ချတ်တာ ၊ ခွာတာ မလုပ်ချင်တော့ ထောင်ထဲမှာ ပေါက်ဖွားနေတဲ့ ကြွက်တွေကို ဖမ်းရင်း သူ့ အသက်ရှင်ရပ်တည်ရေးအတွက် နေထိုင်ခဲ့ပါတယ်။ သူပြောနေကျ စကားကတော့ “ကျားဆရာကြောင် ၊ ကြောင်ဆရာ ကြွက် ၊ ကြွက်ဆရာ ကျွဲကြီး” ဆိုတာပါပဲ။ ထောင်ဆိုတာက အစားအသောက် အင်မတန်ရှားတဲ့နေရာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကြွက်တွေကတော့ အကျဉ်းသားတွေရဲ့ စားကြွင်းစားကျန်တွေစားရင်း ပေါက်ဖွားနေသလို ၊ ဆန်ဂိုဒေါင်တွေ ၊ ပဲဂိုဒေါင်တွေမှာ ပေါက်ဖွားချင်တိုင်း ပေါက်ဖွားနေပါတယ်။ ကျွဲကြီးကတော့ တစ်ထောင်လုံးကို စိတ်တိုင်းကျ လှည့်လည်သွားလာရင်း ကြွက်ပစ်တယ်။ ရလာတဲ့ ကြွက်တွေကို ဖိုကြီးမှာ ဆီပြန်ချက်ပြီး အကျဉ်းသားတွေကို လိုက်ရောင်းတယ်။ အဲဒီအချိန်က နာမည်ကြီးတဲ့ “မကျင်လှ” ဆေးလိပ်နဲ့ လဲလှယ်တယ်။ ကြွက်အများကြီးမိရင် ကျပ်ကင်ထားတယ်။ တချို့ အကျဉ်းသားတွေကလည်း အသားမစားရတော့ ရှိတဲ့ပစ္စည်းတွေနဲ့ ကြွက်သားဟင်းကို လဲလှယ်ပြီး စားသောက်ကြတယ်။ ဒီလိုနဲ့ နှစ်တစ်ရာကျွဲကြီးက ထောင်ထဲမှာ ရှင်သန်နေတာဖြစ်ပါတယ်။

ပြဿနာတစ်ခုရှိတာကတော့ လူဆိုးတွေရဲ့ထောင်ရောဂါပါပဲ။ ထောင်ရောဂါဆိုတာက ဂန္တဝင်လူမိုက်ကြီးဖြစ်ချင်တဲ့လူတွေနဲ့ တက်သစ်စ လူမိုက်လေးတွေက “ကွင်း” စမ်းကြတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါမှ သူတို့ကို အကျဉ်းသားတွေကရော ထောင်ကရော သတိပြုမိမှာကိုး။ သတိပြုမိမှအနေအစားချောင်မှာကိုး။ အဲဒီတော့ သူတို့လက်စမ်းလို့ရမယ့် ထမင်းဘုတ်ကိုင်တို့ ၊ တောင်ယာဘုတ်ကိုင်တို့ ၊ စည်းကမ်းထိန်းတို့ကို ရိုက်ပြတာ ၊ ထိုးပြတာတွေလုပ်တယ်။ ခက်တာက သူတို့ပစ်မှတ်တွေထဲမှာ သဘောကောင်းတဲ့ နှစ်တစ်ရာကျွဲကြီးက အမြဲလိုလိုပါပြီး ကြားကွင်းအဖြစ် အစမ်းသပ်ခံနေရတာပါပဲ။ နှစ်တစ်ရာကျွဲကြီးနဲ့ တစ်ယောက်ယောက်နဲ့ ရန်ဖြစ်တာကြားရတိုင်း “ကျွဲကြီးကွဲသွားပြန်ပြီ” ၊ “ကျွဲကြီးအထိုးခံလိုက်ရပြန်ပြီ” ဆိုတာတွေပဲ ပေါ်ထွက်လာလေ့ရှိပါတယ်။ ဒီတော့ ကျွဲကြီးက သူ့အမှုနဲ့မလိုက် ၊ သူ့ရုပ်ရည်နဲ့မလိုက်ဘဲ “လောပူ” လူပေါကြီး ဖြစ်နေတာပေါ့။ ကျွဲကြီးလိုဖြစ်မှာ ဆေးရုံကြီးစိန်ဝင်းက စိတ်ပူနေတယ်။ ဒါကြောင့် အခွင့်အရေးရနေတုန်း ဒီအခြေအနေကနေ ပြောင်းပြန်လုပ်ပစ်လိုက်ချင်တယ်။ ကျော်သူ့ဘဝကလည်း စစ်ခွေးတိုက်ကနေ ပြစ်ဒဏ်နဲ့ ဆေးရုံပို့လိုက်တဲ့အတွက် ခြေကျင်းကလည်းပါသေး ၊ ဒေါက်ကလည်းခတ်ထားလိုက်သေး။ ပြီးတော့ဆေးရုံမှာ လျှောက်သွားမှာစိုးလို့ လုံခြုံရေးအကြောင်းပြပြီး အာဏာပိုင်တွေက ဘယ်ဘက်လက်တစ်ဖက်ကိုလည်း သံခုတင်နဲ့ လက်ထိပ်ခတ်ထားလိုက်သေးတယ်။ ဒီအခြေအနေမှာ စိန်ဝင်းက ထောင်စကားနဲ့ပြောရင် “မှိုဘယ်နေရာမှာပွင့်မယ်” ဆိုတာ သဘောပေါက်ပြီးသား။

အင်းစိန်ထောင်ဆေးရုံကြီးကို ရောက်ဖူးတဲ့လူတိုင်း သတိထားမိတာက နှစ်ရာကျော်ရှိပြီဖြစ်တဲ့ ဆေးရုံရဲ့ လေှကားလက်ရမ်းတွေ ၊ သစ်သားကြမ်းခင်းတွေဟာ တဖိတ်ဖိတ် ၊ တလက်လက် တောက်ပနေတာပါပဲ။ ထောင်မှာက အလကားရနေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကြောင့် ဆေးရုံမှာအလကားခိုင်းလို့ရတဲ့ “ဘောက်ဆင်း” တွေအများကြီးပဲ။ ဘောက်ဆင်းဆိုတာ မသင်္ကာမှု ၊ မှောင်ရိပ်ခိုမှု ၊ မူးယစ်ရမ်းကားမှုတွေနဲ့ ရက်ပိုင်းလပိုင်းလောက် ကျလာတဲ့သူတွေကိုခေါ်တာ ဖြစ်ပါတယ်။ ဆေးရုံဘောက်ဆင်းတွေဟာ အဲဒီအချိန်က ဆေးရုံသုံးတဲ့ ဂလူးကို့စ်ဖန်ပုလင်းအလွတ်တွေနဲ့ ဆေးရုံလေှကားနဲ့ လျှာထိုးကြမ်းပြင်တွေကို ဂျီးပျောက်အောင်တိုက်ရတယ်။ အပြင်မှာလို ပေါလစ်တွေ ၊ ဒီဇယ်တွေမသုံးဘဲ ဂလူးကို့စ်ဖင်နဲ့ တိုက်လိုက်ရင် အဲဒီသစ်သားတွေက ဘာကြောင့်မှန်းမသိ ၊ တောက်ပြောင်သန့်ရှင်းလာတာပဲ။ ဆေးရုံမှာ ဘယ်သူမှမနိုင်တာကကြမ်းကြားထဲက ကြမ်းပိုးပဲရှိပါတယ်။ စိန်ဝင်းက ကျော်သူ့ကိုသတ်ဖို့ အကွက်ချတဲ့အချိန်ကို ထောင်ထဲမှာအများဆုံး ရွေးချယ်လေ့ရှိတဲ့ ညအချိန်မရွေးဘဲ ငြင်းပယ်လိုက်တယ်။ ဘာလို့လဲဆိုတော့ဆေးရုံက လူနည်းတဲ့အတွက် တစ်ခန်းနဲ့တစ်ခန်းသွားဖို့ တစ်ယောက်နား တစ်ယောက်သွားဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူမှ ထင်မှတ်မထားတဲ့ နေ့လယ် ၁၂ နာရီ နောက်ပိုင်းကို ရွေးချယ်လိုက်တယ်။ နေ့လယ် ၁၂ နာရီနောက်ပိုင်းမှာ ဆရာဝန်တွေ ၊

ဆေးမှူးတွေကလည်း ထမင်းစားပြီးလို့ပြန်နားကြပြီ။ အကျဉ်းသားတွေကလည်း တရေးတမောအိပ်ကြပြီ။ ဒီလိုလူခြောက်ကပ်နေတဲ့အချိန်ကို စိန်ဝင်းက တမင်ရွေးချယ်လိုက်တာဖြစ်ပါတယ်။

အခင်းဖြစ်ပွားတဲ့နေ့က ဆေးရုံကြီးစိန်ဝင်းဟာ သူ့စတိုင်လ်အတိုင်းချွတ်ကို လက်ကိုင်ပဝါနဲ့အုပ်ပြီး လက်ဖဝါးမှာချည်ထားတယ်။ ချွတ်ဆိုတာကတော့ အကျဉ်းသားတွေရဲ့ ခြေကျင်းတွေ ၊ ဒေါက်တွေနေရာမှာသုံးတဲ့ သံချောင်းဖြစ်ပါတယ်။ ထောင်ထဲကလူမိုက်တွေက တစ်ယောက်ယောက်ကို စာရင်းရှင်းချင်လို့ရှိရင် ခြေကျင်းထုတ်လုပ်တဲ့ ပန်းပဲဘုတ်ကိုလာဘ်ထိုး ၊ ကိုယ်လိုချင်တဲ့ အရှည်ပမာဏကိုပြောပြီး သံချောင်းကို ခိုးဝှက်ယူလာကြပါတယ်။ ပြီးတော့ တစ်နေရာရာမှာသံချောင်းထိပ်ကို ကျောက်တုံးပေါ်မှာ ချွန်အောင်သွေးပြီးမြေကြီးထဲမှာ မြှုပ်ထားလေ့ရှိတယ်။ ကိုယ်အသုံးပြုချင်တဲ့အခါကျမှသာ မြေကြီးထဲကတူးပြီး အသုံးပြုတာဖြစ်ပါတယ်။ စိန်ဝင်းကလည်းတယ်။ ချွတ်က ဓားလိုအရိုးမပါတော့ လွတ်သွားမှာစိုးလို့ သူ့လက်မှာ လက်ကိုင်ပဝါနဲ့ ချည်ထားတာဖြစ်ပါတယ်။ အဲဒီနေ့လယ်က တစ်ထောင်လုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ကျော်သူကသူ့ခုတင်ပေါ်မှာ စောင်လေးခြုံပြီးမှေးနေတယ်။ ဘယ်ဘက်လက်တစ်ဖက်ကတော့ သံခုတင်နဲ့တွဲပြီး လက်ထိပ်ခတ်ထားတယ်။ ထောင်ထဲမှာထူးထူးခြားခြားအကျဉ်းသားကို လက်ထိပ်ခတ်လေ့မရှိပေမယ့် ထောင်အာဏာပိုင်တွေက ကျော်သူ့ကို ကြည့်မရလို့ လုံခြုံရေးအကြောင်းပြပြီး လက်ထိပ်ခတ်ထားတာ ဖြစ်ပါတယ်။

စိန်ဝင်းက ကျော်သူ့ခုတင်နားကို တဖြည်းဖြည်းချင်း လျှောက်လာတယ်။ ခြေသံကြားလို့ ကျော်သူက မျက်လုံးဖွင့်ကြည့်လိုက်တယ်။ စက္ကန့်ပိုင်းအတွင်းမှာပဲ စိန်ဝင်းနဲ့ကျော်သူ မျက်လုံးချင်းဆုံပြီး မျက်တောင်မခတ်တမ်း အပြန်အလှန်စူးစိုက်ကြည့်နေကြတယ်။ နောက်တော့ စိန်ဝင်းက ကျော်သူ့ကို ပြုံးပြလိုက်တယ်။

"ငါဝင်လာလို့ ကြောက်သွားသလား ...ကျော်သူ"

"မကြောက်ပါဘူး ၊ ခင်ဗျား လာမယ်ဆိုတာ စိတ်ထဲကအလိုလို သိနေတယ်ဗျ" စိန်ဝင်းက လက်ကိုင်ပဝါနဲ့ ပူးပြီးချည်ထားတဲ့ချွတ်ကို ပြလိုက်တယ်။

"အေး ငါမင်းကိုသတ်ဖို့လာတာ" စိန်ဝင်းစကားဆုံးတော့ ကျော်သူကရယ်လိုက်တယ်။ပြီးတော့ခပ်အေးအေးပဲပြန်မေးတယ်။

"တစ်ခုလောက်မေးချင်တယ်ဗျာ ၊ ခင်ဗျား လူသတ်ရဲလို့လား" ကျော်သူ့စကားကြောင့် အသားမည်းပါတဲ့ဆိုတဲ့ စိန်ဝင်း မျက်နှာဟာ နီးမြန်းသွားတယ်။ ဒါပေမဲ့သူ့ဒေါသကို ပြန်ထိန်းရင်းဖြေတယ်။

"သတ်ရဲလို့ မင်းဆီလာတာပေါ့ကွာ ၊ ဆေးရုံကြီးစိန်ဝင်းဆိုတာ တစ်သက်လုံးလူတွေကို ရင်ခွဲ ၊ အသည်းထုတ် ၊ အူထုတ်လုပ်လာခဲ့တဲ့ကောင်ပါကွ" စိန်ဝင်းစကားဆုံးတော့ ကျော်သူက လေအေးလေးနဲ့ ဆက်ပြောတယ်။

"ဝမ်းသာတယ်ဗျာ ၊ ခင်ဗျားလို မိုက်ဂုဏ်ရှိတဲ့ ဆေးရုံကြီးစိန်ဝင်းက ကျွန်တော့်ကို သတ်မယ်ဆိုလို့ အရမ်းဝမ်းသာတယ် ၊ တစ်ခုတော့မေးချင်တယ်။ ခင်ဗျား ရင်ခွဲအသည်းထုတ်ခဲ့တာက လူသေတွေနော် ၊ အခုသတ်ရမှာက အရှင်"

"ရတယ် ... ကျော်သူ ၊ အခု မင်းအခြေအနေက ငါ့ကိုဘာမှ ဒုက္ခမပေးနိုင်တော့ဘူး ၊ မင်းက ရှင်လူဆိုပေမယ့် ဘာမှမလှုပ်ရှားနိုင်တော့လို့ ငါ့အတွက်တော့ သေလူပဲ"

"ဒါဆိုလည်း သွေးအေးအေးနဲ့ သေချင်လို့ သွေးအေးအေးနဲ့ပဲ သတ်ပေးဗျာ ၊ နေစမ်းပါဦး ၊ ခင်ဗျားဘာလို့ လက်တွေတုန်နေတာလဲ" တကယ်လည်း စိန်ဝင်းလက်တွေကတုန်နေတယ်။ စိန်ဝင်းရှက်သွားပေမယ့်သူ့ကိုယ်သူ ပြန်ထိန်းရင်းပြောတယ်။

"လက်တုန်လည်း မင်းရင်ဘတ်ထဲကို ဘယ်နှစ်ချက်ထိုးရမလဲ ၊ ဘယ်လောက်အထိ ထိုးရမလဲဆိုတာနားလည်တဲ့ စိန်ဝင်း ပါကွာ သေလောက်တဲ့ နေရာကိုတော့ လုံးဝမလွဲစေရဘူး" စိန်ဝင်းစကားဆုံးတော့ ကျော်သူက ဟက်ခနဲတစ်ချက်ရယ် လိုက်တယ်။

"ကြိုက်ပြီဗျာ ၊ ဒါပေမဲ့ ဘဝတူချင်း အထာနည်းနည်းထား ၊ ကျွန်တော့်ကိုသတ်ရင် နှလုံးသားတည့်တည့်ကို တစ်ချက်တည်း ကိစ္စတုံးအောင် ထိုးပေး။ နှလုံးသားကိုထိရင် ဒီဘဝဆုတောင်းတာတွေ နောက်ဘဝကျ ပြည့်တတ်တယ်ဆိုလို့ပါ" ကျော်သူ့ စကားကြောင့် စိန်ဝင်း အနည်းငယ်တွေဝေသွားပေမယ့် အချိန်ဆွဲလို့မရတော့ဘူးဆိုတာ သဘောပေါက်တယ်။

"အေး စိတ်ချ မင်းဆန္ဒပြည့်စေရမယ် "

စကားဆုံးဆုံးချင်း စိန်ဝင်းက ကျော်သူ့ နှလုံးသားတည့်တည့်ကိုထိုးဖို့စောင်ကို ဆွဲလှန်လိုက်တယ်။ ထင်မှတ်မ ထားတဲ့ အဖြစ်အပျက်တစ်ခုကတော့ ကျော်သူကလွတ်နေတဲ့ ညာဘက်လက်နဲ့ ဆေးရုံကြမ်းပြင်ကိုတိုက်တဲ့ ဂလူးကို့စ်ပု လင်းကိုခွဲပြီး ကိုင်ထားတယ်။ စိန်ဝင်း အံ့သြနေချိန်မှာပဲ ကျော်သူက စိန်ဝင်းမျက်လုံးတွေကို ပုလင်းကွဲဖင်နဲ့ နှစ်ချက်ဆင့်ပြီး ထိုးလိုက်တယ်။ ရုတ်တရက်ဆိုတော့ စိန်ဝင်း မျက်နှာကိုအုပ်ပြီး အော်လိုက်တယ်။ ဒီလျှပ်တစ်ပြက်လေးမှာပဲ ကျော်သူက ခုတင်ပေါ်ကနေ ကြမ်းပြင်ပေါ်ကို လှဲချလိုက်တယ်။ ကျော်သူ့ထိုးချက်တွေက စိန်ဝင်းမျက်လုံးတွေကို တိုက်ရိုက်မထိပေမယ့် ထွက်လာတဲ့သွေးတွေက မျက်လုံးထဲကိုင်ပြီး စိန်ဝင်းဘာမှ မလုပ်နိုင်တော့ဘူး။ ဒီအချိန်မှာ အော်သံတွေကြောင့် တာဝန်ကျ ထောင်ဝါဒါတွေနဲ့ စည်းကမ်းထိန်းတွေပြေးဝင်လာကြတယ်။ စိန်ဝင်းနဲ့သူ့လက်ထဲမှာ ချည်ထားတဲ့ချွတ်ကို လက်ပူးလက် ကြပ် သူတို့တွေ့လိုက်ရတဲ့အခါမှာတော့ ဝါဒါတွေ အားလုံးသဘောပေါက်သွားတယ်။ ကျော်သူကတော့ လက်ထိပ်ခတ်ထား လျက်နဲ့ သူ့ခုတင်ဆီကိုလာပြီး သတ်ဖို့ကြိုးစားတဲ့ စိန်ဝင်းကို ဂလူးကို့စ်ပုလင်းကွဲနဲ့ ခုခံဖို့ကြိုးစားနေသူပေါ့။ နောက်ဆုံး ထောင်ဝါဒါတွေက ကျော်သူ့ကိုဘာမှမလုပ်ဘဲ မျက်နှာမှာ သွေးအလိမ်းလိမ်းဖြစ်နေတဲ့ ဆေးရုံကြီးစိန်ဝင်းကို ဖမ်းချုပ်လိုက် တယ်။ ကျော်သူကတော့ စိန်ဝင်းကို မိန်းဂျေးလ်ခေါ်ပြီး ဒေါက်မခတ်ခင်မှာ စကားတစ်ခွန်းတော့ ပြောခဲ့လိုက်သေးတယ်။

"ကိုစိန်ဝင်း … လူမိုက်ဆိုတာ သေရဲတာ၊ သတ်ရဲတာနဲ့တင် မပြီးဘူးဗျ၊ ဦးနှောက်လည်းရှိရမယ်။ အတွေးအခေါ် လည်းရှိရမယ် ၊ အဲဒါတွေနဲ့ပြည့်စုံမှ အင်းစိန်ထောင်ကပေးတဲ့ ဂန္ဓဝင်လူမိုက်ဆိုတဲ့ဂုဏ်ကိုရမှာ … ၊ ဒါကိုခင်ဗျား ဘဝတစ် လျှောက်လုံး မှတ်ထားလိုက်ပေတော့"

ဒီအဖြစ်အပျက်ပြီးတဲ့နောက်မှာတော့ စိန်ဝင်းအနေနဲ့ အင်းစိန်ထောင်ကြီးမှာ ကျော်သူ့ကို ဘယ်လိုမှမလှုပ်နိုင် တော့ ပါဘူး။ အင်းစိန်ထောင်ကလည်း နာမည်ရှိတဲ့ ဇရိုတဲ့ ဂန္ဓဝင်လူဆိုး ၊ လူမိုက်အားလုံးကို မြန်မာနိုင်ငံရဲ့ အဝေးဆုံးနေ ရာတွေက နယ်ထောင်တွေကို လူစုခွဲပြီးပို့ပစ်ခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး အင်းစိန်ထောင်ထဲမှာ ဂန္ဓဝင်လူမိုက်ဆိုပြီး နောက်ထပ် ထွက်မလာတော့ပါဘူး။



အင်းစိန်ထောင်အတွင်းမှ
(ဇာတ်သိမ်း)
ဇော်သက်ထွေး

## အင်းစိန်ထောင်အတွင်းမှ ဂန္ထဝင်လူမိုက်ကြီးများအကြောင်း
## အပိုင်း (၂၃)

- **ဇာတ်သိမ်းပိုင်း**

နှစ်ပေါင်းများစွာကြာမြင့်သဖြင့် ရေညှိများတက်ကာ မှိုင်းရိပ်နေသော အုတ်တံတိုင်းကြီးက မြင့်မားလွန်းလှသည်။ အင်္ဂလိပ်ခေတ် နာရီတစ်ခု၏ လက်တံများအတိုင်း တည်ဆောက်ထားသော အဆောင်များကို ဝိုင်းပတ်ပြီး တည်ထားသည့် ထိုအုတ်တံတိုင်းကြီးမှာ နှစ်ထပ်ရှိပြီး ပေ ၂၀ အမြင့်ရှိသည်။ ဤနေရာကို အင်းစိန်ဗဟိုစံပြအကျဉ်းထောင်ဟုခေါ်သည်။ အင်းစိန်အကျဉ်းထောင်သည် မြန်မာနိုင်ငံတွင်ရှိသော အကျဉ်းထောင်ပေါင်းများစွာအနက် အကြီးမားဆုံးနှင့် အလုံခြုံဆုံး ထောင်ဖြစ်သည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းယူခဲ့ပြီးနောက် အင်းစိန်အကျဉ်းထောင်ကို ၁၈၇၂ ခုနှစ် ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့သည်။ အင်းစိန်ထောင်အား အုပ်ချုပ်ခဲ့သော ထောင်ပိုင်မျိုးဆက်ပေါင်း ၉၀ ကျော်ရှိကာ ထောင်၏သက်တမ်းမှာ နှစ်ပေါင်း ၁၂၅ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။ လက်ရှိမှာတော့ မှိုင်းမှိုင်းညို့ညို့ရှိနေသော အင်းစိန်အုတ်ရိုးကြီးနှင့် ခြားနားစွာ ထောင်ရှေ့လမ်းမကြီးပေါ်တွင် စားသောက်ဆိုင်များ ၊ စာရေးကိရိယာဆိုင်များ ၊ မိတ္တူဆိုင်များဖြင့် စည်ကားရှုပ်ထွေးလျက်ရှိသည်။ ဘတ်စ်ကားများ၊ ဆလွန်းကားများ အဆက်မပြတ်သွားနေသော အင်းစိန်လမ်းမကြီးပေါ်တွင် လူကြီးပိုင်းအသက်အရွယ်သို့ ရောက်နေသော လူငါးယောက်မှာ ဆွေးမြည့်သောမျက်လုံးများဖြင့် အင်းစိန်ထောင်ကြီးကို ငေးမောကြည့်နေကြသည်။

ထို လူငါးယောက်မှာ တူမောရိုးဂျာနယ်တွင် အပတ်စဉ် ရေးသားဖော်ပြခဲ့သော "အင်းစိန်ထောင်မှ ဂန္ထဝင်လူမိုက်ကြီးများ" ဇာတ်လမ်းထဲတွင် ပါဝင်ခဲ့သည့် လူမိုက်ကြီးနှစ်ယောက် ၊ ထိုဇာတ်လမ်းကိုရေးသားခဲ့သည့် စာရေးဆရာတစ်ယောက်၊ အင်းစိန်ထောင်ထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားနှစ်ယောက်တို့ဖြစ်သည်။ ဆံပင်တွေ ဖွေးဖြူနေပြီဖြစ်သော ဂန္ထဝင်လူမိုက်ကြီးတစ်ယောက်က အင်းစိန်ထောင်ဘူးဝကို ငေးမောကြည့်ရင်း အတိတ်ကပုံရိပ်များကို မြင်ယောင်လျက်ရှိသည်။

"အံ့သြစရာပဲ၊ ဒီလောက်ကြမ်းတမ်းတဲ့ ကမ္ဘာထဲမှာ တို့အသက်ရှင်ကျန်ခဲ့တာ"

"ဒါတွေက လူတစ်ယောက်ရဲ့ ကုသိုလ်၊ ကံကြမ္မာနဲ့လည်းဆိုင်တယ်ဗျ"

"ဟုတ်တယ် အခုအရွယ်မှာ ကိုယ့်ဘဝကိုယ် ပြန်သုံးသပ်ကြည့်တော့လွဲမှားတဲ့ ယုံကြည်စွဲလမ်းမှုတွေနဲ့ အဆုံးသတ်ရမယ့် ကြမ္မာဆိုးကလွတ်မြောက်ခဲ့တာပဲ" နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ယောက်က ဂန္ထဝင်လူမိုက်ကြီး တစ်ယောက်ကို လှမ်းမေးလိုက်သည်။

"ဒါနဲ့နေပါဦး ဂန္ထဝင်လူမိုက်ကြီးများ ဇာတ်သိမ်းမှာ ကျော်သူ ဘယ်လိုအဆုံးသတ်သွားလဲ သိချင်လိုက်တာဗျာ" အမေးခံရသော လူမိုက်ကြီးက အင်းစိန်ထောင်ကြီးကို အကြည့်မလွှဲသေးဘဲ အဖြေပြန်ပေးလိုက်သည်။

"အင်း ... ကျော်သူရဲ့ ကံဇာတာကတော့ ထူးခြားဆန်းကြယ်နေမလား မသိဘူး၊ ဒီလောက် ကြမ်းတမ်းရက်စက်တဲ့ ထောင်ထဲကနေ ကျန်းကျန်းမာမာပဲ လွတ်မြောက်သွားတယ်။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး အခုကြားရတဲ့သတင်းက နှစ်မျိုးဖြစ်နေတယ်။ တချို့ကပြောတာတော့ ရန်ကင်းတိုက်ခန်းတွဲတွေရဲ့ လှေကားထစ်မှာ ဘိန်းဖြူအထိုးလွန်ပြီး သေသွားတယ်လို့

ကြားတယ်။ တချို့ကတော့ အခုအချိန်ထိ ထိုင်းမြန်မာနယ်စပ်မှာ မွေဖြူလေးဟာ လူမိုက်ကြီးလုပ်နေတုန်းပဲလို့ ပြောတယ်။ တိတိကျကျတော့မသိဘူး”

“ဒါဆို ကျော်သူ့ကို ထိုးတဲ့ ဆေးရုံကြီး စိန်ဝင်းကရော”

“ဆေးရုံကြီး စိန်ဝင်းလည်း အင်းစိန်ထောင်ကနေ အရှင်ထွက်ထွက်သွားခဲ့တာပဲဗျ၊ ဒါပေမဲ့ လှိုင်မြစ်တစ်ဖက်ကမ်းက ဟိန္ဒူ ရွာကကောင်လေးနဲ့ မွတ်စလင်ရွာက ကောင်မလေး ခိုးပြေးကြတဲ့ပြဿနာ ကြားထဲမှာဝင်ပါတော့ တစ်ကိုယ်လုံး သုံးပိုင်း ပိုင်းခံရပြီး သေသွားတာ ဇာတ်သိမ်းမလှဘူးလို့ ဆိုရမှာပေ့ါ”

ဂွန်ဝင်လူမိုက်ကြီး၏ စကားအဆုံးတွင် အားလုံးငြိမ်သက်သွားကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ယောက်က လည်း သတိတရဖြင့် ထပ်ပြောသည်။

“အင်း … ဒီထောင်ကြီးကို မခွဲနိုင် မခွာနိုင် အရမ်းချစ်တဲ့ နစ်တစ်ရာကျွဲကြီးကတော့ ဒီထောင်ထဲမှာပဲ သူ့ဘဝကို အဆုံး သတ်သွားခဲ့တယ် . . . နော်”

ထိုလူငါးဦးသည် စကားတပြောပြောဖြင့် လမ်းလျှောက်လာရင်း ထမင်းဆိုင်တစ်ခုသို့ဝင်လိုက်သည်။ ထို့နောက် မိမိကြိုက် သည့် ဟင်းအမယ်များကိုမှာကာ နေ့လယ်စာ စားသောက်ကြသည်။ ထမင်းစားနေရင်း အင်းစိန်ထောင်မှ ဂွန်ဝင်လူမိုက် ကြီးများအကြောင်း အချက်အလက်များ စုစည်းပေးခဲ့သည့် နိုင်/ကျဉ်းတစ်ယောက်က စာရေးဆရာကို လှမ်းပြောသည်။

“အစ်ကို …ဘာပဲပြောပြော အခု ဂွန်ဝင်လူမိုက်ကြီးဇာတ်လမ်းကတော့ ပြီးသွားပြီပေ့ါ”

“အေး … ဟုတ်တယ်၊ ဒါပေမဲ့ တချို့စာဖတ်သူတွေက ဂျာနယ်တိုက်ကို လှမ်းပြောတယ်။ အရင်ခေတ် ထောင်လူမိုက်တွေ က တစ်ယောက်ကိုတစ်ယောက် ခုတ်လိုက် ၊ ထစ်လိုက် ၊ ထိုးလိုက်နဲ့ ရက်စက်မှုတွေကို နောက်လူတွေ အတုခိုးမှားအောင် ဘာလို့ရေးနေတာလဲဆိုပြီး အပြစ်တင်နေကြတယ်” စာရေးဆရာ၏ စကားအဆုံးတွင် ဂွန်ဂင်လူမိုက်ကြီးတစ်ဦးက ခေါင်းကို ခါယမ်းပြလိုက်သည်။

“ဒီလိုတော့ ဘယ်ဟုတ်မလဲဗျာ ၊ ကျွန်တော်တို့ခေတ်က လူဆိုးတွေ အင်မတန်ပေါသလို လူမိုက်တွေလည်း ပေါပါတယ်။ ဒါပေမဲ့ လူသတ်ရဲတိုင်း ကမ္ဘည်းမတင် တန်းမဝင်ပါဘူး။ သူမတူတဲ့ ပညာရပ်တွေကြောင့် လူမသတ်ပေမယ့်လည်း ဂွန်ဝင် လူမိုက်ကြီးစာရင်းထဲကို ထည့်လိုက်ရတဲ့ဖိုးတွေ ထောင်ရာဇဝင်ထဲမှာ ရှိခဲ့ပါတယ်။ ဒီစာအုပ်ထဲမှာရေးခဲ့တဲ့အတိုင်း ရထား တွဲကို ကြိုက်သလို အတက်အဆင်းလုပ်နိုင်တဲ့ ဗိုက်ထောက်ကျော်မင်းလို ဂွန်ဝင်လူမိုက်တွေရှိသလို ခဲမှူးစေ့လို ပညာသည် လူဆိုးမျိုးလည်းရှိတယ်၊ သူလည်း တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ထွန်းပေါက်ခဲ့တာပဲ”

ထိုစကားကြောင့် နားထောင်နေသူလေးယောက်လုံး စားလက်စထမင်းဝိုင်းကို ရပ်တန့်ကာ ပြောနေသောသူထံ လှမ်းကြည့် လိုက်သည်။ စာရေးဆရာက မျက်လုံးများ တလက်လက်တောက်လာပြီး ယခုအချိန်ထိ အသက်ရှင်ကျန်နေသေးသော ဂွန်ဝင်လူမိုက်ကြီးကို သိချင်ဇောဖြင့် လှမ်းမေးလိုက်သည်။

“ခဲမှူးစေ့ ဟုတ်လား … သူက ဘယ်လိုလူမျိုးလဲ”

"ခဲမူးစေ့က ဂျူးကပြားလို့ ဆိုရမှာပေါ့၊ သူ့အဘိုးက ဂျူးလူမျိုး ဒုတိယကမ္ဘာစစ်အပြီး ရွှေတိဂုံဘုရားခြေရင်းမှာ ကြုံရာကျပန်း လုပ်ရင်း ပန်းရောင်းတဲ့ မြန်မာအမျိုးသမီးနဲ့ညားတယ်။ ခဲမူးစေ့ကိုမွေးတယ်။ ဂျူးကပြားဆိုတော့ ခဲမူးစေ့က ရုပ်ရည်သန့်ပေမယ့် လမ်းဘေးနေ လမ်းဘေးစားပဲ။ သူ့ကို နီဗွာန်ကုန်ဆိုင်တွေက လက်တိုလက်တောင်းခိုင်းတယ်။ နည်းနည်း အရွယ်ရောက်လာတော့ အကျင့်ပျက်ပြီး ဟိုပစ္စည်းလေး အလစ်သုတ်လိုက် ဒီထဘီလေး ခိုးလိုက်အဆင့်ပါပဲ။ နောက်ဆုံးတော့ ခိုးမှုနဲ့ပဲ ထောင်ထဲရောက်လာတာ။ သူ့မှာတော့အမည်ရင်းရှိတယ်ဗျ။ ဒါပေမဲ့ ဘယ်နေရာမှသုံးစားမရလို့ အင်းစိန်ထောင်ထဲမှာ သူ့ကို ခဲမူးစေ့လို့ နာမည်ပေးလိုက်တာ တစ်ခါတည်းတွင်သွားရော။ အထဲရောက်တော့လည်းအနိမ်ခံရတာပေါ့။ ခဲမူးစေ့လို့ပေးလိုက်တဲ့အဓိပ္ပာယ်က ဟို … ဂျပန်ငွေစက္ကူသိတယ်မဟုတ်လား။ ဂျပန်တွေပြေးတော့ ဘာမှသုံးစားမရဘူးလေ။ ခဲမူးစေ့လည်း အတူတူပဲ။ ဒါပေမဲ့ ဂျပန်စက္ကူကမှ ချီးကုန်းလို့ရသေးတယ်။ မီးရှို့လို့ရသေးတယ်။ ခဲမူးစေ့ကဘာမှသုံးမရဘူး။ ဒီအဓိပ္ပာယ်နဲ့ သူ့ကို ဒီနာမည်ပေးခဲ့တာ"

ဂွန္တဝင်လူမိုက်ကြီးက ပြောလက်စစကားကိုရပ်ပြီး ထမင်းဆက်စားနေသည်။ ကျန်လူမိုက်ကြီးကလည်း ခဲမူးစေ့ကို သတိရဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီးထောက်ခံနေသည်။ စာရေးဆရာက ခဲမူးစေ့ဘဝကို စိတ်ဝင်စားသွားသဖြင့် ဆက်ပြောရန် တိုက်တွန်းနှိုးဆော်လိုက်သည်။ ထိုလူမိုက်ကြီးက ထမင်းကို အပြီးသတ်အောင်စားလိုက်ပြီး လက်ကိုသေချာစွာဆေးကြောနေသည်။ ပြီးမှစားပွဲဝိုင်းပေါ်တွင်ချထားသော ထန်းလျက်ခဲတစ်လုံးကို ကောက်ယူစားကာ ခဲမူးစေ့အကြောင်းကို ဆက်ပြောပြသည်။

"အဲဒီလိုအသုံးမကျတဲ့ ခဲမူးစေ့ဟာ အခုအချိန်မှာအင်မတန်မှ ချမ်းသာကြွယ်ဝနေတဲ့သူဌေးကြီး ဖြစ်နေတယ်ဆိုရင် ခင်ဗျားတို့ယုံမလား" အားလုံးအဖြေမပေးနိုင်ဘဲ ငြိမ်သက်နေကြသည်။ ထိုလူမိုက်ကြီးကလူ့ဘဝ၏ ကံကြမ္မာလှည့်စားပုံကိုသဘောကျဟန်ဖြင့် ပြောလက်စ စကားကိုဆက်လိုက်သည်။

"အနိမ့်ခံ အပြောခံ ခဲမူးစေ့ဟာ ရန်ကုန်မြို့လယ်ကောင်က နာမည်အကြီးဆုံး လူလိမ်ဝိဇ္ဇာ ကျော်မြင့်နဲ့ အင်းစိန်ထောင်ထဲမှာ ဆုံလိုက်တာဟာ သူ့ဘဝ အလှည့်အပြောင်းပဲ။ ကျော်မြင့်က ထောင်ကထွက်လာရင် သူ့ဆီဆက်ဆက်လာပါလို့ ခဲမူးစေ့ကို မှာလိုက်တယ်။ ခဲမူးစေ့ကလည်း ထောင်ကလွတ်တော့ အပြင်မှာ ဘာမှလုပ်ကိုင်မစားတတ်တဲ့အတွက် မြို့လယ်ကောင်မှာကျက်စားတဲ့ ကျော်မြင့်ဆီသွားတယ်။ ကျော်မြင့်က ဘွဲ့လက်မှတ်အတု ၊ စာရွက်စာတမ်းအတု ၊ ပါမစ်စာရွက်အတုတွေ ၊ ကုန်ကုန်ပြောရရင် မှတ်ပုံတင်ကအစ ၊ ပတ်စပို့အဆုံး ပိုက်ဆံပေးရင်အကုန်လုပ်တယ်။ ဒီလောကထဲ ခဲမူးစေ့ကို တိုးနိုင်အောင် ကျော်မြင့်က သင်တန်းအမျိုးမျိုးပေးတာပေါ့။ အားလုံးက ခဲမူးစေ့ဆိုတာ ဘာမှအသုံးမကျတဲ့ကောင်လို့ ထင်နေတဲ့အချိန်မှာ သူ့ရဲ့မွေးရာပါ ပါရမီတစ်ခုကပေါ်ထွက်လာတယ်။ အဲဒါကတော့ ဘယ်စာရွက်စာတမ်းမဆို တစ်ပုံစံတည်းဖြစ်အောင် အတုလုပ်တတ်တာပဲ။ အဲဒီခေတ်က အလုပ်လျှောက်တဲ့သူတွေအဆင်ပြေဖို့ ဆယ်တန်းအောင်လက်မှတ်တွေ ၊ ဘွဲ့လက်မှတ်အတုတွေ အားလုံးနီးနီးဟာ ခဲမူးစေ့လက်က ထွက်ခဲ့တာချည်းပဲ။ ဆယ်တန်းအောင်လက်မှတ်တောင် ရိုးရိုးဆိုရင် တစ်ဈေး ၊ ဂုဏ်ထူးနဲ့ အောင်တာဆိုရင် တစ်ဈေးပေးရတယ်။ နောက်ဆုံး ဆရာထက် တပည့်လက်စောင်းထက်ပြီး ခွင်အကြီးကြီးတွေ ကိုင်တယ်။ နဝတခေတ် အရမ်းတန်ခိုးသြဇာတက်နေတဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်ရဲ့ လက်မှတ်ကိုတောင် အတုလုပ်ပြီး သစ်ပါမစ်တွေ ခိုးထုတ်ခဲ့တယ်။ ထောက်လှမ်းရေးကို လုပ်စားလိုက်တဲ့ အတွက်ကြောင့်သာ ခဲမူးစေ့ အင်းစိန်ထောင်ထဲ ပြန်ဝင်ခဲ့ရတာ။ သူ့ရဲ့ပါရမီကတော့ ကြောက်ဖို့ကောင်းတယ်။ လူတစ်ယောက်ရဲ့ လက်မှတ်ကို သုံးခါလောက်ကြည့်ပြီးရင် အတုထိုးလို့ရတယ်။ ဒါကြောင့် လူမသတ်ပေမယ့်လည်း ခဲမူးစေ့လို လူမျိုးကျတော့ ဂွန္တဝင်လူမိုက်စာရင်းထဲ ထည့်ရမှာပဲ"

ထိုလူမိုက်ကြီးမှာ စကားအများကြီးပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့်နားလိုက်သည်။ အားလုံးကတော့ သူ၏ အဆိုကို နားလည် သဘောပေါက်ပုံဖြင့် အသီးသီး ခေါင်းညိတ်ပြကြသည်။ အမှန်တကယ် သူတို့ငါးဦးမှာ လွန်ခဲ့သော ၂၇ နှစ်ခန့်က နာမည်ဆိုးဖြင့် ကျော်ကြားသော အင်းစိန်ထောင်ကြီးထဲတွင် အတူတကွနေထိုင်ခဲ့ကြသူများဖြစ်သည်။ သို့သော် ဘဝရည် မှန်းချက်နှင့် ယုံကြည်ချက်များမှာခြားနားကြသည်။ လူမိုက်များကအသက်ရှင်သန်မှု။ နိုင်ငံရေးသမားများက တရားမျှတမှု နှင့်လူ့အခွင့်အရေး။ သို့သော် သူတို့အားလုံး နေရာတစ်ခုတည်းတွင်နေထိုင်ခဲ့ကြရသည်။ လူသားများ၏ အသက်ရှင်သန် ရေးအတွက် ကြိုးပမ်းတိုက်ခိုက်ကြပုံကို Jungle Law သဖွယ် တွေ့မြင်ရင်ဆိုင်ခဲ့ကြရသည်။ အားလုံးလည်း လူ့ဘဝ၏ ကြမ်းတမ်းသော အစိတ်အပိုင်းကို ဖြတ်သန်းခဲ့ရသည်။ ယခုတော့ခေတ်များစွာပြောင်းလဲခဲ့ပြီ။ သမိုင်းကား ကျန်ရစ်ခဲ့လေ ပြီ။

သူတို့သည် ထမင်းဆိုင်မှအထွက်တွင် အင်းစိန်ထောင်၏ မှိုင်းညို့ညို့အုတ်တံတိုင်းကြီးကို နောက်ဆုံးအကြိမ်ကြည့်ရင်း ထွက်ခွာသွားကြသည်။ စာရေးဆရာက ခဲမူးစေ့အကြောင်းပြောပြသော ဂဏ္ဍဝင်လူမိုက်ကြီးကိုတစ်ခွန်းတော့ မေးဖြစ်အောင် မေးလိုက်သည်။

"ခင်ပျားကြီးကတော့ဗျာ ၊ ရန်ကုန်မြို့ထဲက နာမည်ကြီး လူလိမ်ဂိုဏ်းကျော်မြင့်အကြောင်းကိုတော့ ဘာလို့ချန်ခဲ့သလဲ"

"ဟာ … ကွာ ကျော်မြင့် အပါအဝင် ကျန်နေခဲ့တဲ့ ဂဏ္ဍဝင်လူမိုက်တွေ အကြောင်းကတော့ မင်းထုတ်မယ့် လုံးချင်းစာအုပ်ထဲ မှာသာထည့်ရေးလိုက်တော့။ သူတို့အဖြစ်အပျက်တွေက အရမ်းအံ့သြထူးဆန်းလွန်းလို့ ဘယ်လိုပြန်ပြောရမှန်းတောင် မသိ ဘူး သိပ်လက်ကောက်ကျတယ်"

သူ၏စကားအဆုံးတွင် ကျန်သူများက သဘောကျစွာ ရယ်မောလိုက်ကြသည်။ သူတို့၏ ရယ်သံများသည် ဆူညံရှုပ်ထွေး နေသော အင်းစိန်လမ်းမကြီးပေါ်တွင် ပျောက်ဆုံးကျန်ရစ်ခဲ့လေသည်။

"ဥပဒေဆိုတာ မှန်သလား မှားသလား ငါမသိ။ထောင်ကျ အကျဉ်းသားတွေရဲ့ အသိမှာ … ထောင်နံရံတွေခိုင်ခန့်လှတယ်။ ပြီးတော့ နေ့တွေကလည်း . . . ခုနှစ်တွေလို ရှည်လျားလွန်းလှရဲ့။"

(အော်စကာဝိုင်း)

(ပြီးပါပြီ)